ဖော်မွန်စာပေ

# ဂနှင်း

မြန်မာပြန်

## အချစ်ဆိုတဲ့ ထိုးကွ

နှင့်

ပီတာချေနီ လက်ရွေးစင် စုံထောက်ဝတ္ထုတိုများ

# Best Stories of Peter Cheyney



**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မောင်ချစ်ညို (ပဲခူး) ကြီးကြပ်စီစဉ်သော

**ဘာနင်း** (မြန်မာပြန်)

---

# အချစ်ဆိုတဲ့ ထိုဒုက္ခ

နှင့်

## ပီတာချေနီ၏ အကောင်းဆုံး စုံထောက်ဝတ္ထုများ

The Best Detective Stories of
Peter Cheyney

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၅၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၀၂၀၄၀၇

ထုတ်ဝေသည့်ကာလ - ၂၀၀၈-ခု၊ အောက်တိုဘာလ

အုပ်ရေ - ၁၀၀၀

ကွန်ပျူတာ - NICE တာစီ၊ ဒီဇိုင်း

အတွင်းဖလင် - မျိုးညွန့်နှင့်အဖွဲ့ (၃၄ လမ်း)

ထုတ်ဝေသူ - ဒေါ်နီနီဇင်
ရွှေအိမ်စည်စာပေ
အမှတ် ၂၉၈၊ ၃၉ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်အေးအေးခိုင်
စိန်ကြယ်ပုံနှိပ်တိုက်
၇၂၊ လမ်း-၃၀၊ ရန်ကုန်။

တန်ဖိုး - 1400 ကျပ်


## "အမှာ"

"ပုံပြောသူတစ်ယောက်သည် ကဗျာဆရာတစ်ယောက်ကဲ့သို့ပင် ပါရမီဓါတ်ခံရှိလိမ့်မည်ဟု ကျွန်ုပ် မကြာခဏတွေးမိသည်"ဟု ဒစ်စတီး(လ်)က သူ၏ တစ်ဆယ့်ကိုးရာစု 'ဂါဒီးယန်း'သတင်းစာတွင် ရေးခဲ့ဖူးသည်။ ပီတာချေနီသည် ပါရမီဓါတ်ခံရှိသော ပုံပြောသူတစ်ယောက်ဖြစ်သည်။ သူ၏ နုပျိုသောဘဝ၏ အစိပ်အပိုင်းအတော်များများကို သူ့ကလေးဘဝအတွေ့အကြုံများက လွှမ်းမိုးခဲ့၏။ သူ့မိဘများသည် နော်မန်ဒီပြင်သစ်နှင့် အိုင်းရစ်သွေးစပ်ကြသူများ ဖြစ်နိုင်ပါသည်။

သူသည် ၁၈၉၀ ပြည့်နှစ်တွင် မွေးဖွားပြီး ၁၉၅၁ ခုနှစ်တွင် သေဆုံးခဲ့သည်။ သူ့အသက်(၁၄)နှစ်အရွယ်တွင် Tomorrow အမည်ရှိဝတ္ထုကို ပထမဆုံး ရေးသားထုတ်ဝေခဲ့သည်။ ကမ္ဘာစစ်ပွဲနှစ်ခုတွင် စစ်ရေး

ကိစ္စအပြင် စာပေရေးရာတွင်ပါ အားကြိုးမာန်တက် တာဝန်ထမ်းဆောင်ခဲ့သည်။ အသက်(၅၇)နှစ်တွင် ရှေ့နေရုံးတစ်ရုံးတွင် အလုပ်လုပ်ရင်း ပြင်သစ်နိုင်ငံနှင့် အခြားဒေသများတွင် ပေါ်ပေါက်ခဲ့သော ရာဇဝတ်မှုများ၊ ရာဇဝတ်မှုအမျိုးအစားများ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထူးအစီရင်ခံစာများနှင့် ထူးခြားသော အမှုများအကြောင်းကို လေ့လာခဲ့ပြီးဖြစ်နေသည်။ ဂီတခန်းမများအတွက် ဟာသဇာတ်လမ်းတိုများနှင့် တေးသီချင်းများလည်း ရေးပေးခဲ့သေး၏။ နောက်ဆုံးအနေဖြင့် အထူးပြုစုံထောက် Callaghan ဝတ္ထုအသစ်တစ်ပုဒ်အတွက် ဇာတ်လမ်းအကျဉ်းချုပ်ကို နှုတ်တိုက်ချပေးနိုင်ရုံမျှသာ ကျန်းမာရေးမှာ ချို့ယွင်းအားနည်းနေလေပြီ။

၁၉၃၆ ခုနှစ်ကထုတ်ဝေသော This Man is Dangerous ဝတ္ထုမှာ သူ စတင်ကျော်ကြားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုမှစ၍ သူ၏ကျော်ကြားသော ဇာတ်ကောင် Lemmy Caution လင်မီကော်ရှန်ကို ကျွန်ုပ်တို့သိခဲ့ရ၏။ အခြားနာမည်ကျော်ကြားသော ဇာတ်ကောင်ဖြစ်သည့် Lantern Jawed Callaghan ကို ၁၉၃၈ ခုနှစ်တွင် ရေးသားထုတ်ဝေသော The Urgent Hangman ဝတ္ထုတွင် စတင်ဖန်တီးခဲ့၏။ ၁၉၃၇ ခုနှစ်တွင် You Can't Hit A Woman ဟု ခေါင်းစဉ်တပ်ထားသော ဝတ္ထုတိုပေါင်းချုပ်ကို ထုတ်ဝေပြန်သည်။ ထိုပေါင်းချုပ်တွင် ဝတ္ထုတိုအသစ်များ ပါဝင်လာခဲ့သည်။

နောက်ဆုံးရေးသားခဲ့သော Knave Takes Queen မှာ ပီတာချေနီ၏ အကောင်းဆုံးဝတ္ထုများတွင် တစ်ပုဒ်အပါအဝင်ဖြစ်သည်။ ဇာတ်လမ်းမှာ The Gree Hat နှင့် အတော်တူပြီး Michael Arlen ကို သတိပြန်ရစေသည်။ ပီတာချေနီ၏ ဇာတ်ကောင်များသည် စွန့်စားခန်းဝတ္ထုများထဲမှ တောင့်တင်းကြံ့ခိုင်သော ဇာတ်ကောင်များထက်ပိုမိုပြီး စိတ်ကူးယဉ်စရာလွမ်းစရာကောင်းပြီး ရှေးခေတ်ဟောင်းကိုပင် ပြန်ပြောင်းအောက်မေ့စေလေသည်။ ပီတာချေနီသည် ကျွန်ုပ်တို့ မမေ့နိုင်သည့် ဇာတ်ကောင်များကို အနုပညာမြောက်စွာ ဖန်တီးထားခဲ့သူလည်းဖြစ်သည်။

ဤစာအုပ်တွင်ပါသော ဝတ္ထုတိုများကို သူ့ဝတ္ထုတိုပေါင်းချုပ်များဖြစ်ကြသော You Cant Hit a Woman (1937) Mr Caution - Mr Callaghan (1941) Making Crime Pay(1944) No Ordirary Cheyney(1948) Valvet Jhonnie (1952) တို့ထဲမှ အကောင်းဆုံးတို့ကို ထုတ်လုပ်ထားပါသည်။

ပီတာချေနီသည် လူ့လောကကြီးနှင့် အဖြစ်အပျက်အားလုံးကို ဝတ္ထုရေးရန် ကုန်ကြမ်းအဖြစ် သဘောထားသူဖြစ်သည်။ သူ ပြန်သတိရသော ကြည်နူး

စရာများ၊ သူ၏ ပြောင်မြောက်သောဟာသများ၊ ကျောင်းသားဘဝက ပျော်ရွှင်ကြည်နူးခဲ့ရပုံများ၊ သူခိုးများအကြားမှာပင် ဂုဏ်သိက္ခာရှိစွာ နေထိုင်ခဲ့ပုံများ၊ ပတ်ဝန်းကျင်ကို သတိထားတတ်ပုံများ၊ အလုပ်ခွင်၏ ပြင်ပတွင် ပျော်ရွှင်စွာနေထိုင်ခဲ့ပုံများ၊ လူ့အကြောင်းကို အခြေခံကျနစွာ နားလည်ထားမှုများ၊ မေဖဲယား၊ တက်ဆက်နှင့် ပဲရစ်မြို့မှ ရာဇဝတ်မှုများနှင့် လူဆိုးများအကြောင်းကို တစ်သက်လုံးစိတ်ဝင်စားခဲ့ခြင်းများ စသည့်များပြားလှသော အကြောင်းအချက်များကို အခြေခံ၍ ရေးသားထားသော သူ့ဝတ္ထုများထဲမှ အကောင်းဆုံးကိုရွေးထုတ်ရသည်မှာ တကယ်တော့ ပလွယ်ပါ။ ယောကျ်ားမိန်းမအားလုံးကို သူ့ဝတ္ထုထဲမှ ဇာတ်ကောင်များ၊ လိင်ကိစ္စအတွက် လုံးပမ်းနေသူများ၊ အမှားနှင့်အမှန်အကြားတွင် ရုန်းကန်တိုက်ခိုက်နေသူများအဖြစ် သူ သဘောထားခဲ့သည်။

ဝတ္ထုကောင်းများသည် ပိုင်အရက်ကောင်းနှင့် တူလှသည်။ သူ့အလိုလိုကောင်းပြီးသားဖြစ်ပါသည်။ ထို့ကြောင့် ယခုရွေးချယ်တင်ဆက်လိုက်သော ဤဝတ္ထုများသည်လည်း စာဖတ်သူအကြိုက်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသတည်း။

ဗွီဗွီဂျီ
ဗွိုင်အိုလာဂျီ ဂါဗင်
(အယ်ဒီတာ)

<u>မာတိကာ</u>


| | | |
|---|---|---|
| ၁။ | ပင်ဟင်ဒယ်တောင်ကုန်းမှလူသတ်မှု | ၇ |
| ၂။ | တန်ပြန်သူလျှိုဖူးစာ | ၃၉ |
| ၃။ | ဥပေက္ခာ မချော | ၆၅ |
| ၄။ | ဖဲလ်ဗက်ဂျွန်နီ | ၉၁ |
| ၅။ | တစ်လိမ်နှစ်လိမ်ပွေလိမ်ရှုပ် | ၁၂၁ |
| ၆။ | ချစ်ကြွေးကိုပေးဆပ်ခြင်း | ၁၄၉ |
| ၇။ | စုံထောက်တစ်ဦး၏အသွင်သဏ္ဌာန် | ၁၇၅ |
| ၈။ | အမှောင်ချအစီအစဉ် | ၁၉၇ |
| ၉။ | သူခိုးသစ္စာ | ၂၁၇ |
| ၁၀။ | မိနစ်တိုင်းမှာ ငတုံးတစ်ယောက်မွေးသည် | ၂၃၅ |
| ၁၁။ | ကောင်းတဲ့အလုပ် | ၂၅၁ |
| ၁၂။ | ရင်ထိုး | ၂၆၅ |
| ၁၃။ | အချစ်ဆိုတဲ့ထိုဒုက္ခ | ၂၈၁ |

# ပင်ဟင်ဒယ်တောင်ကျန်းမှ
# လူသတ်မှု

## The Death on Panhandle

**Peter Cheyney**

သင်သည် ကျွန်ုပ်ကဲ့သို့ ပီကော့(စ်)ကောင်တီတွင် လက်ထောက်ရဲမှူးတစ်ယောက်ဖြစ်ခဲ့ပါက နယူးယောက်အရှေ့ပိုင်းမှ စုံထောက်များ၏ အကြောင်းကို သိပေလိမ့်မည်။

မာမက်ကယ်လန်သည် အရှေ့ပိုင်းမှ စုံထောက်များကဲ့သို့ တော်သောစုံထောက်တစ်ယောက်ဖြစ်သည်။ ကျွန်ုပ်သဘောအရပြောရလျှင် သူမက ပိုတော်သည်ဟု ဆိုချင်ပါသည်။ သူမမှာ ရယ်စရာတော့ကောင်းပါသည်။ သူမမှာ အရပ်ရှည်၍ ပိန်သည်။ ယောကျ်ားတစ်ယောက်၏ မေးရိုးမျိုးရှိပြီး၊ ဆံပင်ရောင်မှာ နီကြွင်ကြွင်ဖြစ်သည်။ အပြာရောင် မျက်လုံးများမှာ အမြဲတောက်ပနေတတ်သည်။ လူတစ်ယောက်အား စကားပြောနေချိန်တွင် ထိုမျက်လုံးများဖြင့် ဖောက်ထွင်းကြည့်နေသည်လား ထင်ရသည်။

သူမသည် လွန်ခဲ့သော ဆယ်နှစ်က ရဲမှူးစပတ်(က်)နှင့် လက်ထပ်ခဲ့သည်။ စပတ်မှာ စိတ်တိုသော်လည်း သဘောကောင်းသော ရဲမှူးတစ်ယောက်ဖြစ်သည်။

စပတ်သည် ရဲလုပ်ထုံးလုပ်နည်းဟောင်းများကို မနှစ်သက်တတ်ပေ။ လက်ဗွေပညာ၊ လက်နက်ငယ်နှင့် ဓါတ်ပုံပညာများကို သင်ယူခဲ့ဖူးသည်။ နှစ်နှစ်အကြာတွင် သူမသည် ဝါရှင်တန်ပြည်နယ်ရဲတပ်ဖွဲ့ရှိ စုံထောက်များတတ်အပ်သည့် ပညာရပ်အားလုံးကို တတ်ခဲ့သည်။

တစ်ညတွင် လမ်းမကြီး၏ တစ်ဘက်ထိပ်ရှိ ဓာတ်ငွေ့ဆိုင်တွင် ပြဿနာတစ်ရပ်ဖြစ်ပွားခဲ့သည်။

ထိုညက လမသာပေ၊ စပတ်တို့ ဇနီးမောင်နှံနှင့် ကျွန်ုပ်သည် အိမ်ရှေ့ခန်းတွင်ထိုင်၍ ဖဲကစားနေကြပါသည်။ ထိုအချိန်မှာပင် တယ်လီဖုန်းမြည်လာသည်။ တယ်လီဖုန်းဆက်သူမှာ ပီကော့ကောင်တီ၏ အရှေ့ဘက်တွင် ရှိသော လီလာနိုကောင်တီမှ ရဲမှူးစတီးဗင်မက် ဖြစ်သည်။

မက်က လူသတ်မှုဖြင့် အနှစ်ငါးဆယ်ထောင်ကျနေသော အက်ဒီကယ်လီဂန်သည် ဝဲ့(သ်)ထောင်မှ ကားဖြင့် ထွက်ပြေးကြောင်း ပြောပြပါသည်။

အက်ဒီနှင့်အတူ ကားပေါ်တွင် အမျိုးသမီးတစ်ယောက်လည်းပါသွားကြောင်း၊ ထိုအမျိုးသမီးသည် အက်ဒီ၏ရည်းစား လီလီမီလန်ဒါ ဖြစ်မည်ဟု သူထင်ကြောင်း မက်ကပြောပြသည်။ မက်က သူသည် လာလာနိုဓာတ်ငွေ့ဆိုင်ရှေ့တွင် ရပ်ထားသော ကယ်လီဂန်၏ ကားကိုမြင်ခဲ့ကြောင်း၊ ထိုအချိန်မှာ ဆယ့်တစ်နာရီခွဲပြီဖြစ်ပြီး ဓါတ်ငွေ့ဆိုင်ပိတ်ထားကြောင်းကိုလည်း ပြောပြပါသည်။

အက်ဒီသည် ဓါတ်ငွေ့ပိုက်ကို ဖွင့်ဖို့ကြိုးစားနေကြောင်း၊ သူ့ကို မြင်သောအခါ အက်ဒီကယ်လီဂန်တို့ ကားမောင်းထွက်ပြေးသွားကြောင်း ပြောပြလေသည်။

မက်က စပတ်သည် အက်ဒီကိုထောင်ထဲပို့လိုက်သူဖြစ်ကြောင်း၊ စပတ်ကိုလက်စားချေရန် အက်ဒီလာနိုင်ကြောင်း သတိပေးသည်။



လွန်ခဲ့သော ငါးနှစ်က အက်ဒီကယ်လီဂန်နှင့် မာ၏အစ်ကိုဘတ်တို့ ရန်ဖြစ်သဖြင့် အက်ဒီက ဘတ်ကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။ လီလီမီလန်ဒါအတွက် ရန်ဖြစ်ကြခြင်းဖြစ်သည်။ ထို့နောက် အက်ဒီသည် ပန်ဟင်ဒယ်တောင်ကုန်းပေါ်တွင် သွားရောက်တိမ်းရှောင်နေလေသည်။ ထိုအချိန်က စပတ်သည် တခြားအရပ်သို့သွား၍ မြင်းဝယ်နေသည်။ သူ ပြန်ရောက်လာသောအခါ တောင်ပေါ်သို့ သွားပြီး အက်ဒီဖမ်းမိတော့သည်။

အမှုကိုတရားရုံးတွင် စစ်ဆေးပြီးသောအခါ အက်ဒီထောင်ဒဏ်ငါးဆယ်နှစ်အထိ အပြစ်ရသွားခဲ့သည်။

မက်ကမူ အက်ဒီသည် စပတ်ကို သတ်ရန်လာမည်ဟု သူဆခဲ့သည်။

ကျွန်ုပ်သည် တယ်လီဖုန်းကိုပြန်ချပြီးနောက် စပတ်နှင့်မာတို့အား ကျွန်ုပ်ပြောမည့်စကားကို ဂရုစိုက်နားထောင်ရန်ပြောလိုက်ပါသည်။ စပတ်က သိပ်မတုန်လှုပ်ပါ။ သူ့လက်စွဲတော်ဒဿမလေးဆယ့်ငါး ပစ္စတိုချိတ်ထားသော ခါးပတ်ကို ခါးတွင်ပတ်လိုက်ပါသည်။ ဓါတ်ငွေ့ဆိုင်သို့ သွားပြီး အက်ဒီနှင့် သူ့မိန်းကလေးကို စောင့်မည်ဟု ပြောလေသည်။

မာက အက်ဒီအလာကို ဤနေရာမှစောင့်သင့်ကြောင်းပြောသည်။ စပတ်က အက်ဒီသည် ဓါတ်ငွေ့ဆိုင်ကို ဖျက်ဆီးပြီး အခြားလူဆိုးများ ခိုအောင်းနေသော တက်ဆက်ပန်ဟင်ဒယ်ဒေသကို ထွက်သွားလိမ့်မည်ဟု ပြောပါသည်။

စပတ်က ဓါတ်ငွေ့ဆိုင်သို့ ကားဖြင့် သွားပြီး၊ အက်ဒီကို စောင့်ဖမ်းမည်ဟု ပြောပါသည်။

ကျွန်ုပ်က စပတ်အကြံကို ထောက်ခံပြီး သေနတ်ကိုယူပါသည်။ စပတ်က အက်ဒီကာယ်လင်ဂန်ကို ဖမ်းဖို့ လူနှစ်ယောက်လိုမည် မဟုတ်ကြောင်း ထိုအလုပ်မှာ သူ့အလုပ်ဖြစ်ကြောင်းပြောပါသည်။

ကျွန်ုပ်သည် စပတ်၏ စကားကိုနာခံရမည်သာ ဖြစ်ပါသည်။ ထို့နောက် သူတစ်ယောက်တည်း ထွက်သွားပါတော့သည်။

မာသည် ဘာမှမပြောဘဲ တစ်ယောက်တည်းဆက်ပြီး ဖဲကစားနေလေသည်။ ကယ်လီဂန်ကဲ့သို့ လူသတ်သမားနောက်သို့ သူမ ယောက်ျားတစ်ယောက်ထဲ လိုက်သွားသည်မှာ ရူးမိုက်ခြင်းဖြစ်ကြောင်း၊ ကယ်လီဂန်သည် သေနတ်ပစ်အလွန်လက်တည့်ကြောင်း သူ့ရည်စားရှေ့တွင် သိုးငယ်ကဲ့သို့ အေးအေးဆေးဆေး အဖမ်းခံမည်မဟုတ်ကြောင်း ပြောပြသည်။ သူမပြောသည်မှာ မှန်သည်ဟု ကျွန်ုပ်ယူဆပါသည်။ သို့သော် 'စပတ်ဟာ သူ့ကိုယ်သကာကွယ်နိုင်ပါတယ်'ဟုသာ ပြောလိုက်နိုင်ပါသည်။

စပတ် ပြန်မရောက်လာပါ။ ကျွန်ုပ်တို့သည် နံနက်(၃)နာရီအထိ သူ့ကို ထိုင်စောင့်နေခဲ့ကြပါသည်။ ထို့နောက် ကျွန်ုပ်သည် သေနတ်ယူပြီး၊ ဓါတ်ငွေ့ဆိုင်သို့ ကားမောင်းထွက်လာခဲ့ပါသည်။ ညမှာ တိတ်ဆိတ်နေသည်။ လသည်တောင်ကုန်းပေါ်တွင်ရွှန်းမြစွာသာနေသည်။ လမ်းပေါ်သို့ မည်းနက်သော အိမ်ရိပ်များထိုးကျနေလေသည်။

ဓါတ်ငွေ့ဆိုင်သို့ ရောက်သောအခါ လမ်းဘေးတွင်ရပ်ထားသော ကားကို တွေ့သော်လည်း စပတ်ကိုမူ မတွေ့ရပါ။ ကျွန်ုပ်ကားပေါ်မှ ဆင်းပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်ပါသည်။



ကားဂိုဒေါင်နောက်ဘက်တွင်းထဲတွင် သေနတ်ဒဏ်ရာဖြင့် ခသနေသော စပတ်ကိုသာ တွေ့ရပါတော့သည်။

ကျွန်ုပ်အနေဖြင့် ထိုအကြောင်းကို မာအားမည်ကဲ့သို့ ပြောရမည်ကိုမသိတော့ပါ။ စပတ်သည် ဒေါသကြီးပြီး စိတ်တိုသော်လည်း သူ့ကို သူမချစ်ရှာသည်။

ကျွန်တော်သည် ကားပေါ်ပြန်တက်ပြီး အိမ်သို့မောင်းလာခဲ့ပါသည်။ မာအား အကျိုးအကြောင်းကို ပြောပြပြီး ကျွန်ုပ်တို့အနေဖြင့် တစ်ခုခုလုပ်သင့်ကြောင်းကိုလည်း ပြောပြလိုက်ပါသည်။

သူမ ဘာမှမပြောပါ၊ သူမရှေ့မှဖဲချပ်များကို ထိုင်ကြည့်နေလေသည်။ မီးရောင်အောက်တွင် သူမ ခေါင်းပေါ်မှ နီကျင်ကျင်ဆံပင်များမှာ အရောင်တောက်ပနေလေသည်။

ထို့နောက် စပတ်သည် အက်ဒီအား တစ်ယောက်တည်းသွားတွေ့သည်မှာ မှားသည်ဟု ထပ်ပြောပါသည်။

ကျွန်ုပ်က သူမအား စိတ်အေးအေးထားရန် ပြောပါသည်။ ထို့နောက် ခံတပ်ထဲသို့သွား၍ ဟစ်မာရှယ်၊ ဘတ်ဘိုင်နာ၊ ဂျောမတ်ကလင်းနှင့် ဂျေပီလိုစီတို့ကို ခေါ်ပါသည်။ သူတို့သည် ကျွန်တော့်လိုပင် လက်ထောက်ရဲမှူးများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အစည်းအဝေးထိုင်ပြီးနောက် မာမက်ကလန်အား စပတ်၏ နေရာတွင် ရဲမှူးအဖြစ်တစ်ညီတညွတ်တည်း ရွေးချယ်လိုက်ပါသည်။ စပတ်၏ ရဲမှူးသက်တမ်းမှာ (၂)နှစ်ကျန်သေးသည်။

ထို့နောက် သူမထံပြန်သွားကြပါသည်။ ယခုတိုင် တစ်ယောက်တည်း ဖဲကစားနေတုန်းဖြစ်သည်။

ကျွန်ုပ်တို့က သူမအား ရဲမှုးအဖြစ် ရွေးချယ်ကြောင်းနှင့် အက်ဒီကယ်လီဂန်နှင့် ပတ်သက်၍ မည်ကဲ့သို့လုပ်ရန် ရည်ရွယ်ထားသည်ကိုပါ ပြောပြပါသည်။

"ကောင်းပြီ လူကလေးတို့ စပတ်ကိုသတ်တဲ့ လူသတ်သမားကိုမိအောင် ငါ လိုက်ဖမ်းမယ်"

ကျွန်ုပ်တို့သည် လူစုခွဲ၍ လူဆိုးများနောက်သို့ ပန်ဟင်ဒယ်လမ်းအတိုင်း လိုက်ခဲ့ပါသည်။ ကယ်လီဂန်သည် ထိုလမ်းအတိုင်း သွားမည်ဟု ကျွန်ုပ်ထင်ခဲ့သည်။

မာသည် ဓါတ်ငွေ့ဆိုင်ဝင်းထဲသို့ဝင်၍ စပတ်ကိုကြည့်ပါသည်။ စပတ်သည် ကားဂိုဒေါင်ရှေ့တွင် သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရကြောင်း သူမကပြောပါသည်။ ဓါတ်ငွေ့ပိုက်များမပေါက်သဖြင့် ကယ်လီဂန်သည် တစ်နေရာရာမှ ဓါတ်ငွေ့ရခဲ့သည်ဟု ယူဆနိုင်ပါသည်။ ကားဘီးရာများကိုကြည့်ခြင်းဖြင့် ကယ်လီဂန်သည် ပန်ဟင်ဒယ်တောင်ကုန်းများဆီသို့ သွားကြောင်းသိရပါသည်။ ကျွန်ုပ်သည် မာအား ထိုနေရာတွင် ထားခဲ့ပြီးနောက် ရဲသားခြောက်ယောက်ကိုခေါ်၍ လူဆိုးနောက်သို့ လိုက်ခဲ့ပါသည်။ သူတို့အား ရိုင်ဖယ်သေနတ်များအပြင် အော်တိုမက်တစ်မော်ဆာပစ္စတိုများ ပေးထားပါသည်။

ကျွန်တော်တို့၏ လှုပ်ရှားမှုမှာ မြန်ဆန်လှသည်။ ဝီလီသည် ကျွန်တော်စီးလာသော ကားကို တစ်နာရီလျှင် ခုနစ်ဆယ်လေးမိုင်နှုန်းဖြင့် မောင်းနေသည်။ အချိန်မှာ နံနက်ငါးနာရီဖြစ်သည်။ မကြာခင် ကားလမ်းဘေးတွင် ရပ်ထားသော ကားတစ်စီးကိုလှမ်းမြင်ရနေလသည်။ ကားထဲမှ လှုပ်ရှားမှုမမြင်ရသဖြင့်



ကယ်လီဂန်နှင့် သူ့အမျိုးသမီးသည် ကားကို စွန့်ထားပြီး၊ တောင်ပေါ်သို့ ခြေလျင်သွားပြီဟု ထင်လိုက်ပါသည်။ သို့သော် ကျွန်တော်တို့ အတင့်မရဲရဲပါ။ ကားပေါ်မှဆင်းပြီး လူခွဲ၍ ဝပ်တွားသွားကြပါသည်။

ကားအနီးသို့ရောက်သောအခါ ကျွန်တော်အံ့အားသင့်သွားပါသည်။ ကားနောက်ခန်းတွင် အိပ်ပျော်နေသော ကယ်လီဂန်နှင့် သူ့မိန်းကလေးကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ မိန်းကလေးက သူ့ပခုံးကိုမှီထားပြီး သူက မိန်းကလေး၏လည်ပင်းကို ဖက်ထားလေသည်။

သူ့နဖူးပေါ်တွင် ချောက်နေသော သွေးစီးကြောင်းကို မြင်ရပါသည်။ သူ့ခေါင်းကို တစ်ယောက်ယောက်က ရိုက်လိုက်ဟန်တူပါသည်။ သူတို့သည် ကလေးငယ်နှစ်ယောက်ကဲ့သို့ အိပ်နေကြလေသည်။

ကျွန်တော်သည် ကျွန်လူများကို လှမ်းခေါ်လိုက်ပါသည်။ ကျွန်တော်တို့သည် ကားကိုဝိုင်းရပ်ပြီး၊ အိပ်နေသော လူနှစ်ယောက်ကို ကြည့်နေကြပါသည်။

ခဏအကြာတွင် သူတို့ကို နှိုးလိုက်ပါသည်။ ကျွန်တော်က အက်ဒီအား ပီးကော့(စ်)သို့ ကျွန်တော်တို့နှင့် ပြန်လိုက်ခဲ့ရန် ပြောပါသည်။ ဓါတ်ငွေ့ဆိုင်တွင် ရဲမှုးသေနတ်ပစ်ခံရသည့် ကိစ္စအတွက် သူ့ကိုမေးစရာရှိကြောင်းလည်း ပြောပြပါသည်။ မိန်းကလေးက တစ်စုံတစ်ရာဝင်ပြောမည်ပြုသော်လည်း ကျွန်ုပ်က "ဘာမှမပြောပါနဲ့ ဒီနေရာမှာ စကားပြောဖို့မလိုဘူး"ဟု ပြောပါသည်။

ဝီလီရှုးလစ်(စ်)၊ အက်ဒီနှင့် ကျွန်တော်သည် သူတို့ကားကိုစီးပြီး ကျန်လူများနှင့် မိန်းကလေးက အခြားကားတစ်စီးဖြင့် ပြန်ခဲ့ကြပါသည်။ ပီးကော့သို့ရောက်လျှင် အမျိုးသမီးအား နောက်ခန်းတွင် ချုပ်ထားရန် သူတို့ကိုမှာလိုက်ပါသည်။ အက်ဒီကို အရှေ့ဘက်ရှိအခန်းတစ်ခန်းတွင် ချုပ်ထားရန် ကျွန်တော်စီစဉ်ထားပါသည်။ သူတို့ကို တစ်ဦးချင်းခွဲပြီး စစ်ဆေးလိုသောကြောင့်ဖြစ်ပါသည်။

အပြန်ခရီးတွင် အက်ဒီသိပ်စကားမပြောပါ။ သူကြည့်ရသည်မှာ မူးဝေနေသလို ဖြစ်နေသည်။ ကျွန်တော် မေးကြည့်သောအခါ ခေါင်းမှ ဒဏ်ရာကြောင့်ဖြစ်မည်ဟု ထင်ကြောင်း၊ ဓါတ်ငွေ့ဆိုင်တွင် ခေါင်းအရိုက်ခံခဲ့ရကြောင်းပြောပြသည်။ သူက ဤအမှုအတွက်ရှည်ရှည်ဝေးဝေး စစ်ဆေးရန်မလိုကြောင်း၊ စပတ်မက်ကယ်လန်အား ဓါတ်ငွေ့ဆိုင်တွင် သူသတ်ခဲ့ကြောင်း ပြောသည်။ ကျွန်ုပ်က ဤသို့ဝန်ခံသည်မှာ ကောင်းကြောင်း၊ အချိန်ကုန်အလုပ်ရှုပ်သက်သာကြောင်း၊ ဤနေရာတွင် ဝန်ခံချက်ပေးရန် မလိုသေးကြောင်း၊ ပီးကော့သို့ ပြန်ရောက်လျှင် စာဖြင့် ရေးသားယူမည်အကြောင်း ပြောပြပါသည်။

သူက ကြိုက်သည်နည်းလမ်းဖြင့် သူဝန်ခံချက်ပေးပါမည်ဟု ပြောလေသည်။

ကျွန်တော်တို့ ကားသည် ပီးကော့မြို့သို့ အရင်ရောက်ခဲ့သည်။ ကျွန်တော်သည် အက်ဒီအားအချုပ်ခန်းထဲတွင်ထည့်ပြီးနောက် မာနှင့်သွားတွေ့ပါသည်။ မာသည် အိမ်ပေါ်ထပ်တွင် ထိုင်၍ တစ်ယောက်တည်း ဖဲကစားနေဆဲဖြစ်ပါသည်။ ကျွန်တော်



က သူမအား အက်ဒီသည် ရဲမှူးကို သတ်ကြောင်း ဝန်ခံချက်ပေးကြောင်း ပြောပြပါသည်။ မာက အက်ဒီကိုချက်ချင်းခေါ်ခဲ့ရန်နှင့် ဝန်ခံချက်ရေးရန် အမိန့်ပေးသည်။

အက်ဒီအား အခန်းထဲသို့ ခေါ်လာကြလေသည်။

"ဟယ်လို မာ" သူက နှုတ်ဆက်လေသည်။ "စပတ်ကို ကျွန်တော် သတ်မိတဲ့အတွက် ဝမ်းနည်းပါတယ်။ သူနဲ့ ကျွန်တော်တို့ အကြားမှာ ဘာတွေဖြစ်ခဲ့တယ် ဆိုတာကို ခင်ဗျား သိပါတယ်"

"နားထောင်ပါ အက်ဒီ ကယ်လီဂန်" မာက ပြောလေသည်။ "မင်းဟာ ခေါင်းမာတဲ့ လူဆိုးတစ်ယောက်ဖြစ်တယ်ဆိုတာ ငါ သိပါတယ်။ ကဲ ကုလားထိုင်ပေါ်မှာ ထိုင်ပါ"

အက်ဒီက ထိုင်သည် မာက သူ့ကိုကြောင်မတစ်ကောင်လိုကြည့်နေလေသည်။ ထို့နောက် ဝန်ခံချက်ပေးရန် ပြောသည်။ အက်ဒီပြောသည့်အတိုင်း ကျွန်တော် လိုက်ရေးရပါသည်။

အက်ဒီက သူနှင့် သူ့အမျိုးသမီးသည် လီလာနိုကောင်းထိုမှ ကားဖြင့် လာခဲ့ကြပြီးနောက် ဓါတ်ငွေ့ဖြည့်ရန် ဆိုင်ရှေ့တွင် ကားရပ်ကြသည်။ စပတ်သည် ကားဂိုဒေါင်ဘေးမှ ထွက်လာပြီး "ဘယ်လို အက်ဒီ မင်းဒီကို ဘာလာလုပ်တာလဲ" ပြော့စဉ် အခိုက် ချောင်း အက်ဒီက သေနတ်ထုတ်ပြီး၊ ရဲမှူးကိုပစ်လိုက်သည်။ အဖြစ်အပျက်မှာ ဒီလောက်ပါပဲဟု သူက ပြောလေသည်။

မာက ဘာမှမပြောပေ၊ အက်ဒီသည် ဖွင့်ထားသော ပြတင်းပေါက်မှ ဖြတ်၍ သေနတ်ဖြင့် ပစ်ကြောင်း၊ အဖြစ်အပျက်မှာ ဤမျှသာ ဖြစ်ကြောင်း ပြောပြသည်။

မာက အက်ဒီအား ကားကို ဘယ်ဘက်ကိုဦးတည်မောင်း

သလဲဟု မေးသောအခါ အက်ဒီက ပန်ဟင်ဒယ်သို့ မောင်းကြောင်းဖြေသည်။ ထို့နောက် မာက ရဲမှူးသည် ကားဂိုဒေါင်ကို ကွေ့ပတ်လာလျှင် သူသည် ကား၏ ညာဘက်တွင် ရပ်ရမည်ဟု ပြော၏၊ အက်ဒီက ဤအတိုင်းပါပဲဟုပြောလေသည်။

မာက စီးကရက်သေတ္တာကို အက်ဒီဘက်သို့ တွန်းပေးပြီး စီးကရက်သောက်လိုက သောက်ပါဟု ပြော၏။ အက်ဒီက စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိလေသည်။ စီးကရက်ကို တစ်ရှိုက်နှစ်ရှိုက်ဖွာပြီးနောက် အက်ဒီက ယခုအခါ အမှုမှာ ရှင်းလင်းသွားပြီဖြစ်ကြောင်း၊ ဤလူသတ်မှုကို သူ ကျူးလွန်သဖြင့် သူ့ကို ဖမ်းထားရန် မိန်းကလေးသည် ရဲမှူးအသတ်ခံရမှုနှင့် မပတ်သက်ကြောင်းပြောပြ၏။

မာက ယခုအခါ သူမသည် ဝီးကော့ကောင်တီ၏ တရားဝင်ရဲမှူးဖြစ်ကြောင်း၊ ဥပဒေသည် ဥပဒေသာဖြစ်ကြောင်း၊ သူမသည် ဤအမှုအား မှန်ကန်စွာဖြင့် တရားဥပဒေနှင့် အညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောလေသည်။

ထို့နောက် ဝီလီအား အက်ဒီကို ပြန်ခေါ်သွားပြီး အချုပ်ခန်းထဲတွင် ပြန်ချုပ်ထားရန် အမိန့်ပေးလိုက်၏။

အက်ဒီကထရပ်ပြီး သူ့ကိုယ်တိုင် ဝန်ခံပြီးဖြစ်သဖြင့် မိန်းကလေးအား ချုပ်ထားသည်မှာ အဓိပ္ပာယ်မရှိကြောင်းပြောအပြီးတွင် ဝီလီက သူ့ကို ပြန်ခေါ်သွားသည်။

ကျွန်ုပ်က မာအား လူသတ်သမားအား ဤမျှမြန်စွာ ဖမ်းနိုင်သည်မှာ ကောင်းကြောင်း၊ ပန်ဟင်ဒယ်လမ်းဘေးတွင် ရပ်ထားသော ကားကိုမြင်ရပုံ၊ ကားထဲတွင် ကလေးငယ်နှစ်



ယောက်လိုအိပ်နေသော သူတို့နှစ်ယောက်ကို တွေ့ရပုံ၊ ကားတွင် ခါတ်ဆီအပြည့်ပါသည်ဟု ယူဆသည်မှာ မှားကြောင်းပြောပြလိုက်၏။

အက်ဒီသည် ကျွန်ုပ်တို့အား ဒုက္ခမပေးသည့်အဖြင့် အမှုမှာ ရှင်းလင်းနေပြီဟု ကျွန်ုပ် ယူဆပါသည်။

ကျွန်ုပ်ပြောနေချိန်တွင် မာက ဝင်မပြောပေ၊ စားပွဲကို စိုက်ကြည့်နေ၏။ ကျွန်ုပ် စကားဆုံးသောအခါ မော့ကြည့်ပြီး ပြောလေသည်။

"အရူးတစ်ယောက်လို မပြောပါနဲ့ ဘဒ်ဆွစ်ရှာ၊ အက်ဒီကယ်လင်တန်ဟာ ရဲမှူးကို သေနတ်နဲ့ မပစ်ခဲ့ဘူး။ သူဒီလို မလုပ်ခဲ့ဘူးလို့ ကျွန်မပြောရဲတယ်။ ရဲမှူးရဲ့အရှေ့ပိုင်းဝေ့(စ်)ကုတ်နဲ့ ရှပ်အကျီမှာ မီးကျွမ်းနေတာ ကျွန်မ မြင်ရတယ်။ သူ့ကို သေနတ်နဲ့ ပစ်သူဟာ ရင်ပတ်နဲ့ သုံးလက်မအကွာက ပစ်ခဲ့တာ"

"အက်ဒီဟာ ပန်ဟင်ဒယ်ကို သွားဖို့ကားကို ကွေ့ခဲ့တယ်။ ရဲမှူးရပ်တဲ့ နေရာကိုလဲ မြင်ခဲ့ပြီးပြီ၊ သူ့ခြေရာကို ကျွန်မ မှတ်မိတယ်။ သူဟာ ကားရဲ့အရှေ့ဘယ်ဘက်မှာ ရပ်နေခဲ့တယ်။ အဲဒီမှာပဲ သူရပ်နိုင်တယ်။ အက်ဒီဟာ ကားထဲကနေပြီး သူ့ကို သေနတ်နဲ့ပစ်ရင် ဒဏ်ရာမှာ မီးလောင်ကျွမ်းမှုမရှိနိုင်ဘူး"

ထိုအချက်ကို ကျွန်ုပ် ဘယ်တုန်းကမှ မတွေးမိခဲ့ပါပေ။

မာကဆက်ပြောပြန်သည်။ အက်ဒီ စီးကရက်ကိုမီးညှိသည့်အချိန်က ညာလက်ညှိုးတွင် အမာရွတ်တွေ့ရကြောင်း၊ လွန်ခဲ့သောနှစ်ရက်သုံးရက်က ဒဏ်ရာဖြစ်ကြောင်း အနာကောင်းကောင်း မကျက်သေးကြောင်း၊ လက်ညှိုးမကွေးနိုင်သဖြင့်

ဗီးကရက်ကို ခက်ခဲစွာထုတ်ယူနေခဲ့ကြောင်း ပြောပြသည်။

"ကျွန်မ ပြောတဲ့စကားကို မှတ်ထားပါဘဒ်ဆွစ်ရှာ" သူမက ပြောပြသည်။ "အက်ဒီကယ်လင်တန်ဟာ ရဲမှူးကို မသတ်ခဲ့ဘူး၊ ထူးဆန်းတဲ့အကြောင်း တစ်ခုတော့ ရှိလိမ့်မယ်"

ထိုအခိုက် ဘတ်(က်)ဘိုင်နာဝင်လာသည်။

"ဟုတ်တယ် မာ ခင်ဗျား ပြောတာမှန်တယ်" ဘတ်(က်)က ဝင်ပြောသည်။ "အက်ဒီ မသတ်ဘူး။ မိန်းကလေးသတ်တာပါ။ အခုပဲ သူမ ဝန်ခံတယ် ဟောဒီမှာ သူမရဲ့ သေနတ်"

▲ ▲ ▲ ▲ ▲

မာသည် စာပွဲကို ကျော်ပြီး လီလီမီလန်ဒါကို ကြည့်နေသည်။ သေနတ်ကို ပိုးလက်ကိုင်ပဝါဖြင့် ပတ်၍ ပြောင်းမှကိုင်ထားသည်။ လက်ဗွေများမပျက်အောင် ဖြစ်သည်။

လီလီမီလန်ဒါသည် မတ်တပ်ရပ်ရင်း သူမကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေ၏။ သူမသည် ပိန်သော်လည်း ယောက်ျားများ တပ်မက်သည့်အရာများ အားလုံးပြည့်ဖြိုးစွာ ရှိနေသည်။ သူမ အရွယ်ရောက်သည့်အချိန်က စပြီး၊ ပီးကော့(စ်)တွင် ဒုက္ခပေးခဲ့၏။ သူမကိုယ်တိုင် အခွင့်အရေးရပါက အက်ဒီထောင်မှ ထွက်ပြေးနိုင်အောင် ကူညီမည်ဟု အမြဲပြောခဲ့၏။

"ဒီမှာ လီလီ ရဲမှူးကို မင်း သေနတ်နဲ့ ပစ်ခဲ့သလား" မာက မေးသည်။

လီလီက ဘာမှမပြောဘဲ ခေါင်းညိတ်ပြသည်။

"ဒါဆို ဒီအတိုင်းမှန်တယ်လို့ ယူဆလိုက်မယ်" မာက



ပြောသည်။

လီလီက ဝန်ခံ၏။ အက်ဒီအား ထောင်မှ လွတ်အောင်ကူညီခဲ့ပုံနှင့် ပန်ဟင်ဒယ်သို့ ထွက်ပြေးရန် ကြံပုံကိုပါ ပြောပြသည်။ လီလီနှိုဓါတ်ငွေ့ဆိုင်မှ ဓါတ်ငွေ့ပိုက်လုံးအား ဖောက်ခွဲရန် ကြိုးစားပုံကိုတော့ မပြောပေ။

ပီးကော့ဓါတ်ငွေ့ဆိုင်ရှေ့တွင် သူတို့ရပ်နေချိန်တွင် ဘေးနံရံမှောင်ရိပ်ထဲမှ ရဲမှူးထွက်လာပြီး ဘာလုပ်နေသလဲဟု မေးကြောင်းပြောပြ၏။ အက်ဒီကားထဲမှ ထွက်ရန်ဟန်ပြင်ချိန်တွင် ရဲမှူးက သေနတ်ဖြင့်ခေါင်းကို ရိုက်ကြောင်း အက်ဒီသည် ထိုင်ခုံပေါ်သို့ လဲကျပြီး သတိလစ်သွားကြောင်း ပြောပြ၏။

သူမတွင် သေနတ်တစ်လက်ရှိကြောင်း၊ ထိုအကြောင်းကို အက်ဒီမသိကြောင်း၊ ထိုသေနတ်ဖြင့် ရဲမှူး၏ ရင်ပတ်ကိုတစ်ချက်ပစ်ကြောင်း၊ ရဲမှူးသည် သဲပြင်ပေါ်သို့ လဲကျသွားကြောင်း ရဲမှူးအလောင်းကို ချက်ချင်းမတွေ့အောင် ဓါတ်ဆီဆိုင်နောက်သို့ ဆွဲယူထားခဲ့ကြောင်း ပြောပြ၏။

သူမ ကားကို ပြန်ရောက်ချိန်အထိ အက်ဒီ သတိမေ့နေကြောင်း၊ ထို့ကြောင့် သူမကိုယ်တိုင် ကားမောင်းထွက်လာခဲ့ပြောပြ၏။

ပန်ဟင်ဒယ်သို့ ကားမောင်းလာချိန်တွင် ခေါင်းမှဒဏ်ရာကို အက်ဒီပြင်းထန်စွာ ခံစားနေရကြောင်း၊ ထို့ကြောင့် အနားယူဖို့ ဆုံးဖြတ်လိုက်ကြောင်း၊ ရဲမှူးအလောင်းကို တော်တော်နှင့် ရှာတွေ့မည်ဟု မထင်သောကြောင့် ဖြစ်ကြောင်း၊ ထို့နောက် သူတို့အိပ်ပျော်သွားကြောင်း ပြန်နိုးလာချိန်တွင် ကျွန်ုပ်တို့ကို

တွေ့ရကြောင်း ရှည်လျားစွာပြောပြ၏။

မာက သူမသေနတ်နှင့် ပစ်ချိန်တွင် ရဲမှူးဘယ်မှာရပ်နေသလဲဟု မေး၏။ လီလီသည် ကားရှေ့ခန်းထိုင်ခုံတွင် ထိုင်နေရာမှ ကားရှေ့ဘယ်ဘက်တွင် ရပ်နေသော ရဲမှူးကို လှမ်းပစ်သည်ဟု ယူဆကြောင်း ပြောပြ၏။ ရဲမှူး၏ ခြေရာကို သူမ မြင်ရကြောင်းပြော၏။ လီလီက ထိုအတိုင်း မှန်ကန်ကြောင်းပြော၏။

မာက သေနတ် ဘယ်ကရသလဲ မေးသောအခါ လွန်ခဲ့သော နှစ်အနည်းငယ်က ထိုသေနတ်ကို ဘစ်စပရင်းတောင်ကုန်းပေါ်မှ သူမ ကောက်ရခဲ့ကြောင်း ပြောပြ၏။ မာက အတိအကျမေးသောအခါ လီလီက နေ့ရက်အတိအကျမမှတ်မိကြောင်း လွန်ခဲ့သော နှစ်အနည်းငယ်က ဖြစ်ကြောင်း ပြန်ပြောသည်။

ထို့နောက် အတန်ကြာအောင်ဘာမှ မပြောဘဲ လီလီကို စိုက်ကြည့်နေလေသည်။ လီလီက လက်ပိုက်ပြီးရပ်နေလေသည်။ သူမကဲ့သို့ ချောမောသော မိန်းကလေးတစ်ယောက်အား ကြိုးပေးသတ်ရမည်ကို စိတ်မကောင်းစရာဟု ကျွန်ုပ်ထင်ပါသည်။ ထို့နောက် မာက ရုတ်တရက်ပြောလေသည်။

"ဒီမှာ နားထောင်စမ်း လီလီ၊ ညည်းတို့ဟာတစ်နည်းနည်းနဲ့ ဓါတ်ငွေ့အလုံအလောက်ရခဲ့တယ်။ ပန်ဟင်ဒယ်ကိုသွားမယ်ဆိုရင် ဘာကြောင့် ပီးကော့ကို လာရသလဲ၊ တိုက်ရိုက်သွားလို့ရတာပဲ"

လီလီက အတန်ကြာအောင် ဘာမှပြန်မပြောပေ။ ထို့နောက် သူမတို့သည် ထိုအကြောင်းကို ဘာမှမစဉ်းစားကြောင်း၊ ပီးကော့(စ်)ကိုဖြတ်ပြီး အေးအေးဆေးဆေးသွားဖို့သာ ရည်ရွယ်



ခဲ့ကြောင်း ပြော၏။

မာက လီလီကို ပြန်ခေါ်သွားပြီး ဆက်ချုပ်ထားရန် အမိန့်ပေးလိုက်သည်။ ထို့နောက် စီးကရက်ကို မီးညှိသော်လည်း သူမသည် တစ်နေ့တွင် စီးကရက်အလိပ်လေးဆယ်သောက်တတ်ပါသည်။

အတန်ကြာလျှင် အက်ဒီကို ပြန်ခေါ်ရန် ပြောပါသည်။

ကျွန်ုပ်က အက်ဒီကို သွားခေါ်ပါသည်။

အက်ဒီက ရဲမှူးကို သူသတ်ကြောင်း ဝန်ခံထားပြီးဖြစ်ကြောင်း ထပ်ပြောပြသည်။

မာက သူ မသတ်ကြောင်း လီလီသတ်ကြောင်း ပြောပြလိုက်သည်။

အက်ဒီက သူသတ်ကြောင်းသာ ထပ်ပြော၏။ ထို့နောက် မာက သေနတ်အမျိုးအစားကိုမေးလိုက်သည်။ စားပွဲပေါ်တွင် ရဲမှူး၏ သေနတ်နှင့် လီလီ၏ သေနတ်ကို အဝတ်ဖြင့် အုပ်ထားသည်။

အက်ဒီက အတန်ကြာစဉ်းစားပြီးနောက် စမစ်အင်ဝက်ဆန်ဒသသမလေးဆယ့်ငါးဖြစ်ကြောင်း ပြော၏။ မာက တစ်ချက်ပြုံးလိုက်၏။ အဝတ်ကိုဆွဲဖယ်ပြီး Getzburg Positive Forty Five သေနတ်ကို မြှောက်ပြလိုက်သည်။ လီလီတွင် သေနတ်တစ် လက်ရှိကြောင်းကို သူ မသိကြောင်း ပြောပြ၏။

တစ်ချက်တည်းပင် ရဲမှူးက သေနတ်ဖြင့် သူ့ခေါင်းကို ရိုက်သဖြင့် အက်ဒီမေ့နေကြောင်း ထို့ကြောင့် ဘာတွေဖြစ်သည်ကို သူ မသိခြင်းဖြစ်ကြောင်း ပြောပြ၏။

ထို့နောက် ရဲမှူး၏သေနတ်ဒင်ကို အားကောင်းသော မှန်ဘီလူးဖြင့် ကျွန်ုပ်အား ကြည့်ခိုင်းသည်။ သေနတ်ဒင်တွင် ဆံပင်အချို့နှင့် ချောက်နေသော သွေးများတွေ့ရပါသည်။ အက်ဒီ၏ ဆံပင်များဖြစ်သည်။

အက်ဒီ ဘာမှ မပြောတော့ပေ။ မာက ဘတ်(က်)ဘိုင်နာအား အက်ဒီကို ပြန်ခေါ်သွားပြီး ချုပ်ထားရန် အမိန့်ပေးသည်။ ကျွန်ုပ်က မာအား မိန်းကလေးဝန်ခံသည့်အတိုင်း ရဲမှူးကို သူမ သတ်သည်မှာ သေချာပြီဖြစ်ကြောင်း၊ ဘာမှ ထပ်ပြီး စဉ်းစားရန် မလိုကြောင်း ပြောပြလိုက်သည်။

ဤတွင် မာက စဉ်းစားရမည့်အချက်တစ်ချက်နှစ်ချက် ရှိနေသေးကြောင်း ပြောပြ၏။ အက်ဒီနှင့် သူ့မိန်းကလေးတို့သည် ယနေ့ နံနက်တွင် ဘာကြောင့် ပန်ဟင်ဒယ်သို့ တိုက်ရိုက်မသွားဘဲ၊ ပီးကော့(စ်)သို့ လာသည်ကို သူမ သိချင်နေသည်။

သူတို့သည် ရဲမှူးနှင့်သာ မတွေ့ပါက ပန်ဟင်ဒယ်သို့ သွားမည်ဟု သူမ ယူဆသည်။ အက်ဒီသည် ရဲမှူးက လှမ်းမတားခင်ကပင် ပန်ဟင်ဒယ်သို့ သွားရန်ကားကို ကွေ့ထားလေသည်။

ထို့နောက် လီလီ၏ သေနတ်ကို အဝတ်စဖြင့် ပြောင်းမှ ကိုင်ကြည့်ပြန်သည်။

ကျွန်ုပ်က အမှုမှာ ရှင်းနေကြောင်း ပြောပြလိုက်၏။ ရဲမှူး၏ သေနတ်မှ ကျည်ဆန်တစ်တောင့်မှ မပစ်ခတ်ခဲ့ကြောင်း၊ မိန်းကလေး၏ သေနတ်မှ ကျည်ဆန်တစ်တောင့်ပစ်ခဲ့ကြောင်း၊ ထို ကျည်ဆန်ကြောင့် ရဲမှူးသေရကြောင်း ပြောပြ၏။ မာက သေနတ် ပစ်ခတ်သော နေရာမှ ကျည်ဆန်အခွံရခဲ့ကြောင်း ပြောပြ၏။



ကျွန်ုပ်က ဤသို့ဆိုပါက အမှုမှာ ရှင်းလင်းနေပြီဖြစ်ကြောင်း ပြောသောအခါ သူမက 'ဘဝ်ဆွစ်ရှာ ရှင်ဟာ တော်တော်အသိဉာဏ်နည်းတယ်'ဟု အပြစ်တင်တော့သည်။ "မိန်းကလေးက ကားမှန်ကို ဖြတ်ပြီး သေနတ်နဲ့ ပစ်တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ ဒါဆိုရင် ကျည်ဆန်အခွံဟာ ကားပေါ်မှာ ပါသွားလိမ့်မယ်။ ဓါတ်ငွေ့ဆိုင်ထဲက မြေပြင်ပေါ်မှာ ကျမှာ မဟုတ်ဘူး"

ကျွန်ုပ်က ဤအတိုင်းဆိုပါက မိန်းကလေး၏ ဝန်ခံချက်မှာ ဘာမှအသုံးမဝင်တော့ကြောင်း၊ သူတို့နှစ်ယောက်အား မက်သို့အပ်ရန်သာ ရှိတော့ကြောင်း မက်က သူတို့အား ဝပ်(သ်)သို့မဟုတ် အခြားလုံခြုံရေးထောင်သို့ ပို့မည်ဖြစ်ကြောင်း ပြောလိုက်၏။

မာက ဤအမှုတွင် ရှုပ်ထွေးမှုရှိနေကြောင်း ထိုအချက်ကို သူမ သဘောမကျကြောင်း ပြန်ပြောသည်။ အက်ဒီသည် ရဲမှူးကို မသတ်ကြောင်း၊ မိန်းကလေးသည်လည်း အကြောင်းတစ်ခုကြောင့် ကျွန်ုပ်တို့ကို လှည့်ပတ်ဖို့ ကြိုးစားနေကြောင်းပြောပြ၏။

ထို့နောက် မက်ဆီကန်စီးကရက်တစ်လိပ်ကို မီးညှိ၍ အပေါ်ထပ်သို့ တက်သွားသည်။ အပေါ်ထပ်တွင် ခဏသာနေပြီး ပြန်ဆင်းလာ၏။ သူမ မျက်နှာပြုံးနေ၏။ အမှုကို ဖြေရှင်းဖို့လမ်းစရပြီဟု ပြောတော့သည်။

သူမက လီလီကို သွားခေါ်ရန် ပြောသဖြင့် သွားခေါ်ရပြန်၏။ လီလီက ရဲမှူးကို သူမ သတ်ကြောင်း ဝန်ခံပြီးဖြစ်သဖြင့် ဘာမှ ထပ်မေးရန် မလိုတော့ပါဟု ပြောပြန်သည်။

မာက ထိုင်ရာမှ လီလီကို စိုက်ကြည့်ပြီး ပြောသည်။ “လီလီ မင်းနဲ့ အက်ဒီတို့ လက်ထပ်ကြမှာ မဟုတ်လား” လီလီ၏ မျက်နှာသည် မီးကဲ့သို့ နီသွား၏။ မာက ဆက်ပြောပြန်သည်။ “ငါ ပြောတာ မှန်တယ် မဟုတ်လား၊ ဘာကြောင့် ဒီအကြောင်းကို မပြောတာလဲ၊ ရဲမှူးကို ဘာကြောင့် သတ်ရတာလဲ” မာက ဆက်ပြောလေသည်။ “အကြောင်းတစ်ခုခု ရှိရမယ်ကွဲ့”

မာက မေးပြန်သည်။ “ငါ့အစ်ကို ဘတ်ကိုသတ်တဲ့အတွက်၊ အက်ဒီကို စပတ်လိုက်ဖမ်းတဲ့ အချိန်မှာ မင်း ဘယ်မှာရှိသလဲ လီလီ” လီလီက အက်ဒီထောင်ကျချိန်အထိ ထိုနေရာတွင် သူမ မရှိကြောင်း လာရီဒိုတွင် အလုပ်သွားလုပ်နေကြောင်း ပြော၏။ မာက မေးပြန်သည်။ “အဲဒီက ပြန်လာတော့ ဘာလုပ်သလဲ” လီလီက ဘတ်စပရင်းသို့ ပြန်သွားကြောင်း ပြောသည်။

အတန်ကြာအောင် စောင့်ပြီးနောက် မာက ဆက်မေးသည်။ “ညည်းဟာ ငါ့အစ်ကိုနဲ့ တွေ့ဖို့ ဘတ်စပရင်းကို သွားတယ်လို့ ငါထင်တယ်။ ညည်းနဲ့ ဘတ်တို့ တစ်ခါက ကြိုက်ဖူးတယ်လို့ ငါကြားရတယ် ဟုတ်လား”

လီလီက အများထင်သကဲ့သို့ မဟုတ်ကြောင်း သူမသည် ဘတ်ကို မကြိုက်ခဲ့ကြောင်း သို့သော် Big Spring သို့ သူမ ပြန်ရောက်ချိန်တွင် ဘတ်သေဆုံးပြီး အက်ဒီလည်း ထောင်ကျနေကြောင်း ပြန်ဖြေ၏။

မာက ဆက်မေးပြန်သည်။ “အက်ဒီထောင်က ထွက်ပြေးနိုင်အောင်အတွက် အချိန်အတော်ကြာအောင် ကြိုးစားခဲ့ရမယ်လို့ ငါထင်တယ်” ထိုအခါ လီလီက ထောင်စောင့်များကို လာဘ်ထိုး



ပြီး၊ ထွက်ပြေးလာကြောင်း ပြောပြ၏။ မာက ထောင်စောင့်များကို လာဘ်ထိုးဖို့ ငွေဘယ်လိုရသလဲဟု မေးသောအခါ လီလီက အလုပ်လုပ်ပြီးစုခဲ့သည်ဟု ဖြေ၏။

မာက သူမအား အက်ဒီကို ကြိုက်သလားဟု မေးသောအခါ လီလီက ကြိုက်သည်ဟု သူမ ထင်ကြောင်း သို့သော် ယခုအခြေအနေတွင် သူတို့နှစ်ယောက်လုံးအတွက် အကျိုးထူးမည် မဟုတ်ကြောင်းဖြေသည်။

ထို့နောက် မာက လီလီအား ပြန်ခေါ် သွားပြီး၊ ချုပ်ထားရန်ပြောသည်။ သူမအား စီးကရက်တစ်ဘူးပေးလိုက်ရန်လည်း ပြောသည်။ သို့သော် သူမ မပြောမီကပင် ကျွန်ုပ်သည် လီလီအား စီးကရက်တစ်ဘူးပေးထားပြီးဖြစ်သည်။ မိန်းကလေးသည် ကြိုးပေးသတ်ခြင်း မခံရခင် သူမကြိုက်သလောက် ဆေးလိပ်သောက်နိုင်ခွင့်ရှိသည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

လီလီအား အခန်းထဲသို့ သွင်း၍ သော့ခတ်ထားခဲ့ပြီးနောက် ကျွန်ုပ်သည် မလှမ်းမကမ်းရှိ ဘတ်(က်)ဘိုင်နာဆီသို့ သွား၍ ဝီစကီနှစ်ခွက်သောက်လိုက်ရသည်။ သူနှင့်အတူ မိန်းကလေးကိုယ်တိုင်က ရဲမှူးကို သတ်ကြောင်း ဝန်ခံထားပါလျက်နှင့် မာသည် အမှုကို ရှည်အောင် လုပ်နေကြောင်း ပြောမိကြပါသည်။ ထိုအချိန်မှာပင် သေနတ်သံများကြားရလေသည်။ ရှူးလက်က မာသည် မိန်းကလေး၏ သေနတ်ကိုပစ်ခတ်ကြည့်နေကြောင်း ပြောပြ၏။ သူမသည် သေနတ်မှ လက်ဗွေရာများကို ယူနေကြောင်းလည်း ပြောပြ၏။

ဘတ်၊ ဝီလီနှင့် ကျွန်ုပ်တို့သည် မာသည် ဤအမှုကို

အလွန်ဂရုစိုက်ကြောင်း၊ မိန်းကလေးအား ကြိုးပေးသတ်ရမည်ကို စိတ်မချမ်းသာဘဲဖြစ်နေကြောင်း သူမအတွက် အပြစ်ဒဏ်ပေါ့စေမည့်အချက်များကို ရှာဖွေနေကြောင်း ပြောနေခဲ့ကြ၏။

ကျွန်ုပ်တို့သည် သူတို့အား ဝါ(သ်) ထောင်သို့ သွားပို့ရမည်ဆိုပါက ကြာမြင့်စွာမြင်းစီးသွားရမည်ဖြစ်သည်။ ကျွန်ုပ်အား ထိုအကြောင်းကို မာအားပြောပြဖို့ အားလုံးက ပြောကြသည်။ ကျွန်ုပ်ဝင်သွားသောအခါ စားပွဲတွင် ထိုင်နေသော မာကိုမြင်ရသည်။ သူမသည် မိန်းကလေး၏ သေနတ်ဒင်ပေါ်မှ လက်ဗွေများနှင့် သစ်သားထဲတွင် စူးဝင်နေသော ကျည်ဆန်အား ရိုက်ထားသည့် ဓါတ်ပုံများကို ကြည့်နေ၏။

ကျွန်ုပ်က မာအား အက်ဒီနှင့် လီလီတို့အား ဝပ်(သ်) အကျဉ်းထောင်သို့ အမြန်ဆုံး ပြန်ပို့သင့်ကြောင်း သို့မဟုတ်ပါက ထောင်ပြေးကို ပြန်မပို့သဖြင့် ဝပ်(သ်)ထောင်မှ လူများက ကျွန်ုပ်တို့ကို အပြစ်ပို့မည်ဖြစ်ကြောင်း ပြောပြလိုက်ရသည်။

မာသည် စီးကရက်သောက်ရင်း ကျွန်ုပ်ကို စိုက်ကြည့်နေ၏။ သူမ မျက်ရည်ဝဲနေသည်ကို မြင်ရ၏။ စီးကရက်မီးခိုးကြောင့်ဟု ကျွန်ုပ်ထင်မိသည်။

"ရှင်ဟာ ဦးနှောက် အသုံးမချဘူး ဘဒ်ဆွစ်ရှာ"သူမက ပြောပြသည်။ "သူတို့ကို ကျွန်မ ပြန်မပို့ဘူး။ မနက်ဖြန်ကျရင် သူတို့ကို ပြန်လွှတ်သင့် လွှတ်ရမယ်"

ဒီတစ်ကြိမ်တွင် မာမှားပြီဟု ကျွန်ုပ်ထင်၏။ 'ဘာဖြစ်လို့လဲ မာ၊ သူတို့ထဲက တစ်ယောက်ယောက်ဟာ ရဲမှူးကို သေနတ်နဲ့ပစ်ခဲ့တယ် မဟုတ်လား။ ဓါတ်ငွေ့ဆိုင်မှာ သူတို့သုံးယောက်တည်း



ရှိခဲ့တယ်။ ဘာကြောင့် သူတို့ကို လွှတ်ရမှာလဲ"

မာက ပြုံးနေ၏။ "ဘဒ် ရှင် ဘာမှမသိဘူး။ အက်ဒီနဲ့ လီလီတို့ဟာ ရဲမှူးကို သေနတ်နဲ့မပစ်ဘူး။ မနက်ဖြန် မနက်မှာ ကျွန်မ အားလုံးရှင်းပြမယ်။ ကဲ အခုသွားတော့"

▲ ▲ ▲ ▲ ▲

နောက်တစ်နေ့နံနက်တွင် ဝီလီရှုလက်၊ ဘဒ်၊ ဘိုင်နာနှင့် ကျွန်ုပ်တို့သည် မာ၏ အခန်းကိုသွားခဲ့ကြ၏။ ကျွန်ုပ်က သူတို့အား မနေ့ညက မာပြောသည့် စကားကို ပြန်ပြောခဲ့၏။ အားလုံးက မာ မှားသည်ဟု ယူဆကြ၏။ တစ်ချိန်တည်းမှာ သူမသည် အလွန်ဦးနှောက်ကောင်းကြောင်းနှင့် အများအားဖြင့် သူမ၏ အတွေးများမှန်သည်ကို လက်ခံကြ၏။

စားပွဲတွင်ထိုင်၍ တစ်ယောက်တည်း ဖဲကစားနေသော မာကို တွေ့ကြ၏။

"ကဲ ဒီမှာဝိုင်းပြီး ထိုင်ကြပါ။ ဆေးလိပ်လဲသောက်ကြ၊ ရှင်တို့ကို ကျွန်မ စကားပြောစရာရှိတယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ ဆုံးဖြတ်ချက်မှားတယ်လို့ ရှင်တို့ ထင်ကြလိမ့်မယ်။ အခု ဒီကိစ္စကို ကျွန်မ သေသေချာချာ သိပြီ"

ဘတ်(က်)ဘိုင်နာက ပြုံးနေ၏။ "သူ့ကို တစ်ယောက်ယောက်က သေနတ်နဲ့ ပစ်တာ သေချာပါတယ် မာ၊ မမြင်ရတဲ့ လူတစ်ယောက်က ပစ်တယ်လို့ မထင်ဘူး။ အက်ဒီကယ်လင်ဂန်နဲ့ လီလီမီလန်ဒါတို့ မပစ်ဘူးဆိုရင် ဘယ်သူပစ်မှာလဲ"

မာက သူ့ကို စိုက်ကြည့်နေ၏။

"ရဲမှူးဟာ သူ့ကိုယ်သူ ပစ်သတ်ခဲ့တယ်ရှင့်" သူမက ပြောပြသည်။ "သူ့ကိုယ်သူ ပစ်တာ၊ ကဲ ဘတ် သူတို့နှစ်ယောက်ကို သွားခေါ်ပါ။ သူတို့ကိုလဲ ဒီအကြောင်းနားထောင်စေချင်တယ်"

ကျွန်ုပ်သည် အက်ဒီနှင့် မိန်းကလေးကို သွားခေါ်လာခဲ့၏။ သူတို့အား ကုလားထိုင်တွင် ထိုင်ခိုင်း၏။ သူတို့ကြည့်ရသည်မှာ အံ့သြနေပုံရ၏။ မာက ပြော၏။ "ရဲမှူးဟာ ခါတ်ငွေ့ဆိုင်မှာ သူ့ကိုယ်သူ ပစ်သတ်တယ်လို့ သူတို့ကို ငါပြောပြီးပြီ"

"ပြောပါဦး မာ၊ ဘာကြောင့် သူ ဒီလို လုပ်ရတာတဲ့လဲ" ဘတ်(က်)က ဝင်မေးသည်။

"ရှင် ခေါင်းမသုံးဘူး ဘတ်ဘိုင်နာ"

မာက ပြောသည်။ "ကဲ အဖြစ်အပျက်ကို အစကပြောပြမယ်"

"ကျွန်မရဲ့ မောင် ဘတ်(က်)ဟာ လွန်ခဲ့တဲ့ ငါးနှစ်က ဘစ်စပရင်းတောင်ပေါ်မှာ သေနတ်ပစ်ခံရလို့ သေတာကို ရှင်တို့ မှတ်မိလိမ့်မယ်။ သူ့ကို သေနတ်နဲ့ ပစ်သူဟာ အက်ဒီပဲဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဘတ်(က်)ဟာ လီလီကိုကြိုက်နေတယ်။ အက်ဒီကလဲ လီလီကို ကြိုက်နေတယ်။ သူဟာ လီလီကို ပိုးတဲ့ လူတွေကို သဘောမကျဘူး။ အထူးသဖြင့် ဘတ်(က်)ကို ပိုသဘောမကျဘူး"

"အဲဒီအချိန်က ရဲမှူးဟာ ခရီးထွက်နေတယ်။ သူ ပြန်ရောက်လာချိန်မှာ အက်ဒီကို သွားဖမ်းပြီး ထောင်ထဲထည့်ခဲ့တယ်။ အက်ဒီထောင်ကျသွားတယ်။ ရှင်တို့ရော ရဲမှူးရောမသိတဲ့အချက်



တစ်ချက်ရှိတယ်။ ကျွန်မဟာ ဘတ်(က်)ရဲ့ ခန္ဓာကိုယ်ထဲက ကျည်ဆန်ကိုထုတ်ပြီး အပေါ်ထပ်က သေတ္တာထဲမှာ သိမ်းထားခဲ့တယ်။ ဒါဟာ တစ်နေ့မှာ အသုံးဝင်မယ်လို့ ယူဆထားတယ်။ ကျွန်မ ယူဆတဲ့အတိုင်း ဖြစ်လာခဲ့တယ်"

"ကဲ မူလအကြောင်းကို ပြန်ဆက်မယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မမှာ တွေးစရာတွေအများကြီး ရှိခဲ့တယ်။ ပထမအချက်က ရဲမှူးဟာ သူတို့ကို ဖမ်းဖို့သွားတဲ့အခါမှာ ဘတ်ကို ခေါ်မသွားတဲ့အချက်ပဲ သူ ထွက်သွားတဲ့အချိန်မှာ ဘတ်(ဒ်)ဟာ ကျွန်မနဲ့အတူ ကျန်ခဲ့တယ်။ အဲဒီအချက်ကို ကျွန်မ သတိထားမိတယ်"

"ဒုတိယအချက်က သူတို့ နှစ်ယောက်ဟာ ဘာကြောင့် ပီးကော့(စ်)ကို လာသလဲဆိုတာပဲ၊ သူတို့ဟာ အယ်(လ်)လာနီကို ဖြတ်ပြီး ဘာကြောင့် ပန်ဟင်ဒယ်ကို တိုက်ရိုက်မသွားကြတာလဲ"

"တတိယအချက်က လမ်းပေါ်က ကားဘီးရာတွေကို ကြည့်တဲ့အခါမှာ သူတို့ကားဟာ ပီးကော့ခါတ်ငွေ့ဆိုင်ကို ဖြတ်လာကြောင်း သိရတယ်။ ပြီးတော့မှ ရုတ်တရက် ပြန်ကွေ့သွားတယ်"

"ရဲမှူးက သူ့တို့ကို လှမ်းခေါ်တဲ့အတွက် အက်ဒီကယ်လင်ဂန်ဟာ ကားကို ကွေ့တယ်လို့ ကျွန်မ ထင်ခဲ့တယ်။ ဒါဆို သူတို့ဟာ ပန်ဟင်ဒယ်ကို သွားတာ မဟုတ်ဘူး။ သူတို့ဟာ ဒီကို လာတာဖြစ်တယ်။ ဘာကိစ္စလာတာလဲ၊ ရဲမှူးနဲ့ လာတွေ့တာဖြစ်တယ်"

"ရဲမှူးဟာ သူတို့သူ့ဆီလာတယ်ဆိုတာကို သိတယ်။

သူတို့ချင်း စကားပြောတဲ့ အချိန်မှာ အနားမှာ ဘယ်သူကိုမှ မရှိစေချင်ဘူး။ ဒါကြောင့် သူတို့နဲ့ တွေ့ဖို့ သူ တစ်ယောက်တည်း ဓါတ်ငွေ့ဆိုင်ကိုသွားတာဖြစ်တယ်"

"ဓါတ်ငွေ့ဆိုင်မှာလဲ ဒီလို ဖြစ်ခဲ့မယ်လို့ ကျွန်မ ထင်တယ်"

"သူတို့ကားဖြတ်သွားချိန်မှာ ရဲမှူးက လှမ်းခေါ်လိုက်တယ်။ အက်ဒီက ကားကို ပြန်ကွေ့ခဲ့တယ်။ အဲဒီနောက် ကားရပ်လိုက်တယ်။ ရဲမှူးဟာ ကားမှန်အထိ လျှောက်လာပြီး အက်ဒီနဲ့ စကားပြောတယ်။ အက်ဒီက မခြေမင်ပြေ့တဲ့အတွက် ရဲမှူးက သူ့လက်ထဲက သေနတ်နဲ့ရိုက်လိုက်တယ်။ အက်ဒီ သတိမေ့သွားတယ်"

"ဒါကြောင့် လီလီ စိတ်ဆိုးသွားတယ်။ သူမက ရဲမှူးကို စကားနည်းနည်းပြောတယ်။ ဘာကြောင့် သူမနဲ့အက်ဒီတို့ ဒီကို လာသလဲဆိုတဲ့ အကြောင်းကို ပြောပြတယ်။ သူမရဲ့ သေနတ်ကို လဲပြတယ်"

"စပတ်ဟာ ဘယ်လိုလူစားဆိုတာ ရှင်တို့သိတယ် မဟုတ်လား၊ သူဟာ စိတ်ဓါတ်ပြင်းထန်ပြီး ခေါင်းမာသူဖြစ်တယ်။ သူဟာရဲမှူးကောင်းတစ်ယောက်ဖြစ်သလို လူဆိုးတစ်ယောက်လဲ ဖြစ်တယ်။ လီလီမီလန်ဒါက သူ့ကို သေနတ်ပြပြီး ပြောတဲ့စကားကို နားထောင်ပြီးတဲ့အခါမှာ ပြိုင်ပွဲပြီးပြီဆိုတာကို သိလိုက်တယ်။ ဒါပေမယ့် အတွေ့အကြုံရင့်သူဖြစ်တဲ့အတိုင်း လီလီက အနိုင်ယူနိုင်တဲ့ အကွက်တစ်ကွက်ကိုမြင်လိုက်တယ်"

"သူက ရပ်နေရာနေပြီး သူ့ကိုယ်သူ ပစ်သတ်မယ်လို့



ပြောတယ်။ ဘယ်သူကမှ သူ့ကိုယ်သူ သတ်သေတယ်ဆိုတာကို ယုံမှာ မဟုတ်ဘူးဆိုတာကို သူ သိတယ်။ အက်ဒီပစ်တယ်လို့ပဲ လူတွေထင်ကြလိမ့်မယ်။ အက်ဒီဟာ ထောင်က ဖောက်ပြေးလာပြီး၊ သူ့ကို ထောင်ထဲသွင်းသူကို လာသတ်တယ်လို့ ထင်ကြလိမ့်မယ်"

"စပတ်ဟာ ရပ်နေရင်းက မိန်းကလေးကို သူအကြံပြောပြလိုက်တယ်။ သူမ ဖြစ်စေ၊ အက်ဒီဖြစ်စေ၊ နှစ်ယောက်လုံးဖြစ်စေ၊ သူ့ကို သတ်မှုနဲ့ အဖမ်းခံရမယ်လို့ပြောပြီး သူ့ရင်ပတ်ကို ပြောင်းနဲ့ထောက်ပြီး မောင်းဖြုတ်လိုက်တယ်။ ဒီအတိုင်း မဟုတ်လား လီလီ"

လီလီမီလန်ဒါက ခေါင်းညိတ်ပြသည်။ "ဟုတ်ပါတယ်မာ၊ အက်ဒီဟာ သူ့ထိုင်ခုံမှာ သတိမေ့နေတယ်။ သူ ဘာမှမသိပါဘူး။ စပတ်ဟာ မတ်တပ်ရပ်ရင်း သေနတ်ကို လှည့်နေတယ်။ အဲဒီနောက် သူ့ရင်ပတ်ကို ပြောင်းနဲ့ထောက်တယ်။ ခလုတ်ကို လက်မနဲ့ဖိထားတယ်။ ဒီလိုကိုင်ထားတဲ့အတွက် မောင်းဖြုတ်လိုက်တာနဲ့ သေနတ်အောက်ကို ကျသွားမယ်လို့ ပြောတယ်။ ဒါဆို ဘယ်သူမှ သူ့ကိုယ်သူ ပစ်တယ်လို့ ထင်မှာ မဟုတ်ဘူးလို့ပြောတယ်။ သူ့လက်ထဲက သေနတ်ကိုဆွဲယူဖို့ ကျွန်မကြိုးစားရင် ကျွန်မ လက်ဗွေတွေ သေနတ်ဒင်မှ ထင်မယ်လို့ပြောတယ်။ ဒါဆိုရင် ကျွန်မ သတ်တယ်လို့ ထင်ကြလိမ့်မယ်။ လက်ဗွေတွေကို သုတ်ပစ်တဲ့အတွက် မတွေ့ရင်လဲ ကျွန်မတို့နှစ်ယောက်အနက် တစ်ယောက်ယောက်က သတ်ပစ်တယ်လို့ ထင်မယ့်အကြောင်း ပြောပြတယ်။ ဒါဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ထင်အောင်

ဖန်တီးတာလို့ ထင်မယ့်အကြောင်းပြောတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ဟာ သူ့သေနတ်ကိုလုယူပြီး သူ့ကိုပစ်သတ်တယ်လို့ ရှင် ထင်မယ့်အကြောင်းပြောတယ်"

မာ ပြုံးလိုက်၏။ "မှန်တယ်" သူမက ပြောလေသည်။ "ဟုတ်တယ်၊ ဒါကြောင့် ကျည်ဆန်အခွံကို သူရပ်နေတဲ့ခြေရာအနီးက သဲပြင်ထဲမှာ တွေ့တာပဲ"

သူမက ဆက်ပြော၏။ "ဒါကြောင့် လီလီဟာ ဘာလုပ်ရမှန်းမသိဘဲ၊ ဖြစ်သွားခဲ့တယ်။ အက်ဒီက ထိုင်ခုံမှာ သတိမေ့နေတယ်။ ရဲမှူးပြောတာမှန်တယ်ဆိုတာကို သူမသိတယ်။ ဒါကြောင့် သူမဟာ ကားပေါ်ကဆင်းပြီး သူ့သေနတ်ကို ယူလိုက်တယ်။ သူမရဲ့ သေနတ်ထဲက ကျည်ဆံအခွန်တစ်ခုကို ချထားလိုက်တယ်။ ရဲမှူးကို သူမ သတ်တယ်လို့ထင်အောင် လုပ်တာဖြစ်တယ်။ ဒါပေမယ့် ရဲမှူးရဲ့ သေနတ်ဟာ စမစ်အင်ဝက်ဆင် (၄၅)ဘိုဖြစ်နေတာကို သူမ မသိဘူး"

"ရဲမှူးရဲ့ သေနတ်မှာ ကျည်ဆန်တစ်တောင့်လျော့နေတာကို ရှင်တို့ ဘယ်သူမှ မသိကြဘူး။ အဲဒီနောက် လီလီဟာ အဘိုးကြီးရဲ့အလောင်းကို ကားဂိုဒေါင်နောက်ဘက်ကိုဆွဲယူလာခဲ့တယ်။ အဲဒီနောက် ဒရိုင်ဘာထိုင်ခုံမှာ ဝင်ထိုင်ပြီး ကားမောင်းထွက်လာခဲ့တယ်"

"ရှင်တို့ သူတို့ကိုမိတဲ့အချိန်မှာ သူမဟာ အက်ဒီကို ဘာမှ မပြောရသေးဘူး။ ရဲမှူးသေနတ်ပစ်ခံရကြောင်း အက်ဒီကြားတဲ့အခါမှာ မိန်းကလေးပစ်တယ်လို့ပဲ ယူဆတယ်။ ဒါကြောင့် သူသတ်တယ်လို့ ပြောတာဖြစ်တယ်။ သူမ မသတ်ဘူးဆိုတာ



ကျွန်မသိတယ်။ သူဟာ မိန်းကလေးရဲ့ သေနတ် ဘာအမျိုးအစားမှန်းတောင် မသိဘူး"

ထို့နောက် မိန်းကလေးက အဖြစ်အပျက်ကို ပြောပြ၏။ သူမ ပြောသည်မှာ မာပြောသည့်အတိုင်း ဖြစ်သည်။ သို့သော် ကျွန်ုပ်အနေဖြင့် ဤအမှုတွင် ဟာကွက်အချို့ရှိနေကြောင်း သတိပြုမိ၏။

"သူမဟာ အပြင်မှာ ရပ်နေတဲ့ ရဲမှူးကို ကားပေါ်က ပစ်ရင် ကျည်ဆန်ခွံဟာ ကားထဲမှာပဲရှိလိမ့်မယ်။ မြေကြီးပေါ်ကို ကျမှာ မဟုတ်ဘူး"

သူမသည် နှစ်ပေါင်းများစွာ ကြာအောင် ငွေစုပြီး အက်ဒီထောင်မှ ဖောက်ပြေးနိုင်အောင် စီစဉ်ခဲ့၏။ သူတို့နှစ်ယောက် ရဲမှူးနှင့်လာတွေ့သည်မှာ အကြောင်းရှိရပေမည်။

"ဦးနှောက်သုံးစမ်းပါ လူကလေးတို့ လူတွေဟာ သူတို့သူငယ်ချင်းတွေဆီ အလယ်သွားဖို့ ထောင်ကို ဖောက်မှာမဟုတ်ဘူး။ ရဲမှူးနဲ့ တွေ့ဖို့ အကြောင်းရှိမယ်လို့ ငါ ထင်တယ်။ ဒါဟာ မှန်တယ်။ ဒါကြောင့် လီလီကို မေးခွန်းတွေ မေးခဲ့တာပဲ၊ သူမဆီက ငါ တစ်ခုခုသိချင်တယ်"

ထိုင်နေသော ကျွန်ုပ်တို့အားလုံးသည် သူမကို ကြည့်ပြီး အံ့သြနေကြ၏။ ဝီလီကဝင်ပြော၏။ "ဒါဆိုခိုင်လုံပါတယ် မာ ပြောပါဦး၊ ဘာကြောင့်ရဲမှူးဟာ သူ့ကိုယ်သူ ပစ်ရတာလဲ"

မာက သူ့ကို လှမ်းကြည့်ပြီး ပြုံးလိုက်၏။

"ငါ ပြောပြမယ် ဝီလီ" မာက မိန်းကလေး၏ သေနတ်ကို ကောက်ယူလိုက်၏။ "ရှင်တို့ ဒီသေနတ်ကို မြင်ကြတယ်

မဟုတ်လား၊ ကျွန်မ ဒီသေနတ်ကို ပစ်ကြည့်ပြီးပြီ၊ ကျည်ဆန်တွေကို ဓါတ်ပုံရိုက်ထားတယ်။ လွန်ခဲ့တဲ့ ငါးနှစ်က အသတ်ခံရတဲ့ ဘတ်(က်)ရဲ့ ကိုယ်တည်းက ကျည်ဆန်ကိုလဲယူထားတယ်။ အဲဒီ ကျည်ဆန်ဟာ ဒီသေနတ်နဲ့ ပစ်ခဲ့တာပဲ"

သူမက ဓါတ်ပုံများကို လှမ်းပေး၏။ သူမ ပြောသလို မှန်ကြောင်းအလွယ်တကူ သိနိုင်၏။

ကျွန်ုပ်လေချွန်လိုက်၏။ "ဒါဆိုရင် ဘတ်(က်)ကို သတ်တာ လီလီဖြစ်ရမယ်။ ဒီလိုလဲ မဖြစ်နိုင်ဘူး။ အဲဒီအချိန်က သူမဟာ လာရီဒိုမှာ ရောက်နေတယ်"

မာက ထပ်ပြုံးလေသည်။ "ဟုတ်တယ်၊ သူမပဲ" မာက ပြော၏။ "သူမကို သေနတ်ဘယ်ကရသလဲလို့ ကျွန်မမေးခဲ့တယ်။ လာရီဒိုက သူမ ပြန်လာပြီး မကြာခင်မှာ ဘတ်စပရင်း တောင်ကုန်းပေါ်က တွေ့တယ်လို့ ပြောတာကို မှတ်မိတယ် မဟုတ်လား"

"ဘတ်(က်) အသတ်ခံရတဲ့နေ့က စပတ်ဟာ ဆန်တွန်ကို မြင်းဝယ်ဖို့ ထွက်သွားတာကို မှတ်မိသလား၊ အဲဒီနေ့ကို ကျွန်မ မှတ်မိတယ်၊ အဲဒီနေ့ဟာ စပတ်ရဲ့မွေးနေ့ဖြစ်တယ်၊ ကျွန်မဟာ မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့တယ်။ သူဟာ ဆန်တွန်ကို မသွားပဲ၊ ဘတ်ပရင်းကိုသွားတယ်။ ကျွန်မရဲ့မောင်ကို ကျွန်မပေးတဲ့ ဒီသေနတ်နဲ့ ပစ်သတ်ခဲ့တယ်"

ကျွန်ုပ်တို့အားလုံးမှာ ပါးစပ်ဟပြီး သူမကို ငေးကြည့်နေမိသည်။

"သူ ပြန်လာတဲ့အခါ သေနတ်ကျပျောက်ခဲ့တဲ့အကြောင်း ပြောပြတယ်။ ပြီးတော့ အိပ်ပျော်နေခိုက်မှာ ရေရွှတ်တဲ့ လီလီ



ဆိုတဲ့ မိန်းကလေးဟာ ဘယ်သူလဲလို့ ကျွန်မ အတော်ကြာအောင် စဉ်းစားနေခဲ့တယ်။ နှစ်နဲ့နှစ်ကို သင်တို့ ပေါင်းတတ်တယ် မဟုတ်လား"

ဝီလီက ရှိုခနဲ အသံပြုလိုက်၏။

"ရှင်တို့ သဘောပေါက်ပြီလား။ လာရီဒိုက လီလီပြန်လာတဲ့အခါမှာ သေနတ်ကိုတွေ့တယ်လို့ ပြောတယ်။ ဘတ်ကို သတ်မှုနဲ့ အက်ဒီကယ်လင်တန် ထောင်ကျသွားတာကိုလဲ သိတယ်။ သူမတာ နှစ်နဲ့နှစ်ကိုပေါင်းကြည့်ပြီး နောက်ဆုံး အဲဒီသေနတ်ဟာ စပတ်ရဲ့သေနတ်ဆိုတာကို သိသွားတော့တယ်။ အက်ဒီက သူဟာ စပတ်ရဲ့ထောင်ချောက်ဆင်မှုကို ခံရတဲ့အကြောင်းကို ပြောပြတယ်။ အဲဒါဟာ အမှန်ပဲ၊ သူမဟာ ဘာမှမပြောဘဲ နေခဲ့တယ်။ အက်ဒီ ထောင်ဖောက်ပြေးနိုင်မယ့်အချိန်ကို စောင့်နေခဲ့တယ်။ သူတို့ဟာ ကစားပွဲပြီးတဲ့အကြောင်းပြောဖို့ စပတ်ဆီကိုလာကြတာဖြစ်တယ်။ သူ့ကို ပြဖို့သေနတ်ကို ယူလာခဲ့တယ်။ စပတ်ဟာ မိန်းကလေးဆီမှာ သေနတ်ရှိတဲ့အကြောင်း သိထားတယ်လို့ ကျွန်မ ထင်တယ်။ အဲဒီသေနတ်ဟာ သူ့ကို ကျွန်မ မွေးနေ့လက်ဆောင်ပေးတဲ့သေနတ်ဖြစ်တဲ့အကြောင်းကို ကျွန်မ သက်သေခံမယ်ဆိုတာကို သူ သိတယ်။ ဒါကြောင့် သူဟာ ဓါတ်ငွေ့ဆိုင်ကို သွားခဲ့တာပဲ"

"အဲဒါကြောင့် ဘတ်ကိုခေါ် မသွားတာဘဲ အဲဒါကြောင့် သူတို့ကို ဒီကိုအလာမခံတာပဲ၊ သူတို့ဒီကိုလာရင် သေနတ်ကို ကျွန်မ မှတ်မိတယ်ဆိုတာသိတယ်။ လီလီက သူ့ကိုအမှုဖွင့်မယ် ဆိုတာကိုလဲ သိတယ်။ ဒါကြောင့် သူတို့နဲ့ တွေ့ပြီး ဆွေးနွေးဖို့

စီစဉ်ခဲ့တယ်"

သူမ ထရပ်ပြီး နောက်ထပ် မက်ဆီကန် စီးကရက်တစ်လိပ်ကို မီးညှိပြန်သည်။

"ကဲ. . . ဘတ်(ဒ်) ဝပ်(သ်)ထောင်မှူးဆီကို တယ်လီဖုန်းဆက်ပြီး၊ ဒီသေနတ်ပစ်မှုနဲ့ ပတ်သက်ပြီး၊ အက်ဒီကယ်လီဂန်မှာ အပြစ်မရှိတဲ့အကြောင်း ပြောပြပါ။ ကျွန်မ ခင်ပွန်းကို အမှုဖွင့်ပြီး ပြန်ပိတ်တဲ့အကြောင်းကိုလဲ ပြောပြပါ။ ဒီခရိုင်ရဲ့ ရဲမှူးဟောင်း စပတ်(စ်)မက်ကယ်လန်ဟာ လူသတ်မှုကို ကျူးလွန်ခဲ့ပြီး ကျွန်မမှန်တဲ့အကြောင်းကို သူ့ကိုယ်သူ သတ်သေခြင်းဖြင့် သက်သေပြတယ်လို့လဲ ပြောပြပါ။ ကဲ အားလုံးသွားနိုင်ပါပြီ"

ကျွန်ုပ်တို့အားလုံးထွက်လာကြ၏။ အတန်ကြာလျှင် ကျွန်ုပ်ပြန်သွားပြီး ပြောပါသည်။ "မာ ဒီက လူတွေ အားလုံးဟာ ဒီအဖြစ်အပျက်အတွက် စိတ်မကောင်းဖြစ်နေကြပါတယ်။ ခင်ဗျား ဒီလိုလုပ်တာ မကောင်းပါဘူး"

သူမ ကျွန်ုပ်ကိုကြည့်နေပါသည်။ သူမ ငိုနေသည်ကို မြင်ရပါသည်။

"စပတ်ဟာ တော်တော်ဆိုးတဲ့ အဘိုးကြီးပါ" သူမက ပြောသည်။ "သူဟာ လီလီအပေါ်မှာ အမြဲကောင်းခဲ့တယ်။ အလွန်ဆိုးဝါးတဲ့ လူသတ်သမားလဲ ဖြစ်တယ်။ ဒါပေမယ့် ကျွန်မ သူ့ကိုချစ်ပါတယ်။ ဘတ်"ထို့နောက် သူမ စိတ်ကို ပြန်တင်းလိုက်၏။

"ဒါပေမယ့် ဒီနေရာမှာ တရားဥပဒေကို အမှန်အတိုင်းပဲ ဖြစ်စေချင်တယ်။ ပီးကော့ကောင်တီမှာ ကျွန်မရဲမှူးဖြစ်နေချိန်မှာ ဒီအတိုင်းဖြစ်ရမယ်လေ"

# တန်ပြန်သူလျှိုဖူးစာ

## A Double Double Cross

**Peter Cheyney**

နီမီး(စ်)နှင့် အေဗီ(ဂ်)နွန်အကြားရှိ ဗီလာအိမ်တွင် ရှန်နီနေထိုင်ပါသည်။ နာမည်အတိအကျမှာ ရှန်နီလူကရီဇီးယား လိုရာနေ့(မ်)ဖြစ်သည်။ အိုစတင်းရပ်ကွက်ရှိ ပီရိဘီနေ့၏ အခန်းတွင် မကြာခဏ တွေ့ဆုံကြသော လူတန်းစားအလွှာ အသီးသီးမှ လူများက ထိုအမည်သည် သူမ၏ မျိုးရိုးအမည် မဟုတ်ဟု ပြောကြသည်။ အရေးပါသောအမည်ဖြစ်သည်ဟုလည်း ယူဆကြ၏။ လွန်ခဲ့သော ဩဂုတ်လက လီနင်ဂရက်မြို့ လမ်းကြား တစ်ခုတွင် ဓားထိုးခံခဲ့ရသော ရွှေရောင်မုတ်ဆိတ်ရှိပြီး၊ အော်ဟစ် ရယ်တတ်သည် ဖွန်ဘာနတ်ကမူ သူမသည် မင်းသမီးတစ်ပါး ဖြစ်သည်ဟု ပြောပြန်သည်။ ထိုအချက်မှာ အရေးမကြီးပါ။ သူမ အမည် ရှန်နီဖြစ်သည်၊ ဒါဆို လုံလောက်ပါပြီ။

ပထမ ကမ္ဘာစစ်ပြီးသည့်နောက်တွင် ကမ္ဘာ့နိုင်ငံများ သည် လျှို့ဝှက်စုံထောက်အဖွဲ့နှင့် ထောက်လှမ်းရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြ၏။ ထိုအချိန်က ရှန်နီသည် ပြောင်မြောက်စွာ တာဝန် ထမ်းဆောင်ခဲ့၏။ သူမသည် မင်းမျိုးမင်းနွယ်တစ်ယောက်ဖြစ်ပြီး၊ ငြိသည့် အန္တရာယ်မှ ရင်မဆိုင်ရဘဲ ဆိုဗီယက်ပြည်ထောင်စုမှ ထွက်ပြေးလာခဲ့၏။ သူမလက်မှ လက်စွပ်ကို လူဆိုးတစ်ယောက်က အတင်းချွတ်ယူသဖြင့် လက်သန်းကောက်သွားခဲ့ရ၏။ ထိုအချိန်မှ စ၍ သူမသည် ယောက်ျားများကို ခုက္ခပေးလိုသည့် ဆန္ဒပေါ် ပေါက်လာလေတော့သည်။

သူမသည် အခြားတိုင်းပြည်သို့ ပြောင်းလာသည့်လူများ လုပ်သည့် မည်သည့်အလုပ်ကိုမှ မလုပ်ပေ၊ ပြဇာတ်များ၊ ပျော်ရွှင်ပွဲများ၊ နယူးယောက် အသိုင်းအဝိုင်းကို စွန့်ခွာပြီး၊ တစ်ယောက်တည်းနေထိုင်ခဲ့၏။ သူမ အမည်ကို လိုရန်နော့ဟု ပြောင်းခဲ့သည်။ စပိုင်အလုပ်ကို အောင်မြင်စွာ လုပ်ကိုင်ခဲ့၏။ နှစ်အနည်းငယ် အတွင်းမှာပင် တန်ပြန်သူလျှိုလုပ်ငန်းကို လက်ဟောင်းသူလျှိုများက မနာလိုဖြစ်အောင် လုပ်နိုင်ခဲ့၏။ နိုင်ငံပေါင်းခြောက်နိုင်ငံသည် သူမအား ငှားရမ်းခဲ့၏။ သူမသည် တစ်ချိန်တွင် နိုင်ငံတစ်ခုတည်းအတွက်သာ အလုပ်လုပ်၏။ သူမသည် အားကိုးလောက်သော အစွမ်းလည်းရှိလှသည်။ ယောကျ်ားသူလျှိုများပင် သူမကို မယှဉ်နိုင်ခဲ့ပေ။ ၁၉၂၀ပြည့်နှစ်တွင် သူမသည် ဗွန်ဘားနက်၏ စာအုပ်သေတ္တာကို မွှေနှောက်ရှာဖွေခဲ့၏။ ထိုအချိန်တွင် ဘားနက်သည် နံနက်(၃)နာရီတွင် မီးလန်မြို့ကိုလှည့်၍ သူမအတွက် သွားရောဂါကုဆရာဝန်ရှာနေခဲ့၏။ နောင်အခါတွင် ဘားနက်က ထိုကဲ့သို့ ဖြစ်မည်ဟု မျှော်လင့်ခဲ့ကြောင်း သို့သော် သူမက သွားကိုက်သဖြင့် အလွန်ဝေဒနာခံစားရကြောင်း ပြောသည်ကို ယုံကြည်ခဲ့ကြောင်း ပြောပြ၏။

သူမ၏ တစ်ကိုယ်လုံးတွင် ယောကျ်ားများ တပ်မက်သည့်အရာများအပြည့်အဝရှိ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ သွဲ့ပြောင်းနွဲ့နှောင်းလှသည်။ အဝတ်အထည်အရောင်အသွေးရွေး ပုံနှင့် ဝတ်စားဆင်ယင်မှုတွင် အလွန်တော်သည်။ အသားအရေမှာ နို့နှစ်ရောင်ဖြစ်သည်။ သူမ ဦးထုပ်ချွတ်ပါက နက်မှောင်သော ကေသာကိုမြင်ရမည်ဟု သင် ထင်ပေမည်။ မဟုတ်ပါ။ ရွှေရောင်



ဖျော့ဖျော့ဖြစ်သည်။ သူမ လမ်းလျှောက်ပုံကို အမျိုးသမီးများကပင် နောက်ကစိုက်ကြည့်ကြရသည်။ ဤသည်မှာ ရွှန်နီအကြောင်းဖြစ်သည်။ သူမသည် နီမီး(စ်)နှင့် အက်ဗီဂန္ဓန်အကြားရှိ လူကရိုက်ဘီးရားဗီလာတွင် နေခဲ့သည်။

* * * * *

သဘော်ပေါ်မှ ဒူးပလက်စစ်ဆင်းလာချိန်တွင် မီးရထားလမ်းဘေးတွင် ရွှန်နီရပ်နေ၏။ ချက်ချင်းပင် သူ့ကို ရွှန်နီမှတ်မိလိုက်သည်။

သူမဘေးတွင် မယ်(လ်)တက်ဇီရှိသည်။ ထိုအချိန်က အီတလီနိုင်ငံအတွက် သူမ အလုပ်လုပ်နေ၏။ ရွှန်နီက ခပ်သွက်သွက်ပြောပြလိုက်သည်။

"နားထောင်ပါ မယ်(လ်)တက်ဇီ မီးရထားပေါ်မှာ ဒူးပလက်စစ်နဲ့ စကားပြောခွင့်ရအောင် ကျွန်မ ကြံမယ်။ ရှင့်ကို သူ မမြင်အောင်နေပါ"

မယ်(လ်)တက်ဇီ ခေါင်းညိတ်ပြပြီး မီးရထားဘက်ဆီသို့ ထွက်သွားသည်။ ရွှန်နီသည် လူမရှိသော ပထမတန်းတွဲပေါ်တက်သွားသော ဒူးပလက်စစ်ကိုကြည့်နေ၏။ ထို့နောက် ဝတ်ထားသော ရှဉ့်မွေးအပေါ်အင်္ကျီ၏ ကော်လံကို လည်ပင်းဖုံးအောင် ဆွဲထောင်လိုက်သည်။ ဦးထုပ်ကိုလည်းပြင်ဆောင်း၏။ စီးထားသော ခြေအိတ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဒူးအောက်ပိုင်းတွင် စွတ်ထားသော ခြေအိတ်တွန့်နေလျှင် သူမ သဘောမကျပေ။ သူမ၏ ဆု(တ်)ကေ့စ်အား ဒူးပလက်စစ်ရှိသော တွဲပေါ်သို့

ယူသွားရန် ပေါ်တာကို အမိန့်ပေးလိုက်၏။ ပေါ်တာသည် ဆု(တ်)ကေ့(စ်)ကို ဆွဲသွားရင်း တံခါးဘောင်နှင့် တိုက်မိတော့သည်။

ဆု(တ်)ကေ့(စ်)၏ သားရေအဖုံးအနည်းငယ်စုတ်သွား၏။ ထိုအသံကြောင့် ဒူးပလက်စစ်သည် စာဖတ်နေရာမှ မော့ကြည့်၏။ အဖုံးစုတ်နေသော သားရေသေတ္တာနှင့် ရထားတွဲပေါ်တက်လာသော ရွှန်နီကိုလှမ်းမြင်၏။ ရွှန်နီ၏ မျက်နှာကိုမြင်သည်နှင့် အရာအားလုံးကို သူမေ့သွားတော့၏။

တစ်ချက်ကြည့်ရုံနှင့် ရွှန်နီအတွက် လုံလောက်သွား၏။ ဒူးပလက်စစ်၏ နက်မှောင်သော မျက်လုံးများအရောင်လက်သွားပုံနှင့် ကာမဂုဏ်လိုက်စားသော် ပါးစပ်ကိုကြည့်ရုံဖြင့် လွယ်ကူသော သားကောင်ဖြစ်ကြောင်း သိလိုက်၏။ သူ့ကို သတိပေးထားခြင်းမရှိသည့်အပြင် စုံထောက်ဌာနတိုင်းတွင် ရှိသည့် သူမဓါတ်ပုံကို သူ မေ့နေကြောင်း သိလိုက်၏။

ထိုအချိန်ကမူ ဒူးပလက်စစ်သည် သူမအား ရွှန်နီဖြစ်ကြောင်း နည်းနည်းမှ မရိပ်မိပေ။ သူမသည် ထူးခြားစွာလှပကြောင်း၊ မျက်လုံးများမှာ ရိုးသားမှုမရှိကြောင်း၊ လက်သန်းကွေးနေကြောင်းကိုသာ သတိထားမိ၏။ ရှုးကြောင်ကြောင်အထမ်းသမားကြောင့် ပြောင်လက်သော သားရေသေတ္တာအဖုံးကို ဆုတ်ဖြဲသွားကြောင်း သိလိုက်၏။ ပထမအတွေးကြောင့် ဒူးပလက်စစ် ဒုက္ခရောက်မည်ဖြစ်သော်လည်း နောက်ဆုံးအတွေးကြောင့် သက်သာရာရသွား၏။

လျှို့ဝှက်သူလျှိုလုပ်ငန်းလုပ်ကိုင်နေသူများသည် မိန်းမချောများနှင့် တွေ့ဆုံရတတ်၏။ သူ့စိတ်တွင် တစ်ဘက်မှ လှည့်



၍ စဉ်းစားရမည်ဟူသော သတိအမြဲရှိ၏။

မီးရထားသည် ပဲရစ်မြို့သို့ ရှေ့ရှုထွက်လာခဲ့၏။ ဒူးပလက်စစ်သည် ထောင့်ရှိ သူ့ထိုင်ခုံတွင် ထိုင်၍ မဂ္ဂဇင်းတစ်အုပ်ဖတ်နေ၏။ သူ့မျက်လုံးများက ရွှန်နီကို ခိုးကြည့်နေ၏။ ရွှန်နီသည် မျက်နှာချင်းဆိုင်ထောင့်တွင် ထိုင်နေ၏၊ အလွန်ဝမ်းနည်းနေသည့်အသွင် ဆောင်ထားသည်။ လက်ကိုင်ပဝါကိုလက်ဖြင့် ဆုပ်ခြေနေသည်။ ရှည်သွယ်သော မျက်တောင်များအောက်မှ မျက်လုံးများက ဒူးပလက်စစ်ကို စိုက်ကြည့်နေသည်။ ဒူးပလက်စစ်မှာ ဟန်မဆောင်နိုင်အောင် စိတ်ဝင်စားနေ၏။

ရွှန်နီသည် နာရီဝက်နီးပါးအထိ ထိုအတိုင်း နေခဲ့၏။ မကြာခင် သူမထံမှ ရှိုက်သံထွက်ပေါ်လာလေသည်။ ထို့နောက် မျက်နှာကို လက်ဖြင့် အုပ်ပြီး ရှိုက်နေတော့သည်။ ရွှန်နီမှာ အလွန်အမူအရာကောင်းသော ပြဇာတ်မင်းသမီးဖြစ်သည်။

မကြာခင် ဒူးပလက်စစ်သည် သူမနံဘေးသို့ ရောက်နေ၏၊ နှစ်သိမ့်စကားလုံး အကြင်နာစကားလုံးများ ပြောနေသည်။ သူ ဘာအကူအညီပေးရမလဲဟု မေး၏။ လက်ဖက်ရည်သောက်ရန် ပြော၏။ လက်ဖက်ရည်သည် စိတ်ထိခိုက်သူများအတွက် စိတ်ကြည်လင်လန်းဆန်းစေသည်။ ရွှန်နီသည် ရှိုက်နေရာမှ လက်ဖက်ရည်သောက်ရလျှင် ကောင်းမည်ဟုပြော၏။ ဒူးပလက်စစ်သဘောကျသွား၏။ ထို့နောက် လက်ဖက်ရည်မှာရန် ထွက်သွားတော့သည်။ သူ ထွက်သွားသည်နှင့် ရွှန်နီသည် အခြားဘက်သို့ လှည့်လိုက်၏။

ခပ်လှမ်းလှမ်းမှ ကြည့်နေသော မယ်လ်တက်ဇီသည်

လက်ဖက်ရည်မှာရန် ထွက်သွားသော ဒူးပလက်စစ်ကိုကြည့်ပြီ
ပြုံးလိုက်၏။ ရွှန်နီအကြောင်းကို သူသိထားသောကြောင့် ဖြစ်
သည်။

ဒူးပလက်စစ် လက်ဖက်ရည်ယူလာပြီးနောက် ရွှန်နီကို
တိုက်ပေလိမ့်မည်။ ထို့နောက် ရွှန်နီအား ဘာဖြစ်လို့လဲ သူ
ဘာကူညီရမလဲဟု မေးပေလိမ့်မည်။

ဒူးပလက်စစ်သည် လျှို့ဝှက်စုံထောက်အဖွဲ့တွင် တာဝန်
ထမ်းဆောင်ရသော်လည်း သူ့တာဝန်မှာ သူ့ထက်တော်သော
လူများအတွက် အဖွင့်ရခက်သော မီးခံသေတ္တာများဖွင့်ပေးရခြင်း
ဖြစ်သည်။ သူ့အား မည်သည့် ကိစ္စဖြင့် ပဲရစ်သို့ စေလွှတ်သည်ကို
မသိပေ။ ရွှန်နီကိုလည်း နည်းနည်းမှ သံသယမရှိပေ။

ရွှန်နီသည် တစ်ချက်တစ်ချက် ရှိုက်လိုက် ဒူးပလက်စစ်
ကို စောင်းကြည့်လိုက်လုပ်ရင်း သူမ အဖြစ်အပျက်ကို ထုံ့ပိုင်း
ထုံ့ပိုင်းပြောပြနေ၏။ သူမ မိခင်သေဆုံးသွားပြီးနောက်
မောင်ငယ်အင်တင်နီနှင့် နေရကြောင်း၊ အက်တင်နီသည် လူဆိုး
ကလေးဖြစ်ကြောင်း အရက်သောက် ဘိန်းရှူစသည့် မကောင်းတာ
အားလုံးလုပ်ကြောင်း၊ သူမ ရသင့်သည့် အမွေကိုလည်း ခွဲမပေး
ကြောင်းပြောပြ၏။

"ဘာဖြစ်လို့ သူ့ကို ဥပဒေအရ အရေးမယူတာလဲ"
ဒူးပလက်စစ်က နားမလည်သလို မေးလာ၏။

ထိုအခါ ရွှန်နီက သူမအနေဖြင့် လူသိရှင်ကြားမဖြစ်လို
ကြောင်း၊ အင်တီနီ၏ အကြောင်းကို ပဲရစ်မြို့တွင် လူတိုင်းသိ
ကြောင်း၊ ပြောပြ၏။ ထို့နောက် မျက်ရည်စမ်းစမ်းဖြင့် ဆက်ပြော



၏။ ဒူးပလက်စစ်က သူမလက်ကို အကြင်နာပိုသော ဖခင်တစ်ယောက်သဖွယ် ကိုင်ထား၏။ ရွှန်နီက ဖောက်ထွင်းသမားတစ်ယောက်အား ရွှန်နီအခန်းကို ဖောက်ထွင်းခိုင်းပြီး၊ မီးခံသေတ္တာထဲမှ စာချုပ်များကို ယူဖို့ စိတ်ကူးထားကြောင်းပြောပြ၏။ သို့သော် ထိုဖောက်ထွင်းသမားသ● မီးခံသေတ္တာကို မဖွင့်နိုင်ပေ။ မီးခံသေတ္တာသည် အဖွင့်ရအလွန်ခက်ကြောင်း ပြောပြ၏။ ထိုစကားကိုကြားသောအခါ ဒူးပလက်စစ်ပြုံးလိုက်၏။ ဥရောပတစ်တိုက်လုံးတွင် ဒူးပလက်မီးခံသေတ္တာကို သူ တစ်ယောက်တည်းသာ ဖွင့်နိုင်သောကြောင့်ဖြစ်၏။

ရွှန်နီကဆက်၍ ယခုအခါ သူမတွင် ပိုက်ဆံမရှိတော့ကြောင်း၊ မီးခံသေတ္တာထဲတွင် သူမရသင့်သည့် ဖရန့်တစ်သန်းရှိသော်လည်း မရကြောင်းပြောပြ၏။ ရွှန်နီ၏ ပါးပြင်မှ မျက်ရည်ဘစ်စက်သည် ဒူးပလက်စစ်၏ ပခုံးပေါ်သို့ ကျသွားသည်။

ဒူးပလက်စစ်အကြံရလာ၏၊ အလွန်ကောင်းသော အကြံပင် ဖြစ်သည်။ တကယ်တော့ ရွှန်နီမျှော်လင့်ထားသော အကြံဖြစ်သည်။ ထိုမီးခံသေတ္တာကို သူဖွင့်ပေးရန် ဖြစ်သည်။ သူသည် မီးခံသေတ္တာထုတ်လုပ်သော ကုမ္ပဏီ၏ အင်ဂျင်နီယာဖြစ်ကြောင်း ရွှန်နီကိုပြောပြလိုက်သည်။ မီးခံသေတ္တာကို သူအလွယ်တကူဖွင့်နိုင်ကြောင်းကိုလည်း ပြောပြ၏။

"ဒါဆို သိပ်အဆင်ပြေတာပေါ့ရှင်၊ ကျွန်မ မောင်ဟာ ဒီညသူ့အခန်းမှာ မရှိဘူး။ ရူးကလီချီအဆောက်အဦ ပထမထပ် အခန်းနံပါတ် (၃၇)မှာ သူနေတယ်။ တံခါးစောင့်က ကျွန်မအသိပါ၊ ရှင် ဒီညကိုးနာရီမှာ အဲဒီကိုလာမယ့်အကြောင်း သူ့ကို

တယ်လီဖုန်းဆက်ပြီး ပြောပြထားမယ်။ ရှင့်ကို အခန်းသော့ တစ်ချောင်းလဲပေးလိုက်မယ်။ တော်ပါသေးရဲ့ရှင် ကျွန်မ အိတ်ထဲမှာ သော့အပိုတစ်ချောင်းပါလာလို့"

သူမက အိတ်ထဲမှ သော့ကို ထုတ်ပြီး ဒူးပလက်စစ်ကို ပေးလိုက်သည်။

"အို" သူမက အံ့အားသင့်စွာ ရေရွတ်သည်။ "ကျွန်မမှာ စာချုပ်ထည့်တဲ့ သားရေသေတ္တာနဲ့ တစ်ပုံစံတည်းတူတဲ့ သားရေအိတ်ပါလာတယ်။ ဒါကို ကျွန်မ ကြိုတင်လုပ်ထားခဲ့တယ်။ စာချုပ်ပါတဲ့သားရေအိတ်ကို ယူပြီးရင် ဒီအိတ်ကို ပြန်ထားခဲ့ပါ။ ဒါဆိုရင် စာချုပ်တွေပျောက်နေတဲ့ အကြောင်းကို သူ ချက်ချင်းသိမှာမဟုတ်ဘူး။ စာချုပ်တွေယူပြီးရင် ဟိုတယ်ကွန်တီနင်တယ်ကို လာပို့ပါ။ မနက်(၁၀)နာရီမှာ ကျွန်မ အဲဒီက စောင့်နေမယ်။ အဲဒီမှာ ကျွန်မတို့နှစ်ယောက်နေ့လယ်စာ စားကြမယ်လေ"

ဒူးပလက်စစ်က ထိုအစီအစဉ်ကို လက်ခံ၏။ ရွှန်နီကို သူ သဘောကျနေပြီဖြစ်၏။ ဤသို့ဖြင့် မီးရထားသည် ဂဲရားဒူးနော့ဘူတာသို့ ရောက်လာ၏။ ဒူးပလက်စစ်မှာ လှပသောရွှန်နီအတွက် သူ့အစွမ်းကို ပြခွင့်ရသဖြင့် ကျေနပ်နေ၏။

ခွဲခွာကာနီးတွင် ရွှန်နီက သူ့အား လှိုက်လှဲစွာနှုတ်ဆက်ပြီး အသင့်စောင့်နေသော ကားကြီးတစ်စီးပေါ်တက်သွား၏။ ဒူးပလက်စစ်သည် မှောင်ထဲသို့ ဝင်သွားသောကားကို စိုက်ကြည့်နေခဲ့သည်။

မီးရထားဘူတာမှ ကိုက်(၂၀၀)ခန့်အရောက်တွင် ကားရပ်လိုက်၏။ နောက်မှ အငှားကားဖြင့် လိုက်လာသော မယ်(လ်)



တက်ဇီသည် ကားပေါ်မှခုန်းဆင်းလာ၏။ ရွှန်နီစီးလာသော ကားဆီသို့ ပြေးလာပြီးနောက် ကားတံခါးဖွင့်ရင်း ရွှန်နီကို ပြုံးပြလိုက်သည်။

"အဆင်ပြေရဲ့လား" မယ်(လ်)တက်ဇီက မေးသည်။

"ပြေပါတယ်၊ မိတ်ဆွေကြီး" ရွှန်နီက ဖြေသည်။ "ဒူးပလက်စစ်ဟာ လွယ်ကူတဲ့ သားကောင်ပါ။ ကိုးနာရီမှာ သူဟာ အခန်းကို သွားပြီး မီးခံသေတ္တာဖွင့်လိမ့်မယ်။ ဒီတော့ အခန်းမှာ ရှိနေမယ့် ဘေးယဒ်ကို တစ်နည်းနည်းနဲ့အခန်းမှာ မရှိအောင် လုပ်ဖို့လိုတယ်။ ဒါကို ရှင် လုပ်ရလိမ့်မယ်"

"လွယ်ပါတယ်" မယ်တက်ဇီက ပြန်ဖြေသည်။ "ဒီည ကျုပ် ဘေးယဒ်ဆီကို သူ စိတ်ဝင်စားမဲ့ ကိစ္စတစ်ခုကို အကြောင်းပြပြီး အလည်သွားမယ်။ ပဲရစ်မြို့မှာ သူ စိတ်ဝင်စားတဲ့ ကိစ္စတွေ ရှိပါတယ်။ ကျုပ်ဟာ ပဲရစ်မြို့ကို အလည်လာတဲ့ စီးပွားရေးသမား ဟန်ဆောင်ရမယ်"

ရွှန်နီက ရယ်လိုက်၏။ "မယ်(လ်)တက်ဇီ ရှင့်ရုပ်ဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ရဲ့ ပုံစံမပေါ်ဘူး။ ဦးထုပ်ကို တည့်အောင်ဆောင်းပြီး ဖိနပ်ကဖုန်တွေကို သုတ်ပစ်ပါ။ ကျွန်မရဲ့ ဆု(တ်)ကေ့(စ်)ကိုလဲ ယူသွား။ ဒါဆိုရင် နည်းနည်းသားနားသွားလိမ့်မယ်။ ဒါပေမယ့် ဆု(တ်)ကေ့(စ်)ကို ဂရုစိုက်ပါ။ ကျွန်မရဲ့ ညနေခင်းဝတ်စုံတွေ အထဲမှာ ပါတယ်"

မယ်(လ်)တက်ဇီက ခေါင်းညိတ်ပြီး ကားကြမ်းပြင်ပေါ်တွင် ချထားသော ဆု(တ်)ကေ့(စ်)ကို ယူလိုက်သည်။ "လွယ်ပါတယ်" သူက ထပ်ပြောပြန်သည်။ အခန်းကို ရောက်ရင် စာရွက်

အချို့ကို ဘေးယဒ်ကိုပြမယ်။ သူစာရွက်ကိုကြည့်နေတုံး ကလိုရိ
ဖောင်းဆွတ်ထားတဲ့အဝတ်နဲ့ သူ့နှာခေါင်းကိုဖိမယ်။ အခန်းထဲမှာ
သူနဲ့ကျုပ်ကလွဲပြီး ဘယ်သူမှ မရှိဘူး။ အဲဒီနောက် သူ့ကို တစ်တက်
ခန်းကို ဆွဲယူလာမယ်။ အဲဒီအခန်းဟာ ကျုပ်တို့လူတစ်ယောက်
နေတယ်။ ကျုပ်တို့ မိတ်ဆွေကြီး ဒူးပလက်စစ်က မီးခံသေတ္တာ
ဖွင့်နေချိန်မှာ ဘေးယဒ်ကလဲ အဲဒီမှာ အေးအေးဆေးဆေးအိပ်နေ
လိမ့်မယ်"

"အကောင်းဆုံးပဲ" ရွှန်နီက ထောက်ခံစကားဆိုသည်
မယ်(လ်)တက်ဇီက ခေါင်းတစ်ချက်ညိတ်ပြီး၊ စီးကရက်ကို မီးညှိ
လိုက်သည်။

"ဒီအတိုင်းတော့ အဆင်ချောနေတာပဲ၊ မဒမ်မွှင်ဆယ်လီ"
မယ်(လ်)တက်ဇီက ဆက်ပြော၏။ "ဒူးပလက်စစ်ဟာ မီးခံသေတ္တာ
ဖွင့်ပြီးရင် စာရွက်နဲတွေကိုဖတ်ကြည့်နိုင်တယ်။ စာချုပ်တွေမဟုတ်
ဘဲ၊ အရေးကြီးတဲ့ လျှို့ဝှက်စာချုပ်နှစ်ခုဖြစ်ကြောင်း၊ သူ သိသွား
လိမ့်မယ်။ ဒီအကြောင်းကို သိရင် သူဘာလုပ်မယ်ဆိုတာမသိဘူး
ပဲရစ်မှာရှိတဲ့ သူ့အကြီးအကဲဆီကို ယူသွားရင် ကျုပ်တို့ ဒုက္ခခံပြီး
လုပ်ထားတာတွေဟာ အလကားဖြစ်သွားလိမ့်မယ်။ မီးခံသေတ္တာ
ကို ကျုပ် မဖွင့်နိုင်တာတော့ တော်တော်ဆိုးတယ်"

"ကျွန်မလဲ အဲဒီအကြောင်းကို တွေးမိပါတယ်" ရွှန်နီက
ပြန်ပြောသည်။ "ဒူးပလက်စစ်ဟာ စာရွက်တွေကို စစ်ဆေးကြည့်
နိုင်တယ်။ ပြီးတော့ သူ့အကြီးအကဲဆီကိုလဲ ယူသွားလိမ့်မယ်
သူဟာ ဒီညနေ သူ့အကြီးအကဲဆီကို သတင်းပို့နိုင်တယ်။ အကြီး
အကဲက သူ့ကို ရှူးကလီချိမှာထားတဲ့ မီးခံသေတ္တာထဲက စာချုပ်



တွေကို ဗြိတိန်နိုင်ငံအတွက် လိုချင်လို့ မီးခံသေတ္တာဖွင့်ဖို့ သူ့ကို ခေါ်တဲ့အကြောင်း ပြောလိမ့်မယ်။ ဒါဆိုရင် ကျွန်မတို့အလုပ်ဟာ အတော်ခက်သွားပြီ၊ ဒါပေမယ့် သူဟာ ကျွန်မမောင်ရဲ့အနိုင်ကျင့်ခံနေရတဲ့ ကျွန်မကို သိပ်သနားနေတယ်" သူမက ခပ်တိုးတိုး ရယ်လိုက်၏။ "ဒါကြောင့် သူဟာ မနက်ဖြန်မနက်ကျမှ သူ့အကြီးအကဲဆီကို သတင်းပို့ဖို့များတယ်။ မီးခံသေတ္တာဖွင့်ပြီးနောက်ပိုင်းမှာ သူစာရွက်တွေဖတ်ကြည့်လို့ ဖြစ်ပေါ်လာတဲ့ ပြဿနာကိုတော့ ရှင်တို့ ဘာသာဖြေရှင်းပေါ့"

"ဘယ်လိုဖြေရှင်းမလဲ" မယ်တက်ဇီက မေးသည်။

"လွယ်ပါတယ်" ရွှန်နီက ပြောပြသည်။ "မီးခံသေတ္တာဖွင့်ပြီးလို့ အခန်းက ဒူးပလက်စစ်ပြန်ထွက်လာချိန်မှာ အတော်မှောင်နေပြီ၊ သူ့ကို ကြမ်းပိုးသုံးလေးယောက်နဲ့ တွေ့ပေးလိုက်ရုံပေါ့။ သူတို့ဟာ သူ့ဆီက စာရွက်စာတန်းနဲ့ နာရီပိုက်ဆံအကုန်ယူခဲ့ရမယ်။ ဒါဆို သာမန်လုယက်မှုဖြစ်သွားပြီ၊ ဒါဆိုရင် စာချုပ်တို့ ကျွန်မတို့ရပြီ၊ နောက်တစ်နေ့မနက်(၁၀)နာရီမှာ သနားစရာကောင်းတဲ့ ဒူးပလက်စစ်ဟာ ကျွန်မဆီကို ငိုပြီးရောက်လာလိမ့်မယ်။ ကျွန်မရဲ့ စာချုပ်တွေကို သူယူလာရင်း လမ်းမှာ လုယက်ခြင်းခံရလို့ ပါသွားကြောင်း ပြောပြလိမ့်မယ်။ သိပ်လွယ်ပါတယ်။ မဟုတ်ဘူးလား"

မယ်(လ်)တက်ဇီက ရယ်နေ၏။ "မင်းဟာ အလွန့်တော်တဲ့ အမျိုးသမီးပဲ ရွှန်နီ" သူမကို အထင်ကြီးစွာကြည့်ရင်း ပြော၏။ "ဒါကို ကျုပ် စီစဉ်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်က ရှူးကလီချိတစ်ဝိုက်မှာ လုယက်မှုနှစ်ခုဖြစ်ပွားခဲ့တယ်။ ဒီကိစ္စမျိုးထပ်ဖြစ်

လို့ ဘယ်သူမှ အရေးမစိုက်ပါဘူး"

"အကောင်းဆုံးပဲ" ရွှန်နီကပြောသည်။

"တစ်ခုတော့ ရှိတယ်၊ မယ်(လ်)တက်ဇီ၊ ဒူးပလက်စစ်ကို
နာကျင်အောင် မလုပ်ပါနဲ့ရှင်၊ ဒါကို ကျွန်မ သဘောမကျဘူး
သူဟာ ကျွန်မအပေါ်မှာ အတော်ကြင်နာတယ်။ လက်ဖက်ရည်
သွားယူပြီး ကျွန်မကို တိုက်ခဲ့တယ်။ ကျွန်မကို နှစ်သိမ့်စကာ
ပြောတယ်။ သူဟာ အတော်သနားတတ်ပါတယ်"

မယ်(လ်)တက်ဇီက ပြုံးလိုက်၏။ "စိတ်ချပါ၊ မဒမ်မွှိုင်
ဆယ်လီ" သူက ပြောသည်။ "သူ ဘာမှ မဖြစ်စေရဘူး၊ ကျု
ကတိပေးပါတယ်"

ထို့နောက် ဦးထုပ်မြှောက်၍ နှုတ်ဆက်ပြီး လူအုပ်ကြာ
ထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့၏။ ဘေးယဒ်အား မေ့ဆေ
ပေးပြီးနောက် အခန်းထဲတွင် ရွှန်နီ၏ဆု(တ်)ကေ့(စ်) မေ့ကျ
ရစ်ခဲ့မှာကို သူတွေးပူနေ၏။ သူကဲ့သို့ အတော်ဆုံးအေးဂျင့်တစ်
ယောက်သည် မိုက်မဲသော ရာဇဝတ်ကောင်တစ်ယောက်ကဲ့သို
ထိုအမှားမျိုးကို မလုပ်သင့်ပေ။

❦ ❦ ❦ ❦ ❦

မြင်းကွင်းမှ ရွှန်နီ၏ ကားပျောက်သွားပြီးနောက်
ဒူးပလက်စစ်သည် အငှားကားတစ်စီးဖြင့် ဂရင်းဘူးလဗားမွန်မာ
တားသို့ လာခဲ့သည်။ ပဲရစ်မြို့သို့ လာလျှင် သူ တည်းခိုနေကျ
နေရာလည်း ဖြစ်သည်။

ရွှန်နီသည် ဒူးပလက်စစ်ကို အကဲဖြတ်ရာတွင် တစ်ချက်



မှားသွား၏။ သူသည် အလုပ်တာဝန်ကိုပေ့ါဆစွာ လုပ်ကိုင်သူ မဟုတ်ပေ။ သူ့အတက်ချီကေ့(စ်)ကို အခန်းထောင့်တွင် ချထားပြီးနောက် ဆလာဗင်ထံသို့ တယ်လီဖုန်းဆက်သည်။ ဆလာဗင်သည် ထိုအချိန်က ပဲရစ်မြို့ရှိ ပြင်သစ်သူလျှိုထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲဖြစ်သည်။ ဒူးပလက်စစ်က သူရောက်ကြောင်း သတင်းပို့ပြီး ချက်ချင်းလာတွေ့ရမလားဟု မေးခဲ့သည်။

"အို ရပါတယ်၊ ဒူးပလက်စစ်" တစ်ဘက်မှ ဆလာဗင်က ရယ်မောပြီး ပြောသည်။ "ခင်ဗျားကို အလုပ်တစ်ခုခိုင်းစရာရှိလို့ပါ။ ဒါပေမယ့် မနက်ဖြန်အထိ အချိန်ရပါသေးတယ်။ အဲဒီကိစ္စကို ခင်ဗျားကို ပြောပြချင်တယ်။ ဒီည(၁၀)နာရီမှာ ကျွန်တော့်အိမ်ကို လာခဲ့ပါ"

ဒူးပလက်စစ်က သူ လာပါမည်ဟု ပြောလိုက်သည်။ ည(၉း၃၀)တွင် ရှားကလီချီတွင် သူလုပ်ရမည့်အလုပ်ပြီးမည်ဟု သူ ယုံကြည်သည်။ ထို့နောက် ဆလာဗင်နှင့်သွားတွေ့မည်။ သူပြောသည်ကို နားထောင်ပြီးနောက် ဟိုတယ် ကွန်တီနင်တယ်သို့ သွား၍ ရွှန်နီနှင့်တွေ့မည်။

ရွှန်နီအကြောင်းတွေးရင်း သူ့စိတ်မှာ လှုပ်ရှားသွားသည်။ သူမနှင့် လက်ထပ်ဖို့အထိ သူရည်ရွယ်သည်။ ထိုအဆင့်အထိရောက်ဖို့မှာ ပထမအဆင့်အနေဖြင့် ရွှန်နီအား သူမလိုချင်သော စာချုပ်များကို ယူပေးနိုင်ဖို့လိုကြောင်း သူသဘောပေါက်ခဲ့သည်။

ရေချိုး၊ အဝတ်အစားလဲပြီးနောက် အကောင်းဆုံးညနေစာကို မှာစားသည်။ ကိုးနာရီထိုးရန် ဆယ်မိနစ်အလိုတွင်

ကစ်ဘက်ထဲမှ ကိရိယာများကို ထုတ်သည်။ အများအားဖြင့် သူ တီထွင်ထားသော ကိရိယာများဖြစ်သည်။ လိုအပ်သည်များကို အပေါ်အင်္ကျီအိတ်တွင်ထည့်၍ ကားတစ်စီးဖြင့် ရှူးကလီချီရပ်ကွက်သို့ ထွက်လာခဲ့၏။

ဇယ်လီလမ်းဘေးတွင် ကားရပ်ပြီးနောက် ခပ်ဖြည်းဖြည်းလျှောက်ရင်း အိမ်များကို ဂရုစိုက်ကြည့်လာ၏။ မကြာခင်ပို့(စ်)ကတ်ရောင်းသူ တစ်ယောက်သည် သူ့အနားသို့ ရောက်လာ၏။ သူကားပေါ်မှ ဆင်းလာကတည်းက ထိုလူကို သတိထားခဲ့၏။ ထိုလူကလေသံဖြင့် ပြောသည်။ "အားလုံးအဆင်သင့်ပဲ မွန်စီယာ၊ မဒမ်မွိုင်ဆယ်လီရဲ့မောင် အပြင်ထွက်သွားပြီ၊ တံခါးစောင့်ကို ပြောထားပြီးပြီ အခန်းဟာ ပထမထပ်မှာပါ။ အလွယ်တကူရှာတွေ့နိုင်ပါတယ်။ ဘွန်နီချန့် မွန်စီယာ"

ဒူးပလက်စစ်ခေါင်းညိတ်ပြပြီး ဆက်လျှောက်လာခဲ့၏။ အဆောက်အဦနံပါတ်(၃၇)ရှေ့သို့ အရောက်တွင် အမှတ်တမဲ့လှည့်ဝင်လိုက်သည်။ တံခါးစောင့်အား ပြန်နှုတ်ဆက်ပြီး လှေကားမှ တက်လာ၏။

အခန်းတံခါးကို သူ့တွင်ပါလာသော သော့ဖြင့် အလွယ်တကူဖွင့်လိုက်သည်။ အခန်းတစ်ခုလုံး မျက်စိဝေ့ကြည့်လိုက်၏။ နောက်ဆုံးတွင် မီးခံသေတ္တာကို တွေ့ရတော့သည်။

ထို့နောက် မီးခလုတ်ဖွင့်ပြီး၊ မီးခံသေတ္တာကို ဖွင့်သည်။

သူ့တစ်သက်တာတွင် ထိုမီးခံသေတ္တာမှာ အဖွင့်ရအခက်အခဲဆုံးဖြစ်သည်။ နှစ်ဆယ့်ငါးမိနစ်ကြာအောင် ဖွင့်ရ၏။ ကိုးနာရီခွဲကာနီးတွင် လေးလံသော တံခါးပွင့်သွား၏။ သူ့ရှေ့သံမဏိစင်



ပေါ်တွင် သားရေအိတ်ကို တွေ့ရ၏။ သူ့အိတ်ထဲတွင်ပါလာသော သားရေအိတ်နှင့် တစ်ပုံစံတည်းဖြစ်နေသည်။ သားရေအိတ်ကို လှမ်းယူမည်အပြုတွင် သူမျက်စိသည် အခန်းထောင့်ရှိ ပစ္စည်းတစ်ခုပေါ်သို့ ရောက်သွား၏။ သူ အံ့ဩသွား၏။ ထိုအရာမှာ ထောင့်တွင် စုတ်နေသော ဆု(တ်)ကေ့(စ်)တစ်လုံးဖြစ်သည်။ ဒက်ပီဘူတာအထမ်းသမားယူလာရင်း တွဲတံခါးနှင့်ညှိသဖြင့် စုတ်သွားသော ရွှန်နီ၏ သေတ္တာမှန်းသူသိလိုက်သည်။

ဒူးပလက်စစ်သည် အလွန်တော်သော လူတစ်ယောက်မဟုတ်သော်လည်း ဘာကြောင့် ဤသေတ္တာသည် ဤအခန်းထဲသို့ ရောက်နေသည်ကိုတော့ တွေးကြည့်နေ၏။ ဘာကြောင့် ဤသေတ္တာသည် သူမနှင့်အတူ ဟိုတယ်သို့ပါမသွားဘဲ ဤအခန်းထဲသို့ ရောက်နေရသနည်း။ ရွှန်နီကိုယ်တိုင် ဤအခန်းကို ရောက်လာသလား၊ တစ်ယောက်ယောက်က ယူလာသလား၊ သူမမောင်နှင့် မတည့်သော ရွှန်နီသည် ဤအခန်းကို ရောက်ခဲ့ပြီလား၊ သူမ ရောက်လာပြီး ဤသေတ္တာကို ထားခဲ့လေသလား။

ရွှန်နီသည် နာရီကို လှမ်းကြည့်လိုက်၏။ ဆယ်နာရီထိုးရန် မိနစ်နှစ်ဆယ်သာလိုတော့သည်။ ဆလာဗင်နှင့်ချိန်းထားသည်ကို သတိရလိုက်၏။ တစ်ဆက်တည်းပင် တစ်စုံတစ်ရာကို တွေးမိပြန်၏။ ပထမဆုံးအနေဖြင့် ရွှန်နီသည် သူ ထင်သလို မဟုတ်ကြောင်း၊ သူ့အား ထောင်ချောက်ဆင်မှန်းသိလိုက်ရပေပြီ။

ခြေသံမကြားအောင် အခန်းမှ ထွက်လာပြီး၊ လှေကားကို ငုံ့ကြည့်လိုက်၏။ တံခါးစောင့်သည် ရုပ်ရည်ကြမ်းတန်းသော လူနှစ်ယောက်နှင့် အပြင်းအထန်စကားများနေ၏။ လူတစ်

ယောက်မှာ သူ့အား အခန်းထဲတွင် မည်သူမှ မရှိကြောင်းပြော သောပို့(စ်)ကတ် ရောင်းသူဖြစ်သည်။ သူအပြင်ရောက်သည်နှင့် အိတ်ကိုလုတော့မည်ဖြစ်ကြောင်း ဒူးပလက်စစ်သိလိုက်သည်။

အခန်းထောင့်တွင် တယ်လီဖုန်းရှိသော်လည်း ရဲဌာနကို တယ်လီဖုန်းဆက်ဖို့ မဖြစ်နိုင်ပေ။ လျှို့ဝှက်ထောက်လှမ်းရေး တာဝန်ထမ်းသူများသည် နိုင်ငံခြားရဲစခန်းများနှင့် ပတ်သက်၍ မဖြစ်ပေ။ ချက်ချင်းပင် အမှန်ကို သူ သိလိုက်သည်။ ဆလာဗင် အလိုရှိသည်မှာ ဤမီးခံသေတ္တာထဲမှ စာရွက်စာတန်းများဖြစ် သည်။ ထိုမီးခံသေတ္တာကို ဖွင့်နိုင်သူမှာ သူမှတစ်ပါးမရှိသော ကြောင့် သူ့ကို ပဲရစ်သို့ ခေါ်ခြင်းဖြစ်နိုင်သည်။ ထိုစာရွက်စာ တန်းကို လိုချင်သူများလည်း ရှိကြသည်။ ထောင်ချောက်ထဲသို့ ဝင်သွားပါက ရှုံးမိုက်ရာကျပေတော့မည်။

ဒူးပလက်စစ်သည် အခန်းအလယ်တွင် ရပ်၍ အတန် ကြာစဉ်းစားနေ၏။ ထို့နောက် အတက်ချီကေ့(စ်)ကို ဖွင့်ကြည့် သည်။ ညနေခင်းဝတ်သော အပေါ်ဝတ်အကျႌသုံးထည်ကိုတွေ့ရ ၏။ ရွှန်နီထံမှရသော ရေမွှေးနံ့ကို သူ ရှူလိုက်ရ၏။

ဤတွင် အကြံတစ်ခုရလာသည်။ ခပ်တိုးတိုးရယ်လိုက် မိသည်။ တယ်လီဖုန်းဆီသို့ လျှောက်သွားပြီး၊ မဒမ်မွိုင်ဆယ်လီ ဒီအင်ဗာဒီ၏ အခန်းကို တယ်လီဖုန်းဆက်လိုက်၏။ မကြာခင် တစ်ဘက်မှ ရွှန်နီ၏ ချိုသာသော အသံပေါ်လာ၏။

"မဒမ်မွိုင်ဆယ်လီ" သူက ပြော၏။ "မီးခံသေတ္တာဖွင့် ပြီးပြီ စာချုပ်တွေပါတဲ့ သားရေအိတ်ကို ရထားပါပြီ ဖွင့်တော့ မကြည့်ရသေးဘူး"



"ကျေးဇူးတင်ပါတယ်ရှင်" ရွှန်နီက ပြောသည်။ "ရှင့်ကို ကျွန်မ ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိတော့ဘူး။ မွန်စီယာ ဒူးပလက်စစ်"

"လွယ်ပါတယ် မဒမ်မွိုင်ဆယ်လီ" ဒူးပလက်စစ်က ပြန်ပြောသည်။ "ညနေစာစားဖို့ ခင်ဗျား ကျွန်တော့်ကို ဖိတ်ထား တယ်မဟုတ်လား။ ဆယ်နာရီခွဲမှာ ကဖေးဒီလာပက်မှာ ကျွန်တော် နဲ့အတူ ညလယ်စာလာစားဖို့ ကျွန်တော် ပြန်ဖိတ်ပါတယ်။ လက်ခံ တယ်ဆိုရင် ဆယ်နာရီ တစ်ဆယ့်ငါးမိနစ်မှာ ကျွန်တော် လာခေါ် မယ်"

"ကျွန်မ လာချင်ပါတယ် ရှင်" သူမက ပြန်ပြောသည်။ "ဒါပေမယ့် ကျွန်မမှာ ညနေခင်းဝတ်စုံမရှိပါဘူး" ထိုစကားကြောင့် ဒူးပလက်စစ်ရင်ခုန်သွား၏။ "နေ့လယ်ဝတ်စုံနဲ့ လာရင် ရှင် သဘောကျမှာ မဟုတ်ဘူး"

"မဒမ်မွိုင်ဆယ်လီ" ဒူးပလက်စစ်က ဆက်ပြော၏။ "ကျွန်တော် သိပ်စိတ်ပျက်သွားပြီဗျာ၊ ကျွန်တော် ခင်ဗျားကို ချစ်တယ်ဆိုတာ ခင်ဗျားသိပါတယ်။ ကျွန်တော် မီးခံသေတ္တာဖွင့် ခင်း ခင်ဗျား မျက်နှာကို မြင်နေတယ်။ ကျွန်တော်တို့နှစ်ယောက် အတူညလယ်စာ စားနေကြတယ်။ ခင်ဗျားက အလှပဆုံးညနေ ခင်းဝတ်စုံကို ဝတ်ထားတယ်။ အနက်ရောင်အပေါ်အကျႌဝတ် ထားမယ်လို့၊ ကျွန်တော် ထင်နေခဲ့တယ်" ဒူးပလက်စစ်က ဆက်ပြော၏။ "အနက်ရောင် အပေါ်အကျႌဟာ ခင်ဗျားနဲ့ သိပ် ကြည့်ကောင်းမယ်လို့ ကျွန်တော် ထင်တယ်"

သူ့မျက်စိထဲတွင် အတက်ချီကေ့(စ်)ထဲမှ အနက်ရောင်

အပေါ်ဝတ်အကျႌကို မြင်ယောင်နေ၏။

ရှန်နီက တခစ်ခစ်ရယ်နေ၏။ "ရှင်ပြောတာ မှန်ပါတယ်။ ရှင်ဟာ တော်တော် အတွေးကောင်းတယ်။ ကျွန်မဟာ အနက်ရောင်အပေါ်ဝတ်အကျႌကို အမြဲဝတ်တယ်။ အခု ကျွန်မရဲ့ ညနေခင်းဝတ်စုံတွေဟာ ဒီမှာမရှိဘူး။ ကျွန်မအခုပဲ တောင်းလိုက်မယ်။ ဘာမှ အခက်အခဲမရှိပါဘူး"

ဒူးပလက်စစ်က ကျေးဇူးတင်ကြောင်းပြော၍ တယ်လီဖုန်းကို ပြန်ချလိုက်၏။ နောက်ထပ် ငါးမိနစ်အကြာတွင် တံခါးပိတ်၍ လှေကားကို ခပ်ပြင်းပြင်းနင်း၍ ဆင်းလာ၏။ တံခါးစောင့်ကို နှုတ်ဆက်၍ ရှုးကလစ်ချီလမ်းထဲသို့ ချိုးဝင်လိုက်၏။ ခုနစ်မိနစ်အကြာတွင် လမ်းအမှောင်ရိပ်တွင်းမှ ထွားကျိုင်းသောလူတစ်ယောက်ထွက်လာပြီး၊ သူ့နောက်ကို လိုက်သွား၏။ မကြာခင်ပင် လူလေးယောက်သည် သူ့ကို တွန်းလှဲပြီး သူ့ကိုယ်ပေါ်မှပါသော ပစ္စည်းအားလုံးကို ယူသွား၏။ လည်စည်းချိတ်သော တွယ်အပ်ပင် မထားခဲ့ပေ။ ထို့နောက် သူတို့လာသလိုပင် မှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

❦ ❦ ❦ ❦ ❦

နောက်ဆယ်မိနစ်အကြာတွင် ဒူးပလက်စစ်သည်၊ ဟိုတယ် ကွန်တီနင်တယ်သို့ ရောက်သွား၏။

ရှန်နီက သူ့ကို ဝမ်းသာအားရလက်ဆွဲနှုတ်ဆက်၏။ ဒူးပလက်စစ်မှာ မျက်နှာညှိုးနေသည်။

"မဒမ်မွိုင်ဆယ်လီ" သူက ပြောသည်။ "စိတ်မကောင်း



ရောသတင်းကို ဘယ်လိုပြောရမှန်းတောင် ကျွန်တော် မသိတော့ဘူး။ ခင်ဗျား နားလယ်လက်ခံနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ ဒီည ရှူးကလစ်ချီက ကျွန်တော် ထွက်လာချိန်မှာ လူဆိုးတွေရဲ့ ဝိုင်းအလုခံတယ်။ ကျွန်တော့်ပါတဲ့ ပစ္စည်းအားလုံးကို ယူသွားကြတယ်။ ခင်ဗျားထည့်ထားတဲ့ သားရေအိတ်လဲပါသွားတယ်။ ခင်ဗျားကို တယ်လီဖုန်းဆက်ပြီး ပြောဖို့ ကြံပါသေးတယ်။ ဒါပေမယ့် ခင်ဗျား စိတ်ပျက်သွားမှာ စိုးလို့"

ရှန်နီက ပြုံးနေ၏။ အနက်ရောင်ညနေခင်းဝတ်အပေါ်အကျႌဝတ်ထားသော သူမမှာ အလွန်လှနေ၏။ ထိုအကျႌသည် ဒု(တ်)ကေ့(စ်)တွင်ပါသော အကျႌများအနက် အကောင်းဆုံးဖြစ်သည်ကို ဒူးပလက်စစ်သတိထားလိုက်မိသည်။

"ကျွန်မအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ရှင်" သူမက အေးဆေးစွာ ပြောနေ၏။ "တကယ်တော့ စာချုပ်တွေ ပျောက်သွားတဲ့အတွက် ကျွန်မ ဝမ်းနည်းသင့်ပါတယ်။ ဒါပေမယ့် ကျွန်မအလုပ်ကို ကျေပွန်အောင် လုပ်နိုင်တဲ့အတွက်ရသင့်တဲ့ အခကြေးငွေကို ကျွန်မ ရပြီးပါပြီ၊ ဒီတော့ စာချုပ်အကြောင်းကို ခေါင်းရှုပ်ခံပြီး မစဉ်းစားပါနဲ့တော့၊ ညလယ်စာစားရင်း ပျော်စရာစကားတွေပြောကြစို့လား" သူမက ခင်မင်စွာ ပြော၏။ "ရှင် သိစေချင်တာကတော့ ကျွန်မ ရှင့်ကို သဘောကျနေပြီဆိုတဲ့ အချက်ပဲ"

ထိုစကားမှန်ပါသည်။ သူမသည် ဥရောပတွင် အပါးနပ်ဆုံးဆိုသူများနှင့် တွေ့ဆုံခဲ့ဖူး၏။ သို့သော် တည်ငြိမ်အေးဆေးပြီး ချောင့်မှန်သော အခက်အခဲဆုံး မီးခံသေတ္တာကို ဖွင့်နိုင်သော ဤအင်္ဂလိပ်လူမျိုးကိုမှ သူမ ချစ်မိလေပြီ။

ထိုအခိုက် တယ်လီဖုန်းသံမြည်လာ၏။ ရွှန်နီက ခွင့် တောင်းပြီးသွားနားထောင်သည်။ အတန်ကြာစကားပြောပြီး နောက် ဧည့်ခန်းထဲရှိ အခန်းထောင့်အမျိုးသမီးအား သူမတို့ရှိ သော အိပ်ခန်းသို့လာရန် လှမ်းခေါ်လိုက်သည်။ "မာရီ အောက် ထပ်မှာ မွန်စီယာလက်ဘလန့်ဆိုတဲ့ လူရောက်နေတယ်။ အရေး ကြီးတဲ့ ကိစ္စရှိလို့ ကျွန်မနဲ့စကားပြောချင်တယ်လို့ အတင်းအကြပ် ပြောလိမ့်မယ်။ သူ့ကို ကျွန်မမသိဘူး။ ဒီအပေါ်တက်မလာပါ စေနဲ့၊ အောက်ဆင်းပြီး သူဘာပြောသလဲဆိုတာကို နားထောင် ပေးပါ"

အမျိုးသမီးထွက်သွားသည်။ ဒူးပလက်စစ်က သူ့ဘာသာ ပြုံးနေ၏။

ဆယ်မိနစ်ကြာသောအခါ အမျိုးသမီးပြန်လာပြီး မွန်စီ ယာလက်ဘလန့်သည် စိတ်မကောင်းဖြစ်နေကြောင်း၊ ကိစ္စ အလွန်အရေးကြီးကြောင်း သူမနှင့် တွေ့လိုကြောင်း ပြောပြ၏။ ရွှန်နီက ဒူးပလက်စစ်ကို တောင်းပန်ပြီး အောက်ဆင်းသွားတော့ သည်။

ရွှန်နီထွက်သွားသောအခါမှ ဒူးပလက်စစ်က အမျိုးသမီး ကို လှည့်ပြော၏။

"ကျွန်တော် အခုမှ သတိရတယ်" သူက ပြော၏။ မွန်စီ ယာလက်ဘလန့်ဟာ ကျွန်တော့်ကို တွေ့ချင်တာဖြစ်မယ်။ မဒမ် မွိုင်ဆယ်လီရဲ့ အခန်းမှာ ကျွန်တော် ရှိတယ်ဆိုတာကို သူသိတယ်။ သူမှားပြီး သူမကို ခေါ်တာ ဖြစ်လိမ့်မယ်။ သူမနောက်ကို လိုက်ပြီး ရှင်းပြပါ။ သူ့ကိုလဲ မနက်မှာလာပြီး တွေ့ဖို့ပြောလိုက်ပါ"



အမျိုးသမီးမှာ အံ့အားသလို ဖြစ်သွား၏။ ထို့နောက် ထွက်သွားသည်။ အမျိုးသမီးအခန်းပြန်သွားသည်နှင့် ဒူးပလက် စစ်သည် ရွှန်နီ၏ အိပ်ခန်းသို့ ခပ်မြန်မြန်ဝင်သွား၏။ သူကုလား ထိုင်တွင် ပြန်ထိုင်ချိန်မှာပင် အမျိုးသမီးနှစ်ယောက်ပြန်ရောက် လာသည်။

ကော်ဖီသောက်ချိန်တွင် ရွှန်နီသည် ဒူးပလက်စစ်ကို သေမသာကြည့်နေ၏။ ဒူးပလက်စစ်သည် သူမကို ချစ်ကြောင်း ပြောတော့မည်ဟု ယူဆနေ၏။ ထိုအတွေ့အကြုံမှာ သူမ အတွက် ငြီးနေလေပြီ။ သူမနှင့် တွေ့သောယောကျ်ားအများစုသည် သူမ ကို လက်ထပ်ခွင့် တောင်းမြဲဖြစ်သည်။

သူမ ကိုယ်တိုင်လည်း ဒူးပလက်စစ်ထံမှ ထိုစကားထွက် လာပါစေဟု ဆုတောင်းနေ၏။ သူ့ကြည့်ရသည်မှာ တစ်မျိုးဖြစ် နေ၏။ ကော်ဖီခွက်ကိုင်ထားသော လက်မှာ တုန်နေသည်။

နောက်ဆုံးတွင် သူ့ထံမှ စကားလုံးများထွက်လာသည်။ သူမ ကြိတ်ပြီး သက်ပြင်းချလိုက်၏။ ထိုအချိန်မျိုးတွင် အမျိုးသမီး အများစုသည် ထိုအတိုင်း ဖြစ်တတ်၏။ သူ့စကားများကို ကြည်နူး စွာ နားထောင်နေမိသည်။

"မဒမ်မွိုင်ဆယ်လီလိုရှန်နော့" ဒူးပလက်စစ်က စပြော သည်။ သူမ အံ့ဩသွား၏။ သူမနာမည်ကို သူ သိနေပါလား။ "ကျွန်တော် အတော် စိတ်မကောင်းဖြစ်ရပါတယ်။ ဒါဟာ ခင်ဗျား ကို ချစ်တဲ့ စိတ်ကြောင့်ပါ။ အခုပြောတဲ့ စကားကို ကြားရင် ခင်ဗျား ကျွန်တော့်ကို မုန်းသွားလိမ့်မယ်။ ဒီည ခင်ဗျားမိတ်ဆွေ တွေ ကျွန်တော့်ဆီက ယူသွားတဲ့ သားရေအိတ်ဟာ ခင်ဗျား

ကျွန်တော့်ကို ပေးလိုက်တဲ့သားရေအိတ်ပဲ ဖြစ်ပါတယ်"

ရွှန်နီပြုံးလိုက်၏။ သူမသည် ရှုံးနိမ့်မှုကို ခံနိုင်ရည်ရှိ သည်။

"ဒါဆို အစစ်က ဘယ်မှာလဲ" မေးလိုက်သည်။

"အခု အချိန်ဆိုရင် ဗြိတိသျှသံရုံးရဲ့ မီးခံသေတ္တာထဲမှ ရှိလိမ့်မယ်" ဒူးပလက်စစ်က ဖြေလိုက်သည်။

"ကျွန်တော်ဟာ သိပ် ပါးနပ်တဲ့သူ မဟုတ်မှန်း ခင်ဗျာ သိပါတယ်။ မဒမ်မွိုင်ဆယ်လီ၊ ကျွန်တော့်ကို ပဲရစ်ကိုခေါ်တာဟ ဘေးယဒ်ရဲ့ မီးခံသေတ္တာဖွင့်ဖို့ဆိုတာ မသိခဲ့ဘူး။ ခင်ဗျားပြော စကားကို ကျွန်တော် ယုံကြည်တဲ့အတွက် ကူညီဖို့ ကြိုးစားခဲ့တာပ ဒါဟာ ခင်ဗျားကို ချစ်တဲ့အတွက် ဖြစ်ပါတယ်"

ရွှန်နီမျက်လုံးများ အရောင်လက်လာသည်။

"စာရွက်စာတမ်းတွေကို ကလီချီအဆောက်အဦတည် ဟာနေပြီး ဘယ်လိုအပြင်ရောက်အောင် ထုတ်ခဲ့သလဲ"

ဒူးပလက်စစ်ပြုံးလိုက်၏။ "ဒါက လွယ်လွယ်လေးပ ဘေးယဒ်ရဲ့ အခန်းမှာ ခင်ဗျားရဲ့ ဆုကေ့(စ်)ကို တွေ့တဲ့အချိ ကစပြီး ကျွန်တော် သံသယ ဝင်ခဲ့တယ်။ ဂဲရားဒူးနေ့ဘူတာရုံမှ ခင်ဗျား ကျွန်တော့်ကို နှုတ်ဆက်ပြီး ထွက်သွားချိန်မှာ အဲဒီသေတ္တ ဟာ ကားထဲမှာ ပါသွားတာကို သတိထားမိခဲ့တယ်။ ဘေးယ အခန်းထဲမှာ သေတ္တာကို တွေ့တဲ့အခါမှာတော့ ဒီယက်ပီဘူတာ မှာ ပေါ်တာရဲ့ပေါ့ဆမှုကြောင့် သားရေအဖုံးစုတ်သွားတဲ့ သေတ္တ ဖြစ်ကြောင်း ချက်ချင်းမှတ်မိတယ်။ အဲဒီအချိန်ကစပြီး ခင်ဗျားက သံသယဝင်ခဲ့တယ်။ တံခါးစောင့်နဲ့ လမ်းပေါ်မှာ ကျွန်တော်



စကားပြောခဲ့သူတို့ တီးတိုးစကားပြောတာကို မြင်ရတဲ့အခါ ကျွန်တော် ဒီအဆောက်အဦအပြင်ရောက်ရင် အလုခံရတော့မယ် ဆိုတာကို တွေးမိတယ်"

"ဒါကြောင့် ခင်ဗျားဆီ တယ်လီဖုန်းဆက်ပြီး ညနေခင်း ဝတ်စုံဝတ်ပြီး လာခဲ့ဖို့ ပြောတာပါ။ အဲဒီအချိန်မှာ ခင်ဗျားရဲ့ ဆု(တ်)ကေ့(စ်)ကို ကျွန်တော် ဖွင့်ကြည့်ပြီးပြီ၊ သေတ္တာအပေါ် ဆုံးမှာ အနက်ရောင် အပေါ်ဝတ်အင်္ကျီရှိတာကို တွေ့ပြီးပြီ၊ အဲဒီနောက် စာရွက်စာတမ်းပါတဲ့ သားရေအိတ်ကိုဆု(တ်)ကေ့(စ်) သေတ္တာအဖုံးအံ့ဝှက်ထဲမှာ ထည့်လိုက်တယ်။ သားရေအိတ်အတု ကို ကျွန်တော့်အိတ်ထဲမှာထည့်လိုက်တယ်၊ ခင်ဗျားဟာ ဆု(တ်) ကေ့(စ်)ကို ပြန်တောင်းမယ်ဆိုတာ ကျွန်တော် သိထားပြီးပြီ"

ကျွန်တော် ကွန်တီနင်တယ်မှာ ရောက်နေတုန်း မွန်စီယာလက် ဘလန့်ဆိုတဲ့ လူရောက်လာပြီး ခင်ဗျားနဲ့ စကားပြောခွင့်တောင်း တာကို မှတ်မိသေးသလား၊ အဲဒီလူဟာ ကျွန်တော်တို့အဖွဲ့အစည်း တပဲ။ ဒါဟာ ခင်ဗျားနဲ့ အခန်းစောင့်အမျိုးသမီးကို အခန်းထဲမှ ခဏထွက်သွားအောင် လုပ်တာပါ။ အဲဒီအချိန်အတွင်းမှာ ကျွန်တော်ဟာ ခင်ဗျားအိပ်ခန်းထဲဝင်ပြီး ဆု(တ်)ကေ့(စ်)ထဲက သားရေအိတ်ကို ယူခဲ့တယ်"

"သံရုံးကလူတစ်ယောက်ဟာ အဝတ်လဲခန်းမှာ စောင့် နေတယ်။ ကျွန်တော်ဟာ အဲဒီကိုသွားပြီး သူ့ကို သားရေအိတ် ပေးလိုက်တယ်"

ရွှန်နီသည် သူ့ကို မယုံကြည်နိုင်သလိုကြည့်နေ၏။ ဤအင်္ဂလိပ်လူငယ်သည် သူမ ထင်သလို လူနုံလူအမဟုတ်ပေ။

အလွန်တော်သူဖြစ်ကြောင်း သိလိုက်၏။ သူမ ပြုံးလိုက်သည် ဒူးပလက်စစ်သည် သူမကို ပထမဆုံးအနိုင်ယူသော ယောကျာ် ဖြစ်သည်။

"မွန်စီယာဒူးပလက်စစ်" သူမက ပြော၏။ "ရှင်ဟာ ကျွန်မကို ဒီလုပ်ငန်းမှာ ပထမဆုံးအနိုင်ယူသူပါပဲ။ ကျွန်မကို အနိုင်ယူစေချင်တယ်။ ဒီအတွေ့အကြုံဟာ အသစ်ဖြစ်တယ် ဒါကြောင့် ရှင့်ကို အပြစ်ပေးရမယ်။ ရှင့်ကို ကျွန်မ လက်ထပ်မယ် ဘယ်နှယ့်လဲ"

ဒူးပလက်စစ်မှာ ငါးမိနစ်ခန့် အသက်မရှူနိုင်အောင် ဖြစ်သွား၏။ ရွန်နီ အမှန်တကယ် ပြောခြင်းဟုတ် မဟုတ်ကို မိနစ်နှစ်ဆယ်ခန့် စဉ်းစားနေရ၏။

တစ်ချိန်က ရွန်နီလူကရီးစီးယား (သို့မဟုတ်)မင်းသမီး ရွန်နီ လူကရိဇီ ဒီမီရော(ဖ်)ဖြစ်ခဲ့ပြီး၊ ယခုအခါ မစ္စက်ဗွန်ဒူး လက်စစ်သည် နီးမီးစ်နှင့်အဗီဂွန်အကြားရှိ ဗီလာအိမ်တွင်နေထိုင် ၏။ သူမသည် ကြက်ကလေးများကို အစာကျွေးရင်း အိမ်ပြန်လာ မည့် သူမ ခင်ပွန်းကို မျှော်နေတတ်၏။ အားလပ်ချိန်တွင် သူမ မည်မျှတော်ခဲ့သည်ကို ပြန်တွေးနေခဲ့၏။ သို့သော် သူမ၏ ခင်ပွန်း နှင့် ပတ်သက်၍ အကဲခတ်ပုံမှာ အလွန်ညံ့ဖျင်းကြောင်း တွေးနေ ၏။

ဒူးပလက်စစ်ကို သူ့မိတ်ဆွေများက မည်ကဲ့သို့ရွန်နီလို မိန်းမချောအား သူ့ကို လက်ထပ်ဖို့ဆွဲဆောင်ခဲ့ပါသလဲမေးလျှင် မသိပါဟု သူ ဖြေ၏။ သူ့အဖြေကို မည်သူမှ မယုံသော်လည်း အမှန်ပင် သူ မသိပါပေ။

# ဥပေက္ခာ မချော
## LA Belle Dame Sans Souei
**Peter Cheyney**

ကျွန်တော့်မိတ်ဆွေမိုက်ကယ်အိုရှောင်နက်ဆီ သေဆုံးခဲ့ရသည့်ထူးဆန်းသော အကြောင်းများကို ကျွန်တော် ပြောပြပါမည်။ သူ့အလောင်းအား ဆွန်မားဆက်ရှိုင်းယား နယ်ခြားပွန်နီဘန်တောအုပ်ထဲတွင် တွေ့ခဲ့ပုံကို သင်မှတ်မိပါလိမ့်မည်။ စကော့တလန်ယဒ်မှ အတော်ဆုံးစုံထောက်များပင် လူသတ်သမားကို မိအောင် မစုံစမ်းနိုင်ခဲ့ပါ။ အာဂျင်တိုင်းသဘော်သားတစ်ယောက်က ထိုလူသတ်မှုကို သူ ကျူးလွန်ကြောင်းပြောခဲ့၏။ ထိုသဘော်သားမှာ သူ့ဇနီး၏ ဆူပူမှုကို သည်းမခံနိုင်သဖြင့် လွတ်မြောက်ကြောင်းရှာပြီး ထိုကဲ့သို့ပြောခြင်းလည်း ဖြစ်နိုင်သည်။

ထိုသဘော်သားသည် လန်ဘက် အမှုဖြစ်ပွားသည့်အချိန်က အရက်မူးနေကြောင်း စုံစမ်းသိရှိရသဖြင့် အလုပ်မှ ဖြုတ်သွား၏။

မိုက်ကယ်အိုရှောင်နက်ဆီမှာ အသက်(၃၅)နှစ်အရွယ်၊ ရုပ်ရည်ချောမောသော လူလတ်ပိုင်းတစ်ယောက်ဖြစ်သည်။ ထိုအချိန်က လူတွေစီးပွားရေးကျဆင်းပြီး ပင်ပန်းဆင်းရဲစွာဖြင့် စားဝတ်နေရေးအတွက် ရုန်းကန်နေရပုံကို ကြည့်ပြီး သူ စိတ်ဆင်းရဲနေခဲ့၏။

သူ့နောက်ကြောင်း ရာဇဝင်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ သူ့ကို အင်္ဂလန်တွင် မွေးခဲ့၏။ မိဘများမှာ အိုင်းရစ်နှင့် ပြင်သစ်ဖြစ်သည်။ သူ့စိတ်ဓာတ်မှာထူးခြား၏။ ၁၉၃၉ခုနှစ် ကမ္ဘာစစ်ဖြစ်ချိန်တွင် သူ့အသက်နှစ်ဆယ့်ခြောက်နှစ်ဖြစ်ပြီး၊ ဗိသုကာပညာသင်ကြားနေ၏။

သူစစ်ထဲဝင်ခဲ့၏။ စစ်ထဲတွင် စွန့်စားမှုနှင့် အချစ်ေ
များကြုံခဲ့၏။ သည်းထိတ်ရင်ဖိုဖြစ်ရသော အချိန်များသည် ဖျင်း
သော လူငယ်တစ်ယောက်ကိုပင် စိတ်ဓာတ်တက်ကြွစေ၏။
သည် မြင်းတပ်တွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏
သူ့တပ်ခွဲသည် အယ်လာမိန်းတိုက်ပွဲတွင် နာမည်ရခဲ့၏။ သူ့ဘ
တစ်လျှောက်လုံးကျင့်သုံးလိုက်နာရမည့် ဘဝဒဿနကို ထိုအချိ
က ရခဲ့သည်ဟု ကျွန်တော် ယုံကြည်သည်။

သူသည် အရပ်မြင့်ပြီး မျက်နှာချောင်၏။ ကိုယ်လုံးကို
ပေါက်ပြေပြစ်၍ အချိုးကျ၏၊ ပါးရိုးမြင့်သည်မှာ အိုင်းရစ်အဆ
အနွယ်ကြောင့်ဖြစ်၏။ ပြင်သစ်သွေးပါသဖြင့် စကားအပြောအ
အမူအရာယဉ်ကျေးသိမ်မွေ့၏။ သူသဘောကျပါက အားရပါ
ရယ်မောတတ်သကဲ့သို့ ဝမ်းနည်းလျှင် ငိုတတ်သေးသည်။
သည် နှစ်သက်စရာကောင်းလှပါသည်။

ကျွန်တော် မိတ်ဆွေအကြောင်းကို သင့်အားပြောပြီး
ပြီ၊ သူ သေဆုံးသည့်ညက အဖြစ်အပျက်များကို ယခုပြောပြ
မည်။

၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့၊ ည(၉)နာ
အချိန်ဖြစ်သည်။ မိုက်ကယ်အိုရှောင်နက်ဆီသည် မုတ်ဖန်တွ
အနားယူရန်ရောက်နေ၏။ ထိုနေရာမှာ အေးချမ်းတိတ်ဆိတ်
လူနေနည်းပါးသော အစွန်အဖျားဒေသဖြစ်သည်။ လသာ
သဖြင့် လမ်းလျှောက်ထွက်လာခဲ့၏။ သူသည် လမ်းကြားအတို
လျှောက်လာပြီးနောက် လမ်းမကြီးအပေါ်သို့ တက်လာခဲ့
ထိုလမ်းအတိုင်းလျှောက်သွားပါက နယ်စပ်သို့ရောက်နိုင်သ



သူလမ်းလျှောက်လာစဉ် လရောင်သည် လယ်ကွင်းများ၊ သစ်ပင်များ ခြံစည်းရိုးပေါ်သို့ ထိုးကျနေ၏။

မိနစ်နှစ်ဆယ်ခန့်လမ်းလျှောက်လာပြီးနောက် ဆေးလိပ်သောက်လိုစိတ်ပေါ်လာ၏။ ထိုအချိန်တွင် လေတိုက်နေသည်။ ဆေးလိပ်မီးညှိရန် လမ်းဘေးရှိတောအုပ်အတွင်းသို့ ဝင်ခဲ့၏။ လဲကျနေသော သစ်ပင်တစ်ပင်၏ အစွန်တွင်မြေကွက်လပ်တစ်ခုကိုတွေ့ရ၏။ အိုရှောင်နက်ဆီသည် သစ်တုံးပေါ်တွင် ထိုင်ပြီး စီးကရက်သောက်ရင်း အတိတ်၊ အနာဂတ်နှင့် ပစ္စုပ္ပန်ကာလအကြောင်းကို စဉ်းစားနေ၏။

မကြာခင်ထိုနေရာတွင် သူတစ်ယောက်တည်း မဟုတ်ကြောင်းသိလာသည်။ သစ်ပင်၏ အခြားဘက်တွင် သိုးမွှေးအပေါ်အင်္ကျီဝတ်ထားသော သက်လတ်ပိုင်းအရွယ် လူတစ်ယောက်ထိုင်နေသည်ကို သူ မြင်ရ၏။ ထိုလူသည် စီးကရက်ဖွာလိုက်၊ အိတ်ထဲမှ လက်အိတ်ဖြင့် ပါးစပ်ကိုသုတ်လိုက် လုပ်နေ၏။

အိုရှောင်နက်ဆီသည် ထိုလူကို စိုက်ကြည့်နေ၏။ သူ ဘယ်လိုရောက်လာသလဲဟုလည်း တွေးနေ၏။ မကြာခင် ထိုလူကို သူမြင်ဖူးကြောင်း သတိရလာ၏။ အယ်လ်မိန်းတိုက်ပွဲမဖြစ်ခင်ညက သူသည် ထိုလူနှင့် စကားပြောခဲ့သေး၏။ ထိုညက ထိုလူသည် တိုက်ပွဲဝင်ဝတ်စုံဝတ်ဆင်ထား၏။

ထိုလူက ခေါင်းမှ ဦးထုပ်ကို ချွတ်၍ ယဉ်ကျေးစွာပြော၏၊ 'ကောင်းသောညနေခင်းပါ ကျွန်တော်နာမည် ကရာဇင်ဆတီးပါ ကျွန်တော့်ကို ခင်ဗျားသိမယ်လို့ ထင်ပါတယ်'

"ကျွန်တော်လဲ အဲဒီလို ထင်ပါတယ်" သူက အလိုက်

သင့် ပြောသည်။ "ဒါပေမယ့် ဘာယ်မှာ တွေ့ခဲ့တယ်ဆိုတာကို
မေ့နေတယ်ဗျာ"

"ဖြစ်နိုင်ပါတယ်။ ကျွန်တော်ဟာ မထင်မရှားသူပါ
ထင်ရှားသူလဲ မဟုတ်ပါဘူး။ အချို့က ကျွန်တော့်ကို ဝိညာဉ်လို့
ထင်ကြတယ်။ အချို့က ကျွန်တော့်နေရာအနှံ့အပြား လျှောက်
သွားပြီး လူတွေကို သတိပေးသူလို့ ထင်ကြတယ်။ လူတွေဟာ
ကျွန်တော့် အကြောင်းကို အမျိုးမျိုးပြောကြတယ်ဗျ"

"အမှန်ဝန်ခံရရင် မမျှော်လင့်ဘဲ ခင်ဗျား ရောက်လာ
အတွက် ကျွန်တော် အံ့ဩနေပါတယ်။ ခင်ဗျား တောထဲကထွက်
လာတာကို ကျွန်တော် မမြင်ခဲ့ဘူး" အိုရှောင်နက်ဆီက ပြော
သည်။

"ကျွန်တော် တောထဲက မလာပါဘူး" မစ္စတာကရာ
ဆကီးကပြောသည်။ "ကျွန်တော်ဟာ သွားချင်တဲ့ ဘယ်နေရာ
မဆို အလိုလိုရောက်နိုင်တယ်။ အခုဒီကို လာတာဟာ ခင်ဗျာ
တူတဲ့ ကျွန်တော့် မိတ်ဆွေအကြောင်းပြောပြချင်လို့ပါ။ သူဟ
တစ်ခါက ဒီကမ္ဘာမြေကြီးတစ်နေရာမှာ နေခဲ့တယ်။ တစ်ည
မှာ သူဟာ ဒီနေရာကနေပြီး မိုင်ဝက်ဝေးတဲ့ နေရာမှာရှိ
အိမ်ကြီးတစ်အိမ်ကို ရောက်သွားတယ်"

အိုရှောင်နက်ဆီခေါင်းညိတ်လိုက်သည်။ 'ခင်ဗျား
တာ ဟွန်နီတန်ပလေ့ ဖြစ်လိမ့်မယ်။ အဲဒီနေရာအကြောင်း
ကျွန်တော် ကြားဖူးတယ်၊ ဒီညအဲဒီကို လျှောက်သွားဖို့
ကျွန်တော် ရည်ရွယ်ထားတယ်"

"စိတ်ဝင်စားစရာအကောင်းဆုံး ခနေရာပါပဲ" ကရာ



ဆကီးက ပြောသည်။ "ကျွန်တော် ပြောမယ့်အကြောင်းကို ခင်ဗျား နားထောင်မလား ခင်ဗျား နားထောင်သင့်တယ်ဗျ"

အိုရှောင်နက်ဆီ ပျော်ရွှင်မှုခံစားနေရ၏။ ဘာကြောင့်မှန်းမသိသော်လည်း ယခုပြောပြမည့်အဖြစ်အပျက်သည် သူ့ဘဝနှင့်ပတ်သက်လိမ့်မည်ဟု ထင်နေ၏။

သူက ပြောလိုက်သည် "သိပ် နားထောင်ချင်ပါတယ် ခင်ဗျား"

"ဒါဆို ပြောပြပါမယ်၊ ဒါပေမယ့် အတိုချုံးပြီးပြောပြပါမယ်" လက်ကိုမော့ကြည့်ပြီး "အချိန်သိပ်မရှိတော့ဘူး။ ကဲ ပြောပါတော့မယ်။ ကျွန်တော့်မိတ်ဆွေ အာမန်ဒူးလက်ဟာ မုတ်ဖန်မှာနေတယ်။ တစ်ညမှာ သူဟာ လမ်းလျှောက်ထွက်သွားတယ်။ ဒီနေရာကနေပြီး တစ်မိုင်လောက်လျှောက်သွားတဲ့ အခါမှာ လမ်းဆုံလမ်းခွကို ရောက်သွားတယ်။ ညာဘက်လမ်းဟာ တောင်တုန်းတွေပေါ်ကဖြတ်ပြီး အဝေးကြီးအထိ ဆက်သွားတယ်။ တခြားလမ်းက လျှောက်သွားတဲ့သူဟာ ဟွန်နီတန်ပလေ့ (စ်)ရဲ့ ဝင်းတံခါးဝကို တိုက်ရိုက်ရောက်သွားတယ်"

"အာမန်ဟာ သံတိုင်တွေ စိုက်ထားတဲ့ ဝင်းခြံအဝမှာရပ်ပြီး သူ့ရှေ့မှာ မြင်ရတဲ့ အိမ်ဝင်းခြံကို ကြည့်နေခဲ့တယ်။ ခြံဝင်းထဲမှာ လေပ်ပင်တွေ ချုံတွေသစ်ပင်တွေ ဟိုတစ်ကွက်ဒီတစ်ကွက်ရှိနေတယ်။ အဲ့ဒီသစ်ပင်တွေရဲ့ တစ်ဘက်မှာ ရှေးဟောင်းအိမ်ကြီးတစ်လုံးရှိတယ်။ အခုလိုပဲ လသာနေတယ်၊ လရောင်အောက်မှာ အိမ်ကြီးဟာ အလွန်စိတ်ဝင်စားစရာဖြစ်နေတယ်"

"သူ အံ့ဩသွားတယ်။ ဒီအိမ်ကြီးမှာ လူမနေဘူးလို့ သူ

ကြားထားတယ်။ ဒါပေမယ့် ဒုတိယအထပ်ရဲ့ မြတင်းပေါက်သုံးပေါက်က မီးရောင်ထွက်နေတာကို သူ မြင်ရတယ်။ ဒီအချိန်မှာ ဒီအိမ်မှာ ဘယ်သူတွေ နေသလဲလို့ သူ အံ့ဩနေမိတယ်"

"သူဟာ လှည်းလမ်းကြောင်းအတိုင်း အိမ်ကြီးအနားကို ချဉ်းကပ်သွားခဲ့တယ်။ အိမ်အဝင် တံခါးမကြီးပွင့်နေတဲ့အတွက် အိမ်ခန်းမကြီးထဲကို ဆက်ဝင်သွားတယ်။ မှန်ပြတင်းပေါက်တွေ ပိတ်ထားပေမယ့် လရောင်ဟာ မှန်ကိုထိုးဖောက်ပြီး ကြမ်းပြင်ပေါ် ကျနေတယ်။ သူ ရှေ့က ဧည့်ခန်းထဲမှာ ရှေးဟောင်းပရိဘောဂတွေချထားတာကို မြင်ရလို့ သူ အံ့ဩသွားတယ်။ အိမ်ထဲမှာ ဘာမှမရှိဘူးလို့ သူထင်ခဲ့တယ်။ နံရံပေါ်မှာလဲ အဖိုးတန်ပန်းချီကားတွေ ချိတ်ထားတယ်။ ဘရွန်သတ္တု ဒါမှမဟုတ်ကျောက်ဖြူသားနဲ့ ထွင်းထားတဲ့ ရုပ်ထုတွေဟာ သူ့ကိုအေးစက်တဲ့ အကြည့်တွေနဲ့ ကြည့်နေကြတယ်။

"သူဟာ ထူးဆန်းတဲ့ ပစ္စည်းတွေနဲ့ ပြည့်နေတဲ့ခန်းမအလယ်မှာ ရပ်ပြီး အံ့ဩနေတယ်။ ဒီအိမ်ကြီးကို စူးစမ်းချင်တဲ့စိတ်တွေတဖွားဖွားပေါ်လာတယ်။ မီးရောင်ထွက်နေတဲ့ ပြတင်းပေါက်တွေရှိတဲ့အခန်းကို တက်သွားပြီး ပိုင်ရှင်ကို အောက်ထပ်အဝင်တံခါးပွင့်နေတဲ့ အကြောင်း ပြောပြဖို့ ဆုံးဖြတ်လိုက်တယ်"

ကရာဇင်ဆကီးသည် နှုတ်ဆေးလိပ်ရှိုက်လိုက်ပြန်၏။ သူ့ဆေးလိပ်သောက်သည်မှာ ကြာပြီဖြစ်သော်လည်း ဆေးလိပ်မှာ တိုမသွားပေ။ သူက စကားဆက်ပြန်သည်။ အာမန်ဟာ အခန်းရဲ့ တစ်ဘက်မှာရှိတဲ့ ကျောက်ဖြူလှေကားထစ်တွေကို နင်းပြီး အပေါ်ထပ်ကို တက်ခဲ့တယ်။ ဒီလိုနဲ့ ပထမထပ်ရဲ့ စင်္ကြံ လမ်းကြား



ကို ရောက်သွားတယ်။ လမ်းကြားရဲ့ ဘေးနံရံတွေဟာ မှန်တွေဖြစ်ပြီး ကြမ်းပြင်က မျက်နှာကျက်အထိ တစ်ဆက်တည်းဖြစ်နေတယ်။ မကြာခင်မှာ တံခါးလက်ကိုင်ဘုကို သူတွေ့လိုက်တယ်။

"သူ တံခါးကို လှည့်ဖွင့်လိုက်တယ်။ တံခါးပွင့်သွားတော့ အတွင်းကိုလှမ်းဝင်ပြီး နောက်ဘက်မှ တံခါးကိုပြန်ပိတ်လိုက်တယ်။ အဲဒီနောက် ကော်ဇောခင်းထားတဲ့ ကောက်ကွေ့တဲ့လှေကားအတိုင်း တက်ခဲ့တယ်။ မကြာခင် ကျဉ်းမြောင်းတဲ့လှေကားဆိပ်သို့ ရောက်သွားတယ်။ တစ်ဘက်ကိုထိုးဖောက်မြင်နိုင်တဲ့ မှန်နံရံကာထားတယ်။ အခန်းထဲမှာ အလင်းရောင်မှိန်မှိန်ကို မြင်ရလို့ သူအံ့ဩသွားရတယ်။ ဒါကြောင့် တံခါးဖွင့်ပြီး အတွင်းကိုဝင်လိုက်တယ်"

"သူ ရောက်သွားတဲ့အခန်းကူးစင်္ကြံ လမ်းအကြောင်းကို ပြောပြဖို့ တော်တော်ခက်တယ်။ အခန်းကြမ်းပြင်တစ်ခုလုံးကို ကော်ဇောခင်းထားတယ်။ အဖိုးတန်ပန်းချီကားတွေ ပရိဘောဂတွေ မွမ်းမံထားတယ်။ သင်းပျံ့တဲ့ ရေမွှေးနံ့ကို ရှူရှိုက်နေရတယ်။ လမ်းကြားအဆုံးမှာ တံခါးဟနေတဲ့ အခန်းတစ်ခန်းရှိတယ်။ သူဟာ အခန်းဝကို လျှောက်သွားပြီး တံခါးခေါက်လိုက်တယ်။ ဝင်ခဲ့ပါလို့ အတွင်းက အသံကြားရတယ်"

ကရာဇင်ဆကီးက ပြုံးလိုက်သည်။ "ခင်ဗျားစိတ်ဝင်စားရဲ့လား မစ္စတာ အိုရှောင်နက်ဆီ"

အိုရှောင်နက်ဆီက ခေါင်းညိတ်လိုက်သည်။ "ကျွန်တော်စိတ်ဝင်စားပါတယ်။ နားထောင်လို့လဲကောင်းပါတယ်။ ကျေးဇူးပြုပြီး ဆက်ပြောပါ"

"ကျွန်တော် ရှင်းပြပါ့မယ်" ကရာဇင်ဆက်ကီးက ပြေ
သည်။ "ဝင်လာပါဆိုတဲ့ စကားဟာ သုံးလုံးထဲပါ။ ကမ္ဘာပေါ်မှ
ရှိတဲ့ လူပေါင်းများစွာ နေ့စဉ်ပြောနေတဲ့ စကားလုံးမျိုးပါ
ဒါပေမယ့် အခုပြောတဲ့ စကားလုံးသုံးလုံးဟာ ထူးခြားတယ်
ခင်ဗျားကို ကျွန်တော် ရှင်းပြပါ့မယ်" ကရာဇင်ဆက်ကီးသည် သ
လက်ပေါ်သို့ လာနားသော အဖြူရောင်ဇီးကွက်တစ်ကောင်
ခေါင်းကို လက်ဖြင့်သပ်နေ၏။ "အသံထွက်လာပုံဟာ အတော
ထူးခြားတယ်။ အသံဟာ တုန်ခါပြီး တဖြည်းဖြည်းတိုးသွားတယ်
အဲဒါကို စကားလုံးနဲ့ ကျွန်တော် ဖော်မပြနိုင်ပါဘူး။ အဲဒီအသံ
ကြားရတဲ့ ကျွန်တော့် မိတ်ဆွေဟာ ဒူးတဆတ်ဆတ်တုန်သွာ
တယ်။ တစ်မိနစ်လောက်တုံ့ဆိုင်းနေပြီးနောက် သူဟာ တံခါ
ဖွင့်ပြီး အခန်းထဲကို ဝင်လိုက်တယ်"

"အခန်းထဲမှာ သူ ဘာတွေတွေ့သလဲ" အိုရှောင်နက်
က မေးသည်။

"ကျွန်တော် ပြောပြပါ့မယ်" ကရာဇင်ဆက်ကီးက ပြေ
သည်။ "အခန်းဟာရှည်ပြီး အမိုးနိမ့်တယ်။ အခန်းနံရံတွေဟာ
ခပ်မှိုင်းမှိုင်းအရောင်ဖြစ်တယ်။ နံရံတွေအပေါ်မှာ ဖုံးကွယ်ပြီ
ထွန်းထားတဲ့မီးလုံးတွေက အလင်းရောင်ဟာ ခပ်မှိန်မှိန်လင်း
တယ်။ သူ့ရှေ့တည့်တည့်မှာ သစ်တုံးတစ်တုံးဟာ မီးတောက်
တယ်။ အဲဒီမီးဖိုနံဘေးမှာ အမျိုးသမီးတစ်ယောက်ရပ်နေတယ်
ဝင်လာပါလို့ ပြောတဲ့၊ အမျိုးသမီးဖြစ်တယ်" ကရာဇင်ဆက်ကီ
သက်ပြင်းကို လေးလံစွာချလိုက်၏။ "အာမန်ဟာ အမျိုးသမီး
မျက်လုံးပြူးထွက်မတတ် စိုက်ကြည့်နေခဲ့တယ်။ သူ့တစ်သက်မှ



ဒီလောက် ချောမောလှပပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းမကိုမတွေ့ခဲ့ဖူးဘူး" ကရာဇင်ဆက်ကီးသည် ဇီးကွက်အားလွှတ်လိုက်သဖြင့် အဝေးသို့ ပျံသွားလေသည်။

"အမျိုးသမီးဟာ သိပ်ကိုချောတယ်၊ နီညိုရောင်ဆံပင်တွေဟာ ပခုံးတွေပေါ်မှာ ဝဲကျနေတယ်၊ အေးစက်တဲ့မျက်လုံးညိုတွေက သူ့ကိုစိုက်ကြည့်နေတယ်။ ဒါပေမယ့် သူမရဲ့ နှုတ်ခမ်းတွေဟာစွဲမက်စရာအကောင်းဆုံးလို့ အာမန်ထင်ခဲ့တယ်။ စကားပြောတော့မယ့်ဟန်နဲ့ တလှုပ်လှုပ်ဖြစ်နေတဲ့ နှုတ်ခမ်းတွေရဲ့လှပပုံကိုပြည့်စုံအောင် ကျွန်တော် မပြောနိုင်ပါဘူး" သူက စကားရပ်ပြီး ဆေးလိပ်ဖွာနေပြန်သည်။ နောက် ဆက်ပြောသည်။ "အာမန်ဟာ အဲဒီမှာ ရပ်နေခဲ့တယ်။ နောက်ဆုံးမှာတော့ စကားသံထွက်လာတယ်၊ သူက ပြောလိုက်တယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ဒီအရပ်ကို လမ်းလျှောက်ရင်း ရောက်လာတာပါ။ အိမ်ဝင်းထဲကို ဝင်ကြည့်တဲ့အခါ အိမ်တံခါးပေါက်ပွင့်နေတာ တွေ့ရတယ်၊ အဲဒီအကြောင်းပြောဖို့ ဒီကို ရောက်လာတာပါ"

"အမျိုးသမီးက ချိုသာစွာပြန်ပြောတယ်၊ ရှင်ဟာ အလွန်တော်ပါတယ်။ တစ်ခုခုသောက်ပါဦးလား ရှင်၊ ကျေးဇူးပြုပြီး ထိုင်ပါလို့ ပြောတယ်၊ ဒါနဲ့ အာမန် ထိုင်လိုက်တယ်၊ သူ့မျက်လုံးတွေကို အမျိုးသမီးကိုယ်ပေါ်က မခွာနိုင်အောင် ဖြစ်နေတယ်။ သူမဟာ သူ့အနားက စားပွဲဆီကိုကျက်သရေရှိစွာ ထလာတယ်။ ဝိစကီနဲ့ဆိုဒါကိုရောစပ်ပြီး ဖန်ခွက်ကို သူ့ဆီယူလာတယ်။ အနားကို ရောက်လာတဲ့အခါမှာ အလွန်မွှေးကြိုင်တဲ့ ရေမွှေးနံ့ကို ရှူရှိုက်ရတယ်"

"သူဟာအရက်ခွက်ကို ယူသောက်လိုက်တယ်၊ အဲဒီနောက်ကွဲအက်ရှတတဲ့ အသံနဲ့ ပြောလိုက်တယ်၊ အဲဒီစကားလုံးတွေဟာ သူ့ပါးစပ်က ထွက်လာတာနဲ့ မတူဘူး၊ တခြားလူတစ်ယောက်ပြောနေသလိုပဲ၊ ခင်ဗျားလောက်ချောမောလှပတဲ့ သူကို ကျွန်တော် မမြင်ဖူးဘူး၊ ခင်ဗျားလို ကျွန်တော့်စိတ်ကို လှုပ်ရှားအောင်လုပ်နိုင်သူကိုလဲ ကျွန်တော် မတွေ့ခဲ့ဖူးဘူး၊ ကျွန်တော် ခင်ဗျားကို ချစ်တယ်ဗျာ"

ကရာဇင်ဆကီးက သက်ပြင်းချလိုက်သည်။ "ဒါဟာ ကြည်နူးစရာလို့ ခင်ဗျား မထင်ဘူးလား"

အို ရှောင်နက်ဆီက ပြောသည်။ "တကယ်ကို ကြည်နူးစရာကောင်းတာပေါ့" သူက သဘောတူကြောင်း ပြောသည်။

"နောက်ထပ် ဘယ်လိုဖြစ်သေးလဲ"

ကရာဇင်ဆကီးက ဆက်ပြောသည်။ 'ဒီလိုအချစ်စကားအပြောခံရတဲ့အတွက် အမျိုးသမီးဟာ လုံးဝအံ့သြပုံမရပါဘူး။ သူမဟာ စောစောက သူမထိုင်တဲ့ ထိုင်ခုံမှာပြန်ထိုင်တယ်။ ကျွန်တော့် မိတ်ဆွေကို ရွှန်းလဲ့တောက်ပတဲ့ မျက်ဝန်းတွေနဲ့စိုက်ကြည့်နေတယ်။ သူ့ကို ခြေဆုံးခေါင်းဖျားကြည့်ပြီး ခေါင်းညိတ်တယ်။ ကျေနပ်တဲ့ ဟန်နဲ့ ပြုံးနေတယ်။ အဲဒီနောက် ဝမ်းသာကြည်နူးတဲ့အသံနဲ့ ပြောတယ်။ ရှင် ဒီစကားကိုပြောတာဟာ မဆန်းပါဘူး။ ကျွန်မ ရှင့်အကြောင်းကို တွေးနေခဲ့တာ ကြာလှပါပြီ၊ ကျွန်မဟာ ဒီအခန်းထဲမှာ ညပေါင်းများစွာထိုင်ပြီး၊ ရှင်နဲ့ ရုပ်ချင်းတူတဲ့လူကို စောင့်နေခဲ့တယ်။ ဒါကြောင့် အိမ်တံခါးကို ဖွင့်ထားတာပါ၊ ကျွန်မ ရှင့်ကို အမြဲချစ်နေတာပါ"



ကရာဇင်ဆကီးက ဆေးလိပ်ဖွာပြန်သည်။ "ကဲ အဲဒါကို ခင်ဗျား ဘယ်လိုထင်သလဲ"

အို ရှောင်နက်ဆီက ခေါင်းယမ်းပြသည်။ "ကျွန်တော် ထင်တတ်ပါဘူးဗျာ၊ ကဲ ဆက်ပြောပါ"

ကရာဇင်ဆကီးက ဆက်ပြောသည်။ "ဒီစကားကို ကြားတဲ့ အခါမှာ အာမန်ဟာ သတိမေ့သူလို ခံစားနေရတယ်။ အမျိုးသမီးဟာ ထိုင်ရာကထလာပြီး မီးဖိုရှေ့မှာရပ်တယ်။ သူ့ကို ပြုံးကြည့်ပြီး 'လာပါတော့ မောင်ရယ်လို့' ခပ်တိုးတိုးခေါ်လိုက်တယ်"

ကရာဇင်ဆကီးက သူ့လက်သဲများကို ငုံ့ကြည့်နေ၏။ "သူဟာ အမျိုးသမီးဆီကို တိုးသွားတယ်။ အဲဒီအချိန်မှာ မီးတွေဟာ ထူးဆန်းစွာ ငြိမ်းသွားတယ်"

သူ့စကားပြောသံရပ်သွား၏။ သစ်ပင်၏အခြားဘက်မှ ညည်းလျားသော သက်ပြင်းချသံပေါ်လာသည်။

ကရာဇင်ဆကီးက ဆေးလိပ်ဖွာနေပြန်သည်။ "သန်းခေါင်ကျော်မှာ အာမန်ဒူးလက်ဟာ အမျိုးသမီးကို မခွဲချင်ဘဲ ခွဲခွာနှုတ်ဆက်ပြီး လှေကားအတိုင်း အခန်းလမ်းကြားထဲကို ဆင်းလာခဲ့တယ်။ လှေကားအကွေ့တစ်ကွေ့မှာ မုတ်ဆိတ်အနက်ရှိတဲ့ လူကြီးလူကောင်းတစ်ယောက်နဲ့ တွေ့တယ်။ အဲဒီလူကြီးလူကောင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ မျက်နှာထားရှိပေမယ့် ပြုံးရယ်ပြီး ဟန်ဆောင်ထားတယ်"

"အဲဒီလူကြီးလူကောင်းဟာ အာမန်ရဲ့အောက်လှေကားထစ်အကွာမှာ ရပ်နေတယ်။ သူ့ကို သံသယရှိတဲ့အကြည့်နဲ့

ကြည့်နေတယ်။ အာမန်ကဘေားကိုကပ်ပေးပြီး ဂွတ်(ဒ်)အီးဗ
နင်း"လို့ နှုတ်ဆက်လိုက်တယ်။ အလွန်အဖိုးတန်တဲ့ ညနေခ
ဝတ်စုံဝတ်ထားတဲ့ လူကြီးလူကောင်းက 'အဲဒီလိုဖြစ်ပါစေလို့
မျှော်လင့်ပါတယ်'လို့ ပြောတယ်။ "သူ့လေသံအရ ပိုလန်လူမျိုး
ဖြစ်ကြောင်းသေချာတယ်။ သူက ဆက်ပြောသေးတယ်။ ခင်ဗျာ
ဟာ ကျုပ်ဇနီးရဲ့အခန်းက ထွက်လာမှန်း ကျုပ်သိတယ်။ စကား
ပြောရအောင် ကျုပ်နဲ့ပြန်လိုက်ခဲ့ပါလား့လို့ ပြောတယ်။ အခြေ
အနေအချိန်အခါအရ ကျုပ်မရှိတာရယ်၊ ကျုပ်ဇနီးရဲ့အချစ်ဆ
လောင်တပ်မက်မှုတွေလို့ အကြောင်းပြရင် ကျုပ်လက်ခံတယ်လို့
ထင်သလားလို့လဲမေးတယ်"

"အာမန်က ပခုံးကြုံ့ပြလိုက်တယ်၊ သူဘာပြောနိုင်မှာလဲ
ကရာဇင်ဆကီးက တည်ငြိမ်အေးဆေးစွာ လှမ်းမေးသည်
သူဟာဘေးကိုကပ်ပေးပြီး ပိုလန်လူကြီးလူကောင်းကို ရှေ့ကသွား
ခွင့်ပြုလိုက်တယ်။ ပိုလန်လူကြီးနောက်ကနေပြီး စာကြည့်ခန်းက
လိုက်သွားခဲ့တယ်"

"အာမန်ဟာ စာကြည့်ခန်းအလယ်မှာ ရပ်နေခဲ့တယ်
သူ့အိမ်ရှင်က လက်တန်းပါတဲ့ကုလားထိုင်နှစ်လုံးကို မီးဖိုရှေ့မှာ
ချပေးတယ်။ သူက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်တယ်။ သူက
ပြောပြတယ်။ ကျုပ်ဟာ ကောင့်အလက်ဇီမိုက်ကယ်ဖော့ဆကီး
ဖြစ်တယ်"တဲ့။

အာမန်ကလည်း ပြန်ပြောတယ်။ 'ကျွန်တော်က အာမန်
ဒူးလက်ဖြစ်ပါတယ်။ တွေ့ရလို့ဝမ်းသာပါတယ်"

'ကျွန်တော်တို့ စကားနည်းနည်းပြောကြရအောင်



ခင်ဗျားကို သတ်ဖို့ ရည်ရွယ်ချက်နဲ့ ဒီကို ခေါ်လာတယ်ဆိုတာ
ခင်ဗျားသိပါတယ်နော်၊ ခင်ဗျား သေရတော့မယ် လူကြီးမင်း'

"အာမန်ဟာ ညနေခင်းက တွေ့ကြုံခံစားခဲ့ရတဲ့ ဘဝရဲ့
ဘာယာမှုကို ပြန်လည်သတိရနေတယ်။ သူက ပြောလိုက်တယ်။
လူကြီးမင်း ခင်ဗျားဟာ အတော်ကြီးမားတဲ့ အမှားတစ်ခုကို
ပြုလုပ်တော့မှာ ဖြစ်တယ်။ ဒီည ဆယ်နာရီအထိ ခင်ဗျားဇနီးနဲ့
ဒီအိမ်ကြီးအကြောင်းကို ကျွန်တော်မသိခဲ့ပါဘူး။ ဒီအိမ်မှာ လူနေ
မှန်းလဲ မသိခဲ့ဘူး။ ကျွန်တော်ဘာသာလမ်းလျှောက်ထွက်လာတာ
ပါ။ လရောင်အောက်မှာ ဒီအိမ်ကြီးကို မြင်ရတာ သိပ်စိတ်ဝင်စား
ရောကောင်းပါတယ်။ ဒါကြောင့် အိမ်ဝင်းထဲကိုဝင်လာခဲ့တယ်။
ဒုတိယအထပ်က မီးရောင်ထွက်နေတဲ့ ပြတင်းပေါက်သုံးပေါက်
ကို မြင်ရတယ်။ အိမ်ရှေ့တံခါးလဲ ပွင့်နေတာကိုလဲ မြင်ရတယ်။
ခန်းမထဲကို လှမ်းကြည့်တဲ့အခါမှာ အဖိုးတန်ပန်ချီကားတွေနဲ့
ရှေးဟောင်းပစ္စည်းတွေကို မြင်ရတယ်။ ဒါကြောင့် အိမ်ပိုင်ရှင်ကို
အိမ်ရှေ့တံခါးပွင့်နေကြောင်း ဖောက်ထွင်းသမားတွေဝင်ပြီး
ပစ္စည်းတွေယူနိုင်ကြောင်းကို သတိပေးသင့်တယ်လို့ ယူဆခဲ့တယ်"

"နယ်စားက နှုတ်ခမ်းမွေးကို လက်နဲ့သပ်ပြီးနားထောင်
နေတယ်။ သူက ပြောတာက ခင်ဗျားပြောတာကို ကျုပ်ယုံပါတယ်။
မင်းလေသံက အပြစ်ကင်းကြောင်း အမှန်ကိုပြောနေကြောင်း
ဖော်ပြနေတယ်။ ပြီးတော့ ကျုပ်ရဲ့ အဘိုးကို ပြန်သတိရစေတယ်
တဲ့"

'ကျွန်တော် အမှန်ပြောတာပါ' အာမန်က ပြောပြသည်။
ကြာကြာစကားပြောခြင်းဖြင့် သူ့အသက်ရှင်ဖို့ အခွင့်အရေးပိုရ

မည်ဟုလို့လဲ တွေးမိနေတယ်။

'ကျုပ်ပြောတာလဲ အမှန်ပါပဲ ကျုပ်ရဲ့အဘိုးကောင့် လက်ဇန်ဒရိုမိုက်ကယ်လိုဖက်စကီးဟာ အင်္ဂလိပ်လူမျိုးတွေ သဘောကျတယ်။ ကျုပ်ငယ်ငယ်ကတည်းက အင်္ဂလိပ်စကား သင်ကြားပေးခဲ့တယ်။ အဲဒီအချိန်က အင်္ဂလိပ်စကားဟာ အတော ခေတ်စားခဲ့တာကလား'

နယ်စားဟာ ကုလားထိုင်က ထရပ်ပြီး အခန်းထဲမှာ ခြေလှမ်းကျဲကြီးနဲ့ လျှောက်နေတယ်။ 'မင်းပြောတာကို ကျု ယုံပါတယ်' သူက ထပ်ပြောတယ်။

'ကျွန်တော် အမှန်တရားကို ပြောခြင်းဖြစ်ပါတယ် ဘုရားသခင် ကျွန်တော့်ကို ခွင့်လွှတ်ပါ'

'နယ်စားက ကောင်းပြီ၊ မင်းအတွက် ကောင်းသော ညနေခင်းဖြစ်ပါစေတဲ့' အာမန်က ထရပ်လိုက်တယ်။ သူတို့ဟာ လှေကားကပြန်ဆင်းလာကြတယ်။ နယ်စားက တံခါးဖွင့်ရပ် ပြောတယ်။ 'မင်းကိုပြောပြမယ်၊ မင်းဟာ ကျုပ်အဘိုးနဲ့တူနေလို့ မင်းစကားကို ကျုပ်ယုံတာပါ။ ဒါပေမယ့် ထပ်ပြောလိုက်မယ် နောက်တစ်ကြိမ် ကျုပ်အိမ်ထဲမှာ မင်းကို တွေ့ရင် ကျုပ်ရဲ့မြင် ဒီးသေနတ်နဲ့ ချက်ချင်းပစ်သတ်မယ်၊ မင်းနားလည်တယ်နော်'တဲ့

'ကျွန်တော်တိတိကျကျ သဘောပေါက်ပါတယ် ခင်ဗျာ လို့ အာမန်က ပြန်ပြောခဲ့တယ်။

'ကောင်းပြီ ဂွတ်(ဒ်)နိုက်၊ မစ္စတာဒူးလက်' နယ်စားက ပြောပြတယ်။ မင်းလှေကားက ဆင်းသွားရင် အကွေ့နေရာမှာ မီးခလုတ်နှစ်ခုတွေ့လိမ့်မယ်။ အပေါ်မီးခလုတ်ဟာ မင်းရှေ့က



ကြမ်းပြင်ကို မီးလင်းစေလိမ့်မယ်။ အောက်ခလုတ်ကတော့ အပေါ်ကမီးကို ပိတ်တာဖြစ်တယ်။ ဒါမှ မင်းဟာ အိမ်ထဲက အလွယ်တကူထွက်နိုင်လိမ့်မယ် အဲ့ဒီနောက် တံခါးပိတ်လိုက်တယ်"

"အာမန်သက်ပြင်းချလိုက်တယ်။ လွမ်းစရာကောင်းသောအချစ်ဇာတ်လမ်းဟာ အတိတ်တွင် ကျန်ရစ်ခဲ့လေပြီ၊ သူဟာ စိတ်ပျက်ညှိုးငယ်စွာနဲ့ လှေကားမှဆင်းလာခဲ့တယ်။ လှေကားအကွေ့သို့ရောက်တဲ့အခါ မီးခလုတ်မှားနှိပ်မိသွားတယ်။ သူ့နောက်မှာရော ရှေ့မှာပါ မှောင်သွားတယ်။ ပိုဆိုးတာက မီးခလုတ်ကို ရှာမတွေ့ခြင်းပဲဖြစ်တယ်။ သူဟာ မှန်များကာထားတဲ့လှေကားခုံမှာ ရပ်နေမိတယ်။ ဘယ်ဘက်ကိုလှည့်ပြီး သွားရမှာတိုလဲ မသိတော့ဘူး။ အဲဒီအချိန်မှာ လဝင်သွားပြီဖြစ်လို့ မှောင်နေပြီ။

"အာမန်သည် သူ့အခြေအနေကို စဉ်းစားသုံးသပ်နေ၏။ ကျောက်လှေကားထစ်များကို တွေ့အောင်ရှာနိုင်ရင်အဝင်တံခါးဆီသို့ စမ်း၍ သွားနိုင်မယ်လို့လဲ တွေးမိတယ်"

ကရာဇင်ဆက်ကီး ဆေးလိပ်ရှိုက်နေပြန်၏။ 'ဒီအကြောင်းအရာဟာ စိတ်ဝင်စားဖို့ မကောင်းဘူးလား ကက်တိန်အိုရှောင်နက်ဆီ"

အိုရှောင်နက်ဆီ လန့်သွား၏။ "ဟုတ်ကဲ့ စိတ်ဝင်စားပါတယ်၊ ကျွန်တော့် တစ်သက်မှာ ဒီလိုတစ်ခါမှ စိတ်မဝင်စားခဲ့ဖူးပါဘူး"

"ဒါဆို ကျွန်တော် ဆက်ပြောမယ်၊ အာမန်ဟာ သတိထားပြီး ရှေ့ကို လျှောက်လာခဲ့တယ်။ ကျောက်လှေကားရှိမယ့်

နေရာကိုမှန်းဆပြီး လာခဲ့တယ်။ အဲဒီလိုလာရင်း ခလုတ်တိုက်ပြ
ရှေ့ကို ဟပ်ထိုးလဲသွားတယ်။ လှေကားလက်ရန်းကို ကျော်ပြ
အောက်မှာရှိတဲ့ ဂရိစီယန်အရိုးပြာခွက်ထဲကို ကျသွားတယ်"

ကရာဇင်ဆက်ကီးက ပခုံးကျုံ့လိုက်၏။ "သူ့ခေါင်းမှ
ဒဏ်ရာရပြီး အရိုးပြာအိုးထဲမှာ သတိမေ့နေခဲ့တယ်"

ဤတွင် အိုရှောင်နက်ဆီးသည် ထူးဆန်းသော ခံစာ
တစ်မျိုးဖြစ်ပေါ်လာ၏။ သစ်တုံး၏ တစ်ဘက်စွန်းတွင်ထိုင်
သော ကရာဇင်ဆက်ကီးကို မတွေ့ရတော့ပေ။ သူ အံ့ဩသွား၏
သူ့ခေါင်းမှာ နာကျင်နေ၏။ သူ ကိုယ်တိုင်သစ်တုံးပေါ်တွ
ထိုင်နေခြင်းမဟုတ်တော့ပဲ လဲနေသည်ကိုတွေ့ရ၏။ လက်ဖြ
စမ်းသပ်ကြည့်သောအခါ အေးစက်သော ကျောက်နံရံသား
ကိုင်မိသွားသည်။ သူထထိုင်လိုက်သည်။ ဘယ်လိုဖြစ်တာလဲ
တွေးနေမိသည်။ အိတ်ထဲနှိုက်ကြည့်သောအခါ မီးခြစ်တွေ့ရသဖြ
မီးခြစ်လိုက်သည်။

မီးရောင်ဖြင့် သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်
အလွန်ကြီးမားသော မြေအိုးကြီးတစ်လုံး၏ အောက်ခြေတွ
သူထိုင်နေကြောင်း သိရသဖြင့် အံ့ဩသွား၏။ ထို့နောက် မြေအ
ကို ကုတ်ခြစ်တွယ်တက်၍ အပြင်သို့ထွက်လာခဲ့၏။ ထိုအချိန်တွ
လပြန်ထွက်လာချေပြီ။

သူသည် ခန်းမကြီးအဝင်အဝတွင် ရပ်နေ၏။ စောစေ
က ကရာဇင်ဆက်ကီးပြောခဲ့သည့်အတိုင်းပင် ဖြစ်သည်။ သူဒီ
ဘယ်လိုရောက်လာပါလိမ့်ဟု တွေးနေသည်။ ဤနေရာသ
ကရာဇင်ဆက်ကီးပြောခဲ့သည့် အာမန်ဒူးလက်ရောက်ခဲ့သော အိ



နိုင်၏။ ကျယ်ပြန့်သော ကျောက်ဖြူလှေကားထစ်များပေါ်
တွင် ထိုင်စဉ်းစားနေသည်။ သူ မူးသွပ်နေပြီလား ကရာဇင်ဆက်ကီး
ပြောခဲ့သော အာမန်ဒူးလက်၏ စွန့်စားခန်းကို သူ့အိပ်မက်
မက်နေခြင်းလား။

အဖြစ်အပျက်အားလုံးကို သူ မှတ်မိနေသည်။ သူ
ဆင်းလျှောက်လာသည်။ ဆေးလိပ်မီးညှိရန် တောထဲသို့ ဝင်ခဲ့
သည်၊ သစ်တုံးပေါ်တွင် ထိုင်နေချိန်တွင် ကရာဇင်ဆက်ကီးနှင့်
တွေ့ခဲ့သည်။ သူ ပခုံးကြုံ့လိုက်သည်။ ဒါတွေ ပြန်တွေးနေလို့
အကျိုးမရှိ သူ ဘာဆက်လုပ်ရမလဲ။

သူ ပြုံးလိုက်မိသည်။ ကရာဇင်ဆက်ကီးပြောသည့်အတိုင်း
ဤအိမ်ကြီးသို့ သူ ရောက်လာလေပြီ၊ ပုံပြင်သည် ဤအဆင့်အထိ
မှန်နေသဖြင့် ကျန်သောအဖြစ်အပျက်သည်လည်း အမှန်ဖြစ်ပေ
မည်၊ အိုရှောင်နက်ဆီးသည် မှန်ကာထားသော စကြံ လမ်းကြား
အပြင်ပေါ်မှ တံခါးလက်ကိုင် လှပသော အမျိုးသမီး၏ အခန်းသို့
ရောက်သော ကွေ့ကောက်လှေကား စသည်တို့ဖြင့် လရောင်
သည် မှန်ပြတင်းမှ ထိုးဖောက်လင်းနေသည်။ သူသည် ကျောက်
ဖြူလှေကားထစ်များကို တက်လာခဲ့၏။ လှေကားထိပ်တွင် စကြံ
လမ်းကြားထဲသို့ ဝင်လိုက်၏။ ကရာဇင်ဆက်ကီးပြောသော ရေမွှေး
နံ့ကို သူ ရှူရှိုက်ရလေသည်။

အိုရှောင်နက်ဆီသည် လမ်းကြားအတိုင်းလျှောက်လာခဲ့
၏။ လမ်းကြားအဆုံးသို့ ရောက်သောအခါ သူ့ရှေ့မှ တံခါးကို
ခေါက်ရန်ဟန်ပြင်လိုက်၏။ ထိုအခိုက် လမ်းကြားတစ်ခုအတွင်းမှ
မိန်းမသံ...ယ်စားထွက်လာနေသည်ကို တွေ့လိုက်ရသည်။

နယ်စားကိုတွေ့ရမည်ဟု မျှော်လင့်မထားသဖြင့်
တုန်လှုပ်သွား၏။ နယ်စား၏ ပြုံးရွှင်သော မျက်နှာကို မြင်
သာ စိတ်သက်သာသွား၏။

"အခုလို ပြန်တွေ့ရတဲ့အတွက် ဝမ်းသာပါတ
နယ်စားက နှုတ်ဆက်သည်။ "အခန်းထဲ မဝင်တော့ဘူးလား

အိုရှောင်နက်ဆီသည် စာကြည့်ခန်းရှိသော လမ်းကြား
သို့ ဝင်သွား၏။ နယ်စားက တံခါးပိတ်ပြီး မီးဖိုရှေ့ကို ကုလား
ကို ညွှန်ပြ၏။

"ခင်ဗျားကို ချက်ချင်းပြန်တွေ့ရတဲ့အတွက် ကျုပ်အံ့
နေမိတယ် မစ္စတာ ဒူးလက်" နယ်စားက ပြော၏။ "ဒီလိုတွေ့
ဘာဖြစ်မယ်ဆိုတာကို ကျုပ် သတိပေးခဲ့တယ်နော်"

အိုရှောင်နက်ဆီးက ရှင်းပြ၏။ "နယ်စားကြီး ခင်
လူမှားနေပြီ၊ ကျွန်တော့် နာမည်ဒူးလက်မဟုတ်ပါဘူး အိုရှော
နက်ဆီပါ ကျွန်တော်လမ်းလျှောက်ထွက်လာတာပါ"

"အဓိပ္ပာယ်မရှိတာ မပြောပါနဲ့" နယ်စားက ပြန်
သည်။ "ဒီအိမ်ရဲ့ အနေအထားကို ခင်ဗျား ဘယ်လိုသိသ
ခင်ဗျားဟာ အာမန်ဒူးလက်ဖြစ်တယ် ဒါကြောင့် ဒီအိမ်ရဲ့ အ
အထားကိုသိတာ၊ လွန်ခဲ့တဲ့ တစ်နာရီကျော်ကပဲ ဒီအိမ်ကို ခင်
ရောက်ခဲ့တယ်။ ဒီအခန်းထဲမှာ ခင်ဗျားဟာ ကျုပ်ကို အဖြ
အဖျက်တစ်ခုကို ပြောပြခဲ့တယ်။ ခင်ဗျား ပြောတာကို ကျုပ်
ကြည့်ခဲ့တယ်။ ခင်ဗျား ထွက်သွားတဲ့နောက်ပိုင်းမှာ ကျုပ်ဇနီး
အခန်းကိုသွားခဲ့တယ်။ သူမရဲ့ မျက်နှာပေါ်မှာ ကျေနပ်တဲ့အ
အယောင်တွေပေါ်နေတာ တွေ့ရတယ်။ ခင်ဗျားကို ကျုပ်ယုံကြ



မှားသွားမှန်းသိလိုက်တယ်"

"ကျုပ် သတိပေးထားလျက်နဲ့ ခင်ဗျားဟာ မျက်နှာ
ပြောင်တိုက်ပြီး ထပ်လာသေးတယ်၊ ခင်ဗျားဘယ်လိုအပြစ်ပေး
မယ်ဆိုတာကိုတော့ သိတော့ မဟုတ်လား"

အိုရှောင်နက်ဆီ စဉ်းစားနေ၏။ အခြေအနေမှာ
ကောင်းပါ၊ သို့သော် သူ့စိတ်ကို ထူးဆန်းသောအတွေးအခေါ်
တစ်ခုခုက လွှမ်းမိုးနေ၏။ နယ်စားက အာမန်ဒူးလက်အား
ညီတဲ့သို့ ခြိမ်းခြောက်ထားသည်ကို သူသိသည်။ နယ်စားသည်
သူ့အား ဒူးလက်ဟုယူဆပြီး ထိုစကားကို ပြောခြင်းဖြစ်သည်။

အိုရှောင်နက်ဆီ အခွင့်ပေးလိုက်သည်။ သူကမေးသည်။
ပြိုင်းစီးသေနတ်နဲ့ ပစ်သတ်မှာကို ပြောတာလား"

နယ်စားက ညင်သာစွာ ခေါင်းညိတ်ပြသည်။ "ဟုတ်တယ်
ဒီသေနတ်ကို ခင်ဗျားကိုပြမယ်" နယ်စားသည် အခန်းထောင့်ရှိ
ဗီရိုဆီသို့ လျှောက်သွားပြီး ဖွင့်လိုက်၏။ ထို့နောက် အလွန်ကြီး
သော ပစ္စတိုသေနတ်ကို ယူသည်။ "ဒီပစ္စတိုဟာ ကျုပ်အဘိုးရဲ့
ပစ္စည်းပဲ၊ သူဟာ အင်္ဂလိပ်လူမျိုးတွေကို သိပ်သဘောကျတယ်။
ဒီသေနတ်မှာသုံးတဲ့ ကျည်ဆံဟာ အတော်ကြီးတယ်။ ခင်ဗျား
စိတ်မကြောက်ပါနဲ့၊ ဝေဒနာမခံစားရဘဲ ချက်ချင်းသေသွားမှာပါ။
ယုံကြည်ဖို့ မတော်တပ်ရပ်ပါ၊ ထိုင်နေတဲ့ပစ်မှတ်ကို ကျုပ် မပစ်လိုဘူး"

အိုရှောင်နက်ဆီက ထရပ်လိုက်သည်။ သူက ပြောသည်။
ကြည့်ရတော့မယ့် လူတစ်ယောက်ဟာ အခွင့်အရေးတစ်ခုတော့
ရသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်"

နယ်စားက ပြုံးလိုက်သည်။ "ဖြစ်သင့်ပါတယ် ခင်ဗျား

ဘာလိုချင်သလဲ"
"ကျွန်တော်ဟာ အာမန်ဒူးလက်မဟုတ်တဲ့ အကြော
ရှင်းပြပေမယ့် ခင်ဗျား ယုံမှာ မဟုတ်ဘူး။ ခင်ဗျားနေရာ
ကျွန်တော် ဖြစ်နေရင်လဲ ယုံမှာမဟုတ်ဘူး။ အခုအဖြစ်အပျက်
ထူးဆန်းတဲ့ တန်ခိုးရဲ့ ဖန်တည်းမှုပဲဖြစ်နေတယ်။ ဒီတေ
ကျွန်တော့်ကို အခွင့်အရေးတစ်ခုပေးစေချင်ပါတယ်။ ကျွန်တေ
ကို နောက်ဆုံးအနေနဲ့ ခင်ဗျားရဲ့ လုပတဲ့ဇနီးကို ကြည့်ခွင့်ပြု
ချင်ပါတယ်။ အခုအချိန်မှာ သူမဟာ အိပ်နေမယ်လို့ ထင်
တယ်။ ဒါပဲ ကျွန်တော် တောင်းဆိုပါတယ်"
"ဒါကို ကျုပ်ခွင့်ပြုပါတယ်" နယ်စားက ပြောသ
"ကျုပ် ဒီကပဲ စောင့်နေပါမယ်"
အိုရှောင်နက်ဆီက ကျေးဇူးစကားပြောပြီး စာကြည့်
မှ ထွက်လာခဲ့သည်။ လမ်းကြားသို့ ပြန်ဆင်းလာပြီး အိပ်
တံခါးကို တွန်းဖွင့်သည် အခန်းထဲကို ကြည့်လိုက်သည်။
ကျယ်ပြန့်သော ခုတင်ပေါ်တွင် အစိမ်းရောင်ကတ္တ
အိပ်ရာခင်း လွှမ်းထားသည်။ ထိုအိပ်ရာခင်းပေါ်တွင် သူမြ
သမျှတွင် အလှပဆုံး မိန်းမတစ်ယောက်လဲလျောင်းနေသ
သူမ၏ ရင်သားများသည် ဝင်လေထွက်လေအတိုင်း မြင့်လိုက်
လိုက်ဖြစ်နေသည်။ မပွင့်တစ်ပွင့်ဟနေသော နှုတ်ခမ်းနှစ်
အကြားမှ လှပသော သွားများကို မြင်နေရသည်။
အိုရှောင်နက်ဆီးသည် သူမကိုစိုက်ကြည့်နေမိသ
ထို့နောက် သူ ပြန်သွားရမည်ဖြစ်ကြောင်း သတိရလာသ
သူမကို ပြုံး၍ ခပ်တိုးတိုးနှုတ်ဆက်လိုက်သည်။ "ကောင်းေ



ညချမ်းဖြစ်ပါစေ အချစ်ရယ်"

အမျိုးသမီးသည် အနည်းငယ်လှုန့်လာသည်။ အိပ်ချင်မူးတူးလေသံဖြင့် ပြန်ပြောသည်။ "ဂွတ်(ဒ်)နိုက်ဒါလင်"

အိုရှောင်နက်ဆီ သက်ပြင်းချပြီး လှည့်ထွက်လာခဲ့သည်။

စာကြည့်ခန်းအတွင်း မီးဖိုရှေ့တွင် နယ်စားရပ်နေသည်။ လက်တစ်ဘက်တွင် ဝိုင်အရက်ခွက် တစ်ဘက်တွင် သေနတ်ကိုင်ထားသည်။

နယ်စားက မေးသည် "ခင်ဗျားဘယ်လို ခံစားရသလဲ"

"ပြောမပြနိုင်အောင် ကြည်နူးမိပါတယ်" အိုရှောင်နက်ဆီက ဖြေသည်။ "ဒါဟာ ထိုက်တန်ပါတယ်လေ၊ သေမှာကို ကြောက်တော့ပါဘူး"

"ဒါဟာ စိတ်ဓာတ်ပါပဲ၊ ခင်ဗျား ဝီစကီနဲ့ ဆိုဒါသောက်ဦးမလား" နံရံကပ်စင်ပေါ်ရှိ အရက်ပုလင်းကို ညွှန်ပြ၍မေးသည်။

အိုရှောင်နက်ဆီသည် အရင်စင်ဆီသို့ လျှောက်သွား၏။ နယ်စားကိုကျောခိုင်း၍ ဝီစကီနှင့်ဆိုဒါကို ရောစပ်နေသည်။ သူ အရက်သောက်ချိန်တွင် နယ်စားက သေနတ်နှင့် ပစ်မည်ကို သူ သိသည်။ ထိုအခါ ကက်ပတိန်မိုက်ကယ်အိုရှောင်နက်ဆီ၏ ဘဝသည် နိဂုံးချုပ်ပေလိမ့်မည်။

အရက်ခွက်ကို ပါးစပ်ဆီသို့ ခပ်ဖြည်းဖြည်းမယူလိုက်သည်။ ထိုအချိန်တွင် မမျှော်လင့်သော အဖြစ်အပျက်ပေါ်လာသည်။ တံခါးပွင့်လာပြီး တံခါးဝတွင် အမျိုးသမီးရပ်နေသည်။ သူမက နယ်စားကိုပြောသည်။ 'အလက်ဇီ ရှင် ဒီလိုမလုပ်ပါနဲ့' အသံမှာ စူးရှလှသည်။

ပစ္စတိုသေနတ်သံပေါ်လာသည်။ ဖန်ခွက်လွတ်ကျပြ
ကွဲသွားသည်။ ထို့နောက် သေခြင်းတရား။ သူ့ကို အမှောင်ထုက
ဖုံးလိုက်တော့သည်။

အိုရှောင်နက်ဆီ မျက်လုံးဖွင့်လိုက်သည်။ သူသည်
ပက်လက်လှန်ပြီး လကိုကြည့်နေသည်။ ထို့နောက် ထထိုင်လိုက်
သည်။ မြေကွက်လပ်အလယ်ရှိ သစ်တုံးကိုမှီထိုင်နေကြောင်း သတိ
ပြုမိသည်။ သူမသေပါ၊ သေနတ်ဖြင့် ပစ်သတ်ခြင်း မခံရပါ။

သူရယ်လိုက်သည်။ သူ့အဖြစ်အပျက်မှာ ရယ်စရာ
ကောင်းနေသည်။ အိပ်မက်တစ်ခုသာ ဖြစ်သည်။ မကြာခင်က
မြေကွက်လပ်သို့ သူ ရောက်လာသည်။ သစ်တုံးပေါ်တွင် ထိုင်၍
ဆေးလိပ်သောက်နေခဲ့သည်။ ထို့နောက် သစ်တုံးပေါ်မှ လဲကျပြီး
စက္ကန့်အနည်းငယ်ကြာအောင် အိပ်ပျော်သွားခြင်းဖြစ်သည်။
ထိုအချိန်အတွင်း သူ အိပ်မက်မက်ခဲ့ခြင်းဖြစ်သည်။

အလွန် ကြောက်စရာကောင်းသော အိပ်မက်ပင်ဖြစ်
သည်။

သူ ထရပ်ပြီး အဝတ်အစားများကို သပ်ရပ်အောင်ပြု
ပြင်လိုက်သည်။ စီးကရက်ထုတ်၍ မီးညှိဖွာရှိုက်လိုက်သည်။

ကွက်လပ်ကိုဖြတ်၍ လမ်းမကြီးသို့ ပြန်လျှောက်လာခဲ့
သည်။ ညမှာ အလွန်သာယာနေသည်။ လရောင်သည် အေးမြ
နေသည်။ ဆယ်မိနစ်ခန့်အကြာတွင် လမ်းခွဆုံသို့ ရောက်လာ
သည်။ ညာဘက်လမ်းသည် တောင်ကုန်းပေါ်သို့ တက်သွားသည်။

အိပ်မက်ထဲတွင် ကရာဇင်ဆကီးက ထိုလမ်းအကြောင်း
ပြောသည်ကို ပြန်သတိရလာသည်။



လက်ဝဲဘက်လမ်းအတိုင်း သူလျှောက်လာသည်။ သုံး
မိနစ်ခန့်အကြာတွင် သံတိုင်များစိုက်တပ်ထားသော ဝင်းတံခါး
ရှေ့သို့ ရောက်လာသည်။ တံခါးကိုဖွင့်၍ အိမ်ဝင်းထဲသို့ ဝင်ခဲ့
သည်။ ရှည်လျားသော မြင်းရထားလမ်းအဆုံးတွင် ထီးထီးမားမား
ရပ်နေသော အိမ်ကြီးကို မြင်ရသည်။ အိမ်ကြီးမှာ အိုမင်းလှသည်။
…ဘီယထပ်ပြတင်းပေါက်သုံးပေါက်မှ အလင်းရောင်ထွက်နေ
သည်။

အိမ်ရှေ့တံခါးမှာ ပွင့်နေသည်။ အိမ်ထဲသို့ ဝင်လာခဲ့
သည်။ မှန်ပြတင်းပေါက်မှ လရောင်တိုးဝင်နေသောကြောင့်
…မထဲတွင် လင်းနေသည်။ အိမ်မက်ထဲတွင် ကရာဇင်ဆကီးက
…တို ပြောပြသော ခန်းမဖြစ်သည်။

ယခု သူ အိပ်မက်မက်နေတာလား ခန်းမကိုဖြတ်လာပြီး
…ာက် ကျယ်ပြန့်သော ကျောက်ဖြူလှေကားထစ်များကို
…က်လာခဲ့သည်။ လှေကားထိပ်တွင် မှန်ကာထားသော လမ်းကြား
… တွေ့ရသည်။ အိပ်မက်အတိုင်းမှန်လျှင် တံခါးလက်ကိုင်းကို
…ရပေမည် မှန်နံရံပေါ်တွင် သူ ရှာကြည့်သည်။

တံခါးလက်ကိုင်မှာ သူရှေ့တွင် ရှိနေသည်။ တံခါးကို
…ဖွင့်လိုက်သည်။ တံခါးပွင့်သွားသောအခါ ကွေ့ကောက်သော
…ကားကို တွေ့ရသည်။ အပေါ်တွင် မှန်တံခါးပိတ်ထားသော
… အိပ်ခန်းရှိသည်။

သူ သက်ပြင်းချလိုက်သည်။ ထို့နောက် တစ်ကိုယ်တည်း
…ခင်း မှန်တံခါးဆီသို့ လှေကားမှ ခပ်ဖြည်းဖြည်း တက်သွား
…တော့သည်။

# ဗဲလ်ဗက်ဂျွန်နီ

## Velvet Johnnie

**Peter Cheyney**

စုံထောက်ရဲမှူးဂရင်ဂယ်သည် စုံထောက်ဆာဂျင်ဟွမ်း၏ အခန်းထဲသို့ဝင်လာပြီးနောက် တံခါးကို ပြန်ပိတ်ပြီး ကျောမှီရပ်လိုက်သည်။

သူက လွှမ်းဆွတ်သတိရဟန်ဖြင့် ပြုံးရင်း "ဒီကနေ့ ဘာနေ့လဲဆိုတာ သိတယ်မဟုတ်လား ဟွမ်း၊ ၁၉၄၉ခုနှစ် ဖေဖော်ဝါရီလနှစ်ရက်လေ"ဟု ပြောလိုက်သည်။

ဟွမ်းကမော့ကြည့်ပြီး စိတ်မကောင်းစွာဖြင့် ပြန်ပြောသည်။ "ဟုတ်ကဲ့ သိပါတယ်။ မစ္စတာဂရင်ဂယ်၊ လွန်ခဲ့တဲ့သုံးနှစ် ဖေဖော်ဝါရီလ နှစ်ရက်နေ့က ကရန်လေးဆိုတဲ့ လူငယ်တစ်ယောက်ဟာ ဆောက်(သ်)အိ(စ်)ဒီစတြိတ်မှာ အသတ်ခံခဲ့ရတယ်။ သူဟာ ပိုက်ဆံချမ်းသာတယ်လို့ သိရတယ်။ အဲဒီနေ့မနက်က လူတစ်ယောက်ဟာ သူ့အိမ်ထဲကိုဝင်ပြီး မီးခံသေတ္တာကိုဖွင့်ဖို့ ကြိုးစားသတဲ့၊ အဲ့ဒီအချိန်မှာ ကရန်လေးဟာ အိမ်ပေါ်ကဆင်းလာတာနဲ့ကြုံကြိုက်ပြီး သူ့ခေါင်းကိုသံတူရွှင်းနဲ့ ရိုက်ခဲ့တယ်လို့ ယူဆကြတယ်။ ဒါဟာ လွန်ခဲ့တဲ့သုံးနှစ်က ဖြစ်ခဲ့တာပါ။ အဲဒီအမှုကို စုံစမ်းဖော်ထုတ်ဖို့ ခင်ဗျား ကျွန်တော့်ကို တာဝန်ပေးခဲ့တယ်လေ။ ဒီနေ့အထိ တရားခံမမိသေးဘူး"

"ဟုတ်တယ် ဟွမ်း" ရဲမှူးက ပြောသည်။ "ဒီအမှု
မင်း မေ့နေပြီလား၊ ဘာမှဆက်ပြီး မစုံစမ်းတော့ဘူးလား"

ဟွမ်းက ခေါင်းရမ်းပြီး "ကျွန်တော်မမေ့ပါဘူး ဆရာ
တစ်နှစ်ပြီးတစ်နှစ် စုံစမ်းခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်မှ
ဒီပြင်အမှုတွဲလဲ ရှိပါတယ်။ ကျွန်တော့်မှာ သက်သေအထော
အထားမရှိဘူး။ ကျွန်တော် တတ်နိုင်သလောက်ကြိုးစားပြီးပါပြ
အခု ကျွန်တော် ဘာလုပ်ရမလဲ ကျွန်တော် အကြားအမြင်မရ
ဘူး"

ဂျရင်ဂယ်က ပြုံးလိုက်သည်။ "ငါ ဒီလို မဆိုလိုပါဘူ
ငါ့ပြောခဲ့တာကို မင်းသိပါတယ်"

ဟွမ်းက ခေါင်းညိတ်သည်။ "ကျွန်တော် မှတ်မိပါတယ်
ဗှာလေ့လို့ခေါ်တဲ့ လူငယ်ဟာ ဒီအမှုနဲ့ပတ်သက်တယ်လို့ ခင်ဗျ
ပြောခဲ့တယ်။ သူ့ကို ဗွိုက်(စ်)လို့လဲ ခေါ်ကြတယ်။ သူဟ
ဖေဖော်ဝါရီလ (၁)ရက်နေ့ညက ဘယ်မှာရှိသလဲဆိုတာ
ကျွန်တော့်ကို စုံစမ်းခိုင်းခဲ့တယ်။ အဲဒီအချိန်က သူဟာ ဒီတိုင်းပြ
မှာ မရှိဘူးဆိုတာ သိရတယ်။ သူ ညြစတေးလျကို ရောက်
တယ်။ ဒါပေမယ့် ဘယ်မှာနေသလဲဆိုတာကိုတော့ ဘယ်သူ
မသိဘူး။ နောက်ကိုးလအကြာမှာ သူဒီကို ပြန်ရောက်လာတယ်
အဲဒီအချိန်မှာ ကျွန်တော် သူ့ကို သွားတွေ့တယ်။ အဲဒီအချိန်
ဘရစ်တန်မှာ သူနေတယ်။ အခုလဲ အဲဒီမှာနေတုန်းပဲ၊ ၁၉၄၆ခုနှ
ဖေဖော်ဝါရီလ(၁)ရက်နေ့ညက သူ ဘာလုပ်နေသလဲလို
ကျွန်တော် မေးတဲ့အခါမှာ မသိဘူးလို့ပြောတယ်။ ဒါဟာ သဘာ
ကျပါတယ်"



ဂျရင်ဂယ်မျက်ခုံးပင့်လိုက်သည်။

"သူက ပြောပါတယ်။ လူတစ်ရာမှာ ကိုးဆယ်ကိုးယောက်
ဟာ လွန်ခဲ့တဲ့ကိုးလ ညတစ်ညက ဘာလုပ်နေတယ်ဆိုတာကို
ပြောနိုင်ဘူးလို့ ပြောပါတယ်။ သူလဲ မပြောနိုင်ဘူးလို့ ဖြေတယ်"

ဂျရင်ဂယ်က မေးသည်။ "သူ ပြောတာကို မင်း ယုံ
သလား"

ဟွမ်းက ပခုံးတွန့်ကြို့လိုက်သည်။

"ကျွန်တော် ယုံတယ်မယုံဘူးဆိုတာ ဘာမှ အကျိုးမရှိပါ
ဘူးဆရာ။ ဗှာလေ့ဟာ လူဆိုးတစ်ယောက်မှန်း ကျွန်တော် သိပါ
တယ်။ အခုလဲ လူကောင်းမဟုတ်ပါဘူး။ ဒါပေမယ့် သူ့ကို ဘာမှ
လုပ်လို့မရဘူး။ သူဟာ အတော်ပါးနပ်တယ်။ သူ့ကို လူသတ်မှု
အတွက် ဖမ်းစရာဘာအကြောင်းမှ မရှိဘူး။ ဒီတော့ ကျွန်တော်
ဘာတတ်နိုင်မှာလဲ၊ သူ ပြောတာမှန်တယ်လို့ပဲ ယူဆရမယ်။
လွန်ခဲ့တဲ့ကိုးလ ညတစ်ညက ဘာလုပ်နေသလဲလို့ မေးရင် ဆရာ
လဲ ဖြေနိုင်မှာ မဟုတ်ဘူး"

ဂျရင်ဂယ်က ပြောသည်။ "မင်း ပြောတာ သဘာဝ
ကျပါတယ်။ ဒါပေမယ့် ကရန်လေးရဲ့အမှုအကြောင်းကို မမေ့ပါ
နဲ့ ခဲ(လ်)ဗက်ဖွန်နီကို သတိရပါ"

ဟွမ်းက ခေါင်းညိတ်သည်။ "ခဲ(လ်)ဗက်ဟာ ရှေ့အပတ်
မှာ ထောင်ကလွတ်လိမ့်မယ်။ သူလဲ လူပါးတစ်ယောက်ပါပဲ။
ထောင်းအေကာ အာမခံရုံးကိစ္စမှာ သူ တစ်ချက်မှားခဲ့တယ်။
အဲဒီညက သူဟာ ဒေါ်လာနှစ်ထောင်ရသွားတယ်။ အင်္ဂါနေ့မှာ
သူ ထောင်က လွတ်လိမ့်မယ်"

ဂရင်ဂယ်က ပြောပြသည်။ "ကရန်လေးအခန်းကို
သွားကြည့်တုန်း ခြေရာလက်ရာတွေဟာ ဖဲ(လ်)ဗက်ဂွန်နီ
လုပ်နည်းလုပ်ဟန်တွေနဲ့ တူတာကို တွေ့ရတယ်ကွ၊ အိမ်ရှေ့တံ
ပွင့်နေတယ်။ နောက်ဖေးတံခါးဟာ မင်းတုံးချထားတယ်။ ပြတ
ပေါက်တွေ ကန့်လန့်ကာတွေ ပိတ်ထားတယ်"

ဟွမ်းက လက်ဖဝါးနှစ်ဘက်ကို ဖြန့်ပြသည်။ "မှန်
တယ် ဆရာ ဒါဟာ ဖဲ(လ်)ဗက်ဂွန်နီရဲ့ လုပ်နည်းလုပ်ဟန်
ပါပဲ၊ အဲဒါကို ကျွန်တော် မစဉ်းစားမိဘူးလို့ ဆရာထင်လို့လာ
ဒါပေမယ့် လူသတ်မှုနဲ့ ဘယ်လိုမှ ဆက်စပ်လို့မရဘူး။ အဲဒီည
သူ ဘယ်မှာရှိတယ်ဆိုတာကို အလီဘိုင်ပြနိုင်တယ်"

ဂရင်ဂယ်က မေးသည်။ "သူ ဘယ်လို အလီဘိုင်
သလဲ"

"သူဟာ လီလီမလုန်းဆိုတဲ့ မိန်းကလေးနဲ့ အတူရှိ
တယ်" ဟွမ်းက ဖြေသည်။

ဂရင်ဂယ်က ထပ်မေးသည်။ "ဒီပြင်သူ့ကို မြင်တဲ့လ
ကော ရှိသလား"

"မရှိဘူး" ဟွမ်းက ဖြေသည်။ "အမျိုးသမီးလိမ်ပြော
တယ်လို့ ခင်ဗျား ထင်တယ်။ မဟုတ်လား၊ ဒါပေမယ့် ဂျူရီအဖွဲ
ကတော့ ဒီလိုထင်မှာမဟုတ်ဘူး။ အဲဒီအလီဘိုင်ကြောင့် ဖဲ(လ်
ဗက်လွတ်သွားမှာပဲ။ လီလီမလုန်းကို ဘယ်သူကမှ လိမ်ပြောမယ်
လို့ မယူဆဘူး။ ဖဲ(လ်)ဗက်ဟာ လူကောင်းတစ်ယောက်တော့
မဟုတ်ဘူး။ ဒါပေမယ့် လူသတ်သမားလို့ ကျွန်တော် မယူဆဘူး

ဂရင်ဂယ်က ပြောသည် "ဒါကို ခင်ဗျား ဘယ်လိုသိ



နိုင်မှာလဲ ကြိုတင်ပြီးစည်းဝါးရိုက်ထားတာလဲ ဖြစ်နိုင်တယ်"

ဟွမ်းက သက်ပြင်းချလိုက်၏။ "ကျွန်တော့်အနေနဲ့ ဒီအမှု
ကို ပြန်စုံစမ်းစေချင်တယ်။ မဟုတ်လား ဒါဆို ကျွန်တော် ဘာ
လုပ်ရမလဲ"

ဂရင်ဂယ်က ပြောသည်။ "မင်းကို ဘာလုပ်ပါလို့ ငါ
မပြောလိုပါဘူး။ ဒါပေမယ့် ဒီအမှုကို မမေ့ပါနဲ့၊ ကရန်လေးဟာ
လွန်ခဲ့တဲ့သုံးနှစ်က အသတ်ခံခဲ့ရတယ်။ လူသတ်တရားခံကို ငါတို့
မဖမ်းနိုင်သေးဘူး။ ဒါကြောင့် ဒီအမှုကို မမေ့ဖို့ပြောတာပါ"

ဟွမ်းက လှောင်ပြောင်သလို ပြောသည်။ "ကျွန်တော်
မမေ့ပါဘူး မစ္စတာဂရင်ဂယ် ကတိပေးပါတယ်။ ဘာကြောင့်
မေ့ရမှာလဲ တုလေ့ဆီကို ထပ်သွားပြီး အဲဒီညက သူဘာလုပ်သလဲ
ဆိုတာကို မေးရမလား၊ သူက မမှတ်မိဘူးလို့ ဖြေမှာပဲ"

ဂရင်ဂယ်က ပြောသည်။ "မမေ့ဘူးဆိုရင် တစ်ခုခု
ထူးခြားလာမှာပဲ၊ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့ ဟွမ်း၊ မမေ့ရင်
ပြီးတာပါပဲ" သူက စိတ်ပါလက်ပါပြုံးပြပြီးနောက် အခန်းထဲမှ
ထွက်သွားသည်။

ဟွမ်းက ဒေါသဖြင့် သူ့ဘာသာပြောကျန်ခဲ့သည်။ 'ဒုက္ခ
ပါပဲ၊ နှစ်တိုင်း ဒီကိစ္စကို လာပြောနေတယ်။ ငါ ဘာလုပ်ရမလဲ
သေိဘူး'

ထို့နောက် ဦးထုပ်ဆောင်းပြီး ထွက်သွားတော့၏။

▲ ▲ ▲ ▲ ▲

ဟွမ်းသည် ဝှိက်ဟော(လ်)အဆောက်အဦး၏ အောက် ထပ်သို့ဝင်လာ၏။ ဝီစကီနှင့်ဆိုဒါရောပြီးနောက် ဂရင်ဂယ်နှင့် ကရန်လေးလူသတ်မှုအကြောင်းကို ထိုင်စဉ်းစားနေသည်။ အမှုဖြစ်စဉ်ကို သူသိပြီးဖြစ်သည်။ သီးခြားအခန်းတစ်ခန်းထဲမှ ထွက်ပေါ်လာသော အသံကြောင့် အရက်သောက်နေရာမှ သူ ရပ်တန့်သွား၏။ သူ မှတ်မိသော ဝှာလေ့၏ အသံပင်ဖြစ်သည်။

အသံရှင်ကပြောနေသည်။ "မနေ့ကညဟာ ကျွန်တော့် အတွက် အမှတ်တရပါပဲ၊ ကျွန်တော်ဟာ နှစ်စဉ်မွေးနေ့လုပ်ခဲ့ တယ်။ မနေ့ညကတော့ အခမ်းနားဆုံးပဲ၊ ကျွန်တော့်အသက် လေးဆယ်မြောက်မွေးနေ့လေ၊ ဒီမှာရှိတဲ့ လူအားလုံး"

စကားပြောသံများနှင့် ဖန်ခွက်ချသံများကို ကြားရသည်။ ဟွမ်းသည် အရက်ကို ခပ်မြန်မြန်သောက်၍ ဟိုတယ်မှထွက်လာ ခဲ့သည်။ ထို့နောက် စကော့တလန်ယာဒ်အဆောက်အဦသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။

▲ ▲ ▲ ▲ ▲

ဟွမ်းတံခါးဖွင့်လိုက်သောအခါ ရပ်နေသော ဝှာလေ့ကို တွေ့ရ၏။ သူက ပြုံးပြသည်။

ဝှာလေ့က နှုတ်ဆက်သည် "ဟယ်လို မစ္စတာဟွမ်း တွေ့ရတာ ဝမ်းသာပါတယ်"

ဟွမ်းက ပြောသည်။ "ကျွန်တော် ဝင်ပါရစေ၊ ခင်ဗျားနဲ့ စကားပြောစရာရှိလို့ပါ"

"ဝင်ပါ" သူက ပျူငှာစွာပြောသည်။ ထို့နောက် ဟွမ်း



ကို အကဲခပ်သလို ကြည့်လိုက်သည်။

ဝှာလေ့မှာ အရပ်မြင့်၍ ကိုယ်လုံးသွယ်သည်။ အဝတ် အစားကို အတော်အသင့်သပ်ရပ်စွာ ဝတ်ထားသည်။ ပခုံးကျယ် ၍ ခါးသေးသည်။ သူ့ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ အလွန်လှသည်။ အမျိုးသမီးများ တပ်မက်သော ကိုယ်လုံးပိုင်ရှင်မျိုးဖြစ်သည်။

ဟွမ်းဝင်ရန် ဘေးသို့ ရွှေ့ပေးပြီးတံခါးပြန်ပိတ်သည်။ ထို့နောက် လမ်းမြောင်၏ ညာဘက်ရှိ ဧည့်ခန်းထဲသို့ ဟွမ်းကို ခေါ်လာသည်။

သူက ပြောသည် "ထိုင်ပါ မစ္စတာ ဟွမ်း တစ်ခုခု သောက်ပါဦးလား"

ဟွမ်းက ငြင်းသည်။ "မသောက်ပါဘူး" မီးဖိုဘေးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ ဝှာလေ့က အခြားကုလား ထိုင်တွင် ထိုင်သည်။

ဟွမ်းကပြောသည်။ "လိုရင်းပဲပြောမယ် ဝှာလေ့၊ မနေ့ ညဟာ ဒါမှမဟုတ် ဒီနေ့မနက်ပိုင်းဟာ ကရန်လေး အသတ်ခံရတဲ့နှစ် ပတ်လည်နေ့ဖြစ်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ဖြစ်ပျက်ခဲ့တာကို မှတ်မိတယ် မဟုတ်လား"

ဝှာလေ့က အံ့သြဟန်ဖြင့် မျက်ခုံးပင့်လိုက်သည်။ "ဟုတ်ကဲ့ ကျွန်တော် မှတ်မိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရင် က ကျွန်တော်တို့ စကားပြောခဲ့ပြီးပါပြီ။ မဟုတ်ဘူးလား"

"ဟုတ်တယ် အခု အဲဒီကိစ္စကို ကိုယ့်ထပ်ပြောဖို့လာ တာပဲ၊ လူသတ်မှုဖြစ်ပြီး၊ ကိုးလအကြာမှာ ခင်ဗျားဆီကို ကျုပ် လာတာမှတ်မိတယ် မဟုတ်လား၊ ကျုပ်ရဲ့အထက်အရာရှိ ဂရင်

ဂယ်က ဖောက်ထွင်းတဲ့ပုံစံဟာ ဖဲ(လ်)ဗက်ဂျွန်နီရဲ့ လက်
ခြေရာနဲ့တူတယ်လို့ ယူဆတဲ့အတွက် ကျုပ် ခင်ဗျားနဲ့လာ
တာပဲ၊ ခင်ဗျားနဲ့ သူဟာ အမှုပေါင်းများစွာကို အတူတွဲပြီး ကျူး
ခဲ့တာကိုလဲ သူ သိထားတယ်။ အမှုတစ်ခုဖြစ်ပြီးတဲ့နောက် ကိုး
အကြာမှာ လူတစ်ယောက်ကို လာစုံစမ်းရတာဟာ မသင့်
မှန်း ကျုပ်သိပါတယ်။ လူသတ်မှုဖြစ်တဲ့ညက ခင်ဗျား ဘာလု
နေသလဲလို့ မေးခဲ့တယ်။ လူသတ်မှုကို ခင်ဗျား ကျူးလွန်တယ်
ဘယ်သူကမှ မထင်ဘူး။ ဖဲ(လ်)ဗက်ဂျွန်နီရဲ့ သတင်းကို သိ
လို့မေးတာ ဖြစ်တယ်"

ဇွာလေ့က ပြောသည်။ "ခင်ဗျားတို့ သူ့ကို သံသယ
တဲ့အတွက် ကျုပ် အံ့သြမိတယ်။ သူ့မှာ အလီဘိုင် ရှိမယ်
ကျွန်တော် ထင်တယ်"

• ဟွမ်းက ပြောပြသည်။ "ဟုတ်တယ် သူအလီဘိုင်ပြ
တယ်။ ဒါပေမယ့် အဲဒီညက ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ
မပြောနိုင်ခဲ့ဘူး"

"ဟုတ်ပါတယ် အဲဒါ အမှန်ပါပဲ၊ ကျွန်တော် မပြောနိုင်
ဘူး"

ဟွမ်းက ပြောပြန်သည်။ "အခု အဲဒီလို ယူဆလို့ မ
တော့ဘူး။ ဒီနေ့မနက် လော့နယ်လဆင်မှာ ကျုပ် အရက်သော
နေခဲ့တယ်။ သီးခြားအခန်းထဲမှာ ခင်ဗျားရှိနေတယ်။ ခင်ဗျ
စကားပြောနေသံကို ကျုပ် ကြားရတယ်"

ဟွမ်းက ဇွာလေ့ကို ပြုံးပြလိုက်၏။ "ကျုပ်ဆိုလိုတာ
ခင်ဗျား သိပြီလား"



ဇွာလေ့က ခေါင်းရမ်း၏။ "ဟင့်အင်း ကျွန်တော် မသိပါ
ဘူး"

ဟွမ်းက ဆက်ပြောသည်။ "လူသတ်မှုဖြစ်တဲ့ညဟာ
ခင်ဗျား မွေးနေ့မဟုတ်လား၊ လူသတ်မှုဖြစ်ပြီး ကိုးလကြာမှ
ခင်ဗျားကို ကျုပ်လာတွေ့တာ။ အရင်က ခင်ဗျားနဲ့လာမတွေ့ဘူး။
ခင်ဗျားဟာ ဩစတြေးလျကို သွားနေတယ်။ ဒါပေမယ့် မနေ့က
ခင်ဗျားရဲ့မွေးနေ့မှာ ဘာလုပ်နေတယ်ဆိုတာကို မသိဘူးလို့ဖြေ
လို့မရဘူး။ ခင်ဗျား သဘောပေါက်ပါတယ်နော်"

ကြာမြင့်စွာ တိတ်ဆိတ်သွား၏။ ထို့နောက် ဇွာလေ့က
ပြောသည်။ "ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ်"

ဟွမ်းက ဆက်ပြောသည်။ "ဒီနောက် ကျုပ်ဆက်ပြီး
တွေးမိတယ်။ မနေ့က ခင်ဗျားမွေးနေ့ဖြစ်ကြောင်းကို ဒီမနက်မှာ
ကျုပ်သိရတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က မွေးနေ့မှာ ခင်ဗျားဘာလုပ်
နေတယ်ဆိုတာကို မသိဘူးလို့ ပြောတာကိုတော့ ကျုပ် အံ့သြနေ
တယ်။ တစ်ဆက်တည်းမှာပဲ ဒီအမှုကို ဘယ်သူကျူးလွန်သလဲဆို
တာကို ခင်ဗျားသိနေတယ် ဆိုတာကို သိလိုက်တယ်။ အဲဒီညက
ခင်ဗျား ဘယ်မှာရှိသလဲဆိုတာကို သိရရင် ကျုပ်ဟာ လူသတ်
သမားကို တစ်နည်းနည်းနဲ့ ဖော်ထုတ်နိုင်ပြီဗျ၊ ခင်ဗျားဟာ တစ်
ယောက်ယောက်ကို သစ္စာစောင့်သိနေပုံရတယ်။ ဇွာလေ့
ဒါကြောင့် ခင်ဗျား ဘာလုပ်နေတယ်ဆိုတာကို မသိဘူးလို့ ဖြေခဲ့
တာပဲ။ အခုတော့ အဲဒီနေ့ဟာ ခင်ဗျား မွေးနေ့ဆိုတာကို ကျုပ်
သိထားပြီ"

ဇွာလေ့ဘာမှ မပြောတော့ပေ။ သူ့အိတ်ထဲမှ စီးကရက်

ဘူးကိုထုတ်၍ တစ်လိပ်ထုတ်ပေးသည်။ ဓာတ်ငွေ့မီးခြစ်ကိုခြစ်၍ မီးညှိ၏။ ထိုင်ရင်းမီးဖိုကို ကြည့်နေသည်။

ဟွမ်းကမေးသည်။ "ခင်ဗျား ဘာကြောင့် စကားမပြောတာလဲ"

ဗှာလေ့က စီးကရက်ကို ရှိုက်လိုက်၏။ ထို့နောက် စီးကရက်ကို မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ စီးကရက်မီးခိုးများကို နှာခေါင်းမှ ဖြည်းညင်းစွာ ပြန်ထုတ်သည်။

သူက ပြောသည်။ "ကျွန်တော် မမှတ်မိတော့ဘူး။ မစ္စတာဟွမ်း၊ လူသတ်မှုဖြစ်ခဲ့တာ သုံးနှစ်ရှိပြီ၊ လူသတ်မှုဖြစ်ပြီး ကိုးလကြာမှ ခင်ဗျား လာမေးတယ်။ ကျွန်တော် မမှတ်မိဘူးလို့ ခင်ဗျားကို ဖြေခဲ့တယ်။ အခုထပ်ပြီး မေးပြန်ပြီ ကျွန်တော် စဉ်းစားနေတာပါ"

ဟွမ်းက တည်ငြိမ်စွာမေးသည်။ "ခင်ဗျားဘာကို စဉ်းစားနေတာလဲ ဗှာလေ့"

ဗှာလေ့က ပြန်ဖြေသည်။ "ခင်ဗျားရဲ့ မိတ်ဆွေတွေကို သစ္စာဖောက်ရင် ခင်ဗျား ဒုက္ခရောက်လိမ့်မယ်။ ကျွန်ုပ်လဲ ဒီအတိုင်း ဖြစ်လိမ့်မယ်"

ဟွမ်းက ဘာမှ မပြောပေ။ ဗှာလေ့က ဆက်ပြော၏။ "ကျွန်တော် ဒီအကြောင်းကို နည်းနည်းမှ မပြောချင်ဘူး။ ဒီအမှုကို ကျူးလွန်လို့မဟုတ်ဘူး။ မိတ်ဆွေတစ်ယောက်အပေါ်မှာ သစ္စာမဖောက်ချင်လို့ပါ"

"ကျုပ် သဘောပေါက်ပြီ၊ ခင်ဗျား ဘာသာစဉ်းစားပါ။ ဗှာလေ့ ဘယ်တော့ ကျုပ် လာတွေ့ရမလဲ"



ဗှာလေ့က ပခုံးတွန့်လိုက်ပြီး၊ "မနက်ဖြန်ကာ ည(၇)နာရီမှာ လာနိုင်ရင် လာခဲ့ပါ။ ခင်ဗျားကို ကျွန်တော် တစ်ခုခုပြောပြနိုင်ပါလိမ့်မယ်"

ဟွမ်းက ပြောသည်။ "ကောင်းပြီလေ မနက်ဖြန်ည(၇)နာရီမှာ ကျုပ် လာခဲ့မယ် ဂွတ်(ဒ်)နိုက်"

ဗှာလေ့က ပြန်နှုတ်ဆက်သည်။ အိမ်ရှေ့ခန်းသို့လိုက်ပို့ပြီး တံခါးဖွင့်ပေးသည်။ ထို့နောက် ဧည့်ခန်းသို့ ပြန်လာခဲ့သည်။ စီးကရက်တစ်လိပ်မီးညှိ၊ ဦးထုပ်ဆောင်း၊ အိုဗာကုတ်ဝတ်ပြီး ပါးတားလူးတံတားဆီသို့ လမ်းလျှောက်လာသည်။

လမ်းတစ်ဝက်တွင် တက္ကစီတစ်စီးကို တားစီးသည်။ သူ လမ်းမလျှောက်လိုတော့ပါ။

▲ ▲ ▲ ▲ ▲

တံခါးဘဲ(လ်)အသံမြည်လာသဖြင့် လီလီမလုန်းသည် ဇာထိုးရပ်ပြီး ခန်းမသို့ ထလာသည်။

လီလီမလုန်းမှာ မြင့်မြင့်သွယ်သွယ်မိန်းကလေးဖြစ်သည်။ ဆံပင်မှာ ရွှေရောင်ဖြစ်ပြီး၊ မျက်လုံးများမှာ ပြာလဲ့သည်။ သူမ၏ လမ်းလျှောက်ဟန်မှာ အလွန်ကြည့်ကောင်းလှသည်။

တံခါးဖွင့်လိုက်သောအခါ ပြုံးရွှင်စွာရပ်နေသော ဗှာလေ့ကို တွေ့သည်။

သူမကို နှုတ်ဆက်သည်။ "ဟယ်လို လီလီ"

သူမက ပြန်နှုတ်ဆက်သည်။

"ဟယ်လို ဘာတွေ မဟုတ်တယုတ် ပြောဦးမလို့လဲ"

သူက ပြောသည်။ "မင်းနဲ့ စကားပြောချင်လို့ပါ ဘေဘီ"

သူမက ခေါင်းညိတ်ပြသည်။

ဗှာလေ့ သူမနောက်မှ လိုက်သွားသည်။ ခန်းနားစွာပြင်ဆင်ထားသော ဧည့်ခန်းထဲသို့ ရောက်သွားကြသည်။ သူမ ညွှန်ပြသော လက်တန်းကုလားထိုင်တွင် ဗှာလေ့ဝင်ထိုင်သည်။

အမျိုးသမီးက မေးသည်။ 'တစ်ခုခုသောက်မလား' သူက ခေါင်းညိတ်ပြသည်။ အမျိုးသမီးက ဝီစကီနှင့်ဆိုဒါယူပေးသည်။ "ပြော ဘာကိစ္စလဲ"

ဗှာလေ့ကပြောသည်။ "ထိုင်ပါ လီလီ ကိုယ်ပြောတာ သေသေချာချာ နားထောင်ပါ"

သူမက စားပွဲနံဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူမ စိတ်ကို လျှော့ချထားသည်။

ဗှာလေ့က ဆက်ပြောသည်။ "ကိုယ် ပြောတာ နားထောင်ပါ။ ကိုယ်ပြောတာ သဘာဝကျတယ် မကျတယ်ဆိုတာကိုလဲ စဉ်စားပါ။ လွန်ခဲ့တဲ့သုံးနှစ်က ဖြစ်ပွားခဲ့တဲ့ ကရန်လေးအမှုကိုမှတ်မိသေးလား"

"မှတ်မိပါတယ်"

"အဲဒီ အချိန်က ကိုယ် ဩစတြေးလျကို ရောက်နေတယ်။ နောက်ကိုးလအကြာမှာ ပြန်လာတယ်။ စကော့တလန်ယာဒ်က စုံထောက်ဆာဂျင် ဟွမ်းဟာ ကိုယ့်ဆီရောက်လာတယ် ကိုယ့်ဆီက သူတို့အတွက် အသုံးဝင်မယ့် သတင်းရမလားလို့ လာစုံစမ်းတာပဲ၊ အမှုဖြစ်တဲ့ညက ကိုယ်ဘယ်မှာရှိတယ်။ ဘာလုပ်နေတယ်ဆိုတာကို မေးတယ်။ ကိုယ်က သူ့ကို မမှတ်မိဘူးလို့



ပြောလိုက်တယ်။ သူကော လွန်ခဲ့တဲ့ ကိုးလက ညတစ်ညမှာ ဘာလုပ်နေတယ်ဆိုတာကို မှတ်မိသလားလို့ ပြန်မေးခဲ့တယ်။ ဒီည ဒီပြန်လာလိမ့်မယ်"

"ဟုတ်လား ဘာကိစ္စနဲ့လဲ" သူမက ချိုသာစွာမေးသည်။ အားပေးသည့်အသံမျိုးဖြစ်သည်။

ဗှာလေ့က ပြောပြသည်။ "လူသတ်မှုဖြစ်တဲ့နေ့ဟာ ကိုယ့်မွေးနေ့ဖြစ်ကြောင်း သူ သိသွားတယ်။ လူတစ်ယောက်ဟာ သူ့မွေးနေ့မှာ ဘာလုပ်နေတယ်ဆိုတာကို သိသင့်တယ်လို့ သူ ယူဆနေတယ်"

အမျိုးသမီးက ပြုံးလိုက်သည်။ "သူတွေးတာ မှန်တယ်လို့ ကျွန်မ ထင်တယ်။ မဟုတ်လို့လား" သူမက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ သူမက လှောင်သလိုပြုံးနေသည်။ ရှင် သူ့ကို ပြောလိုက်ပြီလား ဗှာလေ့"

ဗှာလေ့က ပြောပြသည်။ "ဒီပုလိပ်တွေဟာ သူတို့ရဲ့ ငါးမျှားချိတ်ကို ဟပ်မိပြီဆိုရင် ဘယ်လို လုပ်တတ်တယ်ဆိုတာကို မင်းသိပါတယ်။ အခု သူတို့ ပြန်စလာပြန်ပြီ၊ ကိုယ့်လည်ပင်းကို လွှတ်မှာ မဟုတ်တော့ဘူး။ မနက်ဖြန်မှာ ဟွမ်းကိုယ့်ဆီလာလိမ့်မယ်၊ သူနဲ့စကားပြောရလိမ့်မယ်"

အမျိုးသမီးက ခေါင်းညိတ်သည်။ "ဟုတ်တယ် ဗှာလေ့ ရှင် ဘာတွေ ပြောမှာလဲ"

သူက ပြောသည်။ "ကိုယ်တစ်ခုခုတော့ ပြောရလိမ့်မယ်။ ဒါကို တစ်နည်းနည်းနဲ့သိအောင် လုပ်မယ်ဆိုတာ မင်းသိပါတယ် ဒယ်ဇက်ဂျွန်နီဟာ ကရန်လေးကို သတ်တဲ့အကြောင်း ဖွင့်ပြော

ရလိမ့်မယ်"

လီလီမလုန်းက ကိုယ်ကိုပြန်မတ်လိုက်သည်။ သူမ

အလန့်တကြား ရေရွတ်ပြောဆိုသည်။ "ဘုရားသခင် ဒါ ဘ

သဘောလဲ အဲဒီညက သူ ဘယ်မှာ ရှိတယ်ဆိုတာကို ဂျွန်နီအ

ဘိုင်ပြထားတယ်၊ သူ ကျွန်မနဲ့အတူရှိနေတယ်"

ဟုလေ့က ပြုံးလိုက်သည်။ "သူတို့ ဒါကို ယုံတာ ငါအံ့

နေတယ်။ ဒီမှာ လီလီ မင်းဟာ ဗဲ(လ်)ဇက်ဂျွန်နီရဲ့ မိန်းက

ဖြစ်တယ်။ မင်းဟာ သူ့ကို အမြဲသဘောကျနေခဲ့တယ်။ မင်း

ရဲတွေ မေးတုန်းက သူဟာ မင်းနဲ့အတူရှိတယ်လို့ ပြောခဲ့ပေမ

တစ်ညလုံးရှိတယ်လို့ ပြောခဲ့တာ မဟုတ်ဘူး"

"စကားကို ဆင်ခြင်ပြီးပြောပါ ဟုလေ့" သူမ လေသံ

နေသည်။

သူက ဆက်ပြောသည်။ "ကိုယ် သတိထားပြောပါမယ်

ဒါပေမယ့် မင်း မသိတဲ့အကြောင်းတွေကို ပြောပြမယ်။ ကိုယ်

ဂျွန်နီဟာ လက်တွဲပြီး အလုပ်လုပ်ခဲ့ကြတယ်။ အကြိမ်နှစ်ဆယ်

လုပ်ခဲ့ကြတယ်။ ဒါပေမယ့် ရဲတွေဟာ ငါ တို့ကို အရေးမယူနိုင်

ခဲ့ဘူး။ ငါတို့ လုပ်မှန်းသိပေမယ့် သက်သေအထောက်အထာ

မပြနိုင်ကြဘူး။ ငါတို့ဟာ စံနစ်တကျအလုပ်လုပ်ကြတယ်။ ဂျွန်

ဟာ အလုပ်မလုပ်ခင် သေသေချာချာ လေ့လာတယ်။ ပြတင်

ပေါက်တွေ သော့တွေ အစစအရာရာလေ့လာတယ်။ အလုပ်လုပ်

တဲ့နေရာမှာ သူ့လောက် စေ့စပ်သေချာသူ မရှိဘူး။ အဲဒီနောက်

သူဘာလုပ်သလဲဆိုတာ သိရဲ့လား၊ လက်နှိပ်စက်မှာထိုင်ပြီး

စာရွက်ပေါ်မှာ လုပ်ငန်းအစီအစဉ် ရိုက်တယ်။ ဘယ်အချိန်မှာ



အလုပ်လုပ်ရမယ်။ ဘယ်လိုလုပ်ရမယ်။ သူ့လုပ်ရမယ့်အလုပ် ငါ

လုပ်ရမယ့်အလုပ်တွေကို လက်နှိပ်စက်နဲ့ သေသေချာချာရိုက်

တယ်။ အိမ်ထဲဝင်ရာမှာ အိမ်ထဲမှာ ရှိနေချိန် အိမ်က ပြန်ထွက်

ချိန်မှာ ပြဿနာ မရှိအောင်ဂရုစိုက်ပြီး အစီအစဉ်ဆွဲတယ်။ ကိုယ်

ဟာ မီးခံသေတ္တာဖွင့်တဲ့နေရာမှာ အတော်ဆုံးဆိုတာ မင်းသိပါ

တယ်။ ကိုယ်ဖွင့်လို့မရတဲ့ မီးခံသေတ္တာဆိုတာ မရှိဘူး။ ဒါပေမယ့်

ဂျွန်နီဟာ မီးခံသေတ္တာမဖွင့်တတ်ဘူး" သူ ခဏစကားရပ်ထား၏။

ထို့နောက် ဆက်ပြောသည်။ "ဒါကြောင့် ကရန်လေးကို သူ

သတ်ခဲ့တာပဲ"

လီလီမလုန်းက မေးသည်။ "ဘာ အဓိပ္ပာယ်လဲ"

"အဲဒီအလုပ်မှာ ကိုယ်မပါဘူးလေ၊ အဲဒီအလုပ်ကို

သဘောမကျလို့ ကိုယ် မလုပ်ဘူး။ သူတစ်ယောက်တည်းလုပ်

တယ်။ သူ အိမ်ထဲကို ရောက်သွားတယ်။ အားလုံးအဆင်ပြေပါ

တယ်။ အဲဒီနောက် မီးခံသေတ္တာဖွင့်ဖို့ ကြိုးစားတယ်။ အဲဒီမီးခံ

သေတ္တာဟာ မှန့်လုံးတစ်ခုနဲ့တူတယ်။ သတင်းစာထဲမှာ ဓါတ်ပုံ

ကို ကိုယ်မြင်ရတယ်။ အောက်အသံဗလံကြောင့် ကရန်လေး နိုး

လာတယ်။ အောက်ကိုဆင်းလာတယ်။ ဂျွန်နီလုပ်ဖို့ တစ်နည်းပဲရှိ

တော့တယ်။ အဲဒီအလုပ်ကို သူ လုပ်ခဲ့တယ်"

လီလီမလုန်းက ပြောသည်။ "နားထောင်လို့ ကောင်းတဲ့

ပုံပြင်ပါပဲ၊ ဒါဆို ဂျွန်နီဟာ လက်နှိပ်စက်ရိုက်ထားတဲ့ လုပ်ငန်း

အစီအစဉ်ကို ထုံးစံအတိုင်း ရှင့်ကို ပေးခဲ့တယ်ပေါ့"

ဟုလေ့က ခေါင်းညိတ်ပြသည်။ "အလုပ်မစခင် လေးည

အလိုမှာ စားသောက်ဆိုင်မှာ ကိုယ့်ကို ပေးခဲ့တယ်။ ဖူးစကက်စ

ရွက်အပေါ်မှာ လုပ်ငန်းအစီအစဉ် အားလုံးပါတယ်။ အိမ်ရော
တဲ့အခါမှာ အဲဒီစာရွက်ကို ကိုယ်ဖတ်ကြည့်တယ် သဘောမ
ဘူး၊ ဒါကြောင့် ဂျွန်နီကို တယ်လီဖုန်းဆက်ပြီး အဲဒီလုပ်ငန်း
ကိုယ် မပါဘူးလို့ ပြောလိုက်တယ်။ အဲဒါဟာ သက်သေခံပဲ"

လီလီမလုန်းက ပြောသည်။ "ဂှာလေ့ ရှင့်ဟာ စွဲလ
စရာကောင်းတဲ့ လူဆိုးတစ်ယောက်ပါပဲ၊ ဘာကြောင့် ရှင့်ကို ကျွန်
ချစ်မိသလဲဆိုတာကို အံ့ဩနေမိတယ်၊ သူ ထောင်ကျသွား
နောက်မှာ သူ့ကို ကျောခိုင်းပြီး ကျွန်မ ရှင့်ကို ချစ်မိခဲ့တယ်"

ဂှာလေ့က ပြောသည်။ "ဒီမှာ လီလီနောက်အပတ်
ဂျွန်နီထောင်က လွတ်လာလိမ့်မယ်။ မင်း သူ့ကိုပစ်ပြီး ကိုယ့်
ချစ်တဲ့အကြောင်း သိရင် သူ ဘယ်လို လုပ်မယ်လို့ မင်းထင်သ
သူ သဘောကျမယ်လို့ ငါ မထင်ဘူး။ သူ့နာမည်ဖဲ(လ်)ဇက်ဂူ
နီလို့ ခေါ်ပေမယ့် သူ့စိတ်ဟာ သိပ်တင်းမာရက်စက်တယ်
မင်းကိုတော့ သူ ဘာမှ လုပ်မှာမဟုတ်ဘူး။ သူဟာ မင်းကို အ
အမူးချစ်တာကိုး"

"ကျွန်မကိုလဲ သူကလှဲစားချေချင်ချေလိမ့်မယ်" သူ့
ကြည့်ရင်း ပြောသည်။ "ဒီလို ဖြစ်မှာကို ကျွန်မ မလိုလားဘူး

ဂှာလေ့က ပြောပြသည်။ "မင်း စိုးရိမ်စရာမလိုပါဘူး
သူ ထွက်လာရင် ရဲတွေက ပြန်ဖမ်းသွားလိမ့်မယ်"

"ရှင့် လက်ထဲမှာရှိတဲ့ ကရန်လေးလုပ်ငန်းအစီအစ
စာရွက်ဟာ သူ့လည်ပင်းကို ကြိုးကွင်းတပ်လိမ့်မယ်။ ဒါပေမ
အဲဒီစာရွက်တွေအပေါ် သူ လက်မှတ်မထိုးဘူး မဟုတ်လား"

သူက ခေါင်းရမ်းပြသည်။ "သူ လက်မှတ်မထိုးပေးမ



သူ့ဆီက လာကြောင်းအလွယ်တကူ ပြောလို့ရတယ်။ သူဟာ လက်ဆွဲလက်နှိပ်စက်ဟောင်း တစ်လုံးကို အမြဲအသုံးပြုလေ့ရှိတယ်။ အဲဒီလက်နှိပ်စက်မှာ တီစာလုံးပျက်နေတယ်။ အိုစာလုံး မပါဘူး။ ဒီစာရွက်တွေကို သူ့လက်နှိပ်စက်နဲ့ ရိုက်ကြောင်းအလွယ်တကူသိနိုင်တယ်။ ဒါဟာ လက်မှတ်ထိုးသလိုပဲ"

"ဟုတ်တာပေါ့ ဂှာလေ့"

သူက ပြောသည်။ "အရက်တစ်ခွက်ထပ်ပေးပါဦး၊ မင်း ဘာကြောင့် မသောက်တာလဲ"

"စိတ်မပါလို့ပါ" အရက်ခွက်ကို သူ့အားပေးပြီး သူမ နေရာသို့ ပြန်လာသည်။ သူမက မေးပြန်ပါသည်။ "အဲဒီစာရွက်တွေအကြောင်း ထပ်ပြောပါဦး စာရွက်ပေါ်မှာ သူဘာတွေ ရေးထားသေးသလဲလို့"

"အလုပ်နဲ့ပတ်သက်တဲ့အကြောင်း တွေပါပဲ၊ အိမ်အခြေအနေ၊ လိပ်စာ၊ သော့အံမျိုးအစား၊ ပြတင်းပေါက်နဲ့ မင်းတုံးတွေ အခြေအနေ၊ ရှေ့ဝင်ပေါက်နောက်ထွက်ပေါက်၊ ကရန်လေး အိပ်တဲ့အခန်း၊ ဒါတွေအားလုံးကို အမှတ်အသားပြထားတယ်။ မီးခံသေတ္တာအမျိုးအစား၊ သံမဏိအဆင့်အတန်း၊ သော့နဲ့အမြတန်းရှိတဲ့ ငွေအရေအတွက် စသဖြင့်ပေါ့"

သူမက ခေါင်းညိတ်ပြသည်။ "အဲဒီစာတွေကိုလဲ သူ့လက်နှိပ်စက်နဲ့ပဲ ရိုက်သလား"

"ဟုတ်တယ်"

"အဲဒီစာရွက်တွေ ရှင့်မှာ ရှိရင် မနက်ဖြန်ညမှာ ဟွမ်းကို ပေးလိုက်ပေါ့။ သူတို့ ဂျွန်နီကို ချက်ချင်း ပြန်ဖမ်းလိမ့်မယ်။ ကျွန်မ

ကလည်း ကျွန်မ မှားပြောမိကြောင်း၊ အဲဒီညက သူဟာ ကျွ
နဲ့အတူ မရှိကြောင်း ပြောမယ်"

ဝှာလေ့က ပြောသည်။ "ကောင်းတယ် ဘော
ထို့နောက် သူမကို ပြုံးကြည့်လေသည်။ "အဲဒီညက ဂွန်နီ မင်
အတူမရှိဘူး၊ ဘာကြောင့် ကိုယ် ဒီလို ပြောသလဲသိလား"

"ပြောပြပါဦး ဝှာလေ့"

"ကိုယ် မင်းနဲ့အတူ ရှိလို့ပဲပေါ့"

ကြာမြင့်စွာ တိတ်ဆိတ်သွားပြီးနောက် သူမက တိုး
ပြောသည်။ "ကျွန်မ မှတ်မိပါပြီ"

သူမ သွားတော့မည် ဟန်ပြင်ချိန်တွင် သူက လက်တ
ပြီးပြောသည်။ "နားထောင်ပါဦး လီလီ၊ ကိုယ် ဘယ်တုန်းက
ထောင်မကျခဲ့ဘူး။ ကိုယ့်လုပ်ငန်းမှာ အောင်မြင်ခဲ့ပါတယ်
ဓဲ(လ်)ဗက်ဂွန်နီဟာ ငွေကို သဲမှုန်တွေလို ဖြုန်းတီးခဲ့တယ်
ကိုယ်က မဖြုန်းခဲ့ဘူး။ လူသတ်မှုဖြစ်ပွားပြီးနောက် ဩစတြေး
ကို ကိုယ်သွားနေတဲ့အချိန်မှာ လုပ်ငန်းတွေ လုပ်ခဲ့တယ်။ ဩ
တြေးလျှမှာ ပေါင်(၇)ထောင်စုဆောင်းမိခဲ့တယ်။ လီလီ၊ အဲဒီမှ
အခြေချမယ်လို့ စိတ်ကူးထားတယ်။ နောက်အပတ်မှာ ကိုယ်
လက်ထပ်ကြရင်ကောင်းမယ်။ ဓဲ(လ်)ဗက်ဂွန်နီ ထောင်က ထွ
မလာခင်ပေါ့။ သူထောင်က လွတ်လာရင် တို့ကို ဒုက္ခမပေးနိုင်
တော့ဘူး။ သူထောင်က လွတ်လာရင် ရဲတွေက ချက်ချင်းပြ
ဖမ်းလိမ့်မယ်။ အဲဒီနောက် ကိုယ်တို့ နှစ်ယောက် ဩစတြေးလ
ကို သွားနေကြမယ်။ အဲဒီမှာ နေရောင်အမြဲတောက်ပနေလိမ့်မယ်

သူမ အနည်းငယ်လှုပ်ရှားသွား၏။ "ဒါဆို ရှင် ဟွမ်း



ာရွက်တွေပေးတော့မယ်ပေါ့။ ဝှာလေ့လက်နှိပ်စက်ရိုက်ထားတဲ့
ာရွက်တွေကို ရှင် ပေးမလို့လား"

ဝှာလေ့ကပြောသည်။ "ငါပေးချင်ပေမယ့် ငါ့မှာ စာရွက်
တွေမရှိတော့ဘူး" သူက ထိုင်နေရာမှ သူမကို ပြုံးပြသည်။ "ငါ
ာ တော်တော်မိုက်မဲခဲ့တယ်။ ငါ ဂွန်နီဆီကို တယ်လီဖုန်းဆက်
ြီး အဲဒီအလုပ်ကို မကြိုက်တဲ့အတွက် မလုပ်ဘူးလို့ ပြောပြီ
ာရွက်တွေကို စုတ်ဖြဲခဲ့တယ်။ နောက်ပြီး မီးရှို့လိုက်တယ်၊ ကိုယ်
ိုလိုတာကို သဘောပေါက်ရဲ့လား"

"ကျွန်မ သဘောပေါက်ပါတယ်။ ရှင့်မှာ ဂွန်နီက ရှင့်ဆီ
 လက်နှိပ်စက်ရိုက်ပို့တဲ့ လက်နှိပ်စက်ရှိရင် အဲဒီစာကို ရှင့်
ာသာပြန်ရိုက်မယ်လို့ ဆိုလိုတာ မဟုတ်လား အဲဒီလက်နှိပ်စက်
 လိုချင်တယ် မဟုတ်လား"

"ဟုတ်တယ် လီလီ"

သူမက မေးသည်။ "ဩစတြေးလျှမှာ ရှင်ငွေဘယ်
ာက်စုမိခဲ့သလဲ"

သူက ပြုံးလိုက်သည်။ "အဲဒီမှာ ပေါင်(၇၀၀၀)အဲဒါ
ာုန်မဟုတ်သေးဘူး။ ဒီမှာ ပေါင်(၂၅၀၀)ရှိတယ်"

လီလီက စားပွဲပေါ်မှ ဖန်ခွက်ကို မယူလိုက်သည်။ ဝီစကီ
ည်းနည်းသောက်လိုက်သည်။ သူမ ဖန်ခွက်မယူပုံ အရက်
ာက်ပုံမှာ အလွန်ကြည့်ကောင်းလှသည်။

သူမက ပြောသည်။ "ကျွန်မ ပြောမယ် ဝှာလေ့ မနက်ဖြန်
က်မှာ ဒီမှာရှိတဲ့ပေါင်(၂၅၀၀)တည်းက ပေါင်(၂၀၀၀)ကို
ူခဲ့ပါ။ ဒါတွေကို ရှင် ဘယ်လိုရသလဲဆိုတာ ကျွန်မ ဂရုမစိုက်

ဘူး။ ဘာပဲဖြစ်ဖြစ် ရှင်ယူလာပါ။ ဒီလိုလုပ်ပြီးရင် ကျွန်မ ဘာ
မယ်ဆိုတာ ရှင် သိရမယ်"

"ပြောပါ အချစ်ရယ်"

သူမက ပြောပြသည်။ "ကျွန်မ ဂျွန်နီရဲ့ လက်နှိပ်
ကို သွားယူမယ်။ သူ ထောင်မကျခင် တစ်ပတ်အလိုမှာ
လက်နှိပ်စက်ကို ပေါင်ခဲ့တယ်။ သူ့ရဲ့ အကျီဟောင်းတစ်ခုထဲ
အပေါင်လက်မှတ်ကို ကျွန်မ ရှာတွေ့ခဲ့တယ်။ ကျွန်မ အဲဒီလ
နှိပ်စက်ကို သွားရွေးမယ်။ ညနေဘက်မှာ စုံထောက်နဲ့တွေ
စာရွက်တွေပေးလိုက်ရုံပဲ၊ ကိစ္စအားလုံးပြီးရင် ရှင်နဲ့ ကျွန်မ
ကြေးလျှကို သွားကြမယ်။ ကျွန်မလဲ အဲဒီမှာ နေချင်ပါတယ်

ဗှာလေ့က ပြောသည်။ "ပြဿနာတစ်ခုရှိသေးတယ်
ဂျွန်နီထောင်က ထွက်မလာခင်မှာ စုံထောက်ဟွမ်းဟာ မင်းဆီ
တွေ့နိုင်တယ်။ သူ မင်းကို မေးခွန်းတွေ မေးနိုင်တယ်။
အဲဒီညက ကိုယ်နဲ့အတူ တစ်ညလုံးရှိတဲ့အကြောင်း ပြောဖို့မ
ပါနဲ့၊ နားလည်တယ်နော်၊ အဲဒီညဟာ ကိုယ့်မွေးနေ့ဖြစ်တဲ့အတွ
မင်းမေ့မှာ မဟုတ်ဘူး။ ဂျွန်နီဟာ မင်းမကြိုက်တဲ့ အလုပ်
လုပ်နေတဲ့အတွက် မင်းနဲ့သူစကားများကြတယ်။ မင်းက သူ့
စိတ်ပျက်နေခဲ့တယ်။ အဲဒီလို စုံထောက်ကို ပြော"

သူမက ပြောသည်။ "ကျွန်မ နားလယ်ပါတယ် ဗှာလေ

သူ ထရပ်လိုက်သည်။ "ကဲ ကိုယ်သွားမယ်။ မနက်
(၁၂)နာရီမှာ ကိုယ်ပြန်လာမယ်။ ပိုက်ဆံတွေလဲ ယူလာမ
ပိုက်ဆံတွေ ပြန်စုဖို့အချိန်ယူရလိမ့်ဦးမယ်"

သူမက ပြောသည်။ "ကောင်းပြီ (၁၂)နာရီတိတိ



ရောက်အောင်လာပါ။ ကျွန်မ လက်နှိပ်စက်ပြန်ရွေးရဦးမယ်"

ဗှာလေ့ သူမ အနားကပ်သွားသည် သူမ ခါးကို ဆွဲဖက်လိုက်သည်။ မင်းမှာ ဝှက်ထားတဲ့ ဖဲတစ်ချပ်ရှိပါတယ်။

မိန်းကလေး သူမ နှုတ်ခမ်းကို နမ်းလိုက်သည်။

သူမက သူ့ထံမှခွာပြီးမထေမဲ့မြင်လေသံဖြင့် ပြန်ပြောသည်။ "ဟုတ်တယ် ကျွန်မမှာ ဝှက်ဖဲ တစ်ချပ်ရှိတယ်။ အဲဒါ လက်နှိပ်စက်ပဲ"

▲ ▲ ▲ ▲ ▲

မီးရထားဆိုက်ချိန်တွင် ဟွမ်းသည် လက်မှတ်ပေါက် အနားတွင်ရပ်နေ၏။ မီးရထားနောက်ပိုင်း တတိယတန်းတွဲပေါ်မှ ဆင်းလာသော ဇဲ(လ်)ဗက်ဂျွန်နီကို သူ လှမ်းမြင်သည်။ ဂျွန်နီသည် ဆု(တ်)ကေ့(စ်)အသေးကို လက်ဆွဲပြီး လက်မှတ်ပေါက်သို့ ချဉ်းကပ်လာသည်။ ဂျွန်နီသည် ထောင်ထဲတွင် နေခဲ့ရသော်လည်း ဘာမှထူးခြားပုံမရပေ။ လမ်းလျှောက်ပုံမှာ သွက်လက်နေဆဲဖြစ်သည်။ သူသည် ဇဲ(လ်)ဗက်ဂျွန်နီဆိုသော အမည်နှင့်လိုက်ဖက်စွာ ယဉ်ကျေးသိမ်မွေ့လှသည်။ ခေါင်းမော့၍ ပခုံးများကို မတ်ထား၏။ အလွန်ကြည့်ကောင်းသည်ဟု ဟွမ်းထင်သည်။

ဂျွန်နီက လက်မှတ်ကိုဘားတံန်းပေါ်သို့ လှမ်းတင်သည်။ ဟွမ်းရှေ့ကို တိုးသွားလိုက်သည်။

သူက နှုတ်ဆက်သည်။ "ဟယ်လို ဂျွန်နီ"

ဗဲ(လ်)ဇက်ဂျွန်နီ ရပ်ပြီး လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် ပြုံးရိပ်တစ်ခု ဖြတ်သွားသည်။ သူက ပြန်နှုတ်ဆက်သည်။ "ဩော် မစ္စတာ ဟွမ်း နေကောင်းရဲ့လား၊ ခင်ဗျားတို့ ကျောင်းတော်ကြီးက လူတွေရော အခြေအနေကောင်းရဲ့လား"

ဟွမ်းက တည်ကြည်စွာ ပြောသည်။ "ကောင်းပါတယ်။ ကျုပ် ခင်ဗျားနဲ့ စကားပြောချင်တယ်"

"အို ဘုရားသခင် ကျွန်တော် အခုပဲ ထောင်ကထွက်လာပါတယ်။ အခု ရဲတစ်ယောက်က စကားပြောချင်တယ်တဲ့၊ ထောင်ထဲမှာတုန်းက အမှုတစ်ခုကျူးလွန်ဖို့ ကြံစည်ခဲ့တယ်လို့တော့ မပြောပါနဲ့ မစ္စတာဟွမ်း"

"မဟုတ်ဘူး အဲဒါထက်ပိုဆိုးတယ်" ဗဲ(လ်)ဇက်ဂျွန်နီ ပြုံးလိုက်၏။ "ဟုတ်လား ပြောပါဦး ဘာကိစ္စလဲ"

"လူသတ်မှု ကရန်လေးအမှု"

ဂျွန်နီက မေးသည်၊ "ပြောပါဦး"

ဟွမ်းက လက်ကာပြသည်။ "ဒီနေရာမှာ ပြောလို့မသင့်ဘူး။ အနားယူခန်းသွားပြီး လက်ဖက်ရည်သောက်ရင်း ပြောကြရအောင်"

အနားယူအခန်းထဲရှိ လူမရှိသော စားပွဲတွင် သူတို့ဝင်ထိုင်ကြသည်။ ဟွမ်းက လက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။

ဟွမ်းက စပြောသည်။ "နားထောင်ပါ အဖြစ်အပျက်ကို ပြောပြမယ်။ ခင်ဗျားကို ဒီအမှုနဲ့ ပတ်သက်ပြီး မေးတုန်းက ခင်ဗျား အလီဘိုင်ပြခဲ့တယ်။ ခင်ဗျားဟာ အဲဒီညက လီလီမလုန်းဆိုတဲ့ မိန်းကလေးနဲ့အတူရှိတယ်လို့ ပြောခဲ့တယ်။ အဲဒီမိန်း



လေးဟာ ခင်ဗျားထောင်က လွတ်လာရင် လက်ထပ်မှာဖြစ်ယ်"

"လက်ထပ်မယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

ဟွမ်းက ရှင်းပြသည်။ "ဒီလိုလေ မိန်းကလေးက အလီင်ကို ဖျက်ပစ်တယ်။ အဲဒီညက ခင်ဗျားဟာ သူမနဲ့အတူ မရှိလို့ပြောတယ်။ မိန်းကလေးက ခင်ဗျားနဲ့ သူမတို့ စကားများယ်လို့ ပြောတယ်။ ခင်ဗျားက ကရန်လေးအိမ်ကို ဖောက်ထွင်းကြံတယ်။ သူမက သဘောမတူဘူး။ ဒါကြောင့် ခင်ဗျားကို စိတ်ဆိုးခဲ့တယ်။ ခင်ဗျားနဲ့ လမ်းခွဲပြီး ဗုာလေ့ဆီကို သွားခဲ့ယ်။ ဘာကြောင့် သွားသလဲဆိုတော့ ပထမအချက်က သူ့ကိုဘောကျလို့၊ ဒုတိယအချက်က ဗုာလေ့က ခင်ဗျားနဲ့ အလုပ်တူလုပ်ဖို့ ငြင်းဆန်လို့ပဲ ဖြစ်တယ်"

ဗဲ(လ်)ဇက်ဂျွန်နီက မေးသည်။ "ဒါဆို ကျွန်တော့်ကို သူဖောက်တာပဲ၊ သူမဟာ ဟိုခွေးမသားဆီကိုသွားတယ်။ ဖြစ်ကို ကျွန်တော့် အပေါ်ပုံချတယ် ဒါပဲ"

"လက်ဖက်ရည်သောက်ပါဦး" ဟွမ်းက ပြောသည်။ စိတ်မကောင်းမဖြစ်ပါနဲ့ ဂျွန်နီ၊ ကျွန်တော့်ကိုမှန်တဲ့အတိုင်း ပြောပါ၊ ခင်ဗျားဟာ ကရန်လေးရဲ့ မီးခံသေတ္တာကို ဖွင့်ဖို့ကြံခဲ့လား၊ ခင်ဗျား လုပ်မယ့် အလုပ်ကို လက်နှိပ်စက်နဲ့ရိုက်ပြီး သေးစိပ် စီမံချက်ဆွဲခဲ့သလား"

ဂျွန်နီက ခေါင်းညိတ်ပြသည်။

ဟွမ်းက ဆက်ပြောသည်။ "ခင်ဗျားဟာ ဗုာလေ့နဲ့တွေ့ လက်နှိပ်စက်ရိုက်ထားတဲ့ အစီအစဉ်စာရွက်ကို သူ့ကိုပေး

တယ်။ သူက ခင်ဗျားဆီကို တယ်လီဖုန်းပြန်ဆက်ပြီး အစီအစဉ်
သဘောမကျတဲ့ အတွက် သူ မလုပ်လိုတဲ့ အကြောင်းပြန်ပြေ
ခဲ့တယ်။ ဒီအထိမှန်တယ် မဟုတ်လား"

ဂျွန်နီက ပြောသည်။ "မှန်ပါတယ်။ ဒါပေမယ့် အဲဒီအ
ကို အမှုဖြစ်တဲ့ညက ကျွန်တော် မသွားဖြစ်ပါဘူး။ ဝှာလေ့မပါ
ကျွန်တော် မလုပ်နိုင်ပါဘူး"

"ဒါကြောင့် ခင်ဗျားရဲ့ မိန်းကလေးမိတ်ဆွေ လီလီမလု
ဆီ သွားခဲ့တယ်ပေါ့"

ဂျွန်နီ ခေါင်းညိတ်ပြသည်။

ဟွမ်းက ဆက်ပြောသည်။ "ဒါပေမယ့် ခင်ဗျားမလာ
လို့ မိန်းကလေးက ပြောနေပြီ၊ သူမဟာ ကျမ်းကိုင်ပြီး အစစ်ခံ
စီစဉ်နေပြီ၊ ဝှာလေ့ကလဲ လက်နှိပ်စက်ရိုက်ထားတဲ့ အစီအစ
စာရွက်ကို ခင်ဗျားဆီက သူရတယ်လို့ ပြောတယ်။ သက်သေ
ဥပဒေအကြောင်းကို ခင်ဗျား သိပါတယ် ဂျွန်နီ၊ အမှုဖြစ်တဲ့ည
ခင်ဗျား ဘယ်မှာရှိတယ်ဆိုတာ သက်သေမပြနိုင်ဘဲ တရားရ
ဆိုင်မလို့လား၊ အခြားသက်သေခံတွေဖြစ်တဲ့ ဝှာလေ့ကို ခင်ဗျ
ပေးတဲ့စာရွက် လီလီနဲ့ခင်ဗျား ရန်ဖြစ်တဲ့အချက်တွေဟာ ခင်ဗျ
ဒီအမှုကို ကျူးလွန်ကြောင်း ညွှန်ပြနေတယ်။ ဒါ့ဆို ခင်ဗျ
လည်ပင်းကို ကြိုးကွင်းစွပ်ဖို့ သေချာနေပြီ"

ဇဲ(လ်)ဗက်ဂျွန်နီ စိတ်ပျက်စွာ ပခုံးကြို့လိုက်သည်
မျက်နှာညှိုးကျသွားသည်။ "ကျွန်တော်ဒီကို ပြန်အလာမှ
တော်တော် စိတ်ကြည်နူးခဲ့ပါတယ်။ တစ်နေ့ခင်းလုံး မီးရထာ
စီးလာရင်း လီလီမျက်နှာကို မြင်နေခဲ့တယ်။ အနာဂတ်အတွက



အစီအစဉ်တွေချနေခဲ့တယ်။ အခုတော့ "လူသတ်မှုနဲ့တရားစွဲခံရ
တော့မယ်။ ရှန်းထွက်ဖို့လဲ မလွယ်ဘူး။ ကဲ ခင်ဗျား ဒီက ဘယ်ကို
သွားမှာလဲ ထုံးစံအတိုင်း အပြင်မှာရဲကားရပ်ထားတယ်။ မဟုတ်
လား။ ကန်နင်ရိုး(လ်)ကို ကားနဲ့ သွားပြီး၊ ကျွန်တော့်ဆီက ဖြောင့်
ချက်ယူမယ် မဟုတ်လား ကဲ သွားကြပါစို့"

ဟွမ်းက ပြောပြသည်။ "နားထောင်စမ်းပါ ဂျွန်နီ အပြင်
မှာ ရဲကားပါတယ်။ ခင်ဗျားကို ကန်နင်ရိုး(လ်)ကို ခေါ်မသွားခင်
တစ်နေရာကိုသွားကြမယ်။ လီလီမလုန်းနဲ့ ဝှာလေ့တို့ဆီကို
သွားကြမယ်။ ဝှာလေ့အိမ်မှာ သူမရှိတယ်။ ခင်ဗျားကို တရားမစွဲ
ခင်မှာ သူတို့ပြောစကားကို ခင်ဗျား နားထောင်စေချင်တယ်"

ဇဲ(လ်)ဗက်ဂျွန်နီက လက်ဖက်ရည်ခွက်ကို လ ်စသပ်
ထိုက်သည်။ သူက ဒေါသဖြင့် ပြောသည်။ "သွားမယ် အခုသွား
မယ်။ ဒီကိစ္စကို စာရင်းရှင်းရမယ်"

▲ ▲ ▲ ▲ ▲

အိမ်ထဲသို့ ဟွမ်း၊ ဇဲ(လ်)ဗက်ဂျွန်နီနှင့် ဝှာလေ့တို့ဝင်လာ
ကြသည်။ လီလီမလုန်းမှာ မီးဖိုရှေ့တွင် မတ်တပ်ရပ်နေသည်။
လက်နှစ်ဘက်ကို နောက်ပစ်ထားသည်။

သူမက နှုတ်ဆက်သည်။ "ဟယ်လို ဇဲ(လ်)ဗက် ရှင့်ကို
ဒီအဖြစ်မျိုးနဲ့ တွေ့ရတဲ့အတွက် စိတ်မကောင်းပါဘူး"

ဂျွန်နီက စိတ်မကောင်းစွာ ပြောသည်။ "မင်းကို ကိုယ်
ဘယ်လိုသဘောထားတယ်ဆိုတာ မင်းသိပါတယ်နော်၊ ဒီကိစ္စကို
ကိုယ် ဘာမှ မပြောလိုတော့ပါဘူး"

အဖျိုးအမိးက ပြုံးပြသည်။ "ရှင့် သဘောအတိုင်း
ဝဲ(လ်)ဗက်"

ဟွမ်းက ဝင်ပြောသည်။ "ထိုင်ပါ ဂျွန်နီ ခင်ဗျာ
ထိုင်ပါ ဝှာလေ့။ ကျွန်တော်ဟာ ဒီအမှုကို စုံစမ်းနေတဲ့ ရဲအ
တစ်ယောက်ဖြစ်ပါတယ်။ ခင်ဗျားကို ပြောပြီးခဲ့တဲ့အကြောင်း
ကိုပဲ ပြန်ပြောမယ်ဂျွန်နီ၊ လီလီမလုန်းက သူမ ကျုပ်တို့ကို
ပြောခဲ့တဲ့သတင်းဟာ မမှန်ဘူးလို့ ပြောပါတယ်။ ခင်ဗျားကို
ချစ်တဲ့အတွက် အဲဒီညက သူမနဲ့အတူ ခင်ဗျားရှိတယ်လို့ ပြော
ပါလို့ ပြောတယ်။ ခင်ဗျားကို သူမက ကယ်ချင်တယ်လို့ ပြေ
တယ်။ ဝှာလေ့ကလဲ ကရန်လေးအိမ်ကို ဖောက်ထွင်းဖို့ ခင်
ကိုယ်တိုင် လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ အစီအစဉ် စာရွ
တင်ပြတယ်။ အဲဒီစာရွက်တွေကို ခင်ဗျားကိုယ်တိုင် ခင်ဗျားပို
လက်နှိပ်စက်နဲ့ ရိုက်တာဖြစ်တယ်တဲ့"

ဟွမ်းက သူ့အိတ်ထဲမှ စာရွက်ကို ထုတ်ပြသည်။ စာ
ကို ခေါက်ထားသဖြင့် အောက်ပိုင်းကိုသာ ဝဲ(လ်)ဗက်ဂျွန်နီမြ
သည်။

ဟွမ်းက ဆက်ပြောသည်။ "ခင်ဗျားဟာ ကျုပ်တို့ ရဲ
ကို ဒုက္ခမရောက်အောင် ကယ်လိုက်တာပဲ၊ ဂျွန်နီ ဒီစာရွ
ခင်ဗျား ကိုယ်ပိုင်လက်နှိပ်စက်နဲ့ ရိုက်တာလား"

ဂျွန်နီက ခေါင်းညိတ်ပြသည်။ "ဟုတ်ပါတယ်"

ဟွမ်းက ဆက်ပြောသည်။ "ဒီစာရွက်ဟာ ခင်ဗျားဝှာ
ကို ပေးလိုက်တဲ့ စာရွက်လို့ အသိအမှတ်ပြုသလား"

ဂျွန်နီက သက်ပြင်းချရင်း "အဲဒီလို အသိအမှတ်ပြု



ပဲပေါ့ဗျာ"

ဟွမ်း လေသံပြောင်းသွား၏။ "မဟုတ်ဘူး၊ ဒီစာရွက်ကို
ခင်ဗျား လက်နှိပ်စက်နဲ့ မရိုက်ဘူး။ ဒီစာရွက်ဟာ လွန်ခဲ့တဲ့
နှစ်ရက်သုံးရက်ကမှ လက်နှိပ်စက်နဲ့ရိုက်တာ" သူက ဝှာလေ့ကို
စိုက်ကြည့်နေ၏။ "ခင်ဗျားဟာ ဂျွန်နီပေးတဲ့ စာရွက်ကို ဖျောက်
ပစ်လိမ့်မယ်။ ဒါကြောင့် လီလီမလုန်းနဲ့ လာပြီး ဆက်သွယ်တယ်။
လက်နှိပ်စက်ရှိတဲ့နေရာကို လီလီကသိတယ်။ လီလီက ခင်ဗျားကို
လက်နှိပ်စက်ငှားတယ်။ ခင်ဗျားက လက်နှိပ်စက်ရိုက်တယ်"

ဝှာလေ့က ဝင်ပြောရန် ဟန်ပြင်သည်။

ဟွမ်းက ဟန့်တားသည်။ "ခင်ဗျားစကားတစ်လုံးမှ
မပြောပါနဲ့၊ ခင်ဗျားဟာ ကိုယ့်သေမိန့်ကို ကိုယ် ဘာသာ လက်နှိပ်
စက်ရိုက်တဲ့ အရူးပဲ၊ လက်နှိပ်စက်စားပွဲမှာထိုင်ရင်း ဝဲ(လ်)ဗက်
ဂျွန်နီရဲ့မှုရင်း စာထဲမှာ ပါတဲ့အတိုင်း တိကျပြည့်စုံအောင် ရိုက်ဖို့
ကြိုးစားခဲ့တယ်။ စာအများစုကို ခင်ဗျား မှတ်မိပါတယ်။ ဒါပေမယ့်
တစ်ခုကိုတော့ မေ့နေခဲ့တယ်။ ကရန်လေ အိမ်လိပ်စာကို ခင်ဗျား
မေ့နေတယ်။ ဒါကြောင့် အဲဒီအိမ်ကို သွားပြီး အိမ်နံပါတ်ကြည့်
တယ်။ ခင်ဗျားကတော့ သေချာအောင် လုပ်လိုက်တာပဲ"

သူက စာရွက်ကို ဖြန့်လိုက်သည်။ "လိပ်စာက အမှတ်
(၁၄)ဝဲ(လ်)ဝင်းလမ်း"

ဝှာလေ့က လှမ်းမေးသည် "အဲဒါဘာဖြစ်သလဲ"

ဟွမ်းက ရှင်းပြသည်။ "ခင်ဗျားဟာ အရူးပဲ၊ ဝဲ(လ်)ဗက်
ဂျွန်နီထောင်ကျပြီး နှစ်ပါတ်အကြာမှာ လမ်းနာမည်ပြောင်းခဲ့
တယ်။ လူသတ်မှုဖြစ်တဲ့အချိန်က အိမ်လိပ်စာဟာ အမှတ်(၁၄)

မာဘလေလမ်းဖြစ်တယ်။ ဝုံးကြခံရတဲ့နောက်ပိုင်းမှာ လမ်းနာမည်
တွေ ပြောင်းတာ ခင်ဗျား မသိလိုက်ဘူး”

အခန်းတစ်ခန်းလုံး တိတ်ဆိတ်သွား၏။ တိတ်ဆိတ်မှုကို
တံခါးဖွင့်သံက ဖျက်ဆီးလိုက်သည်။ အပြင်တွင် ရပ်ထားသော
ရဲကားမှ ဆာဂျင်သည် တံခါးဝတွင် ရပ်နေသည်။

ဟွမ်းက စကားကို နိဂုံးချုပ်လိုက်သည်။ “ဝီလျံအာ
နက်(စ်)ဝှာလေ့ ကျုပ် ရဲအရာရှိတစ်ယောက်ဖြစ်ပါတယ်။ ခင်ဗျား
ကို လူသတ်မှုနဲ့ ကျုပ်ဖမ်းလိုက်ပြီ၊ လီလီအင်နာမလုန်း ခင်ဗျား
ကိုလဲ အမှုမှာ ကြံရာပါမှုနဲ့ ကျွန်ုပ် ဖမ်းပါတယ်”

# တစ်လိမ်နှစ်လိမ်ပွေလိမ်ရှုပ်

## Mayfair Melody

**Peter Cheyney**

ကျွန်တော့်အပေါ်တွင် ဟူးဘတ်သည် ဤမျှရက်စက်လိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။ ပေါ်လာအနေဖြင့်လည်း ကျွန်တော့်အပေါ်တွင် ဤမျှရက်စက်လိမ့်မည်ဟု မထင်ခဲ့ပါ။ ကျွန်တော်နှင့် သူမသည် တစ် ချိန်ကချစ်သူများဖြစ်ခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် အစကတည်းက သတိရှိခဲ့ဖို့တော့ ကောင်းပါသည်။

ကျွန်တော့်၏ ရှေ့နေက အာမခံရသည်မှာ ကံကောင်းသည်ဟုပြောပါသည်။ ကျွန်တော်သည် ထောင်ကျဖို့သေချာသည်ဟုလည်း ပြောပါသည်။ ထောင်ကျပါက ကျွန်တော်သည် အချစ်ဆုံးမိတ်ဆွေ တစ်ယောက်၏ ချောက်ချမှုနှင့်တစ်ကမ္ဘာတွင် တစ်ယောက်သာရှိသည်ဟု ထင်မှတ်ယုံကြည်ခဲ့သော မိန်းကလေး၏သစ္စာဖောက်ခြင်းခံရသော နောက်ထပ် မေဖဲယားမင်းတစ်ယောက် ဖြစ်သွားပေလိမ့်မည်။

အဖြစ်အပျက်အားလုံးကို အစမှအဆုံး ကျွန်တော် ပြ
မှတ်မိနေပါသည်။ ကြာသပတေးနေ့ညတွင် ကျွန်တော်နှင့် ဟ
ဘတ်တို့သည်။ ဇီးကွက်ဖြူကလပ်၏ နောက်ဘက်ခန်းတွ
ထိုင်နေကြပါသည်။ အချိန်မှာ ညလယ်စာစားချိန်ဖြစ်သည
ကျွန်တော်တို့မှာ စိတ်အလွန်ကသိကအောက် ဖြစ်နေကြပါသည
ဆိုင်ရှင် ရစ်ကယ်လီသည် လွန်ခဲ့သော နှစ်လက သူ့ထံမှ ကျွန်တေ
တို့ ယူသွားသော ရှန်ပိန်ပုလင်းခြောက်ဒါဇင်အတွက် ကျွန်တေ
တို့ကို စိတ်ဆိုးနေသောကြောင့်ဖြစ်ပါသည်။ ထိုရှန်ပိန်ပုလင်းမျာ
ကို တစ်ဝက်ဈေးဖြင့် ပါဒရွန်ကလပ်ပိုင်ရှင် လော့ဇီအား ရော
လိုက်ကြောင်းကို ရစ်ကယ်လီသိသည်ဟု ကျွန်တော် ထင်ပါသည
ရစ်ကယ်လီသည် ထိုကိစ္စအတွက် မည်သို့မှ ထိခိုက်နစ်နာစရ
မရှိပါ။ ကျွန်တော်တို့သည် ရှန်ပိန်ပုလင်းများအတွက် ကျသင့်င
မကြာခင် ပြန်ပေးမည်သာဖြစ်ပါသည်။ ကျွန်တော်တို့သည
သူ့ဆိုင်သို့ဖောက်သည်ကောင်းများကို မကြာခဏ ခေါ်လာက
သည်။ ထိုလူများသည် ငွေကြေးအလွန် သုံးစွဲနိုင်သူများဖြစ်ပ
သည်။

ဟူးဘတ်က အခြေအနေမကောင်းကြောင်းပြောပါ
သည်။ ကုန်သည်အချို့နှင့် လူအချို့သည် ကျွန်တော်တို့ကို လိုက်
ရှာနေကြောင်း သူသုံးစွဲသော ချက်လက်မှတ်တစ်စောင်မှာ ပြန်
အပေးခံရကြောင်း သူ ဒုက္ခရောက်နေကြောင်း ပြောပြသည်။
မိမိပေးလိုက်သော ချက်လက်မှတ်တစ်စောင်သည် မိမိထံသို့
ပြန်ရောက်လာသည်မှာ မဆန်းဟု ကျွန်တော်ထင်ပါသည်။ မည်သူ
မဆို ထိုကဲ့သို့ ကြုံတတ်ပါသည်။

---



ကျွန်တော် ကိုယ်တိုင်လည်း အခြေအနေမကောင်းပါ။
ကျွန်တော်သည် ကားကုမ္ပဏီတစ်ခု၏ ကားများကိုကော်မရှင်ဖြင့်
ရောင်း သော အလုပ်လုပ်ပါသည်။ ကားကုမ္ပဏီသည် လွန်ခဲ့သော
(၂) ရက်က ကျွန်တော်ထံသို့ အလုပ်ဖြုတ်သည့်စာပို့ခဲ့သော
ကြောင့်ဖြစ်ပါသည်။ ကျွန်တော် အသိတစ်ယောက်အား ကားတစ်
စီးရောင်းပေးပြီးနောက် ကော်မရှင်ငွေကိုကြိုယူခဲ့ပါသည်။
သို့သော် နောက်ပိုင်းတွင် ထိုလူက ကားမဝယ်သောကြောင့်
ဖြစ်ပါသည်။ ကားကုမ္ပဏီက ကျွန်တော်နှင့်ထိုလူပေါင်း၍
သိမ်ညာခြင်းဖြစ်ကြောင်း၊ ထိုလူသည် ကားဝယ်ရန် ဆန္ဒမရှိ
ကြောင်း၊ ကော်မရှင်ကို ကျွန်တော်တို့ နှစ်ယောက်ခွဲဝေယူ
ကြောင်းစာထဲတွင် ဖော်ပြထားပါသည်။ ဘာပဲဖြစ်ဖြစ် ကားဖိုးငွေ
မရခင် ကော်မရှင်ပေးခြင်းမှာ သူတို့၏ အမှားသာဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်လုံးသည် စီးပွားရေးလုပ်ရာ
တွင် ဘာကိုမှ ဂရုမစိုက်ရန် သဘောတူထားကြပါသည်။ ကုမ္ပဏီ
သည် ကျွန်တော်နှင့် ဟူးဘတ်တို့အား ပါတီပွဲများသို့ မကြာခဏ
တက်ခိုင်းပါသည်။ ထိုပါတီပွဲများသည် ရုပ်ရည်ခန့်ညားသန့်ပြန့်
သူများကိုသာ လက်ခံတတ်ပါသည်။ တစ်ခါတွင် ကျွန်တော်တို့
တက်သောပါတီပွဲတွင် အမျိုးသမီးတစ်ယောက်၏ ခေါင်းမှ ရွှေဆံ
ထိုးကို လူတစ်ယောက်က ဖြုတ်ယူသွားပါသည်။ ထို့နောက်ပိုင်း
တွင် ပါတီပွဲများကို ကျွန်တော်တို့ မတက်ရတော့ပါ။

ထိုအတွက် ကျွန်တော်တို့ အလွန်ဒေါသထွက်ခဲ့ပါသည်။
ကျွန်တော်တို့အား အလွန်သိက္ခာကျစေပါသည်။ ထိုအကြောင်းကို
ကျွန်တော်တို့နှစ်ယောက်လုံး ဘာမှမသိပါ။ ဟူးဘတ်က ကျွန်တော်

တို့နှင့် အတူပါတီပွဲသို့ တက်သော မာဘင်ဟောပယ်လက်(စ်)
သည် အောက်ကျနေသော ထိုဆံထိုးကိုကောက်ယူပြီး အိတ်ထဲ
ထည့်လိုက်ကြောင်းပြောပါသည်။ ထိုလူများသည် သူတို့၏
လက်ဝတ်လက်စားများကို အိမ်တွင် ဘေးချတ်ပြီး ဘာကြောင့်
မထားခဲ့ကြတာလဲ၊ သူတို့ ပစ္စည်းပျောက်သည်မှာ ကျွန်တော်တို့
နှင့် ဘာမှမပတ်သက်ပါ။ နောက်တစ်ညတွင် မာဘင်သည်
အလွန်ပျော်စရာကောင်းသော ပါတီပွဲကိုတက်ရပါသည်။

တစ်ခုခုလုပ်သင့်သည်ဟု ကျွန်တော်တို့ နှစ်ယောက်
သဘောတူပြီးချိန်တွင် ပေါ်လာရောက်လာလေသည်။

ပေါ်လာသည် အလွန်ချစ်စရာကောင်းသည်ဟု
ကျွန်တော် အမြဲထင်ပါသည်။ သူမသည် အဝတ်အစားကို လိုက်
ဖက်စွာ ရွေးချယ်ဝတ်ဆင်တတ်ပါသည်။ သူမ၏ ကိုယ်လုံးကိုယ်
ပေါက်မှာ ဘာကိုပဲဝတ်ဝတ်ကြည့်ကောင်းလှသည်။ တစ်ချိန်က
သူမနှင့် ကျွန်တော်တို့သည် ချစ်သူများဖြစ်ခဲ့ပြီး အချိန်အတော်
ကြာအောင် တွဲခဲ့ကြပါသည်။

သူမသည် ကျွန်တော်တို့စားပွဲကို တန်းတန်းမတ်မတ်
လျှောက်လာပြီး ဝင်ထိုင်ပါသည်။ ပေါ်လာသည် ကျွန်တော်တို့
ကဲ့သို့ အခြေအနေမကောင်းကြောင်းနှင့် လောလောဆယ်တွင်
ဘာမှလုပ်စရာမရှိကြောင်းကို သဘောတူပါသည်။ စစ်ပွဲ၏
ကြောက်စရာကောင်းပုံနှင့် အင်္ဂလန်နိုင်ငံ၏ အပြင်သို့ငွေများ
ထွက်နေပုံကိုလည်း ပြောပြပါသေးသည်။

ဟူးဘတ်က မထရားသောနည်းဖြင့် စီးပွားရှာသူများ
သာ ယနေ့အချိန်အခါတွင် ချမ်းသာနေကြောင်းပြောပါသည်



ယားလောင်းကစားပါတီတွင် အကြီးအကျယ်နိုင်သွားသော
ဂရင်းနင်းကဲ့သို့ လူစားများသည် ဘယ်တော့မှဆင်းရဲတော့
မည်မဟုတ်ဟု ပြောပါသည်။

ထိုအချက်ကို ပေါ်လာက သဘောတူလေသည်။ ဂရင်း
နင်းသည် ပြည့်စုံသော ဥပမာ ဖြစ်ကြောင်း သူမက ပြောပြသည်။
သူသည် ငွေအမြောက်အမြား ရင်းနှီးပြီး လောင်းနိုင်သောကြောင့်
ကဲ့သို့ ငွေအများကြီးဝင်ခဲ့ကြောင်း ပြောပြသည်။ သူလုပ်သမျှ
ဆုံးရကြောင်း ပြောသည်။ ထို့နောက် သူမက ညတစ်ညတွင်
ဂရင်းနင်းသည် ပေါင်တစ်ထောင့်ငါးရာ အနိုင်ရသွားကြောင်း
အား ဖာဒီနန်တော်လက်တီကစားဝိုင်းသို့ သူမလိုက်ပို့ပေးခဲ့
ကြောင်း သူမက လိုက်ပို့ခအဖြစ် ဒေါ်လာ(၅၀)တောင်းသည်
ပေးကြောင်း ပြောပြပါသည်။

"ဒီလူဟာ ငကြောက်ပါ" ဟူးဘတ်ကပြောသည်။ "သူ့ကို
ခန်းစာပေးစမ်းပါ။ သူ့ကို ဆုံးမဖို့သင့်ပြီ"

ဟူးဘတ်က ရယ်နေလေသည်။ သူက ဖဲချပ်များကို
လက်ထဲတွင် ဝှက်ထားနိုင်သော ကိရိယာတစ်ခု ထွင်ထား
ကြောင်း မိမိလိုချင်သော ဖဲချပ်ကိုထိုကိရိယာထဲမှ တစ်ဆင့် အခြား
များမမြင်စေဘဲ အချိန်မရွေးထုတ်ယူလို့ရကြောင်း ပြောပြလေ
သည်။

"ငါ ဂရင်းနင်းနဲ့ကစားရင် အဲ့ဒီကိရိယာကို အသုံးပြု
မယ်" ဟူးဘတ်က ပြောလေသည်။ "အမြဲတန်းဖဲရှုံးနေတဲ့ သူ့
မျက်နှာကို စောင့်ကြည့်ချင်တယ်"

ပေါ်လာက "ဘာကြောင့် မဖြစ်နိုင်ရမှာလဲ တော်တော်

ရယ်စရာကောင်းလိမ့်မယ်" ဟု ဝင်ပြောသည်။

ဟူးဘတ်က ကျွန်တော့်ကို လှမ်းကြည့်နေသည်။

"ဒီမှာ ဝီ(လ်)ဖရက်၊ ဒီငတိကို သင်ခန်းစာပေးမှ
တော့မယ်။ သူနဲ့ ဖဲကစားရရင် ငါတို့ငွေအများကြီးရလိမ့်မ
ဒါဟာ သူ့အတွက် အထိုက်တန်ဆုံးပဲ"

ကျွန်တော်က သဘောတူကြောင်း ပြောပါသ
ကျွန်တော်ကဆက်ပြီး ဤကဲ့သို့လုပ်သဖြင့် မရိုးသားဟု ယူဆ
မလိုကြောင်း သူကိုယ်တိုင် လူလိမ်တစ်ယောက်ဖြစ်ကြောင်း သ
ကစားဖို့ စီစဉ်ရန်မလွယ်ကြောင်း ပြောပြပါသည်။

ပေါ်လာက ထိုကိစ္စကို သူမ စီစဉ်မည်ဟု ဆိုပါသ
သူမက တစ်ညနေတွင် ဂရင်းနင်းနှင့် ညစာအတူစားပြီးနေ
သူမ အခန်းသို့ ခေါ်လာမည်ဖြစ်ကြောင်း အရက်သောက်
ဖြစ်ကြောင်း၊ ထိုအချိန်တွင် ကျွန်ုပ်တို့သည် သူမ အခန်း
အမှတ်တမဲ့ရောက်လာဟန်ဖြင့် ဝင်ပြီး၊ ဖဲရိုက်ရန်ပြောရ
ဖြစ်ကြောင်း ဂရင်းနင်းသည် ဖဲဝါသနာကြီးသဖြင့် ချက်
သဘောကျမည်သာ ဖြစ်ကြောင်း ပြောပြလေသည်။

"သိပ်ကောင်းတဲ့အစီအစဉ်ပဲ" ဟူးဘတ်က ပြော
သည်။ "ပထမပိုင်းမှာ ငွေနည်းနည်းအဆုံးခံပြီး၊ သူ့ကို အ
ပေးရမယ်။ အဲ့ဒီတော့မှ သူလောဘကြီးလာပြီး လောင်း
နှစ်ဆတိုးလိမ့်မယ်။ ဒီအချိန်မှာ ငါ့ကိရိယာကို အသုံးပြုပြီး သ
နိုင်အောင် ကစားရမယ်"

ဟူးဘတ်က ကျွန်တော်အား အရင်းငွေလုပ်ရန် 
သလားဟု မေးသည်။ သို့မှသာ ပထမပိုင်းတွင် ဂရင်းနင်း



အရှုံးခံပြီး ကစားနိုင်မည်ဖြစ်သည်။ ကျွန်တော်က မရှိကြောင်း
ပြောပါသည်။ ထိုစကားအမှန်ဖြစ်ပါသည်။

ဟူးဘတ်မှာ စိတ်ညစ်သွားရှာသည်။

"မင်းမှာ ချက်လက်မှတ် စာအုပ်ရှိသလား"

သူကမေးပါသည်။

ကျွန်တော်က ချက်လက်မှတ်စာအုပ်ရှိသော်လည်း ဘဏ်
တွင် ငွေစာရင်းဖွင့်မထားကြောင်း ပြောပါသည်။ လွန်ခဲ့သော
နှစ်ပါတ်ကဘဏ်နှင့် စကားများသဖြင့် ကျွန်တော်၏ ငွေစာရင်းကို
ပိတ်လိုက်ပါသည်။ ဟူးဘတ်သည် အတန်ကြာအောင် စဉ်းစား
နေပြီးနောက် ပြောပါသည်။

"ဒီမှာ ဝီး(လ်)ဖရက် ပေါ်လာက သူမ အခန်းကို အသုံး
ပြုခွင့်ပေးတယ်။ ငါက ကိရိယာကို သုံးပြီး၊ ဖဲနိုင်အောင်ရိုက်မယ်။
ဒီတော့ မင်းက အရင်းအနှီးရှာသင့်တယ်လို့ ငါ ထင်တယ်"

ကျွန်တော်က ဟူးဘတ်အား ကျွန်တော်တွင် ငွေမရှိဘဲ
ညကဲ့သို့ အရင်းအနှီးထုတ်ပေးနိုင်ပါမလဲဟု မေးလိုက်ပါသည်။

သူက ပြောပါသည်။ "ဒါက လွယ်လွယ်ကလေးပါ။
နက်ဖြန်ညမှာ ပေါ်လာက ဂရင်းနင်းကို ခေါ်လာနိုင်မယ်ဆိုတာ
ကို ယုံစမ်းပါ။ မင်းက ပေါင်နှစ်ရာချက်လက်မှတ် တစ်စောင်
ရေးပြီး ငါ့ကိုပေး၊ မနက်ဖြန်ညနေ ဘဏ်ပိတ်ချိန်မှာ ပေါင်(၂၀၀)
ငါ ယူခဲ့မယ်၊ ငါ့ကိုယုံကြည်တဲ့အတွက် ငွေထုတ်ပေးမယ့် လူတစ်
ယောက်ကို ငါသိတယ်။ မနက်ဖြန်ညမှာ နိုင်တဲ့ငွေထဲက ပေါင်
(၂၀၀)ကို မင်းနာမည်နဲ့ ငွေစာရင်းဖွင့်ပြီး ဘဏ်ကိုသွင်းလိုက်မယ်။
ဒါဆိုရင် ဒီချက်လက်မှတ်နဲ့ ငွေထုတ်လို့ရပြီပေါ့"

ကျွန်တော်သည် ထိုအချက်ကို စဉ်းစားပြီးနောက် ဖြစ်နိုင် သည်ဟု ယူဆလိုက်ပါသည်။ ချက်လက်မှတ်သည် ဘဏ်သို့ရောက် ရန် နှစ်ရက်အချိန်ရပါသည်။ သန်ဘက်ခါနံနက်တွင် အနိုင် သောငွေဖြင့် ဘဏ်သို့ ကျွန်တော်ငွေသွင်းနိုင်ပါသည်။ ထိုအစီအစဉ် ကို သဘောတူလိုက်ပါသည်။

ကျွန်တော်တို့သည် ရူးသွပ်နေသူများလို အားရပါးရ ရယ် မောကြပါသည်။ ဂရင်းနင်းအား သင်ခန်းစာပေးရမည်အတွက် အလွန်အားရကျေနပ်နေကြပါသည်။

ဟူးဘတ်မှာ အနည်းငယ်စိတ်လှုပ်ရှားနေလေသည်။ သူက ရှန်ပိန်တစ်ပုလင်းထပ်မှာလိုက်ပါသည်။ ထိုအချိန်အတွင် တွင် ပေါ်လာက ဂရင်းနင်းထံ တယ်လီဖုန်းဆက်ပြီး စကား ပြော လေသည်။ မကြာခင် သူမ ပြန်ရောက်လာပြီးနောက် ကျွန်တော် တို့ကံကောင်းကြောင်း၊ မနက်ဖြန်ညတွင် ဂရင်းနင်းသည် သူမနှ အတူ ညစာစားပြီးနောက် သူမ အခန်းသို့လိုက်၍ ဖဲကစားရ သဘောတူကြောင်း ပြောပြပါသည်။

ရှန်ပိန်တစ်ပုလင်းကုန်ပြီးနောက် တစ်ပုလင်းထပ်မှ ကြပါသည်။ ကျွန်တော်တို့အားလုံး အားတက်နေကြပါသည်။ လူလည်ကြီးတစ်ယောက်အား သင်ခန်းစာပေးရမည်မှာ အလွ ကျေနပ်စရာကောင်းပါသည်။ ပေါ်လာက ဂရင်းနင်းသည အလွန်ကပ်စေးနဲကြောင်းလည်း ပြောပြပါသည်။

ဟူးဘတ်က ဂရင်းနင်းသည် မေဖဲယားက စားပိုင်း ပေါင်နှစ်သောင်းခန့်နိုင်သွားကြောင်း ဤမျှများပြားသော ငွေက သူ ယူလာမည်ဟု မထင်ကြောင်း၊ သူ့ထံမှ မည်မျှနိုင်သည်ဖြစ်



စေ ကျွန်တော် စိုက်ထားသော ပေါင်နှစ်ရာကိုနှုတ်ပြီးနောက် ကျန်ရှိသောငွေကို ကျွန်တော်တို့ သုံးယောက်အညီအမျှ ခွဲဝေယူ ကြမည်ဟု ပြောပါသည်။

ကျွန်တော်တို့သည် နောက်ထပ်ရှန်ပိန်တစ်ပုလင်းမှာ သောက်ကြပြီးနောက် ကျွန်တော်၏ အခန်းသို့ ပြန်လာကြပါ သည်။ ကျွန်တော်က ချက်လက်မှတ်ရေးပြီး ဟူးဘတ်ကိုပေးလိုက် ပါသည်။ ထို့နောက် ဟူးဘတ်၏ အခန်းသို့ သွားကြပါသည်။ ဟူးဘတ်က သူ့တွင် ဆွေမျိုးနီးစပ်တော်သော မိတ်ဆွေတစ် ယောက်ရှိကြောင်း ထိုလူသည် မိတ်ဆွေဟောင်းများကို အလွန် ယုံကြည်ကြောင်း ထိုလူက ချက်လက်မှတ်အတွက် ငွေထုတ် ပေးမည်ဖြစ်ကြောင်း ပြောပြပါသည်။ ထို့နောက် သူ တီထွင်ထား သော ကိရိယာကို ထုတ်၍ သုံးစွဲနည်းကို လက်တွေ့လုပ်ပြပါသည်။

ထိုကိရိယာမှာ အလွန်ကောင်းမွန်သေသပ်လှပါသည်။ ဖဲချပ်နှစ်ဒါဇင်ခန့်ထည့်ထားနိုင်ပြီး၊ အင်္ကျီလက်အနားတွင် ဝှက် ထားနိုင်ပါသည်။ ဟူးဘတ်က ထိုကိရိယာထဲမှ သူလိုချင်သော ဖဲချပ်ကိုထုတ်ယူခြင်း၊ မလိုချင်သောဖဲချပ်ကို ထိုကိရိယာသို့ ပြန် သွင်းနည်းကိုပါ လက်တွေ့လုပ်ပြပြန်သည်။

သူ့ကျွမ်းကျင်မှုကို ကျွန်တော်တို့ အလွန်အားရကျေနပ် ကြပါသည်။ ဝိုက်လေဒီအရက်ကို သောက်ပြီး သူ့အား ဂုဏ်ပြု ကြပါသည်။ ထို့နောက် နောက်တစ်နေ့ည(၁၁)နာရီတွင် ပေါ်လာ၏ အခန်းတွင် တွေ့ဆုံရန် ချိန်းပြီးနောက် လမ်းခွဲလိုက် ကြပါတော့သည်။

ချိန်းထားသည့် အတိုင်း နောက်တစ်နေ့ညတွ
ကျွန်တော်တို့ တွေ့ကြပါသည်။ ပေါ်လာ၏ အခန်းသို့ ကျွန်တေ
တို့ရောက်ချိန်တွင် ဂရှင်းနင်းရှိနေပါသည်။ ပေါ်လာနှင့် ဂရ
နင်းတို့သည် ညနေစာကို အတူစားခဲ့ပြီးနောက် အလွန်ပျော်
ကျေနပ်နေပုံရပါသည်။

ဂရင်းနင်းမှာ တစ်ချက်ကြည့်ရုံနှင့် လူကြီးလူကော
မဟုတ်ကြောင်း သိနိုင်ပါသည်။ သို့သော် လူကြီးလူကောင်း တ
ယောက်လို ကြိုးစားဟန်လုပ်နေလေသည်။ လက်သုပ်ပဝါအ
ရှိလျှင် 'ဆာဗီယက်တီ' ဟု ပြောပါသည်။ ဟန်လုပ်လွန်းသ
အချို့နေရာများတွင် ရယ်စရာကောင်းနေပါသည်။ သူနှင့်ပေ
လာတို့သည် ရှန်ပိန်ခြောက်ပုလင်းဝယ်လာကြပါသည်။ ကျွန်တေ
တို့သည် အရက်သောက်ရင်း စကားများ ပြောကြပါသည်။

ညဆယ်နာရီအချိန်တွင် ဖဲဝိုင်းစပါသည်။ ဟူးဘ
သည် ကျွန်တော်နှင့် ပေါ်လာတို့အား ထိုညနေ စောစောပိုင်း
ပင် ခြောက်ဆယ်ငါးပေါင်စီပေးထားပါသည်။ ကျန်သော ပေ
တစ်ရာသုံးဆယ်မှာ သူကစားရန်ဖြစ်ပါသည်။ ကျွန်တော့် ချ
လက်မှတ်ကို ငွေသားဖြင့်လဲလှယ်ပြီး ဖြစ်ပါသည်။

ညတစ်နာရီတွင် ဂရင်းနင်းသည် ကျွန်တော်တို့
ငွေအားလုံးကို နိုင်သွားပါသည်။ ဟူးဘတ်က လောင်းကြေ
ယခုထက် ပိုကစားရန် ပြောပါသည်။

ထိုအဆိုကို ကျွန်တော်တို့အားလုံးသဘောတူပါသ
ဂရင်းနင်းက ပိုက်ဆံများကိုသိမ်းပြီး ပေါ်လာပေးသော ကောင်
ပြားများဖြင့် ကစားမည်ဟုပြောပါသည်။ ကျွန်တော်သည် လော



ကြေးငါးပေါင်မှ စကစားပါသည်။ ထိုအချိန်မှစ၍ ဟူးဘတ်သည် သူ့ကီရိယာကို စတင်အသုံးပြုပါတော့သည်။ ထိုကဲ့သို့ ပိရိသေသပ်သော ဖဲလိမ်ကစားနည်းကို ကျွန်ုပ်မတွေ့ဖူးပါ။

နံနက်လေးနာရီအထိ ဆက်ကစားကြပါသည်။ ဂရင်းနင်းမှာ အကြီးအကျယ်ဖဲရှုံးနေပါသည်။ နောက်ဆုံးတစ်ချီကစားပြီးလျှင် ဝိုင်းသိမ်းရန်သဘောတူကြပါသည်။ ဝိုင်းသိမ်းပြီးနောက် အရှုံးအနိုင်များကို တွက်ကြသည်။ ဂရင်းနင်းသည် ကျွန်တော်တို့အား ပေါင်သုံးထောင်ပေးရမည်ဖြစ်ပါသည်။

သူက မကြာခင်က သူ ကံကောင်းခဲ့ကြောင်း သို့သော် အမြဲတမ်းကံကောင်းမည် မဟုတ်သည်ကို သိကြောင်းပြောပါသည်။ ထို့နောက် ချက်လက်မှတ်စာအုပ်ကိုထုတ်ပြီး ပေါင်သုံးထောင်နှစ်ရာနှစ်ဆယ်ကို ချက်လက်မှတ်ရေး၍ ဟူးဘတ်ကိုပေးလေသည်။ ဟူးဘတ်ကနောက်တစ်နေ့တွင် ငွေထုတ်၍ ကျွန်တော်နှင့်ပေါ်လာကိုပေးမည်ဟု ပြောပါသည်။

ပြန်ကာနီးတွင် ဂရင်းနင်းက သူ့အိတ်ထဲမှ သေတ္တာငယ်တစ်လုံးကိုထုတ်၍ ပေါ်လာအားပေးလေသည်။ ပေါ်လာဖွင့်ကြည့်သောအခါ အလွန်အရည်သွေးကောင်းသော စိန်ရင်ထိုးကလေးကို တွေ့ပါသည်။ ဂရင်းနင်းက ထိုရင်ထိုးကို သူမလက်ခံမည်ဟု မျှော်လင့်ကြောင်း ညနေစာအတူစားရသဖြင့် ကျေးဇူးတင်ကြောင်း ပြောလေသည်။ ပေါ်လာကို သူ သဘောကျနေသည်ဟု ကျွန်တော် ထင်ပါသည်။

ထို့နောက် ကျွန်တော်တို့ ယောက်ျားသုံးယောက်ထွက်လာကြပါသည်။ ဂရင်းနင်းက တစ်ညညတွင် သူပြန်ကစားလို

ကြောင်းပြောပါသည်။ ကျွန်တော်တို့က အဆင်သင့်ပါဟု ပြန်ပြ
ကြပါသည်။ ထို့နောက် သူ့ကားထဲသို့ဝင်ပြီး မောင်းသွားပါတေ
သည်။ ဟူးဘတ်နှင့် ကျွန်တော်သည် အူနှိုပ်ပြီးရယ်ကျန်ရစ်ခဲ့
ပါသည်။

ကျွန်တော်သည် ဟူးဘတ်အား သူ့အခန်းဝအ
လိုက်ပို့ ခဲ့ပါသည်။ ဟူးဘတ်က နောက်တစ်နေ့ည(၉)နာရီတွ
ဇီးကွက် ဖြူစားသောက်ဆိုင်တွင် ကျွန်တော်နှင့် ပေါ်လာတို့
လာတွေ့မည်ဖြစ်ကြောင်း၊ ညနေစာအတူစားကြမည်ဟု ပြော
သည်။ လွန်ခဲ့သောညက အလုပ်မှာ အလွန်အောင်မြင်ကြော
ကျွန်တော် စိုက်ထားသော အရင်းငွေပေါင် (၂၀၀)ကိုနှုတ်
နောက်တစ်ဦးလျှင်ပေါင်(၁၀၀၀)စီရဖို့ရှိကြောင်း ပြောပြ
သည်။ ဟူးဘတ်က ဂရင်းနင်းအား သင်ခန်းစာပေးရသည်
ကျေနပ်စရာကောင်းကြောင်း သူ့လုပ်နည်းလုပ်ဟန်ကို ဂရင်းန
ဘယ်တော့မှ သိမည်မဟုတ်ကြောင်း ပြောပါသည်။ ထို့နော
ကျွန်တော်တို့သည် အားရပါးရရယ်မောဖြစ်ကြပါတော့သည်

❑ ❑ ❑ ❑ ❑

နောက်တစ်နေ့ ညနေငါးနာရီတွင် ကျွန်တော် အိပ်
မှ နိုးလာပါသည်။ ခေါင်းထဲတွင် အုံနေသဖြင့် အိပ်ရာပေါ်တွ
လှဲရင်း စဉ်းစားနေပါသည်။ ကျွန်တော်ရမည့် ပေါင်(၁၀၀၀)ဖြ
ဘာလုပ်ရမည်ကို စဉ်းစားနေပါသည်။ ပဲရစ်မြို့သို့ ရက်သတ္တပ
ခန့်သွားသည်ရလျှင်ကောင်းမည်ဟု စဉ်းစားမိပါသည်။
အိပ်ရာမှထ၍ ရေချိုးပြီးနောက် စကော့ဝီစကီနှစ်ပ



သောက်လိုက်ပါသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ဘုရင်တစ်ပါး
လို စိတ်ကြီးဝင်သွားပါသည်။ ပေါ်လာထံသို့ တယ်လီဖုန်းဆက်ပြီး
ဇီးကွက်ဖြူဘားတွင် ကျွန်တော်တို့ ညစာစားကြမည်အကြောင်း
ဟူးဘတ် ငွေယူလာမည့်အကြောင်းကို ပြောပြပါသည်။ ကျွန်တော့်
စကားအဆုံးတွင် ပေါ်လာက ထူးဆန်းသော အသံဖြင့် ပြန်ပြော
ခဲ့သည်။ "ကျွန်မတော့ ငွေရဖို့ သိပ်မမျှော်လင့်တော့ဘူး ဝီး(လ်)
ရက်၊ ဟူးဘတ်တော့ လစ်သွားပြီလို့ ကျွန်မ ထင်တယ်"

"မင်း ဘာဆိုလိုတာလဲ ပေါ်လာ" ကျွန်တော် မေးလိုက်
ပါသည်။ "လစ်သွားပြီ ဟုတ်လား ဘယ်ကို သွားတာလဲ"

"ကျွန်မ ပြောပြပါ့မယ်၊ ဒီနေ့ နေ့လယ် လေးနာရီခွဲက
ကျွန်မ ဟူးဘတ်ဆီကို တယ်လီဖုန်းဆက်ခဲ့တယ်။ သူထွက်သွား
ပြီလို့ ပေါ်လာက ပြောပါတယ်။ လေးနာရီက အထုပ်အပိုးတွေနဲ့
ထွက်သွားတယ်လို့ပြောပါတယ်။ မြောက်ပိုင်းကို ခရီးထွက်တာ
ဖြစ်မယ်လို့လဲ ပေါ်လာက ပြောပါသေးတယ်"

"ဘုရားသခင်၊ ဒါဟာ တော်တော်ဆိုးတာပဲ ငါတို့ငွေတွေ
ပါ သူ ယူသွားပြီပေါ့၊ ဒီလို မလုပ်သင့်ဘူး"

"ဟုတ်တယ်၊ တော်တော်ဆိုးတယ်" ပေါ်လာက ပြောပါ
သည်။ "ဟူးဘတ်ဘာလုပ်သွားတယ်ဆိုတာကို ကျွန်မ ဘာမှမသိ
ပါဘူး။ သူ တီထွင်တဲ့ကိရိယာဟာ ဘယ်လောက်သပ်ရပ်သလဲဆို
တာကို မနေ့ညက ရှင် မြင်ပါတယ်နော်၊ မနေ့ညက သူ ဖဲကစား
နေချိန်မှာပဲ တစ်နေ့နေ့မှာ သူဟာ ကျွန်မတို့အပေါ်မှာလဲ ဒီလို
ကလိန်ကျလိမ့်မယ်လို့ ထင်နေခဲ့တယ်"

"ဂရင်းနင်းရဲ့ ချက်လက်မှတ်နဲ့ သူငွေထုတ်သွားပြီ

ထင်တယ်"

"မထုတ်ဘူး" ပေါ်လာက ဖြေပါသည်။ "သူ ငွေမထုတ်ရသေးဘူး။ သုံးနာရီခွဲအထိ သူ အိပ်ရာက မထသေးဘူးလို့ ပေါ်လာက ပြောတယ်လို့လဲ ပြောတယ်။ ချက်လက်မှတ်ဟာ အဲ့ဒီအထုပ်ထဲမှာ ပါသွားနိုင်တယ်။ ဟူးဘတ်ဟာ သူရောက်တဲ့နေရာမှာ ငွေထုတ်လို့ရအောင် စီစဉ်ခဲ့တာဖြစ်လိမ့်မယ်"

"တော်တော် ကလိန်ကျတာပဲ" ကျွန်တော် ပြောလိုက်ပါသည်။ "သူငယ်ချင်းတွေ အပေါ်မှာ ဒီလိုမလုပ်သင့်ဘူး၊ သိပ်ယုတ်မာတာပဲ။ မနက်ဖြန်မနက်မှာ ကိုယ်ဘဏ်ကို ပေါင်နှစ်ရာသွင်းရလိမ့်မယ်။ အဲ့ဒါ ကိုယ် ဘယ်လိုလုပ်ရမလဲ"

သူမက အေးစက်စက်လေသံဖြင့် ပြောပါသည်။ "ရှင်ဘာလုပ်သင့်တယ်ဆိုတာကို ကျွန်မလဲ မပြောတတ်တော့ဘူး။ ဝီး(လ်)ဖရက်၊ ကျွန်မဘာလုပ်ရမလဲဆိုတာပဲသိတယ်။ ကျွန်မဟာ ကိုယ့်ခြေထောက်အပေါ်မှာ ရပ်တည်နေတဲ့ မိန်းကလေးပါ။ ဒါပေမယ့် ကျွန်မ ကိုယ်ကို ကျွန်မစောင့်ရှောက်နိုင်တယ်။ ဟူးဘတ်ဟာ ကျွန်မတို့ကို လိမ်တော့မယ်ဆိုတာသိတဲ့အတွက် လုပ်သင့်တဲ့အလုပ်တစ်ခုကို ကြိုတင်လုပ်ခဲ့တယ်"

"လုပ်သင့်တဲ့အလုပ် ဟုတ်လား" ကျွန်တော်အံ့အားသင့်စွာ မေးလိုက်ပါသည်။ "ဘာကို ဆိုလိုတာလဲ ပေါ်လာ"

"ကျွန်မ ဂရင်းနင်းနဲ့ သွားတွေ့တယ်" သူမက ခပ်တည်တည်ပြောပါသည်။ "ပြီးတော့ အကြောင်းစုံပြောပြလိုက်တယ်၊ မနေ့ညက ဟူးဘတ်ဖဲလိမ်ကစားတဲ့အကြောင်း ရန်ဖြစ်မှာစိုးတဲ့ ကျွန်မဘာမှမပြောတဲ့အကြောင်း ပြောပြလိုက်တယ်။ သူ့ဘဏ်ကို



ငွေထုတ်မပေးဖို့ပြောဖို့ အကြံပေးလိုက်တယ်။ သူဟာ အဲ့ဒီချက်လက်မှတ်ကို ငွေထုတ်မပေးဖို့ တယ်လီဖုန်းဆက်ပြီး ပြောလိုက်တယ်"

"ဒါဆို ဂရင်းနင်းအတွက် ကောင်းတာပေါ့"ကျွန်တော် ပြောလိုက်ပါသည်။ "ပေါင်သုံးထောင်သက်သာသွားပြီ၊ ဒါပေမယ့် ကောင်တာပြားတွေနဲ့ မကစားမီ ကိုယ့်ဆီက နိုင်သွားတဲ့ပေါင်နှစ်ရာကို ပြန်ပေးသင့်တယ်။ ကိုယ် ဂရင်းနင်းနဲ့သွားတွေ့ပြီး ပေါင်နှစ်ရာကို ပြန်တောင်းရမယ်"

"ကျွန်မသာရှင်ဖြစ်ရင် အဲ့ဒီလိုလုပ်မှာ မဟုတ်ဘူး။ ဝီး(လ်)ဖရက်" ပေါ်လာက ပြောပါသည်။ "ရှင် အဲ့ဒီငွေကို ပြန်ရမယ်လို့တော့ မထင်ဘူး။ ကျွန်မ သူ့ကိုအဖြစ်မှန်ပြောပြတဲ့အတွက် ဂရင်းနင်းဟာ ကျေးဇူးတင်သွားတယ်။ ကျွန်မကို ပေါင်ငါးရာပေးတယ်။ နောက်ထပ် ဒီလိုပေးမယ် မထင်တော့ဘူး"

ကျွန်တော် နောက်ထပ် စကားမပြောနိုင်အောင် အံ့အားသင့်သွားပါသည်။ ဟားဘတ်ကလိန်ကျသဖြင့် စိတ်ထိခိုက်မိသည်ထက် ပေါ်လာထံမှ ထိုစကားမျိုးကြားရသဖြင့် ပိုစိတ်ထိခိုက်မိပါသည်။

"ဒီမှာ ပေါ်လာ" ကျွန်တော် ပြောလိုက်ပါသည်။ "ပေါင်နှစ်ရာဟာ ကိုယ့်အတွက်ဘယ်လောက်အရေးကြီးတယ်ဆိုတာကို မင်းသိပါတယ်။ ဟူးဘတ်ဟာ ကိုယ်တို့နှစ်ယောက်လုံးကို ကလိန်ကျတယ်။ ဒါပေမယ့် ဖဲကစားဖို့ စီစဉ်တာဟာ မင်း။ မင်းဟာ ဂုဏ်သရေရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ ပေါ်လာ၊ ဂရင်းနင်းဆီက မင်းရတဲ့ပေါင်ငါးရာထဲက သုံးရာကို ကိုယ်ကိုပေးသင့်တယ်။

မင်းပေးကိုပေးရမယ်ကွာ"

"ကျွန်မကတော့ ဒီလိုမယူဆဘူး။ ဝီး(လ်)ဖရက်" သူမ
ပြတ်သားစွာပြောပါသည်။ "ကျွန်မတို့သုံးယောက်လုံးဟာ ဒီက
ကို အတူတူလုပ်ခဲ့ကြတာပါ။ သူက ကျွန်မတို့အပေါ်မှာ ကလ
ကျသွားတယ်။ ကျွန်မကလဲ ကျွန်မအတွက် အကောင်းဆုံးလု
တာဖြစ်တယ်။ ရှင် အိပ်နေချိန်မှာ ဟူးဘတ် လစ်သွား
အကြောင်းကို ကျွန်မသိခဲ့တယ်။ ပြီးတော့ ဂရင်းနင်းဆီသွား
အချိန်မီ သတိပေးခဲ့တယ်။ ဒါကြောင့် ဂရင်းနင်းပေးတဲ့ငွေ
ကျွန်မပဲရသင့်တယ်လို့ ယူဆတယ်၊ ဘယ်လိုပဲစဉ်းစားစဉ်း
ဒီငွေကို ရှင် မရသင့်ဘူး။ ကျွန်မဆီက ငွေရဖို့မမျှော်လင့်ပါ
ဒါဟာ ပွင့်ပွင့်လင်းလင်း ပြောတာပဲ။ ကျွန်မ မပေးဘူး"

ကျွန်တော် စကားမပြောနိုင်အောင် ဖြစ်သွားပါသ

"ခုလို ပြောရတဲ့အတွက် စိတ်မကောင်းပါဘူး" သူမ
ပြောပါသည်။ "ကဲ ကျွန်မမှာ ကိစ္စရှိလို့ အပြင်သွားရဦး
ညကိုးနာရီမှာ ဇီးကွက်ဖြူကိုလာခဲ့ပါ။ ညစာစားရင်း အရ
သောက်ကြမယ်"

ထို့နောက် တယ်လီဖုန်းချလိုက်ပါသည်။

ကျွန်တော်သည် အလွန်စိတ်ထိခိုက်စွာဖြင့် ရပ်နေ
သည်။ နောက်ဆုံးတော့ သူတို့အားလုံးသည် ကျွန်တော့်မိတ်
များဖြစ်ပါသည်။ ကျွန်တော့်ရင်ထဲမှာ ကြေကွဲနေပါသ
ဟူးဘတ်သည် ကျွန်တော်နှင့် ပေါ်လာတို့ရသင့်ရထိုက်သ
ငွေများကိုယူပြီး ထွက်သွားလေပြီ။ ဒါလောက်ဆို လုံလောက
သည်။ သို့သော် ဤမျှမကပါ ပေါ်လာကလည်း ကျွန်တော့် အ



နည်းချက်ကို အခွင့်အရေးယူခဲ့လေသည်။ ဂရင်းနင်းထံ ချက်ချင်း
ပြေးသွားပြီး၊ အထုပ်ဖြည်ပြခြင်းဖြင့် သူမအတွက် ပေါင်ငါးရာရ
အောင် ယူခဲ့သည်။ ကျွန်တော့်ကို ပဲနီပြားတစ်ပြားမှ ပေးမည်
မဟုတ်ဟုလည်း ပြောပါသည်။ ထိုမိန်းကလေးကို တစ်ချိန်က
ကျွန်တော် ချစ်ခဲ့ဖူးသည်ဟု ပြောခဲ့ပါသည်။ ကျွန်တော် ဟစ်၍
သာအော်လိုက်ချင်ပါသည်။ အရာရာသည် ကြေမွပျက်စီးသွား
လေပြီတကား။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ငွေပေါင်နှစ်ရာဖြင့် ထိုလုပ်ငန်း
ခေခဲ့ခြင်းဖြစ်သည်။ ပေါင်နှစ်ရာသာမရခဲ့လျှင် ဘာမှ လုပ်နိုင်မည်
မဟုတ်ပေ။ ထိုပေါင်နှစ်ရာအရင်းထည့်၍ ရလာသော ပေါင်သုံး
ထောင်တန် ချက်လက်မှတ်ဖြင့် ဟူးဘတ်လစ်သွားရန် ကြံခဲ့သည်။
ပေါ်လာက သူမအတွက် ပေါင်ငါးရာရအောင် ယူခဲ့ပြန်သည်။

တယ်လီဖုန်းခုံနံဘေးတွင် ရပ်ရင်း၊ ကျွန်တော်မျက်ရည်
ကျလုမတတ်ခံစားနေရပါသည်။ ကျွန်တော့် အနေဖြင့် သူငယ်
ချင်းများအပေါ်တွင် ဤသို့ မလုပ်ရက်ပါ။ ဤသို့ လုပ်မည်အစား
အသေခံမည်သာ ဖြစ်ပါသည်။ ဝမ်းနည်းမှုနှင့် ဒေါသကိုပြင်းထန်
စွာ ခံစားနေရပါသည်။

နံနက်ခုနစ်နာရီတွင် ကျွန်တော် အကြံတစ်ခုရလာပါ
သည်။ အဝတ်အစားကို သပ်ရပ်စွာဝတ်ဆင်ပြီး ဆဲ(လ်)ဗားဘား
သို့ ထွက်လာခဲ့ပါသည်။ ကော့တေး(လ်)တစ်ခွက်ဝယ်သောက်
ရင်း စားပွဲထိုး ဟာရိုး(လ်)နှင့် စကားပြောနေခဲ့ပါသည်။

"ဒီမှာ ဟာရိုး(လ်) မေဖဲယားမှာ လုပ်တဲ့ ကစားဝိုင်းတွေ
အကြောင်းကို စုံစမ်းနေတဲ့ စုံထောက်တွေကို မင်း သိသလား"

ဟာရိုး(လ်)က ဘေးကိုလှည့်ကြည့်ပြီး ပြောသည်။
"ကျွန်တော် သိတယ် စုံထောက်ဆာဂျင်မာတင်
သူဟာ ဟိုထောင့်မှာ သတင်းစာဖတ်ရင်း ထိုင်နေတယ်"
ကျွန်တော် ကံကောင်းခြင်း ဖြစ်ပါသည်။ အရက်
ခပ်မြန်မြန်သောက်ပြီး စုံထောက်ထိုင်နေသော စားပွဲကို လျှော
သွားပါသည်။ စုံထောက်က မော့ကြည့်ပါသည်။ ကျွန်တော်
ပါသည်။
"ဒီလိုပါဗျာ ပြောရမှာတော့ ရယ်စရာကောင်းတ
ကျွန်တော့် နာမည် ဝီး(လ်)ဖရက် ဖက်တင်ဝဲ(လ်)ပါ။ မနေ့ည
ကျွန်တော်ဟာ လောင်းကစားဝိုင်းတစ်ခုမှာ ရှိနေခဲ့ပါတ
အဲဒီမှာ ဖဲလိမ်ရိုက်ပြီး ငွေအများကြီးနိုင်သွားတဲ့လူတစ်ယော
ကို တွေ့ခဲ့ပါတယ်။ သူဟာ အကျီလက်ထဲမှာ ကီရိယာထည
ဖဲချပ်တွေသွင်းထားတယ်။ အဲဒီ ကိစ္စအတွက် ကျွန်တော် ဘာ
သင့်ပါသလဲ"
စားပွဲတွင်ဝင်ထိုင်ပြီး အရက်လာပို့ရန် အချက်ပြလို
ပါသည်။
စုံထောက်က ကျွန်တော်အား ထိုလူ၏ နာမည်ကို သိ
သလားဟုမေးလေသဖြင့် သိကြောင်းနှင့် ထိုလူ၏ နာမည်သ
ဟူးဘတ်တော်ကူဟာတ်ဖြစ်ကြောင်း ပြောပြလိုက်ပါသ
စုံထောက်က နာမည်ကို မှတ်စုစာအုပ်တွင် ရေးမှတ်ပါသ
ထို့နောက် စုံထောက်က ကျွန်တော်သံသယရှိသည့် အခြားသူ
ရှိသေးသလားဟု မေးပါသည်။
ကျွန်တော်က ဂရင်းနင်းဆိုသူသည် ငွေအမြောက်အမြ



ခဲ့သွားကြောင်း၊ ဟူးဘတ်နှင့်ပါတနာဖြစ်ဟန်တူသော မိန်းမ
တစ်ယောက်လည်းရှိကြောင်း နာမည်ကို မသိကြောင်း၊ ထိုအမျိုး
သမီးကို မေဖဲယားတွင် သိပ်မတွေ့ရကြောင်း ပြောပြပါသည်။
စုံထောက်မှာ အလွန်သဘောကောင်းလှသည်။ ဟူးဘတ်
တော်ကူဟာတ် အကြောင်းကို သတင်းပေးသဖြင့် ကျေးဇူးတင်
ကြောင်း၊ အမျိုးသမီး၏ နာမည်ကို သိပါက လာပြောရန် ဤပတ်
နန်းကျင်တွင် လောင်းကစားသမားလူလိမ်များရှိနေကြောင်း
ပြောပြပါသည်။
ကျွန်တော်ကလည်း အမျိုးသမီးနာမည်ကို သိအောင်
ကြိုးစားစုံစမ်းမည့်အကြောင်း၊ သိပါက ဝိုင်းလမ်းရှိသူ့ဌာနချုပ်သို့
တယ်လီဖုန်းဆက်ပြောမည်ဟု ကတိပေးလိုက်ပါသည်။ စုံထောက်
သူ့အမည်နှင့် တယ်လီဖုန်းနံပါတ်ပါသော ကတ်ပြားတစ်ခုကို
ည်း ထုတ်ပေးသည်။ ထို့နောက် ကျွန်တော် ထွက်လာခဲ့ပါသည်။
ယခုအခါ ကျွန်တော် ရင်အတော်ပေါ့သွားလေပြီ၊ ဟူး
ဘတ်နှင့်ပေါ်လာတို့ကြောင့် စိတ်ထိခိုက်ရခြင်းမှ အတော်အတန်
ကင်းသာခွင့်ရသွားလေပြီ။ ထို့နောက် အခန်းကိုပြန်လာပြီး
အရက်သောက်နေခဲ့ပါသည်။ ညကိုးနာရီတွင် ဝီးကွက်ဖြူတွင်
ရှိသော ပေါ်လာထံသို့ တယ်လီဖုန်းဆက်လိုက်ပါသည်။
"ဒီမှာ ပေါ်လာ ကိုယ် ဒီအဖြစ်အပျက်ကို သေသေချာချာ
စဉ်းသုံးသပ်နေခဲ့တယ်။ နိဂုံးချုပ်မှာ ဟူးဘတ်ကလိန်ကျတယ်
ဆိုတာ သေချာသွားပြီ၊ ဒီအကြောင်းကို ရဲတပ်ဖွဲ့ကို သတင်းပေး
သင့်တယ်လို ငါယူဆခဲ့တယ်။ ဒါကြောင့် ရဲစခန်းကို သွားခဲ့တယ်"
"အို ရှင်သွားတယ်။ သူတို့ကိုဘာတွေပြောခဲ့သလဲ" သူမ

က ထိတ်ထိတ်ပြာပြာမေးပါသည်။

"ကိုယ် ပြောမယ်လေ၊ ကိုယ်တို့သုံးယောက်အကြောင်း ဂရင်းနင်းအကြောင်းနဲ့ ဟူးဘတ်က ကိရိယာနဲ့ဖဲလိမ်ရိုက်တဲ့ အကြောင်းဖွင့်ပြောလိုက်တယ်။ တခြားဘယ်သူတွေရှိသလဲလို့ မေးတဲ့အတွက် ဟူးဘတ်ရဲ့ မိတ်ဆွေအမျိုးသမီးတစ်ယောက် ရှိတယ်လို့ ပြောလိုက်တယ်"

ပေါ်လာက ချုပ်တီးထားသော လေသံဖြင့် "ကျွန်မ နာမည်ကို ရှင်ပြောလိုက်သလား ဗီး(လ်)ဖရက်၊ ရှင် ပြောလိုက် ပြီလား"

"မပြောပါဘူး" ကျွန်တော်ဖြေလိုက်ပါသည်။ "ကိုယ် မပြောပါဘူး၊ အင်းလေ ခုချိန်အထိ မပြောသေးဘူး။ ကိုယ်တို့ တယ်လီဖုန်းဆက်တုန်းက ပြောခဲ့တဲ့စကားတွေကို ကိုယ် ပြန်စဉ်း စားနေခဲ့တယ်။ မင်းဟာ ကိုယ်ကို ပေါင်သုံးရာပေးဖို့ ကိစ္စ သိပ် အလေးထားပုံမရဘူး။ ကိုယ်စုံထောက်ဆီကို တယ်လီဖုန်း မဆက်ခင် မင်းဆီကို တယ်လီဖုန်းထပ်ဆက်မယ်။ ဒီညမှာ စုံထောက်ဆီကို တယ်လီဖုန်းဆက်ရဦးမယ်"

"ကျွန်မ သဘောပေါက်ပါပြီ" သူမက ပြောပါသည်။ အတန်ကြာရပ်နေပြီးနောက် သူမက ဆက်ပြောသည်။ "ဒီ မနက် ရှင်နဲ့ စကားပြောပြီး နောက်မှာ ကျွန်မ ပြန်စဉ်းစား ခဲ့ပါတယ်။ နောက်ဆုံးတော့ ဂရင်းနင်းက ကျွန်မကိုပေးတဲ့ ထဲက အချို့အဝက်ကို ရှင့်ရသင့်တယ်လို့ ကျွန်မ တွေးမိပါတယ် ဒါဟာ မျှတမှုရှိပါတယ်။ ရှင် ကျွန်မဆီကို လာခဲ့ပါ။ ရှင် ရသ တဲ့ငွေကို ပေးပါမယ်"



ကျွန်တော် ပြန်ပြောလိုက်ပါသည်။ "ကောင်းပြီ ပေါ်လာ ...င်း ဒီလိုတွေးတဲ့အတွက် ကိုယ်ဝမ်းသာပါတယ်။ မင်းဟာလုပ်သင့် ...တဲ့အလုပ်ကို လုပ်လိုက်တာပဲ၊ ကိုယ်လာပြီး ငွေကို ယူမယ်"

ထို့နောက် အငှားကားတစ်စီးဖြင့် ဇီးကွက်ဖြူဘားကို ...သွား၍ ပေါ်လာနှင့် တွေ့ပါသည်။ သူမက စာအိတ်ဖြင့် ထည့် ...ားသော ငွေကို ပေးပါသည်။ ယခုလို လုပ်သည့်အတွက် မည် ...သည့်အကြောင်းနှင့်မှ ရဲကို သူမ နာမည်ပြောမပြပါဟု ပြော ...ိုက်ပါသည်။

ကျွန်တော်တို့သည် မာတီနီနှစ်ခွက်စီ သောက်ကြပါ ...သည်။ ထို့နောက် ကျွန်တော် ပြန်ထွက်လာပါသည်။ လွန်ခဲ့သော ...(၂၄)နာရီ အတွင်းက အဖြစ်အပျက်ကြောင့် စိတ်ထိခိုက်ရလွန်း ...ဖြင့် ကျွန်တော် တစ်ယောက်တည်းသာနေချင်ပါတော့သည်။ ...ူးဘတ်အကြောင်းကို လုံးဝမေ့ထားလိုက်ချင်ပါသည်။

စာတိုက်မှ စာများရောက် မရောက်သိလိုသဖြင့် အခန်း ...ို ပြန်သွားခဲ့ပါသည်။ စာနှစ်စောင်ကို တွေ့ရပါသည်။ စာတစ် ...စောင်မှာ ငွေတောင်းခံစာဖြစ်ပြီး၊ တစ်စောင်မှာ ဘဏ်မှစာဖြစ် ...ပါသည်။ ဘဏ်မှလာသော စာတွင် ကျွန်တော့် ရေးထားသော ...ချက်လက်မှတ်ဖြင့် ပေါင်နှစ်ရာလာရောက်ထုတ်ယူကြောင်း ...လွန်ခဲ့သော နှစ်ပတ်က ကျွန်တော်၏ ငွေစာရင်းပိတ်ခဲ့သည်ကို ...ကျွန်တော်သိပြီးဖြစ်ကြောင်း၊ ချက်လက်မှတ်ပေါ်တွင် ရေးထား ...သော လက်ရေးမှာ ကျွန်တော့်လက်ရေးနှင့် တူသော်လည်း ...ချက်လက်မှတ်မှာ မတူကြောင်း ဗီး(လ်)ဖရက်ဂျီဖက်တင်းဝဲ(လ်)ဟု ...ချက်လက်မှတ်ရေးထိုးရမည့်အစား ဒဗလျူဂျီဖက်တင်းဝဲ(လ်)ဟု လက်

မှတ်ရေးထိုးထားကြောင်း ရေးထားသည်။

ကျွန်တော် ပြုံးလိုက်ပါသည်။ ဟူးဘတ်၏ အပြုအမူ
သတိထားမိသဖြင့် ကျေနပ်မိပါသည်။ ထို့ကြောင့် ဤကဲ့သို့ လ
မှတ်ရေးထိုးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ကို ကျွန်တေ
ကာကွယ်နိုင်ခဲ့ပါပြီ။

ကျွန်တော်သည် ဘဏ်သို့ စာပြန်ရေးလိုက်ပါသ
စာထဲတွင် ချက်လက်မှတ်အကြောင်းကို ကျွန်တော် ဘာမှမ
ကြောင်း၊ ကျွန်တော်သည် စာရင်းပိတ်ထားသော ငွေစာရင်
ငွေထုတ်ပေးရန်ချက်လက်မှတ်ရေးမည့် လူစားမျိုးမဟုတ်ကြော
ထိုအချက်ကို ထိုးမြဲလက်မှတ်မတူသည်က သက်သေခံနေကြော
လွန်ခဲ့သော ရက်အနည်းငယ်က ကျွန်တော်၏ ချက်လက်မှ
စာအုပ်အပျောက်အပျောက်သွားခဲ့ကြောင်း၊ သို့သော် ငွေစာ
ပိတ်ထားသဖြင့် စိတ်မပူခဲ့ကြောင်း၊ ယခုမှထိုစာအုပ်ကို ဟူးဘ
တော်ကူဟတ်ဆိုသူ ခိုးသွားသည်ဟု ယုံကြည်ကြောင်း ထိုလူ
ရဲက အလိုရှိနေကြောင်းဖြင့် ပြည့်စုံစွာရေးခဲ့ပါသည်။

စာအိတ်ကို အသေအချာပိတ်တံဆိပ်ခေါင်းကပ်
နောက် မာတီနီတစ်ခွက်သောက်ပြီး အပြင်သို့ ပြန်ထွက်လာခဲ့
သည်။ ကျွန်တော့် ခံစားရမှု သက်သာလာပါသည်။ လူတ
ယောက်သည် ကံဆိုးမိုးမှောင်ကျမှုကို အပြုံးဖြင့်ရင်ဆိုင်နိုင်ရမ
မဟုတ်ပါလား။ မိတ်ဆွေများက ဝိုင်ဝန်းချောက်ချခြင်းကိုခံရသ
တိုင်အောင် ခေါင်းအေးအေးဖြင့် ရင်ဆိုင်ရပေမည်။

စာအိတ်ကိုစာတိုက်ပုံးထဲသို့ ထည့်ပြီးနောက် ဂတ်စ
ဗိုသို့သွား၍ ညစာစားပါသည်။ အကောင်းဆုံးညစာကိုစား



ရှန်ပိန်ကောင်းကိုသောက်ပါသည်။ ကျသင့်ငွေကို ပေါ်လာထံမှ ရသော ငါးပေါင်တန်ငွေစက္ကူများဖြင့် ရှင်းပေးလိုက်ပါသည်။ စိတ်အားတက်ကြွနေပါသည်။

ကျွန်တော်ဖတ်ခဲ့ဖူးသော စာပိုဒ်အချို့ကို သတိရနေပါသည်။ ‘လူတစ်ယောက်သည် ပတ်ဝန်းကျင်ထက်ကြီးကျယ်သည်’ ဟဲ့ ကျွန်တော်သည် ထိုကဲ့သို့ ခံစားနေရပါသည်။

ကျွန်တော်သည် စီးကရက်မီးညှိသောက်ရင်း ဂတ်စတာဗိုဘား၏ အပြင်သို့ ထွက်လာပါသည်။ ထိုအခိုက်လူတစ်ယောက်က လာနှုတ်ဆက်သည်။ ထိုလူမှာ စုံထောက်ဆာဂျင်မာတင်ဖြစ်နေသည်။

“ခွင့်လွှတ်ပါ ခင်ဗျာ” သူက သိမ်မွေ့စွာပြောပါသည်။ “ကျေးဇူးပြုပြီး၊ ဗိုင်းလမ်းကို လိုက်ခဲ့ပါ။ ဒီဒီအိုင်က ခင်ဗျားကို မေးမြန်းစရာရှိနေပါတယ်”

“ကျွန်တော်က ဒီဒီအိုင်ရဲ့အရှည်အဓိပ္ပာယ်က ဘယ်လိုလဲ ကျွန်တော့်ကိုဘာအတွက် မေးခွန်းမေးတာလဲ”ဟု မေးပါသည်။

စုံထောက်က ဒီဒီအိုင်သည် Divisional Detective Inspector ဖြစ်ကြောင်းရှင်းပြပါသည်။ ထို့နောက် သတင်း အပိုင်းအစများကို ပြောပြလေသည်။

စုံထောက်က ဂရင်းနင်းသည် လူလိမ်တစ်ယောက်ဖြစ်ကြောင်း၊ သူသည် လွန်ခဲ့သော သုံးပတ်ကစ၍ မေဖဲယားတွင် အလုပ်လုပ်ခဲ့ကြောင်း၊ ထောင်မြင်မှုရကြောင်း။ သူ့နောက်သို့ ရဲများလိုက်နေသည်မှာ ကြာပြီဖြစ်ကြောင်း ရှင်းပြလေသည်။

စုံထောက်က ဆက်၍ ဟူးဘတ်သည် ဂရင်းနင်းပေး

သောချက်လက်မှတ်ဖြင့် ငွေထုတ်ဖို့ကြိုးစားခဲ့ကြောင်း ချက်
အုပ်နှင့် လက်မှတ်မှာအတုဖြစ်ကြောင်း နံနက်(၆)နာရီက ဟူးဘ
အား ဖမ်းလိုက်ကြောင်း ပြောပြပါသည်။

ကျွန်တော်က ထိုသတင်းကြားရသဖြင့် ဝမ်းသာကြေ
သို့သော် ထိုကိစ္စသည် ကျွန်တော်နှင့်မည်ကဲ့သို့ သက်ဆိုင်ပါသ
ဟု ပြန်မေးပါသည်။ ရဲအရာရှိကို ကျွန်တော် စိတ်ပျက်စပြုလာ
သည်။

ရဲအရာရှိက ကျွန်တော် ယခုပေးလိုက်သော ငွေစ
သည် အတုဖြစ်နေကြောင်း ပြောပြပါသည်။

ကျွန်တော် တုန်လှုပ်သွားပါသည်။ သို့သော် ပြန်သ
ထားလိုက်ပါသည်။ ကျွန်တော်က အဖြစ်မှန်ကို ပြောပြလိုက်
သည်။ ကျွန်တော်အနေဖြင့် ငွေစက္ကူအစစ်နှင့်အတုကို ခွဲခြားမ
နိုင်ကြောင်း ပြောပြပါသည်။ ထိုငွေစက္ကူသည် မိတ်ဆွေအ
သမီးတစ်ယောက်က ကျွန်တော့်ကို ကြွေးဆပ်ခြင်းဖြစ်ကြေ
ငွေစက္ကူအတုဖြစ်သည်ကို မသိကြောင်းပြောပြပါသည်။

စုံထောက်က ကျွန်တော်ပြောသည်ကို သူယုံကြ
ကြောင်း၊ လွန်ခဲ့သောလေးဆယ်ငါးမိနစ်က ဇီးကွက်မြို့ဘား
အမျိုးသမီးကို ဖမ်းမိခဲ့ကြောင်း အမျိုးသမီးက ထိုငွေစက္ကူမှ
ဂရင်းနင်းက သူမကိုပေးကြောင်း ထိုငွေထဲမှ အချို့ကို ကျွန်
အား ပေးခဲ့ကြောင်း၊ ထွက်ဆိုထားသည်ဟု ပြောပြပါသည်

သို့တိုင်အောင် ကျွန်တော်သည် ယခုတိုင်အေ
ကျွန်တော် ဘာလုပ်မိသည်ကို နားမလည်ဘဲ ဖြစ်နေပါသ
ဂတ်စတာဗိုဘားသို့ပေးခဲ့သော ငွေစက္ကူအတုအား ငွေစက္ကူအ



ခြင့် ပြန်လဲရန်ကြိုးစားပါသည်။ သို့သော် ဗိုင်းလမ်းသို့ လိုက်ခဲ့ရန်
ပြောသော သူ့အမူအရာမှာ အလွန်ရိုင်းလှသည်။ ထိုအချက်ကို
ကျွန်တော် ဘဝင်မကျပါ။

စုံထောက်မာတင်က ဒီဒီအိုင်သည် ကျွန်တော်အား
အခြားကိစ္စအတွက် မေးစရာရှိသည်ဟု ပြောပါသည်။ ကျွန်တော်
အား အခြားအမှုတစ်ခုဖြင့် တရားစွဲမည်ဟု ထင်ပါသည်။

ကျွန်တော်က စုံထောက်အား သူကြည့်ရသည်မှာ
ကျေနပ်အားရနေပုံရကြောင်း ကျွန်တော်အား မည်သည့်အမှုဖြင့်
တရားစွဲမှာလဲ မေးပါသည်။

ထိုအခါ စုံထောက်က ပိတ်လိုက်ပြီဖြစ်သော ငွေစာရင်း
တစ်ခုမှ ငွေထုတ်ရန် လက်မှတ်ရေးထိုးပေးခြင်းဖြင့် ဟူးဘတ်အား
ကူညီခဲ့မှုကြောင့် တရားစွဲခံရမည်ဖြစ်ကြောင်း ရှင်းပြလေသည်။

ကျွန်တော်က ထိုချက်လက်မှတ်နှင့် ပတ်သက်၍ ဘာမှ
တစ်စောင်ရောက်လာကြောင်း ထိုချက်လက်မှတ်အကြောင်းကို
ကျွန်တော် ဘာမှမသိကြောင်း၊ ကျွန်တော့်လက်ရေးနှင့်တူသော်
ည်း လက်မှတ်မတူကြောင်း၊ ထိုချက်လက်မှတ်ကို ဟူးဘတ်
ော်ကူဟတ်ရေးမည်ဟု ယုံကြည်ကြောင်း စာပြန်ခဲ့ကြောင်း
ပြောပြပါသည်။

စုံထောက်က တည်ငြိမ်အေးဆေးစွာ ရှင်းပြပါသည်။
ခင်ဗျား မိတ်ဆွေ မစ္စပေါ်လာမာရော်(လ်)တန်က ခင်ဗျားကိုယ်
ိုင် အဲ့ဒီချက်လက်မှတ်ကို ရေးပေးတာမြင်တယ်လို့ ထွက်ဆို
ေးပါတယ်။ သူမက ကျမ်းကျိန်ပြီး အစစ်ခံမယ်လို့လဲ ပြောပါ
ယ်၊ ကဲငှားသွားမလား ခြေကျင်လျှောက်သွားမလား"

ကျွန်တော် နာကြည်းမိသည်ဆိုပါက သင် အံ့ဩပေ
မည်၊ ကျွန်တော့်ရှေ့နေက အဖြစ်အပျက်အားလုံးကို သူ သုံ
ပြီးဖြစ်ကြောင်း၊ ကျွန်တော် ကံကောင်းကြောင်းပြောပြပါသ
ဒုတိယတန်းမှ ထောင်ခြောက်လကျမည်ဟု ပြောပါသည်။ ထို
တွင် တစ်နည်းနည်းဖြင့် ကျွန်တော် တရားစွဲခံရမည်သာ ဖြ
သည်။

ကျွန်တော့်ကိုယ်သာ ကျွန်တော် အပြစ်တင်မိပါသ
ကျွန်တော်သည် ဟူးဘတ်နှင့်ပေါ်လာတို့ကို ယုံကြည်ခဲ့မိသ
သူတို့သည် ကျွန်တော့် မိတ်ဆွေများဖြစ်သဖြင့် သစ္စာရှိမည် သ
ရှိမည်ဟု ယုံကြည်ခဲ့ပါသည်။ ဘာကြောင့် သူတို့ ကျွန်တော့်အ
ချောက်ချကြပါလိမ့်။

သတင်းစာများက ကျွန်တော်အား Mayfair ma
ခေါ်ကြပေလိမ့်မည်။ တကယ်တော့ ကျွန်တော်သည် သူ့မိတ်
များ၏ ချောက်ချခြင်းခံရသော မိုက်မဲသည့် မြည်းတစ်ကော
ဖြစ်ကြောင်းကို မိတ်ဆွေသိသင့်လှပါသည်။

# ချစ်ကြွေးကိုပေးဆပ်ခြင်း

## Account Overdue

**Peter Cheyney**

ဒူးရန့်သည် ခွေးခြေအမြင့်ပေါ်မှ ဆင်းလိုက်ရင်း အိတ်ထဲသို့ လက်နှိုက်၍ ပိုက်ဆံအကြွေများကို ထုတ်ယူလိုက်သည်။ ကရောင်ဝက်ပြားတစ်ပြား၊ သုံးပဲနီစေ့ တစ်စေ့နှင့် ငါးပဲနီကို ဘီယာဖိုးရှင်းပြီးနောက် အရက်ဆိုင်ထဲမှ ထွက်လာခဲ့၏။

လမ်းထောင့်တွင်ရပ် အိတ်နှိုက်ပြီး လောင်းအတ်ဆီသို့ လှမ်းကြည့်နေ၏။ သူ့အရပ်မှာ ငါးပေ(၁၁)လက်မရှည်ပြီး၊ ပိန်သွယ်သည်။ ကိုယ်ပေါ်မှ အဝတ်အစားများမှာ ဟောင်းနွမ်းသော်လည်း ပုံကျလှ၏။ ရှူးဖိနပ်များကို ပြောင်လက်စွာ တိုက်ထားသော်လည်း ဘယ်ဘက်မှ ဖိနပ်မှာ ခွာပြုတ်ရန် တဲတဲသာလိုတော့၏။ သူသည် လူလေးစားအောင် ဝတ်တတ်နေတတ်သူ ဖြစ်၏။

သူ့ရပ်ပြီး ငွေကြေးအကြောင်းကို အတော်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ လောင်းအတ်ဘက်သို့ လျှောက်လာခဲ့သည်။ ညနေခင်းမှာ သာယာနေသည်။ အိတ်ထဲတွင်ငွေလုံလောက်စွာရှိလျှင် ပျော်စရာကောင်းမည်ဟု သူ တွေးမိလိုက်သည်။

ကြားလမ်းတစ်လမ်းထဲသို့ ကွေ့ဝင်ခဲ့ပြီး၊ သစ်သီးဆို
ဘေးရှိ တံခါးကို ဖွင့်လိုက်သည်။ ကောက်ကွေ့ရှည်လျားသေ
သစ်သားလှေကားထစ်များကို တက်လာခဲ့သည်။ ညနေခင်းနေ
ရောင်ခြည်သည် ဟောင်းနွမ်းသော ပြတင်းပေါက်မှ ထိုးဝင်နေ
သည်။ နေရောင်ခြည်တန်းထဲတွင် ဖုန်မှုန့်များမြင်နေရသည်
ဖုန်နံ့နှင့် သစ်သီးခွံအပုတ်အနံ့များကို ရှူရှိုက်နေရသည်
မကောင်းသော အနံ့အသက်များကို သူ မနှစ်သက်လှပေ။

သူ့မျက်နှာမှာ ပိန်လှီပြီး အတွန့်အရစ်များရှိနေသည်
ပျော်ရွှင်သော မျက်နှာမျိုးတော့ မဟုတ်ပေ။ ပခုံးပေါ်တွင်
အကုသိုလ်ဝန်ထုပ်ကို ထမ်းပိုးထားရသူတစ်ယောက်၏ အသွ
အပြင်မျိုးဖြစ်နေသည်။ တစ်ခါတစ်ရံတွင် သူသည် ထိုအကြောင်
ကို မေ့နေတတ်၏။ ထိုအချိန်တွင် သူ့မျက်လုံးများ အရောင်
တောက်နေ၏။ သူ့ကို အနီးကပ်လေ့လာပါက တစ်ချိန်က ပျော်ရွှ
တက်ကြွသူတစ်ယောက်ဖြစ်ကြောင်း သိနိုင်ပါသည်။

ဒုတိယထပ်သို့ရောက်လျှင် ရှည်လျားသော ပျဉ်ခင်
လမ်းကြားအတိုင်း လျှောက်လာခဲ့၏။ ဖုန်တက်ပျက်စီးနေသေ
တံခါးပေါက်ခြောက်ခုကို ဖြတ်လာခဲ့သည်။ ထိုတံခါးပေါ်တွင်
နာမည်များရေးထား၏။ ထိုအမည်ပိုင်ရှင်များမှာ ကျပန်းလုပ်ကို
စားသောက်သူများဖြစ်ကြသည်။

သူ့အခန်းမှာ လမ်းကြားအဆုံးတွင်ရှိသည်။ တံခါးပေါ်
တွင် တီအက်ဒူးရန့်ဟု ရေးထား၏။ ထိုစာလုံးအောက်တွင် ဒူးရ
အလွတ်စုံထောက်အေဂျင်စီဟုလည်း ရေးထားသည်။ တံခါးတွ
ဖွင့်ပြီး အတွင်းကို ဝင်လိုက်သည်။



အခန်းထဲတွင် အခန်းငယ်နှစ်ခန်းထပ်ဖွဲ့ထားသည်။ အပြင်ခန်းမှာ ရုံးခန်းဖြစ်ပြီး၊ အတွင်းခန်းမှာ သူ့ကိုယ်ပိုင်အခန်းဖြစ်သည်။ သူ့အတွင်းရေးမှူး၏ စာပွဲပေါ်တွင် လက်နှိပ်စက်အိုကြီးကိုမှီ၍စာတစ်စောင်ရှိနေသည်။ ဒူးရန့်သည် ခပ်သဲ့သဲ့ပြုံးလိုက်ပြီး စာအိတ်ကို ဖွင့်ဖတ်လေသည်။

ချစ်မိတ်ဆွေကြီး မစ္စတာဒူးရန့်

ကျွန်မ ပိုက်ဆံမရတာ ရက်သတ္တသုံးပတ်ရှိပါပြီ၊ ကျွန်မ တောပိုင်းမှာ အလုပ်ရမယ်။ အဲဒီအလုပ်ကို လုပ်မှ ဖြစ်တော့မယ်။ မလုပ်ရင် မိုက်မဲရာကျလိမ့်မယ်။ ဒူးရန့်အလွတ်စုံထောက် အေဂျင်စီဟာ မအောင်မြင်တော့ဘူးဆိုတာ ကျွန်မ သိပါပြီ။

ရှင် အလုပ်အဆင်ပြေတဲ့အခါမှ ကျွန်မရဲ့ သုံးပတ်စာ လုပ်ခကို ပို့ပေးပါ။ ရှင့်မှာ အဆင်မပြေရင်တော့ ဘာတတ်နိုင်မှာလဲလေ။

အသေးသုံးငွေစာရင်းစာအုပ်ကို စာရင်းပိတ်ပြီး လက်ကျန်ငွေကို ဒုတိယအံဆွဲထဲက ငွေသေတ္တာထဲမှာ ထားခဲ့ပါတယ်။ ကျွန်မသာ အကျင့်စာရိတ္တမကောင်းတဲ့ မိန်းကလေးဖြစ်ရင် အဲဒီငွေကို ယူသွားမှာပဲ ကျွန်မဟာ လိမ္မာတဲ့ မိန်းကလေးဆိုတာ ရှင်သိပါတယ်။

ရှင် ကံကောင်းပါစေ။

ရှင့်ရဲ့ အတွင်းရေးမှူးဟောင်း
အိန်ဂျယ်လိုင်းစမစ်

ဒူးရန့်သည် စာရွက်ကိုဆုတ်ဖြဲပြီး အပိုင်းအစများအ
အမှိုက်ခြင်းထဲသို့ ထည့်လိုက်သည်။ စာပွဲဒုတိယအံဆွဲ
ဖွင့်လိုက်သည်။ ပိုက်ဆံသုံးသျှီလင်နှင့်ကိုးပဲနိကို တွေ့ရသည်
ငွေအကြွေများကို ယူ၍ အိတ်ထဲထည့်လိုက်သည်။ အတွင်းခ
သို့ဝင်ပြီး ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်ရင်း စားပွဲပေ
ခြေထောက်ပစ်တင်ပြီး စဉ်းစားနေတော့သည်။

ထိုပုံစံအတိုင်း အတော်ကြာအောင် ထိုင်ပြီး ဟိုအကြော
ဒီအကြောင်းကို တွေးနေခဲ့သည်။ သူ့အလွှတ်စုံထောက်ဘဝသည
နိဂုံးချုပ်သွားပြီဟု ယူဆရတော့မည်ဖြစ်သည်။ စစ်ပြီးကာစအချိ
ထိုလုပ်ငန်းကို စလုပ်စမှာတော့ အခြေအနေမဆိုးလှပါ။ ထိုအချိ
က လင်မယားကွာရှင်းလိုမှုတွေအများကြီးရှိခဲ့၏။ ထိုအမှုများအ
တွက် အလွှတ်စုံထောက်များ လိုအပ်လှသည်။ အဖြေကိုရှာရ
သိပ်မခက်ဟု သူ ထင်ခဲ့သည်။ သူ လိုက်လံစုံစမ်းခဲ့ရသော အ
အချို့မှာ သံသယရှိစရာကောင်းသော်လည်း သူ့အနေဖြင့် နိုး
သားသားဆောင်ရွက်ပေးခဲ့သည်ချည်းဖြစ်၏။ ရိုးသားခြင်းဆိုသေ
စကားသည် ယခုတော့ ခေတ်မမီတော့ဟု သူ ယူဆမိလိုက်သေ
သည်။

အိတ်ထဲသို့ လက်နှိုက်၍ စီးကရက်အလွှတ်တစ်လိ
ထုတ်ယူပြီး မီးညှိလိုက်ပြန်သည်။ ကုလားထိုင်ကို ကျောမှီ
ဟိုတွေးဒီတွေးတွေးနေမိပြန်သည်။ ယခု သူရင်ဆိုင်နေရသေ
အခြေအနေမှာ ကောင်းသလို မိုက်မဲရာလည်းကျလှသည်
သိပ်ကောင်းလှသည်မဟုတ်ပေ။ အစဉ်းစားလွန်နေသဖြင့် အပြ
တံခါးဖွင့်သံကိုမကြားခဲ့ပေ။ သူမော့ကြည့်သောအခါ တံခါးဝတွ



ရပ်နေသည်ကို တွေ့ရသည်။ စားပွဲပေါ်မှခြေထောက်များကို
ပြန်ချလိုက်သည်။

ထိုလူသည် အဝတ်အစားကို သပ်ရပ်စွာဝတ်ထား၏။
ဆံပင်မှာဖြူဖွေးနေသည်။

ဒူးရန့်နှုတ်ဆက်လိုက်သည်။ "ကောင်းသောညနေခင်းပါ
ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

ထိုလူအခန်းထဲဝင်လာသည်။ အခန်းကို မနှစ်မြို့သလို
လှည့်ပတ်ကြည့်ပြီး နှာခေါင်းမသိမသာ ရှုံ့လိုက်သည်။

ထိုလူက မေးသည်။ "မစ္စတာဒူးရန့်ဟာ ခင်ဗျားလား"

ဒူးရန့်က ပြုံးလိုက်သည်။ "ကျွန်တော်ပါပဲ ခင်ဗျားကို
ကူညီဖို့ အသင့်ပါ"

ထိုလူက ပြောသည်။ "ကျုပ် နာမည် ဟာလီဝဲ(လ်)ပါ"
ကတ်ပြားတစ်ချပ်ကို စားပွဲပေါ် ချပေးသည်။ "စတုန်းအင်ရောဘတ်
ကုမ္ပဏီက စာရေးတစ်ယောက်ပါ။ ခင်ဗျား သူတို့နာမည်ကိုတော့
ကြားဖူးမှာပါ" ထိုလူက အလွှတ်စုံထောက်ကို အထင်သေးသလို
ကြည့်နေ၏။

ဒူးရန့်က ခေါင်းညိတ်ပြသည်။ "လန်ဒန်မြို့မှာ ထင်ရှား
တဲ့ ရှေ့နေလုပ်ငန်းတစ်ခုပါပဲ။ ဒါပေမယ့် သူတို့ဟာ ကျွန်တော်နဲ့
ဘယ်လိုပတ်သက်သလဲဆိုတာကို ခင်ဗျား မပြောသေးဘူးနော်"
သူက မျက်ခုံးတစ်ဘက်ပင့်၍ ပြောသည်။

"ခါတိုင်းတော့ ကျုပ်တို့ဟာ နာမည်ကြီးတဲ့စုံထောက်
လုပ်ငန်းတွေနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တတ်ပါတယ်။ မစ္စတာ
ဒူးရန့် အခုတော့ ခင်ဗျားနဲ့ ဆက်သွယ်ဖို့ ကျုပ်ကို ညွှန်ကြားခဲ့

တယ်။ ဒါကြောင့် ခုလို လာတွေ့တာပါ"

"အခုလို သိရလို့ဝမ်းသာပါတယ်" ဒူးရန့်က ပြောပြ လိုက်သည်။ "မက်ဆား(စ်)ရောဘတ်(စ်)၊ ရောဘတ်(စ်) စတုန် အင်၊ ရောဘတ်(စ်) ကုမ္ပဏီအတွက် ကျွန်တော် ဘာလုပ်ပေး မလဲ၊ ထိုင်ပါ ခင်ဗျာ ဟိုမှာကုလားထိုင်ရှိပါတယ်။ ကျွန်တော် ဆိုရင်တော့ ဖုန်သုတ်ပြီး ထိုင်မှာပဲ"

ဟာလီဝဲ(လ်)က "ရပါတယ်ဗျာ"ဟု ပြောရင် စာရွက် တစ်ထပ်ကို ဒူးရန့်ရှေ့ စားပွဲပေါ် သို့ ချလိုက်လေသည်။ "ကွာရှင် ပြတ်စဲမှာ တစ်ခုပါပဲ မစ္စတာ ဒူးရန့် ကျုပ်တို့ကို အမျိုးသမီးက ငှားတာပါ။ သူမရဲ့ ခင်ပွန်းဟာ သူမကို လွှန်ခဲ့တဲ့လအနည်းငယ် က စွန့်ခွာသွားတယ်။ သူမ ခင်ပွန်းဟာ ဒီပြင်မိန်းမတစ်ယောက် နဲ့ ပေါင်းသင်းနေတယ်လို့လဲ သူမက ထင်နေတယ်။ အဲဒီလူဟာ လွန်ခဲ့တဲ့ ရက်သတ္တပါတ်က နော့ကင်စင်တန်ဘောင်လီလမ်းက ဂရင်းကရော့(တ်)ဟိုတယ်မှာ တည်းခိုခဲ့သလား။ သူ တစ်ယောက် တည်း တည်းခိုတာ ဟုတ်ရဲ့လားဆိုတာကို သိချင်တယ်"

"ကျွန်တော် နားလည်ပါပြီ" ဒူးရန့်က ပြောသည်။ "သူ အဲဒီဟိုတယ်မှာ အမျိုးသမီးတစ်ယောက်နဲ့ တည်းတယ်ဆိုတာကို သိချင်နေတယ်။ သက်သေအထောက်အထားလိုတယ်။ ဒါပဲ မဟုတ်လားခင်ဗျာ"

ဟာလီဝဲ(လ်)က ခေါင်းညိတ်သည်။ "ခင်ဗျားအဖို့ သက်သေခံရဖို့ မခဲယဉ်းဘူးဆိုတာ ကျုပ်သိပါတယ်။ အဲဒီလူကို ခင်ဗျား စောင့်ကြည့်ပေးရမယ်"



ဆယ်ရက်လောက် စောင့်ကြည့်ပေးရလိမ့်မယ်။

ဒူးရန့်က စာရွက်များကို လှန်ကြည့်နေသည်။ "အလုပ် က လွယ်ကူပုံရပါတယ်" သူက ပြောသည်။

ဟာလီဝဲ(လ်)က ခေါင်းညိတ်လေသည်။ "ဒီလူဖောက် ပြန်တဲ့ အကြောင်း အထောက်အထားရပြီး၊ အစီရင်ခံစာရေးပြီး ရင် ကျုပ်ရုံးကို လာပို့ပါ"

ဒူးရန့်က ပြောသည် "ကောင်းပါပြီ၊ အမှုလိုက်ခငွေကို ပေးဖို့ပဲ လိုပါတော့တယ်"

ဟာလီဝဲ(လ်)က ခေါင်းညိတ်ပြသည်။ "ခင်ဗျားကို အမှု လိုက်ခပေါင်(၅၀)နဲ့ ကုန်ကျစရိတ်ပေးဖို့ ညွှန်ကြားထားပါတယ်။ ဆယ့်နှစ်ရက်ဆိုရင် အစီရင်ခံစာပေးနိုင်မယ်လို့လဲ မျှော်လင့်ပါ တယ်" ထို့နောက် ဆယ်ပေါင်ငွေစက္ကူဆယ်ရွက်ကို ပေးသည်။ ငွေလက်ခံရကြောင်း ပုံစံစာရွက်နှင့် ရွှေကွပ်ထားသော ဖောင်တိန် ကိုလည်း ချပေးသည်။

ဒူးရန့်သည် ဖောင်တိန်ကို ကောက်ယူ၍ ငွေရကြောင်း လက်မှတ်ထိုးပေးလိုက်သည်။

ဟာလီဝဲ(လ်)က နှုတ်ဆက်သည်။ 'ဂွတ်ဒေး၊ဗင်းနင်း မစ္စတာဒူးရန့်'

ထို့နောက် ရုံးခန်းထဲမှ ထွက်သွားတော့သည်။ သူကြည့် ရသည်မှာ ဒူးရန့်နှင့်ဆက်စကားပြောရမှာကို မနှစ်သက်ဟန်တူ လေသည်။

တံခါးပိတ်သွားသည်နှင့် ဒူးရန့်သည် ငွေစက္ကူများကို အိတ်ထဲထည့်ပြီး၊ စာရွက်များကို ဖတ်နေခဲ့၏။ စာရွက်များကို

ဖတ်ပြီး သူ သဘောကျနေသည်။ စာရွက်များကို ခေါက်ပြီး အိ
ထဲထည့်လိုက်ပြီး စာပွဲပေါ်သို့ ခြေထောက်များပြန်တင်သည်။

ထို့နောက် သူ အိပ်ပျော်သွားတော့၏။

သူ့အခန်းသို့ ဟာလီဝဲ(လ်)လာပြီးနောက် နှစ်ပ
အကြာ ညတစ်ညတွင် ဒူးရန့်သည် သူ့ရုံးခန်းသို့ ပြန်လာခဲ့
အတွင်းခန်းမီးလုံးများကို မှိန့်ပြီးနောက် စာပွဲတွင်ထိုင်၍ ဘာလ
အမှုကို အစီရင်ခံစာစရေးတော့သည်။ စာပွဲအံဆွဲထဲမှ တွေ့သေ
စာရွက်အလွတ်များပေါ်တွင် ခဲတံဖြင့် အကြမ်းရေးလိုက်သည်

ကွာရှင်းပြတ်စဲမှုမှာ သူ့အတွက် သစားရိုးကျအလုပ်ဖြ
သည်။ အမှုမှာ တရားခံဘက်မှ အကွာအကွယ်ကင်းမဲ့နေသည်
သူ သတိထားမိ၏။ သူ့ ပခုံးကို ကြို့လိုက်မိ၏။

ထိုအခိုက် အပြင်ခန်းတံခါးခေါက်သံပေါ်ထွက်လာ
ဒူးရန့်က ခဲတံကိုချပြီးလှမ်းပြောသည်။ "ဝင်ခဲ့ပါ" ည(၁၁)နာ
တစ်ဆယ့်ငါးမိနစ်အချိန်တွင် သူ့ထံသို့ မည်သည့်ဧည့်သည်လ
သည်ကို စဉ်းစားနေသည်။ အခန်းတံခါးဖွင့်သံ၊ ရုံးခန်းထဲသို
လျှောက်လာသော ခြေသံများကို ကြားရသည်။ ထို့နောက် သ
အခန်းငယ်သို့ လူတစ်ယောက်ဝင်လာသည်။ ထိုလူကရပ်ပြီး ဒူးရ
ကို ပြုံးပြလေသည်။

ထိုလူကပင် "ဂွတ်(ဒ်)အီးဗင်းနင်းဒူးရန့် ကျုပ်ကို မမှတ်
မိဘူးလား၊ ကျုပ်နာမည် ဘာလန်ပါ။ မုဆိုးအဖြစ်က သားကောင်
ပြန်ဖြစ်သွားရပြီလေ"ဟု ပြောလာသည်။

ဒူးရန့် ထရပ်လိုက်သည်။ ဆောင်းထားသော ဦးထု
ပျော့ကို ချွတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်သည်။ ထိုလူကို ပြန်မေ
သည်။ "ဘာတွေလဲဗျာ၊ ခင်ဗျား ဘာလာလုပ်တာလဲ"



"ခင်ဗျားဟာ ထူးဆန်းတယ်လို့ ကျုပ်ထင်တယ်"
ဘာလန်က ဆက်ပြောသည်။ "သိပ်ဆိုးတဲ့ စုံထောက်မဟုတ်ဘူး
လို့ ထင်ခဲ့တယ်။ ဒါပေမယ့် ခင်ဗျားဟာ ကျုပ်အပေါ်မှာ
မကောင်းခဲ့ဘူး။ ကျုပ် အမြဲသတိထားနေရတယ်။ ပြီးခဲ့တဲ့
ဆယ်ရက်ကစပြီး ကျုပ် နောက်ကို ခင်ဗျား လိုက်နေတာကို သိခဲ့
တယ်။ ဂရင်းကရော့(တ်)ဟိုတယ်က မိန်းကလေး နာမည်ဘယ်သူ
ပါလိမ့်။ အင်း မှတ်မိပြီ၊ လင်ဇီ လင်ဇီက ခင်ဗျားဟာ အဲဒီကို
လာပြီး ကျုပ်အကြောင်း စုံစမ်းနေတဲ့အကြောင်း ပြောပြတယ်။
ခင်ဗျား သက်သေအထောက်အထား ရပြီးပြီလို့လဲ ကျုပ် မျှော်
လင့်တယ်"

"ဟုတ်ကဲ့ ကျေနပ်လောက်အောင် ရထားပြီးပြီ"

ဒူးရန့်က ဖြေလိုက်သည်။

ဘာလန်က စားပွဲအစွန်းတွင် ဝင်ထိုင်သည်။ သူသည်
အရပ်မြင့်ပြီး ကောင်းမွန်သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ ရုပ်ရည်
ကလည်းချောမောသည်။ သူကြည့်ရသည်မှာ မခန့်မညားနိုင်လှ
သည်။ မေးရိုးကား၍ နှုတ်ခမ်းမွေးမှာ ခဲတံချောင်းလောက်သာ
ရှိပြီး၊ မဲနက်နေသည်။ မျက်လုံးများမှာ ဟာသဉာဏ်ရှိကြောင်း
ဖော်ပြနေသည်။ မျက်နှာအသွင်မှာ နိုင်ငံခြားသားဆန်နေသည်။
ဘာလန်သည် သဘောကျစရာကောင်းသော လူတစ်ယောက်
တော့မဟုတ်ဟု ဒူးရန့်တွေးနေမိသည်။ သူ ဘာကြောင့် လာသည်
ကိုလည်း စဉ်းစားမရပေ။

ဒူးရန့်က မေးရသည်။ "ကဲ ပွင့်ပွင့်လင်းလင်း ပြောပါ
ခင်ဗျား ဘာလိုချင်လို့ လာတာလဲ"

ဘာလန်က ပြုံးလိုက်သည်။ "ကျုပ် ခင်ဗျား အကြေ
ကို အားလုံးသိထားပြီးပြီ၊ ခင်ဗျားဟာ အလွတ်စုံထောက်
ယောက်ဖြစ်တယ်။ လင်မယားကွာရှင်းတဲ့အမှုတွေကို လိုက်
ရှိတယ်။ ဒီအလုပ်ကို ဘယ်သူက ငှားသလဲဆိုတာတော့ သိ
တယ်။ ခင်ဗျားဟာ လန်ဒန်မြို့မှာ နာမည်ကျော်ပဲ ခင်
အတွင်းရေးမှူးဟာ လွန်ခဲ့တဲ့ နှစ်ပတ်က အလုပ်က ထွက်
တယ်။ ခင်ဗျားဟာ အတော်ကြာအောင် သူ့လုပ်ခကို မပေး
ခဲ့ဘူး" သူက အခန်းကို လှည့်ပတ်ကြည့်နေသည်။ "အိမ်ရှင်
ခင်ဗျားကို ဒီနေရာက မောင်းမထုတ်တာ နောက်ထပ်ငှားမယ်
မရှိလို့ပဲ ဖြစ်လိမ့်မယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျား
သိပ်အဆင်ပြေပုံမရဘူး"

ဒူးရန့်က သမ်းလိုက်သည်။ စီးကရက်တစ်လိပ်ကို မီး
သောက်လိုက်သည်။ "ဟုတ်တယ် ကျွန်တော် ငွေကြေးသိပ် မ
လည်ဘူး အဲဒါ ဘာဖြစ်သလဲ"

ဘာလန် ထရပ်လိုက်သည်။ အခန်းထဲတွင် လမ်းလျှော
နေသည်။ အိတ်ထဲမှ အနီနှင့်အဖြူကြားပါသော ရွှေစီးကရ
ဘူးကိုထုတ်၍ တူရကီဆေးလိပ်တစ်လိပ်ကို မီးညှိသောက်သည
သူကြည့်ရသည်မှာ ကျေနပ်ပုံရသည်။ ထို့နောက် ဒူးရန့်၏ တ
ရှေ့တွင် ရပ်လိုက်သည်။

သူက ပြောသည် "ဒီမှာ ကျုပ်ပြောတာကို နားထော
ပါကိုယ့်လူ၊ ခင်ဗျားဟာ လုပ်ငန်းမှာ အတော်ကောင်းအော
လုပ်ခဲ့ပြီးပါပြီ၊ ခင်ဗျားကို ဘာမှ ကျုပ်အလုပ်မခိုင်းပါဘူး။ ခင်ဗျ
ဒုက္ခရောက်မယ့် အလုပ်မျိုးကို ဘယ်တော့မှ မခိုင်းပါဘူ



ဒီအတွက် ခင်ဗျား ဘာမှ မစိုးရိမ်ပါနဲ့ သဘောပေါက်တယ်နော်"

"ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော် ဘာကိုမှ စိတ်မပူပါဘူး။ ဘာကြောင့် ဒီစကားကို ထပ်တလဲလဲပြောနေတာလဲဗျာ"

ဘာလန်က ပြောပြသည်။ "ကျုပ် ပြောပါမယ်။ ကျုပ်အတွက် အလုပ်နည်းနည်းလုပ်ပေးပါ။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်လဲဖြစ်ပါတယ်။ ခင်ဗျားကို ငွေထိုက်ထိုက်တန်တန်ပေးပါ့မယ်။ ကျုပ် ပြောတာကြားတယ်နော်၊ ငွေအများကြီးပေးမယ်။ ခင်ဗျား ဒီအသုံးမကျတဲ့ အခန်းက ပြောင်းသွားပါ။ သင့်တော်တဲ့ လုပ်ငန်းတစ်ခုလုပ်ပြီး ဘဝကို ပြန်စပါ။ လုပ်စရာအလုပ်တွေ အများကြီးရှိပါတယ်။ ခင်ဗျားကို ဘယ်သူမှ ဒုက္ခမပေးနိုင်ပါဘူး။ ဥပဒေကိုလဲ မဖောက်ဖျက်ရပါဘူး"

ဒူးရန့်က မေးသည်။ "ငွေဘယ်လောက်ပေးမှာလဲ" စီးကရက်မီးခိုးများကို နှာခေါင်းမှ မှုတ်ထုတ်ရင်း မေးလိုက်သည်။

"ငွေအများကြီးလို့ ကျုပ်ပြောထားပြီပဲ ပေါင်(၂၀၀၀)ဆိုရင် ကျေနပ်ရဲ့လား" ဘာလန်က မေးသည်။

ဒူးရန့်က ပြုံးလိုက်သည်။ "မနည်းပါဘူး။ ဒါပေမယ့် လုပ်ရမယ့် အလုပ်က ပေါင်(၂၀၀၀)မက တန်နေရင် ဘယ်လိုလုပ်မလဲ"သူက ပြုံးနေဆဲဖြစ်သည်။

ဘာလန်က ရယ်သည်။ "အကွက်စေ့ပါပေတယ်ဗျာ၊ ပြောပါဦး ခင်ဗျားက ဘယ်လောက်လိုချင်လို့လဲ"

"ပေါင်လေးထောင်ဆိုရင် စိတ်ဝင်စားစရာပဲ"ဒူးရန့်က ပြောသည်။ "ပေါင်သုံးထောင်မဟုတ်ဘူးနော်။ အရေးကြီးတဲ့

အလုပ်မို့"

"ကောင်းပြီလေ ခင်ဗျား တော်တော်ပွင့်လင်းတာပဲ
ခင်ဗျားကို ကျုပ်ပေါင်လေးထောင်ပေးမယ်။ ကျုပ်ပြောပြမယ
ကျုပ် ဇနီးဟာ ကျုပ်နဲ့ ကွာရှင်းချင်တယ်။ ဒါကို ခင်ဗျား သိ
တယ်။ ခင်ဗျားကို သက်သေအထောက်အထားရှိပေးဖို့ သူတို့
စေလွှတ်လိုက်တာပဲ။ အခု ခင်ဗျားဆီမှာ သက်သေအထော
အထားရနေပြီ ဒါကို ကျုပ် သဘောကျပါတယ်။ ဒါဟာ အပြ
အပျက်အပြည့်အစုံတော့ မဟုတ်သေးဘူး။ ဘယ်လောက်
ထွေးတဲ့ ကွာရှင်းမှုဖြစ်တယ်ဆိုတာကို ခင်ဗျားကို မပြောတေ
ဘူးဗျာ ပြောဖို့ကောလိုသလား"

ဒူးရန့်က ထပ်ပြုံးပြန်သည်။ "ခင်ဗျား မပြော
ကျွန်တော် သိပြီးပါပြီ"

ဘာလန်က ခေါင်းညိတ်ပြသည်။ "ဟုတ်တယ်။ ေ
တော်ရှုပ်ထွေးတဲ့ ကွာရှင်းမှုပဲ၊ ကျုပ် ဇနီးက အသနားခံ
တင်လိမ့်မယ်။ ဒီအရှုပ်အထွေးကို ရုံးကသိသွားရင် သူတို့ဘာ
မယ်ဆိုတာ ခင်ဗျား သိမှာပါ။ ဘာကြောင့် သူမ ဒီလိုလုပ်သ
ဆိုတာကို ကျုပ် မသိဘူး။ သူမဟာ သိပ် ချမ်းသာတယ်ဆိုတာ
ကော ခင်ဗျား သိသလား"

ဒူးရန့်က ခေါင်းရမ်းပြလိုက်သည်။

"သူမဟာ ချမ်းသာတယ်ဗျ" ဘာလန်က ပြောပြသ
"အရင်ကလဲ နှစ်ကြိမ်လက်ထပ်ပြီးပြီ သူမ အမြဲတန်း တစ်ယေ
ယောက်နဲ့ လက်ထပ်နေတာပဲ။ သူမဟာ အလွန်ကောင်းပါတ
ဒါပေမယ့် ရွေးချယ်မှုမှာတော့ အလွန်ညံ့တယ်" ဆိုနောက် 



ရော်ပြီးပြုံးပြန်သည်။ "လွန်ခဲ့တဲ့ နှစ်လက သူမဟာ ကျုပ်နဲ့
ျပ်အမျိုးသမီးတွေကို ရှုံ့ရှာတဲ့အကြောင်း ဒါကြောင့် ကွာရှင်း
ယ်လို့လဲ ပြောပြတယ်။ ဒါပေမယ့် အဲဒါဟာ ခုချိန်အထိ ဖြစ်မ
ာသေးဘူး။ ဒီပြင်အရေးမပါတဲ့ အချက်နှစ်ချက်လဲရှိသေးတယ်။
ူမရဲ့ လက်ဝတ်ရတနာ တချို့ပျောက်သွားတယ်။ ဒီကိစ္စကို ကျုပ်
ိတယ်လို့ သူမက ယူဆနေတယ်" ဘာလန်ကပြုံးပြန်သည်။
ူမ မှန်တယ်ဆိုတာကို ခင်ဗျားသိမှာပါ။ ကျုပ် ပြောတာတွေကို
ာ သဘောပေါက်ရဲ့လားဗျာ"

"ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော် အတွက်
ဟာ ကြားဖူးနေကျပုံပြင်ပါပဲ။ လူတချို့ဟာ ဒီအဖြစ်အပျက်
ွကို ဓါတ်ပြားသွင်းပြီး ညနေကျရင် ပြန်ဖွင့်လိမ့်မယ်။ သူမက
ဲ ခင်ဗျားကို ကွာရှင်းချင်တယ်လို့ ပြောတယ်"

ဘာလန်က ခေါင်းညိတ်လိုက်သည်။ "ဒီလိုပဲ ကျုပ်ကိုလဲ
ြောပါတယ်။ ကျုပ်ကို ဘယ်လိုလူစားမှတ်သလဲလို့ ပြန်မေးလိုက်
ယ်။ ကျုပ်ကို လက်ထပ်တဲ့အချိန်က သူမဟာ ကျုပ်ကို သိပ်
်တယ်လို့ ထင်ခဲ့တယ်။ ကျုပ်ကို လူကောင်းတစ်ယောက်လို့
င်လို့ပါ။ ကျုပ်ကို တစ်လမှာ ဒေါ်လာငါးထောင်ပေးမယ်လို့
ဘောတူခဲ့ကြတယ်။ ဒီအပေးအယူဟာ မဆိုးပါဘူး။ အမြတ်ခွန်
ေးရဘူး။ အဲဒီအကြောင်းကို ခင်ဗျားသိသလား"

ဒူးရန့်က မေးသည်။ "ခင်ဗျားအတွက် အလွန်ကောင်း
တယ်။ အဲဒီသဘောတူညီချက်ဟာ ဘယ်တော့ပြီးဆုံးမှာလဲ"

ဘာလန်က ပြုံးလိုက်သည်။ "သေတဲ့နေ့အထိ ဒါမှ
ုတ် ကွာရှင်းတဲ့နေ့အထိ"

ဘာလန်က ပခုံးကျုံ့လိုက်၏။ ထို့နောက် စီးကရ
ရင်း အခန်းထဲတွင် လမ်းလျှောက်နေပြန်သည်။ သူ့ကို
ကျေနပ်နေပုံလည်းရသည်။ သူက ထပ်ပြောသည်။ "ကျ
ဘယ်လို လူစားမျိုးထင်သလဲလို့ ကျုပ် သူမကို မေးခဲ့တယ်။
အနေနဲ့ အပြစ်ရှာမရမှန်း ကျုပ် သိတယ်။ ကျုပ်လုပ်တဲ့မကော
တွေအတွက် သက်သေအထောက်အထားမရှိဘူး။ ကျု
ကွာရှင်းဖို့အတွက် အထောက်အထားတွေကို အလွယ်တ
မယ်ထင်သလားလို့ သူမကို မေးခဲ့တယ်။ ဒါဆိုရင် တစ်
ပေါင် ငါးထောင်ရတဲ့ အခွင့်အရေးလက်လွှတ်သွားမှာပေ

ဒူးရန့်က မေးသည်။ "အဲဒီတော့ သူမက ဘာပြ
သလဲ"

"သူမက လှုပ်တောင်မလှုပ်ဘူး" ဘာလန်က
သည်။ "ဘာလိုချင်သလဲလို့ ကျုပ်ကိုမေးတယ်။ ကျုပ်က ပြော
တယ်။ ကျုပ် သူမကို ငြီးငွေ့နေပြီ၊ အချစ်သစ်ရှာမယ်။ ဒါ
ရနေတဲ့အခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူးလို့ ပြောလိုက်
ဒါကြောင့် မျှတတဲ့ အပေးအယူတစ်ခုကို ပြောပြလိုက်တယ်
စဲကြောင်း ကြေငြာပြီးနောက်တစ်နေ့မှာ ကျုပ်ကို ပေါင်ငါး
ပေးဖို့ပါ။ ကျုပ် သူမကို တွက်ပြပါတယ်။ ပေါင်ငါးသေ
အလုပ်လုပ်စားရင်တစ်လကို ပေါင်ငါးထောင်ရဖို့ မလွ
အကြောင်းပြောပြလိုက်တယ်"

ဒူးရန့်က မေးသည်။ "သူမကကော သဘောတူသ

ဘာလန်က ခေါင်းရမ်းပြသည်။ "သဘောမ
ပေါင်လေးသောင်းပဲ ပေးမယ်လို့ ပြောတယ်"



"ဒါဆို ဘာကြောင့် မကွာရှင်းခဲ့တာလဲ"

ဘာလန်က ပြောပြသည်။ "ဒါဟာ ကျုပ်ရဲ့ပါးနပ်မှုပေါ့။
ရှင်းမှုလုပ်ပြီးတဲ့ အချိန်မှာ သူမက ကျုပ်ကို ပေါင်လေးသောင်း
လိမ့်မယ်။ ဒါပေမယ့် သေချာအောင် သူမဆီက စာတစ်စောင်
ယူထားရမယ်။ ကွာရှင်းပြီးတဲ့အချိန်မှာ သူမက ကျုပ်ကို
င်လေးသောင်းပေးပါ့မယ်လို့ စာထဲမှာ ရေးထားရမယ်လေ"

သူ အတန်ကြာရပ်နားပြီး နောက်ဆက်ပြောပြန်သည်။
ခု ကျုပ်ပြောမယ့်အစီအစဉ်ကို ကြားရင် ခင်ဗျားကတော့
ယ်လိမ့်မယ်။ စာထဲမှာ ကွာရှင်းမှုပြီးဆုံးပြီး တစ်နေ့မှာလို့ မရေး
ဲ ကွာရှင်းမယ်လို့ကြေငြာပြီးနောက်တစ်နေ့မှာလို့ ရေးခိုင်း
ယ်။ အဲဒီစာကို လူတစ်ယောက်က သူမလက်ရေးနဲ့တူအောင်ရေး
သူမ လက်မှတ်အတိုင်း လက်မှတ်ရေးထိုးပေးလိမ့်မယ်။ ကျုပ်
လုပ်မယ်လို့ ခင်ဗျား ထင်သလဲ"

"ဆက်သာပြောပါ" ဒူးရန့်က တိုက်တွန်းလိုက်သည်။

"ကျုပ် အကြံက ဒီလိုဗျ" ဘာလန်က ပြောပြသည်။
အနီးသို့ လျှောက်လာပြီး လက်ထောက်သည်။ ခေါင်းငုံ့ပြီး
ပြသည်။ "တော်တော် ကောင်းတဲ့အကြံအစည်ပါ။ ခင်ဗျားက
ပ်လုပ်တဲ့မကောင်းမှုအထောက်အထားတွေကို ခင်ဗျားရဲ့
နေတွေဆီသွားပေးရမယ်။ ရှေ့နေက သူမရဲ့ အသနားခံစာနဲ့
တူ အမှုတွဲကို တင်ပြလိမ့်မယ်။ အဲဒီအခါမှာ တရားရုံးက
ရှင်းပေးလိမ့်မယ်။ နောက်တစ်နေ့မှာ ကျုပ် ပေါင်လေးသောင်း
ယ်။ ခင်ဗျားကို ပေါင်လေးထောင် လာပေးမယ်။ ကျုပ်တို့
ထားတဲ့ စာအတုကိုလဲပေးမယ်။ ခင်ဗျားက အဲဒီစာကို

ဥပဒေအကျိုးဆောင် အရာရှိကို သွားပြရမယ်။ အဲဒီတ
ဖတ်ရတဲ့အခါမှာ ဥပဒေအကျိုးဆောင်အရာရှိဟာ သူ
အသနားခံစာကို ပယ်ဖျက်လိမ့်မယ်။ ဒီအမှုဟာ ရှုပ်ထွေးတယ်
သူ ယူဆတဲ့အတွက် ဖြစ်တယ်။ ဒါဆိုရင် ကျွန်ုပ်က ပေါင်
သောင်းခြောက်ထောင်ရပြီး ခင်ဗျားက ပေါင်လေးထောင်ရ
မယ်"

ဒူးရန့်က ကြားဖြတ်ပြောသည်။ "ဒါဆိုရင် သူမ
ခင်ဗျားကို တစ်နှစ်ပေါင်ငါးထောင်ဆက်ပေးနေသလိုပဲပေါ့

ဘာလန်ကပြုံးလိုက်သည်။ "ဒါပဲပေါ့ ဒါမှမဟုတ် တ
ရုံးက ခွင့်ပြုလို့ သူမကို နောက်တစ်ကြိမ် ကွာရှင်းခွင့်ပြုတဲ့
ပေးရလိမ့်မယ်။ ဒါဆိုရင် နောက်ထပ်သုံးလေးနှစ်ကြာသွာ
တယ်"

ဒူးရန့်က ခေါင်းညိတ်လိုက်သည်။ "တော်တော်ကေ
တဲ့အကြံပဲ တစ်လွဲတစ်ချော်ဖြစ်စရာ အကြောင်းမရှိပါဘူး။ အ
အခဲတစ်ခုပဲ ရှိလိမ့်မယ်"

"ဘယ်လို အခက်အခဲလဲ"

ဒူးရန့်က ဖြေသည်။ "ကျွန်ုပ်က ပေါင်တစ်သော
ချင်တယ်လေ"

ကြာမြင့်စွာ တိတ်ဆိတ်သွား၏။

ဘာလန်က ပြောသည်။ "ခင်ဗျားအတော်လော
တာပဲ။ ကျုပ် ခင်ဗျားကို ဘာလုပ်မယ်ဆိုတာကော သိရဲ့

ဒူးရန့်က ဖြတ်ပြောလိုက်သည်။ "ကျွန်တော် သိပါ
ဒါပေမယ့် ခင်ဗျား မလုပ်ဝံ့ပါဘူး။ ကဲ ခင်ဗျား ကျုပ်ကို



တစ်သောင်းပေးမှာလား"

ဘာလန်က ဒေါသဖြင့် ပြောတော့သည်။ "ကောင်းပြီလေ ကျုပ်က သုံးသောင်းယူမယ်။ ခင်ဗျား ဘစ်သောင်းရမယ် ခင်ဗျား လုပ်ရမယ့်အလုပ်ကိုတော့ အောင်မြင်အောင် လုပ်ပါ"

ဒူးရန့်က ပြောပြသည်။ "ခင်ဗျားဟာ ပေါင်သုံးသောင်း အပြင် ကွာရှင်းခွင့်မရတဲ့အတွက် တစ်လကိုပေါင်ငါးထောင် ဆက်ရနေဦးမယ်။ ကျွန်တော်ကိုလဲ ဘယ်သူမှ ဒုက္ခပေးလို့မရ ဘူးမှတ်ပါ။ ကျွန်တော့် အလုပ်ကို ကျွန်တော် လုပ်နေတာပါ"

ဘာလန်က ပြောသည်။ "ကဲ ဒါဟာ ကျုပ်တို့ လုပ်မယ့် အစီအစဉ်ပဲ အစီရင်ခံစာရေးပြီး ရှေ့နေဆီကို သွားပို့ပါ။ ရှေ့နေ တွေကလဲ သဘောကျမှာပါ။ ကျုပ် တရားရှုံးလိမ့်မယ်။ ကွာရှင်း မှု လုပ်ပြီး နောက်တစ်နေ့မှာ ခင်ဗျာ ပေါင်တစ်သောင်းရမယ် ခင်ဗျား တော်တော်ကံကောင်းတာပဲ"

"ခင်ဗျား ပြောတာမှန်ပါတယ်။ ဒါပေမယ့် ဒီပြင်အဖု အထစ်တစ်ခုတော့ ရှိသေးတယ်" ဒူးရန့်က ပြောပြလိုက်သည်။

"ခင်ဗျား ဘာဆိုလိုတာလဲ"

"ကျွန်တော့်ရဲ့ အကျိုးအမြတ်အတွက် ကာကွယ်ရလိမ့် မယ်" ဒူးရန့်က ပြောပြသည်။ "ကွာရှင်းမှုလုပ်ပြီး နောက်တစ် နေ့မှာ ပေါင်တစ်သောင်းလာပေးမယ်လို့ ခင်ဗျားက ပြောတယ်။ ခင်ဗျား လာမလာကို ကျွန်တော် ဘယ်လိုသိနိုင်မှာလဲ၊ အဲဒီအ ချိန်မှာ ခင်ဗျား စိတ်ပြောင်းသွားရင် ဘယ်လို လုပ်မလဲ"

ဘာလန်က ပြောသည်။ "ခင်ဗျား ရူးနေသလား ဒါဟာ နှစ်ဦးနှစ်ဘက်အကျိုးရှိမယ့်အလုပ်ဆိုတာကော မေ့နေပြီလား"

"ထားပါတော့ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကို မလှ
စားနိုင်အောင်လုပ်ရမယ့် နည်းလမ်းတစ်ခုတော့ ရှိတယ်"

"ဘယ်လို နည်းလမ်းလဲ"

"ကျွန်တော့်ကို ခင်ဗျား အမျိုးသမီး ရေးတဲ့စာပေးထ
ပါ။ ဒါဆိုရင် ခင်ဗျား ကျွန်တော်ဆီ မလာဘဲနေမှာမဟုတ်ဘူ
ဒီစာကို ကျုပ်ကိုင်ထားရင် ကွာရှင်းပြီးနောက်တစ်နေ့မှာ ခင်ဗျ
ဟာ ပေါင်တစ်သောင်းယူပြီး ကျွန်တော်ဆီ လာရမယ်။ ဒါဟ
တရားမျှတပါတယ်"

ဘာလန်က ပခုံးကျုံ့လိုက်သည်။ "ဒါဟာ ပြဿန
မဟုတ်ပါဘူး။ စာပေးခဲ့မယ်။ အခုအချိန်မှာ ဒီစာဟာ အသုံးမ
တော့ဘူး။ ကျုပ်ခိုင်းတဲ့ အတိုင်း လုပ်မှ အကျိုးရှိလိမ့်မယ်"

"ကျွန်တော် သိပါတယ်"

ဘာလန်က ဖျံသားရည်အိတ်ထဲမှ စာတစ်စောင်
ထုတ်ယူပြီး ပေးသည်။ ဒူးရန့်ကစာကို ဖတ်ကြည့်သည်။

"ဒါဆို ကျွန်တော် ကျေနပ်ပါတယ်"

"ကောင်းပြီ ဒီစာကို လုံခြုံအောင် သိမ်းထားပါ။ စိ
မပူပါနဲ့ ပေါင်တစ်သောင်းရဖို့ သိပ်လွယ်ပါတယ်။ ခင်ဗျား
ကောင်းပါတယ်။ စာကိုသာ သေသေချာချာသိမ်းထားပါ"

ဒူးရန့်က ပြောပြလိုက်သေးသည်။ "ကျွန်တော့်ကို ရ
စရာ မပြောပါနဲ့ ဒီစာဟာ ကျွန်တော့်အတွက် ငွေအများ
တန်ပါတယ်" စာကို အတွင်းအိတ်ထဲသို့ ထည့်ရင်း သူ ဆက်
သည်။ "ကဲ ခင်ဗျား ဒီကို လာတာ အတော်ညဥ့်နက်နေ
ကျွန်တော်တို့ နှစ်ယောက်တွဲပြီးနေတာကို လူတွေ မမြင်ဖို့ သ



ကြောင်း ခင်ဗျားသိပါတယ်။ ကျွန်တော့်ရဲ့ အစီရင်ခံစာကို မနက်
ဖြန်မှာ ရှေ့နေဆီသွားပို့မယ်။ ကွာရှင်းမှုလုပ်ပြီး နောက်တစ်နေ့
မှာ ကျွန်တော့်ဆီလာပါ။ တွေ့ရတာ ဝမ်းသာပါတယ်"

"အိုကေ ဂွတ်(ဒ်)နိုက်ဒူးရန့် ကျုပ် ခင်ဗျားကို ဆက်ဆက်
လာတွေ့ပါမယ်"

ဘာလန်က နှုတ်ဆက်ပြီး ထွက်သွားလေသည်။

▲ ▲ ▲ ▲ ▲

နံနက်(၇)နာရီ အချိန်ဖြစ်သည်။ နေရောင်သည် ဒူးရန့်
၏ ရုံးခန်းတံခါးပေါက်မှ ထိုးဝင်နေသည်။ ကြမ်းပေါ်တွင် အရိပ်
များထိုးကျနေသည်။ ဒူးရန့်သည် ထိုင်နေကျပုံစံအတိုင်း ကုလား
ထိုင်ကို ကျောမှီပြီး စားပွဲပေါ် ခြေထောက်များတင်၍ ထိုင်နေသည်။
ထိုအခိုက် တယ်လီဖုန်းသံမြည်လာသည်။

ဒူးရန့်သည် စားပွဲပေါ်မှ ခြေထောက်များ ချ၍
တယ်လီဖုန်းကိုယူပြီး နားထောင်လိုက်သည်။ တစ်ဘက်မှ စကား
ပြောသူမှာ ဟာလီဝဲ(လ်)ဖြစ်သည်။

"ကောင်းသော ညနေခင်းပါ မစ္စတာဒူးရန့်" ဟာလီ
ဝဲ(လ်)က နှုတ်ဆက်သည်။ "ဘာလန်အမှုပြီးသွားတဲ့အကြောင်း
ပြောပြတာပါ။ မနေ့ကပဲ ကွာရှင်းမှုပြီးသွားတယ်။ တရားရုံးကို
ခင်ဗျားလာဖို့မလိုတော့ပါဘူး။ အိမ်ဖော်အမျိုးသမီးရဲ့ သက်သေ
ထွက်ဆိုချက်နဲ့ပဲ လုံလောက်သွားပါတယ်"

ဒူးရန့်က မေးသည်။ "ကျွန်တော် ကုန်ကျတဲ့စရိတ်စက
တွေအတွက် ဘယ်လိုစဉ်းစားထားသလဲ"

ကြာမြင့်စွာ တိတ်ဆိတ်သွားပြီးနောက် ဟာလီဝဲ(လ်)က ပြောသည်။ "ပေါင်ငါးဆယ်ဆိုရင် လုံလောက်မယ်ထင်ပါတယ် နော်" "ဟုတ်ကဲ့ လုံလောက်ပါတယ်။ မနက်ဖြန်ကျရင် ကျွန်တော့် ငွေစာရင်းထဲ ထည့်ပေးပါ"

တယ်လီဖုန်းကို ပြန်ချပြီးနောက် စောစောကပုံစံအတိုင်း ပြန်ထိုင်ပြီး စီးကရက်သောက်နေလိုက်သည်။ အတန်ကြာလျှင် ကော်ရစ်ဒါအတိုင်း လျှောက်လာသော ခြေသံများကို ကြားရ တံခါးဖွင့်ပြီး ဘာလန်ဝင်လာ၏။

ဘာလန်မှာ ပြုံးရွှင်နေ၏။ ဝတ်စုံအသစ်ကို ဝတ်ထား သည်။ ပခုံးနေရာတွင် ကျယ်ပြီး ခါးနေရာတွင် အနည်းငယ်ကျဉ်း သည်။ ခေါင်းတွင် အနံ့ပြင်းသော ဆီမွှေးလိမ်းထား၏။ သူ့လက် ထဲတွင် သားရေအတက်ချီကေ့(စ်)တစ်လုံးကိုလည်း ကိုင်ထား၏။

သူက ပြောပြသည်။ "အလုပ်တစ်ခုတော့ ပြီးသွားပြီ အမျိုးသမီးက ကျုပ်ကို ငွေပေးလိုက်တယ်" အခန်းကိုဖြတ် လျှောက်လာပြီး ကုလားထိုင်မှ ဖုန်များကို သုတ်လိုက်သည်။

ဒူးရန့်က မေးသည်။ "ကျွန်တော့်အတွက်ကော ပေါင် တစ်သောင်းပါသလား"

ဘာလန်က ခေါင်းညိတ်ပြသည်။ "ပါလာပါတယ်" ထို့နောက် ထရပ်ပြီး အတက်ချီကေ့(စ်)ကို စားပွဲပေါ် ချသည်။ "ရေကြည့်ပါ သေတ္တာထဲမှာ ငွေအပြည့်ပါပါတယ်"

"ခင်ဗျားကို ယုံကြည်ပါတယ်" ဒူးရန့်က ပြောပြလိုက် သည်။

ဘာလန်က ပခုံးကျုံ့လိုက်သည်။ "ခင်ဗျား သဘောပါ



ခင်ဗျားဟာ လူတွေကို ယုံကြည်တတ်သားပဲ"

"မဟုတ်ဘူး ယုံကြည်တာ မဟုတ်ဘူး။ စိတ်မဝင်စား တာ" ဒူးရန့်က ခပ်ပြုံးပြုံးပြန်ပြောသည်။

ဘာလန်က မျက်ခုံးပင့်ကြည့်သည်။ "ခင်ဗျားဟာ ရယ်စရာကောင်းတဲ့လူပဲ။ စိတ်မဝင်စားဘူးဆိုတာ ဘာကို ဆိုလို တာလဲ။ ပေါင်တစ်သောင်းကို စိတ်မဝင်စားဘူးလို့ ပြောတာလား"

ဒူးရန့်ခေါင်းညိတ်ပြသည်။ "ဟုတ်တယ် အဲဒီပေါင် တစ်သောင်းကို စိတ်မဝင်စားဘူး။ ခင်ဗျားပဲ ယူပါ။ ခင်ဗျားပဲ ရသင့်ပါတယ်။ ခင်ဗျားဟာ မစ္စက်ဘာလန်နဲ့ ကွာရှင်းပြီးနောက် တစ်နေ့မှာ သူမဆီက ပေါင်လေးသောင်းရဖို့ စီစဉ်ခဲ့တယ်။ ကဲ အခု ခင်ဗျားရပြီ ကျွန်တော် မလိုချင်တော့ဘူး"

ဘာလန်က မေးသည်။ "ခင်ဗျား ဘာဆိုလိုတာလဲ"

ဒူးရန့်က စားပွဲပေါ်မှ သူ့ခြေထောက်ပြန်ချလိုက်သည်။ ထိုနေ့သော စီးကရက်ကို ပြာခွက်ထဲတွင် ထိုးချေလိုက်သည်။ သူက ပြောသည်။ "ဒီလုပ်ငန်းစကတည်းက ရောဘတ်၊ ရောဘတ် စတုန်း၊ အင်ရောဘတ်(စ်) ရှေ့နေကုမ္ပဏီဟာ ဘာကြောင့် ကျွန်တော့်ကို လာငှားသလဲဆိုတာကို ကျွန်တော် အံ့ဩနေခဲ့တယ်။ သူတို့ဟာ ပထမတန်းရှေ့နေ ကုမ္ပဏီဖြစ်သလို သူတို့ဟာ အကောင်းဆုံး စုံထောက်တွေကို ငှားလေ့ရှိတယ်။ သူတို့ဟာ ဘာကြောင့် သူတို့စာရေးကို ကျွန်တော့်ဆီ လွှတ်ပြီး အမှုအပ်ရ တာလဲ"

ဘာလန်က ကုလားထိုင်ပေါ် ပြန်ထိုင်သည်။ သူက မေး သည်။ "ဒီကိစ္စဟာ ခင်ဗျား အခုလုပ်မယ့် အလုပ်နဲ့ သက်ဆိုင်

လို့လား"

"ကျွန်တော် ပြောမယ်လေ" ဒူးရန့်ကပြောသည်။ "သူတို့ ဟာလီဝဲ(လ်)ကို ကျွန်တော့်ဆီလွှတ်ပြီး အမှုအပ်ခိုင်းတာဟာ သူတို့ရဲ့ အမှုသည် မစ္စက်ဘာလန်ရဲ့ ညွှန်ကြားချက်အရ လုပ်တာပဲဗျ၊ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ ကမ်းလှမ်းချက်ကို ခင်ဗျား လာလုပ်တဲ့နောက်ပိုင်းမှာ ကျွန်တော် နားလည်လိုက်တယ်"

ဘာလန်က အံ့အားသင့်စွာ မေးသည်။ "ခင်ဗျား ဘာကို နားလည်တာလဲ"

ဒူးရန့်က ပြုံးလိုက်သည်။ "ကျွန်တော်ဟာ မစ္စက်ဘာလန်ရဲ့ ခင်ပွန်းကိုသိတယ်။ ကျွန်တော်ဟာ သူမရဲ့ ပထမဆုံးခင်ပွန်းပဲ။ ခင်ဗျားနဲ့ မတွေ့ခင်က သူမဟာ နှစ်ကြိမ်လက်ထပ်ပြီးပြီ။ သူမဟာ ယောကျ်ားတွေအကြောင်း ကောင်းကောင်းသိတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်။ ခင်ဗျား ပြောသလိုလဲ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အသိဉာဏ်တော့ရှိသဗျ၊ စာကို လက်မှတ်ထိုးခိုင်းတဲ့ အခါမှာ သံသယရှိခဲ့တယ်။ ဒါကြောင့် ရှေ့နေတွေကို ကျွန်တော့်ကိုငှားဖို့ ပြောခဲ့တာပဲ။ သူမကို ခင်ဗျား အကြပ်ကိုင်ရင် ကျွန်တော်က သူမကို အကူအညီပေးမယ်ဆိုတာကိုသိတယ်" ဒူးရန့်က စကားရပ်ပြီး တစ်ချက်ပြုံးလိုက်၏။ "သူမ မှန်ပါတယ်။ တစ်ချိန်က သူမဟာ ကျွန်တော့်အပေါ်မှာ ကောင်းခဲ့ပါတယ်။ သူမရဲ့ ကျေးဇူးလဲအများကြီးရှိခဲ့ပါတယ်။ ကျွန်တော် အမှန်ကို လုပ်မယ်ဆိုတာ သူမသိတယ်။ ကျွန်တော် အခုအမှန်လုပ်တာပဲ။ သူမ ကျေးဇူးနဲ့နှိုင်းရင် ပေါင်တစ်သောင်းဟာ သိပ်နည်းပါတယ်"



ဘာလန်မျက်နှာပျက်သွားသည်။ ဘာမှ မပြောတော့ပေ။ ဒူးရန့်ကသာ ဆက်ပြောနေသည်။

"သူမရေးတဲ့စာကို ကျွန်တော် မီးရှို့လိုက်ပြီ၊ ဒီစာဟာ သူမကို ဒုက္ခပေးလိမ့်မယ်။ နောက်ရက်သတ္တပတ်ကြာရင် သူမဟာ ခင်ဗျားနဲ့ လုံးဝလွတ်ကင်းသွားပြီ၊ ခင်ဗျားလဲပေါင်လေးသောင်းရပြီးပြီဆိုတော့၊ ခင်ဗျား သူမကို နောက်ထပ် ဒုက္ခမပေးနိုင်တော့ဘူးပေါ့၊ ကျွန်တော် လုပ်တာကို သဘောကျရဲ့လား မိတ်ဆွေ"

ဘာလန်ထရပ်လိုက်သည်။ ဒေါသထွက်လွန်းသဖြင့် မျက်နှာတစ်ပြင်လုံး ဖြူဖွေးနေတော့သည်။ "ခင်ဗျား ခင်ဗျားဗျာ"

ဒူးရန့်က ပြောသည်။ "ဒေါသမကြီးပါနဲ့ မိတ်ဆွေ၊ ခင်ဗျားအတွက် အကျိုးမရှိပါဘူး။ ခင်ဗျား ကျွန်တော့်ထက် ခန္ဓာကိုယ်ကြီးပေမယ့် ဝနေတာပါ။ ကျွန်တော်က သန်မာတယ်။ ခင်ဗျား ကျွန်တော့်ကို မယှဉ်နိုင်ပါဘူး။ ပေါင်လေးသောင်းယူပြီး တော့သာ ပြန်ပါ"

ဘာလန်က အတက်ချိုကေ့(စ်)ကို ယူပြီး ကြိမ်းလေသည်။ "နောက်တစ်ကြိမ်တွေ့မယ်" ဟု။

"အချိန်မရွေးပါပဲ ကဲ ဂွတ်(ဒ်)နိုက်ပါ ဘာလန်"

ဘာလန် ရုံးခန်းထဲမှ ပြန်ထွက်သွားတော့သည်။ ကော်ရစ်ဒါအတိုင်း လျှောက်သွားသော ခြေသံများ တဖြည်းဖြည်း တိုးသွားသည်။ နောက်လုံးဝ ပျောက်သွားသည် ဒူးရန့်သည် စားပွဲပေါ် ခြေထောက်ပြန်တင်လိုက်၏။ စီးကရက်ညှိသောက်သည်။ သူ စဉ်းစားနေသည်။ မကြာခင် အိပ်ပျော်သွားတော့၏။

# စုံထောက်တစ်ဦး၏
# အသွင်သဏ္ဌာန်ထိုးထွင်းညာဏ်

## Portrait of a 'G' Man

**Peter Cheyney**

"သားတို့သမီးတို့ မင်းတို့ကို မစ္စတာကောရှင်းက တူတိုင်းနဲ့ တွေ့ပေးလိမ့်မယ်"

တူတိုင်းမှာ ခန္ဓာကိုယ်ထွားကျိုင်းပြီး ပြုံးရွှင်သော မျက်နှာပိုင်ရှင်ဖြစ်သည်။ သူ့ကို ကြည့်ပါက စိတ်သဘောထား ကောင်း၍ နူးညံ့သိမ်မွေ့သူတစ်ယောက်ဟု ထင်ရလေသည်။ ဘိရှတ္တာန်များကို ကြင်နာသနားပြီး ဒိုကလာပိုးမားတွင်နေသော သူ့မိခင်ကြီးထံသို့ မကြာခဏဒေါ်လာငါးဆယ်ပို့ပေးတတ်လေ သည်။

အထက်ပါထင်မြင်ချက်မှာ သူနှင့်လုံးဝမပတ်သက်ပါ ချေ။ သူသည် လူသတ်သမားဖြစ်သည်။ သေနတ်တစ်လက်ကို အမြဲဆောင်ထားပြီး ကျွမ်းကျင်စွာအသုံးချတတ်သည်။ ၁၉၃၀ ပြည့်နှစ်က ဂျော့မလင်ဘာဂ်ကို စားပြတိုက်ရင်း ရဲသားနှစ် ယောက်ကို ပစ်သတ်ခဲ့သည်။ သေနတ်ပစ်အလွန်လက်တည့်သည်။ ရေတပ်သုံးအင်္ဂလိပ်ဝက်ဘလီစကော့ အော်တိုမက်တစ်သေနတ် ကို ပခုံးသိုင်းမက်စီကန်သားရေအိတ်ဖြင့် ထည့်၍ ဆောင်ထား လေ့ရှိသည်။ လူတစ်ယောက်၏ ပါးစပ်တွင် ကိုက်ထားသော စီးကရက်ကို ကိုက်လေးဆယ် အကွာအဝေးမှနေ၍ မချိန်ရွယ်ဘဲ သေနတ်ဖြင့် မှန်အောင်ပစ်နိုင်သည်။

* * * * *

တူတိုင်းသည် သူ့လက်ညှိုးကိုလည်ပင်းနှင့် ပိုးကော်လာ အကြားသို့ ထိုးသွင်းနေ၏။ သူ့ရှေ့မှ စားပွဲထိုးကို ကောက်ကျစ်သော မျက်လုံးများဖြင့် ကြည့်နေသေးသည်။

စားပွဲထိုးရယ်လစ်မှာ မျက်နှာနီနီ၊ ကိုယ်လုံးတုတ်ခိုင်ပြီး ဝက်မျက်လုံးများကဲ့သို့ သေးငယ်သော မျက်လုံးများရှိသည်။ စားပွဲထိုးက ဗီလီသဂွတ်(ပ်)ကို ပြန်ကြည့်လေသည်။

ဗီလီသဂွတ်(ပ်)မှာ ကိုယ်လုံးပိန်ပြီး မြွေပါ၏ မျက်နှာမျိုး ရှိသည်။ သူ့လည်ပင်းတွင် ဒဿမသုံးဆယ်နှစ်ကျည်ဆန်ရာရှိ သည်။ ၁၉၃၄ခုနှစ်က အိုကလာဟိုးမားတွင် ဓားပြတိုက်ချိန်က ရသောဒဏ်ရာဖြစ်သည်။ ဗီလီသဂွတ်(ပ်)က တူတိုင်းကိုပြန်ကြည့် နေသည်။

"ဓာတ်စက်ပြန်ဖွင့်ပါ" တူတိုင်းက ပြောသည်။ "အသား သုံးတုံးလာချပါ။ တစ်တုံးကို မင်းစားပါ။ မင်းဟာ ငါထင်သ လောက် မညံ့သေးဘူး"

"ကျေးဇူးတင်ပါတယ်။ တူတိုင်း" စားပွဲထိုးက ပြန်ပြော သည်။

သူက ရေဒီယိုကို ဖွင့်လိုက်သည်။

တူတိုင်းသည် ကိုယ်ကိုရုတ်တရက်လှည့်ပြီး ဘားခန်း၏ တစ်ဘက်တွင် ထိုင်နေသူကိုကြည့်ပြန်သည်။ ထိုလူမှာ အလွန် အေးဆေးပုံရသည်။ ထိုမြို့ရှိ ဘားများတွင် သူကဲ့သို့သော လူများ စွာကို သင် တွေ့နိုင်ပါသည်။ အရပ်အမောင်းမှာ အနေတော် ဖြစ်၍ ကျစ်လျစ်သောကိုယ်လုံးကိုယ်ပေါက်ရှိသည်။ သူ့မျက်နှာ မှာ ထူးခြားမှု တစ်စုံတစ်ရာမရှိပေ။



တူတိုင်းက ရေဒီယိုမှ လာနေသော သီချင်းကိုလေချွန် ...ကြသည်။ ထို့နောက် ဗီလီသဂွတ်(ပ်)အနားသို့ ကပ်သွားပြီး ...လိုက်သည်။

"ဒူဒီကို ဒီကိုအမြန်လာဖို့သွားခေါ်ပါ" သူက တိုးတိုး ...လေသည်။ "သူ့ကို ပြောစရာရှိတယ်။ စောင့်နေလို့မဖြစ် ...ဘူး"

*　　*　　*　　*　　*

ရှူဒီကယ်(လ်)စီမို။ အများအားဖြင့် ဒူဒီဟုသာခေါ်သည်။ ...သည် ခုနစ်မိနစ်အကြာတွင် ရောက်လာခဲ့သည်။

ဒူဒီမှာ ကိုယ်လုံးသွယ်သွယ်ဖြစ်သည်။ အဝတ်အစားကို ...ရှင်းသပ်ရပ်စွာ ဝတ်လေ့ရှိသည်။ တန်ဖိုးကြီးသော အင်္ဂလိပ် ...င်အဝတ်အစားများကို ဝတ်လေ့ရှိသည်။ မျက်လုံးများမှာ ...ရောင်ဖြစ်သည်။ မျက်လုံးသူငယ်အိမ်မှာကျဉ်းမြောင်းသည်။ ...ခါတစ်ရံဘိန်းစားတတ်သည်။ တစ်ခါတစ်ရံတွင် ကိုကင်း ...ခါတစ်ရံတွင် မက်စီကန်စီးကရက် ရှိဖာ၊ တစ်ခါတစ်ရံတွင် ...ဘိန်းသုံးစွဲတတ်သေးသည်။ အရေးကြီးသော ကိစ္စကိုဆောင် ...မည်အခါတိုင်း မူးယစ်ဆေးဝါးသုံးလေ့ရှိသည်။ သူ၏ အဓိက ...ပ်မှာ စဉ်းစားခြင်းဖြစ်သည်။

ဒူဒီသည် ကြော့မော့သပ်ရပ်စွာ နေတတ်လေသည်။ ...ည်းသောပိုးလည်စည်းမှာ လန်ဒန်မှအော်ဒါမှာ ယူသော ...ည်းဖြစ်ပြီး၊ စိန်နှင့်ပတ္တမြားကျောက်များဖြင့် စီချယ်ထားသော ...လာတစ်ထောင်တန်သည့် တွယ်ချိတ်ဖြင့် ချိတ်ထားသည်။

သူ့ကိုယ်ပေါ်မှပိုးရုပ်အင်္ကျီ၏ လက်ကြယ်သီးများမှာ (၂၅)ဒေါ်
တန်လေသည်။

သူ့မျက်နှာမှာ စိတ်ဝင်စားစရာကောင်းလှသ
မျက်နှာသည် လူသေမျက်နှာလိုဖြူဆွတ်နေပြီး၊ နှုတ်ခမ်းမွ
တင်းကြပ်စွာ စေ့ထား၏။ နှုတ်ခမ်းနှစ်ခုစေ့ထားသော
သည် မျက်နှာပေါ်တွင် မျဉ်းနီတစ်ကြောင်းလိုပေါ်လွင်နေ
မေးချွန်၍အလယ်တွင် ချိုင့်နေသည်။ လက်ချောင်းများရှည်
ပြီး အဖျားတွင် ကုပ်နေသည်။

ဒူဒီသည် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည်။ သ
ကြင်နာမှုတော့လုံးဝမရှိပေ။

ဒူဒီသည် အခန်းကို ဝေ့ကြည့်လိုက်၏။ တူတိုင်းကို
ချက်စိုက်ကြည့်ပြီး အခန်းထောင့်ရှိ စားပွဲသို့လျှောက်သွ
ထိုင်လိုက်သည်။

တူတိုင်းသည် အသားလုံးကြော်နှစ်ခုမှာပြီး၊ ဒူဒီထံယူ
သည်။ ဒူဒီနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်
ဘားကောင်တာကိုတော့ ကျောပေးထား၏။

"ဆိုပါဦး ဘာကိစ္စလဲ" ဒူဒီကမေးလေသည်။
ဘယ်မှာလဲ တူတိုင်း"

တူတိုင်းက အရက်တစ်ကျိုက်သောက်လိုက်သ
ထို့နောက် သူ့အိတ်ထဲမှ သတင်းစာကိုထုတ်ပြီး၊ ဒူဒီကို ပြ
ဆောင်လိုက်၏။ သူက ခပ်မြန်မြန် ပြောသည်။

"ဘားခန်းရဲ့ တစ်ဘက်မှာ ထိုင်နေတဲ့ ငနဲကိုကြ
ဘော့(စ်)၊ အနက်ရောင်ဝတ်စုံ ဝတ်ထားတယ်။ တွေ့ပြီ



ကေ သူဟာ ဂျိမင်းတစ်ယောက်ပဲ၊ သူ့နာမည် ဒယ်လီတဲ့ သူဟာ
များကို သိပ်စိတ်ဝင်စားနေတယ်ဗျ"

ဒူဒီသည် သတင်းစာကို ဖြန့်ဖတ်ဟန်ဆောင်ရင်း ဘား
၏တစ်ဘက်အစွန်တွင် ထိုင်နေသူကို ကြည့်လိုက်သည်။ သူ၏
ပြာရောင်မျက်လုံးများကို မေး၍ ပမာမခန့်ပြုံးခြင်းမျိုးဖြစ်
ည်။ ထို့နောက် သတင်းစာကို ကြည့်ဟန်ပြုလေသည်။

"မင်း ဘယ်လို သိသလဲ" သူက မေးသည်။

"စားပွဲထိုးရယ်လစ်က သူ့ကို သိတယ်" တူတိုင်းက
သည်။ "ဒီ ငနဲဟာ ကလီ(ဗ်)လင်း(ဒ်)မှာ အလုပ်လုပ်တဲ့
်လစ်ရဲ့ ညီမဆီက သတင်းရဖို့ ကြိုးစားနေတယ်"

"သူဟာ ရယ်လစ်ကိုမသိဘူး။ ရယ်လစ်က သူ့ကိုသိ
ယ်။ မနေ့ညက သူဟာ ဒီကိုလာပြီး၊ ခင်ဗျားအကြောင်းမေးနေ
ယ်။ ခင်ဗျားရဲ့ ကားဂိုဒေါင်ဘယ်မှာ ရှိသလဲဆိုတာနဲ့ အခြား
ကြောင်းတွေကို စုံစမ်းနေတယ်။ ရယ်လစ်က ဒီလူဟာ လွန်ခဲ့
အပတ်က The Second Farmer Bank ကို ဓားပြတိုက်
ားတဲ့ လူဆိုးဂိုဏ်းအကြောင်း စုံစမ်းနေတယ်လို့ ယူဆတယ်။
ကိစ္စမှာ ကျွန်တော်တို့ပါတယ်လို့ သူသိလိမ့်မယ်"

ဒူဒီက ရယ်နေ၏။

"သူ ထင်သလို ထင်ပါစေကွာ"

သူ ထရပ်လိုက်၏။

"ဒီမှာပဲနေပါ တူတိုင်း" သူက ပြောသည်။ "ဒီကိစ္စကို
ဘာသာဖြေရှင်းမယ်"

စီးကရက်တိုကိုလွှင့်ပစ်ပြီးနောက် လည်စည်းကို ပြန်

တည့်နေ၏။ သူ့မျက်နှာမှာ တင်းမာနေပြီး မျက်လုံးများအ တောက်နေသည်။ သူသည် အခန်းတစ်ဘက်သို့ အေးအေ လျှောက်သွားပြီး ဂျိမင်းဒယ်လီ၏ နံဘေးတွင်ရပ်လိုက်သ သူ၏ ကျယ်လောင်သော စကားသံကို ဘားအတွင်းရှိ လူ ကြားနေရသည်။

"ဒီအခန်းထဲမှာ အနံ့ဆိုးရနေတယ်" သူက သည်။ "ဒီအခန်းဟာ အမြဲ လတ်ဆတ်သန့်စင်တယ်။ စုံထေ စုတ်တစ်ဦး ရဲတစ်ယောက်ရဲ့အနံ့အသက်ကို ရှူနေရတယ်။ ရယ်(လ်)တာ မင်း ပုတ်စော်မနံဘူးလား"

ဂျိမင်းက ပြုံးနေ၏။ ထို့နောက် ထိုင်ရာမှဖြည်း စွာထ၍ ဘားကောင်တာဆီသို့ လျှောက်သွား၏။ ဒူဒီအ ဖြတ်သွားပြီး ရယ်(လ်)တာနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"မင်း ပါးစပ်ကို ပိတ်ထားဖို့ ငါမှာခဲ့တယ် မဟုတ် နောက်တစ်ကြိမ် မင်းကို အရေးကြီးတဲ့ စကားပြောရင် ဒီလို အောင် ပညာပေးရမယ်"

ဂျိမင်းသည် ရယ်(လ်)တာအား လည်ပင်းကော် ဆုပ်ကိုင်ပြီး နဖူးတည့်တည့်ကို ညာလက်သီးဖြင့် ထိုးလိုက် ရယ်(လ်)တာ၏ ကိုယ်လုံးသည် တစ်ပတ်လည်ပြီး ကြမ်းပေ လဲကျသွားသည်။

ဂျိမင်းသည် ဒူဒီအား တစ်ချက်စိုက်ကြည့်ပြီး အပြင်သို့ ထွက်သွားလေသည်။ သူလမ်းတစ်ဝက်အရောက် ရယ်(လ်)တာကုန်းထလာသည်။ အတော်ကြိုးစားပြီးမှ ထ သည်အထိ နာသွားသော လက်ဝှေ့သမားတစ်ယောက်



ခေါင်းကို ခါရမ်းနေ၏။

သွေးစီးကျနေသော နှာခေါင်းကိုလက်ဖြင့် စမ်းကြည့် လိုက်၏။ လှမ်းကြည့်သောအခါ တံခါးလက်ကိုဖွင့်၍ အပြင်ထွက် ရန် ဟန်ပြင်နေသော ဂျိမင်း၏ ကျောကိုသာမြင်လိုက်သည်။ ချက်ချင်းပင် စားပွဲဆီသို့ ခုန်သွားပြီး၊ အံဆွဲကိုဖွင့်၍ သေနတ်ကို စမ်းတော့သည်။

သူ့ကို စောင့်ကြည့်နေသော ဒူဒီကပြုံးသည်။ ရယ်(လ်) တာသည် သေနတ်ကို ဆွဲထုတ်လိုက်၏။ ဒူဒီက သူ့လက်ကောက် ဝတ်ကို ဖမ်းဆွဲလိုက်သည်။

"မပစ်နဲ့လူမိုက်" ဒူဒီက ပြောလိုက်၏။ "မင်း လျှပ်စစ် ကုလားထိုင်မှာ ထိုင်ရလိမ့်မယ်။ ဒီထက်ကောင်းတဲ့နည်းလမ်း ငါ့မှာ ရှိပါတယ်"

ဒူဒီသည် ဆက်တီကုလားထိုင်တွင် အေးဆေးသက်သာ စွာ ထိုင်၍ အဖိုးတန်တူရကီစီးကရက်ကိုသောက်နေ၏။ မီးခိုးများ ကို အကွင်းကလေးများ ဖြစ်အောင် မှုတ်ထုတ်နေသည်။

ဘဲ(လ်)မြည်သံပေါ်လာသဖြင့် ဝီလီသဂရု(ပ်)က တံခါး သွားဖွင့်သည်။ သူပြန်လာသောအခါ တူတိုင်းနှင့်ရယ်လ်တာတို့ နောက်မှ ပါလာ၏။

ရယ်လက်တာ၏ နှာခေါင်းနှင့်မျက်နှာမှာ ဖူးယောင်နေ သည်။ အပေါ်နှုတ်ခမ်းတွင် လေးလက်မခန့်ရှည်သော ပလာ စတာကပ်ထား၏။ ဂျိမင်း၏ လက်သီးချက်မှာ အလွန်ပြင်းဟန် ရှိ၏။

ဒူဒီက သူ့ကို ပြုံး၍ နှုတ်ဆက်လေသည်။

"ထိုင်ကွာ ရယ်လ်တာ"သူက ပြောသည်။ "သက်သာ သလိုနေပါ။ တစ်ခုခုသောက်ဦး။ ပြီးတော့ ငါပြောတဲ့စကားကို သေသေချာချာ နားထောင်။ မင်းကို ငါ ပြောစရာတွေ အများကြီး ရှိတယ်ကွ"

သူက စားပွဲထိုးအား သဘောကျသော အကြည့်ဖြင့် ကြည့်နေသည်။ စီးကရက်ငွေ့ကို အဆုပ်ထဲရောက်အောင် ရှိုက် လိုက်ပြီးနောက် နှာခေါင်းမှ တဖြည်းဖြည်းပြန်ထုတ်နေသည်။

ရယ်(လ်)တာသည် သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေ သည်။ သူ့ခေါင်းကို ငုံ့ချထား၏။ ထိုသို့နေရသည်မှာ သက်သာ သောကြောင့်ဖြစ်သည်။ သူ့နှာခေါင်းသည် လက်သီးဒဏ်ကြောင့် တစ်ဘက်သို့ စောင်းနေပြီး၊ ရယ်စရာကောင်းနေ၏။

ဒူဒီက ပြုံးနေ၏။

"မင်း ညီမ နေကောင်းရဲ့လားရယ်(လ်)တာ" သူက မေးသည်။ "သူမဟာ အသုံးမကျတဲ့ ဂျိမ်းဒယ်လီကို အရူးလုပ်နိုင် တယ်မဟုတ်လား"

"သူ အခြေအနေကောင်းပါတယ်" ရယ်(လ်)တာက ဖြေသည်။ "ဒီကိစ္စဟာ သူမနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ဒီလိုလေ" ဒူဒီက ပြောပြသည်။ "လီလာဟာ ကလိ(ဗ်) လင်း(ဒ်)မှာ ဒယ်လီကိုကောင်းကောင်း အရူးလုပ်နိုင်ခဲ့တယ် မဟုတ်လား၊ ဒယ်လီဟာ သူ စုံစမ်းနေတဲ့ လူဆိုးဂိုဏ်းအကြောင်း ကို သိနိုင်မယ်လို့ ယူဆခဲ့တယ်။ သူဟာ မင်းညီမဆီက သတင်း နှိုက်ယူနိုင်ခဲ့တယ်လို့ ထင်နေတယ်။ မင်းညီမကလဲ သူ့ကို ဂျိမ်း ကျနေတယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့် သူလိုချင်တဲ့ သတင်းရပြီး



တဲ့ အချိန်မှာ ဂျိမ်းက သူမကို ခွာသွားတယ်လေကွာ"

စကားရပ်ပြီး စီးကရက်ငွေ့များကို အကွင်းကလေးများ ဖြစ်အောင် မှုတ်ထုတ်နေပြန်သည်။ ထို့နောက် မီးခိုးများကို စောင့်ကြည့်နေသည်။

"သူမဟာ သူ့ကို သိပ်သဘောမကျဘူးလို့ ငါ ထင်တယ် မဟုတ်ဘူးလား"

ရယ်(လ်)တာက ညည်းနေ၏ သူ့ကြည့်ရသည်မှာပိုပြီး စိတ်ဝင်စားလာပုံရလေသည်။

"ကောင်းပြီ" ဒူဒီက ဆက်ပြောသည်။ "ဘာပဲဖြစ်ဖြစ် ဂျိမ်းဟာ မင်းညီမက သူ့ကို စိတ်ဝင်စားနေတုန်းပဲလို့ ထင် လိမ့်မယ်။ ငါ့ အစီအစဉ်ကို ပြောပြမယ်"

"မင်း ညီမကို ကလိ(ဗ်)လင်း(ဒ်)ကနေပြီး ကြာသပတေး နေ့ ဒီကို အရောက်သွားခေါ်ပါ။ အလုပ်အတွက် ဘာမှမပူပါနဲ့၊ ကြာသပတေးနေ့ ညနေမှာ ရုံးချုပ်မှာရှိတဲ့ ဒယ်လီဆီကို တယ်လီ ဖုန်းဆက်ပြီး တွေ့ချင်တဲ့အကြောင်း ပြောရမယ်။ မင်းကို သူထိုး တဲ့ အကြောင်းကို သိကြောင်း၊ မင်းဟာ ငါတို့နဲ့ပူးပေါင်းဖို့ကြံရွယ် နေတဲ့အကြောင်း၊ မင်း လူဆိုးဖြစ်မှာကို သူမလိုလားကြောင်း သူမ ကိုယ်စား သူ့အနေနဲ့ မင်းကို ဖျောင်းဖျစေချင်တယ်လို့ ပြောရ မယ်"

"ဒါဆိုရင် သူ ဘယ်လိုထင်မလဲ အခု အချိန်အထိ လီလာ ကို သူအသုံးချနိုင်သေးတယ်လို့ ယူဆလိမ့်မယ်။ ငါတို့သတင်းကို လီလာနဲ့ မင်းဆီကရမယ်လို့ ယူဆလိမ့်မယ်၊ ဒီတော့ သူမနဲ့တွေ့ဖို့ စီစဉ်လိမ့်မယ်။ လီလာက ကြာသပတေးနေ့ ည(၁၂)နာရီမှာ

အာမင်နက်တာလမ်းက "Jakie's Skittle Alley" ကိုလာ
ချိန်းရမယ်"

"အဲ့ဒီကို ဒယ်လီရောက်လာတဲ့ အချိန်မှာ လီလာ
မတွေ့တဲ့အတွက် အံ့အားသင့်သွားလိမ့်မယ်။ ရုံးနောက်ဘက်
လမ်းကြားထဲမှာ တူတိုင်းရောက်နေတာကို သူသိမှာမဟုတ်ဘူး
လမ်းကြားနံရံမှာ အပေါက်တစ်ပေါက်ရှိတယ်။ တူတိုင်းဟာ
အဲ့ဒီအပေါက်ကနေပြီး ဒယ်လီကို သေနတ်နဲ့ပစ်လိမ့်မယ်"

"တစ်ဆယ့်နှစ်နာရီငါးမိနစ်အထိ မင်းဟာ ဒီမှာထိုင်ပြီ
အရက်သောက်နေရမယ်"

"တစ်ဆယ့်နှစ်နာရီ တစ်ဆယ့်ငါးမိနစ်မှာ ဒီကထွက်
သွားရမယ်။ ဒယ်လီ သေပြီးရင် မင်းကို ကလိ(ဗ်)လင်း(ဒ်)မှာ
အလုပ်ကောင်းတစ်ခုပေးမယ်။ အဲ့ဒီမှာ ငါ့အတွက် အလုပ်လုပ်
ရမယ်။ တစ်ဆယ့်နှစ်နာရီငါးမိနစ်မှာ မင်းကို ကားနဲ့လာခေါ်
မယ်။ မင်း ညီမကိုလဲ တစ်ခါတည်း ခေါ်သွားနိုင်တယ်။ အဲ
နောက် ကလိ(ဗ်)လင်း(ဒ်)ကို သွားကြမယ်"

ရယ်(လ်)တာက နှုတ်ခမ်းကို လျှာဖြင့် လျက်နေ၏။ သူ
ဝက်မျက်လုံးများမှာ မှေးနေလေသည်။

"ကျွန်တော်ကိုယ်တိုင် သူ့ကို သတ်ချင်တယ်" သူက
ပြောသည်။ "လီလာလဲဒီအတိုင်းပဲ"

သူက ဒူဒီကို လှမ်းကြည့်ပြီး၊ ပြုံးပြလိုက်သည်။

"အဲဒီလိုလုပ်လို့ မင်းအတွက် ဘာမှ အကျိုးမရှိဘူးကွ"
ဒူဒီက ပြောသည်။

ဒူဒီက ပြုံးနေ၏။



"ငါ ပြောတာကို နားထောင်ပါ ချာတိတ်" သူက
ပြောသည်။ "ငါ့အကြောင်းကို မင်းကြားဘူးသလား၊ ငါဟာ တိတိ
ကျကျ သမားကွ။ ငါ့အတွက် ငွေဟာ အကြောင်းမဟုတ်ဘူး"

သူက ရှေ့ကို ကိုင်းလိုက်၏။

"ဒီမှာ ရယ်(လ်)တာ ဒယ်လီသေရင် မင်းထွက်ပြေးရ
မယ်။ မင်းကို ငါ ဒေါ်လာငါးထောင်ပေးမယ်။ ဒါကို မင်း ဘယ်လို
သဘောရသလဲ၊ ဒါဟာ မင်းတို့မောင်နှမကို ငါလက်ဆောင်ပေး
တာပဲ"

ရယ်(လ်)တာမျက်နှာရွှင်လန်းသွား၏။

"ဒါဟာ သတင်းကောင်းပါပဲ" သူက ပြုံးရွှင်စွာ
ပြောလိုက်သည်။ "ဒီလူသေဖို့အတွက် ကျွန်တော်ဟာ ဘာမှ
မရလဲ လုပ်မှာပါ"

ဒူဒီက ရယ်နေသည်။

"ကောင်းပြီ ရယ်(လ်)တာ၊ မင်းလုပ်စရာရှိတာ အရင်
လုပ်ပေတော့၊ မင်းညီမကို သူမ ဘာလုပ်ရမယ်ဆိုတာကိုလဲ
သိအောင် ပြောပြ။ သူမဟာ ဒယ်လီကို ဂျက်ကီမှာ တွေ့ဖို့ချိန်းပြီး
ဒီကို ဖုန်းဆက်ခိုင်း"

ရယ်(လ်)တာအခန်းထဲမှ ထွက်သွားသောအခါ တူတိုင်း
သည် အခန်းထဲသို့ ပြန်ဝင်လာပြီး၊ အရက်တစ်ခွက်ငှဲ့သောက်
သည်။ ဒူဒီက ဆိုဖာကိုမှီ၍ စီးကရက်သောက်နေသည်။ တူတိုင်း
သည် ဝီလီသဂွတ်(ဝ်)ကို ကြည့်နေ၏။ ထို့နောက် ဒူဒီကို ကြည့်
ပြန်သည်။ နောက်ဆုံး သူက ပြောတော့သည်။

"ဒီမှာ ဘော့(စ်)" သူက စပြောသည်။ "ကျွန်တော့်အနေ

နဲ့ ဝင်စွက်တာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီကြမ်းပိုးကို ဘော့(စ်) ပေးတဲ့ငွေဟာ များလွန်းတယ်လို့ ထင်ပါတယ်။ ဒီလို ပမွှား တစ်ယောက်အတွက် ဒေါ်လာငါးထောင်ဟာ များလွန်းပါတယ်။ ဒေါ်လာ(၁၀၀)ဆိုရင် သူသိပ်ပျော်သွားမယ်လို့ ကျွန်တော် ယုံကြည်တယ်"

ဒူဒီက သူ့ကို ကြည့်နေ၏။

"ငါ့ကို ကြည့်စမ်း လူမိုက်" သူက ပြောလိုက်သည်။ "မင်းဟာ ဘာမှ အတွေးအခေါ်မရှိတဲ့ လူမိုက်ပဲကွ"

ထို့နောက် စားပွဲပေါ်သို့ ကိုယ်ကိုကိုင်လိုက်၏။

"ကဲ မင်းတို့နှစ်ယောက် နားထောင်ကြစမ်း" သူက ပြောပြသည်။ "ဒီကိစ္စဟာ ငါ့အတွက် လွယ်လွယ်လေးကွ"

"ဒယ်လီဟာ Luna Bank ဓားပြတိုက်မှုကို စုံစမ်းနေတာ မဟုတ်ဘူးလား၊ ငါက သူ့ကို ကူညီဖို့ ကြိုးစားနေတယ်။ အဲ့ဒီအမှု ကို ရယ်(လ်)တာနဲ့ အခြားလူဆိုးတွေအပေါ်ကို ပုံချဖို့ ငါ စီစဉ် ထားတယ်။ ငါ့အစီအစဉ်က ဒီလိုလေ"

ဝီလီသဂွတ်(ပ်)နှင့် တူတိုင်းတို့ စိတ်ဝင်စားလာကြ၏။

"ကြာသပတေးနေ့ညမှာ ဒယ်လီဟာ Skittle Alley က ရုံးခန်းနောက်ကို လီလာရယ်(လ်)တာနဲ့ တွေ့ဖို့လာလိမ့်မယ်။ အဲဒီကို သူ တစ်ယောက်ထဲ သွားလိမ့်မယ်။ သူဟာ ဘယ်သူ့ကိုမှ မယုံကြည်ဘူး"

"အဲဒီမှာ သူဘယ်သူကိုမှ တွေ့မှာလဲမဟုတ်ဘူး။ တူတိုင်းက သူ့ကိုယ်ထဲကို ကျည်ဆန်သုံးလေးတောင့်ပစ်သွင်းလိမ့် မယ်။ အဲဒီနောက် တူတိုင်းဟာ ဒယ်လီရဲ့သေနတ်ကိုယူပြီး၊



သေနတ်နှစ်ခုလုံးက လက်ဗွေရာတွေကို သုတ်ပစ်ရမယ်။ ခြေရာ လက်ရာဘာမှမကျန်အောင် လုပ်ရမယ်။ လက်အိတ်ဝတ်ထား ကွာ"

"နားလည်တယ်နော်၊ ဒယ်လီသေရင် ကားနဲ့ဒီကို ပြန်လာ ရမယ်။ အိမ်နောက်မှာ ရယ်(လ်)တာကို ကလိ(ဝ်)လင်းဒ်ကို သွားဖို့ ပေးထားတဲ့ ကားကို တွေ့လိမ့်မယ်။ ဒယ်လီကို မင်းပစ် သတ်တဲ့သေနတ်နဲ့ ဒယ်လီရဲ့ ကိုယ်ပိုင်သေနတ်ကို ကားနောက် ပိုင်းမှာ ထည့်ထားရမယ်"

"အဲဒီနောက် အခြားကားတစ်စီးနဲ့ ချီကာဂိုကိုသွားပြီး ကိုယ်ယောင်ဖျောက်နေရမယ်။ ငါ့ဆီက အကြောင်းမကြားမချင်း အဲဒီမှာ နေရမယ်။ နားလည်တယ်နော်"

"ဟုတ်ပြီ အဲဒီအချိန်မှာ (၁၂. ၁၅)နာရီရှိပြီ၊ (၁၂. ၂၀) နာရီမှာ ရယ်(လ်)တာကို ဒေါ်လာ(၅၀၀၀)ပေးလိုက်မယ်။ အဲဒီငွေ ဟာ Luna Bank က ငါတို့ဓားပြတိုက်လာတဲ့ ငွေတွေထဲက အချို့အဝက်ဖြစ်တယ်ဆိုတာကို သူ့ကို ပြောမပြဘူး။ အဲဒီငွေပေါ် က နံပါတ်တွေကို ပြည်နယ်တစ်ခုလုံးမှာ ဖော်ပြပြီးဖြစ်တယ်။ ကဲ မင်းတို့ ရှင်းပြီလား"

"အဲဒီတော့ ဘာဖြစ်သလဲ၊ ရယ်(လ်)တာဟာ ထွက်ပြေး သွားပြီ၊ သူဟာ နာမည်ပျက်ရှိတယ်။ ဒယ်လီကိုသူဖြစ်ချင်တဲ့ အတိုင်း ဖြစ်စေခဲ့တယ်။ ဒေါ်လာငါးထောင်ယူပြီး ကားတစ်စီးနဲ့ ကလိ(ဝ်)လင်းဒ်ကို ငါတို့ပေးတဲ့ အလုပ်လုပ်ဖို့ သွားလိမ့်မယ်"

"ဒါပေမယ့် သူမသိတဲ့ အချက်ရှိတယ်။ သူထွက်သွားပြီး မိနစ်နှစ်ဆယ်ကြာတဲ့ အချိန်မှာ ဝီလီသရွတ်(ပ်)က ရဲဌာနကို

တယ်လီဖုန်းဆက်လိမ့်မယ်။ သူ့နာမည်ကို မပြောဘဲ ရယ်လက်ကပြည်နယ်ရဲအရာရှိ တစ်ယောက်ကို ပစ်သတ်တာကို မြင်တဲ့အကြောင်း Jakie's Skittle Alley ထဲကရုံးခန်းနောက်ဘက်မှာဖြစ်ကြောင်း၊ ရယ်လ်တာဟာ ကလိ(ဗ်)လင်း(ဒ်)ကို ထွက်သွားကြောင်း ပြောလိမ့်မယ်။

"အဲဒီတော့ သူတို့ဘာလုပ်မလဲ ဝိုင်ယာလက်စက်နဲ့အကြောင်းကြားလိမ့်မယ်။ ရယ်လ်တာကို ကလိ(ဗ်)လင်း(ဒ်)လမ်းပေါ်မှာ ဖမ်းမိလိမ့်မယ်။ အဲဒီကားဟာ Luna Bank ကို ဓားပြတိုက်သွားတဲ့ ကားဖြစ်ကြောင်း နံပါတ်ပြားအရ သိလိမ့်မယ်။ ဘဏ်က ဓားပြတိုက်သွားတဲ့ ဒေါ်လာစက္ကူ (၅၀၀၀)ကိုလဲ တွေ့လိမ့်မယ်။ ကားနောက်ပိုင်း ထိုင်ခုံအောက်မှာ ဒယ်လီရဲ့ သေနတ်နဲ့ သူ့ကို ပစ်သတ်တဲ့ သေနတ်ကို တွေ့လိမ့်မယ်။ ကဲ ဘာကိုသေးလဲ ကိုယ့်လူတို့"

ဗီ(လ်)သရွတ်(ပ်)နှင့် တူတိုင်းတို့သည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြ၏။

"ခင်ဗျားလောက် ဦးနှောက်ကောင်းတဲ့လူကို တစ်ခါမှ မတွေ့ဖူးဘူး။ ဘော့(စ်)တူတိုင်းက ချီးကျူးသည်။ "ခင်ဗျားဟာ သမ္မတကြီးဖြစ်သင့်တယ်လို့ ကျွန်တော် ယူဆတယ်။ ကျွန်တော်တောင် ဒေါ်လာ(၅၀၀၀)ပေးတဲ့ ခင်ဗျားအကြံကို လိုက်မမီအောင် ဖြစ်ခဲ့တယ်"

ဗီလီသရွတ်က ဘာမှမပြောပဲ၊ ဝီစကီပုလင်းကို လှမ်းယူလိုက်လေသည်။

* * * * *



ကြာသပတေးနေ့ည (၁၂း၂၀)နာရီဖြစ်သည်။ ဒူဒီသည် နာရီကိုကြည့်နေ၏။ သူက ရယ်လ်တာကို ကြည့်၍ပြုံးလိုက်သည်။ ရယ်လ်တာက ပြန်ပြုံးပြသည်။

"တစ်ဆယ့်နှစ်နာရီ မိနစ်နှစ်ဆယ်" ဒူဒီက ဆက်ပြောသည်။ "အခုဆိုရင် ကိစ္စတွေအားလုံးပြီးပြီလို့ ငါထင်တယ်။ ထောက်တစ်ကိုယ်လုံး ဆန်ကာပေါက်ဖြစ်လောက်ပြီ၊ တူတိုင်းဟာ သူ့သားကောင်ကို ဘယ်တော့မှ မလွတ်စေရဘူး။ ဒယ်လီကို သေချာအောင် လုပ်ခဲ့ဖို့ ငါမှာလိုက်တယ်။ သူဟာ ကျည်တစ်ကပ်လုံးကုန်အောင် ပစ်လိမ့်မယ်"

သူက သက်ပြင်းချလိုက်သည်။

"အဲဒီနေရာကို ငါကိုယ်တိုင် သွားကြည့်ချင်တယ်" သူက ပြောပြသည်။

ဒူဒီသည် ထိုင်ရာမှ ထရပ်ပြီး ကိုယ်ကိုဆန့်လိုက်၏။ ပြီးအင်္ကျီကို သပ်ရပ်အောင်ဆွဲဆန့်ပြီးနောက် အခန်းထောင့်ရှိ ဗီရိုသို့ လျှောက်သွားသည်။ ဗီရိုကိုဖွင့်၍ ငွေစက္ကူတစ်ထုပ်ကိုယူလိုက်သည်။ ရယ်လ်တာထိုင်နေသောနေရာသို့ ပြန်လျှောက်လာပြီး ငွေစက္ကူများကို ရေတွက်၍ ပေးလေသည်။

ရယ်လ်တာပြုံးနေသည်။

"အတော်နိုပ်တာပဲ" သူက ပြောလေသည်။

"ကျေနပ်တယ် မဟုတ်လား" ဒူဒီက မေးသည်။ "ကဲ ရယ်လ်တာ အိမ်နောက်မှာ ကားအဆင်သင့်ပဲ၊ ကလိ(ဗ်)လင်း(ဒ်)ကို ရောက်ရင် ငါပြောတဲ့ ဟိုတယ်မှာတည်းပါ။ ငါ့မိတ်ဆွေ တစ်ယောက်က မင်းကိုလာပြီး ဆက်သွယ်လိမ့်မယ်။ မင်း အလုပ်

ကောင်းကောင်းရမယ်ကွ ချာတိတ်"

ရယ်လ်တာက ပိုက်ဆံကို အိတ်ထဲထိုးသွင်းပြီးနော

လက်ကို ဆန့်ပေးလိုက်၏။

"သွားမယ် ဘော့(စ်)"သူက နှုတ်ဆက်သည်။ "ခင်ဗျ

အလွန်တော်ပါတယ်"

ဒူဒီက သူ့ကို ပြုံးကြည့်ရင်း လက်ဆွဲ နှုတ်ဆက်၏။

ရယ်လ်တာသည် ဦးထုပ်ကို ဆောင်းပြီး ထွက်သွ

တော့သည်။

ဒူဒီသည် ဆက်တီခုံသို့ ပြန်သွားပြီးထိုင်လိုက်သည

စီးကရက်ကို မီးညှိဖွာသောက်နေ၏။ ဝီလီသဂွတ်(ပ်)ကို လှ

ကြည့်ပြီးပြုံးပြလိုက်၏။ ဝီလီသဂွတ်(ပ်)က သူ့ကို ပြန်ပြုံးပြေ

သည်။ သူတို့နှစ်ယောက်စောင့်နေလိုက်ကြသည်။

တစ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် ဒူဒီက ဝီလ

သဂွတ်(ပ်)ကို ခေါင်းညိတ်ပြလိုက်သည်။

"ကဲ ဆေးဆိုင်ကိုသွားပြီး၊ ရဲဌာနချုပ်ကို တယ်လီဖုန်း

ဆက်လိုက်တော့" သူက ပြောပြသည်။ "သူတို့ဟာ ဝိုင်ယာလက

နဲ့ အကြောင်းကြားလိမ့်မယ်။ နာရီဝက်အတွင်းမှာ သူ့ကိုဖမ်း

လိမ့်မယ်။ ကဲ သွားတော့ ဝီလီ"

ဝီလီက သူ့ကို ပြုံးပြပြီး ထသွားလေတော့သည်။

* * * * *

ထိုည တစ်နာရီခွဲတွင် ဒူဒီနှင့်ဝီလီသဂွတ်(ပ်)တို့သည်

ဒုတိယမြောက်ရှုန်ပိန်ပုလင်းကို ဖွင့်သောက်ကြ၏။ ဝီလီသည်



ပုလင်းအဖုံးတွင် နေရာမှတံခါးဘဲ(လ်)မြည်သံကြားသဖြင့်

ရပ်လိုက်ရာ ဒူဒီကသွားကြည့်ရန် အချက်ပြလိုက်သည်။

ဝီလီတံခါးဖွင့်ရန် ထသွားသည်။ မကြာခင် အခန်းထဲသို့

ပြန်ဝင်လာသည်။ သူ့နောက်မှ နယူးယောက်ပြည်နယ်မှ

မော်တော်ဆိုင်ကယ်စီး ရဲသားနှစ်ယောက်ပါလာသည်။ သူတို့နှစ်

ယောက်အကြားတွင် လက်ထိပ်ခတ်ထားသော ရယ်လ်တာပါလာ

သည်။

"ဒီမှာ နားထောင်စမ်း ကယ်(လ်)စီမို" ဆာဂျင်က ပြော

လိုက်သည်။ "ဒီလူကို လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်က ကျုပ်တို့ ဖမ်းမိ

ခဲ့တယ်။ သူ စီးလာတဲ့ ကားဟာ လွန်ခဲ့တဲ့အပတ်က လူနာဘက်

ကို ဓားပြတိုက်သွားတဲ့ကား" သူ့ကို လူသတ်မှုနဲ့ ဖမ်းထားတယ်။

လူတစ်ယောက်ယောက်ဟာ ဂိုမင်းတစ်ယောက်ကို Jakie Skittle

Alley မှာ သတ်သွားတယ်"

"ဒီလူက သူ ထောင်ချောက်ဆင်ခံရတာလို့ ပြောတယ်။

သူ့ကို ထောင်ချောက်ထဲထည့်သူဟာ ခင်ဗျားလို့ သူက ပြော

တယ်။ သူ့ကို ရဲဌာနချုပ်လာပို့ရင်း ခရိုင်ရှေ့နေကြီးက ခင်ဗျား

ကို တွေ့ချင်တဲ့အကြောင်းဝင်ပြောတာပါ"

ဒူဒီက ပြုံးလိုက်၏။

"ကောင်းပါပြီ ဆာဂျင်" သူက ဆက်ပြောပြန်သည်။

"နေပါဦး၊ ဒီကိစ္စဟာ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ

ကို သိပါရစေ၊ ဒီမြို့မှာ လူတစ်ယောက်က တစ်ခုခုလုပ်တိုင်း

ကျွန်တော့်မှာ တာဝန်ရှိပါသလား"

ဆာဂျင်က ပခုံးကြို့လိုက်သည်။

"သူက ဒီလိုပဲ ပြောတယ်" ဆာဂျင်က ပြောပြသည
"ပတ်သက်မယ်လို့တော့ ကျုပ်မထင်ပါဘူး။ ခင်ဗျားသိသင့်တ ထင်လို့ ဝင်ပြောတာပါ"

"ကောင်းပြီလေ" ဒူဒီကဝင်ပြောသည်။ "မနက်ကျ ဒီအေရုံးကို ကျွန်တော်သွားပါ့မယ်"

ရဲသားနှစ်ယောက်သည် ရယ်လ်တာကို အလယ်မှထ ပြီး၊ တံခါးပေါက်သို့ သွားရန်ဟန်ပြင်လိုက်စဉ် တံခါးဝုန်းခ ပွင့်သွားသည်။ ဒူဒီကအံ့အားသင့်စွာ လေချွန်ရင်း ဝီလီသင်္ဂတ်( ကို ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။

တံခါးမှဝင်လာသူမှာ သူတို့သေပြီဟု ယူဆသူ ဂျိမ ဖြစ်နေသည်။

"ခဏစောင့်ပါဦး ဆာဂျင်" သူက ပြောပြသည်။

သူ့အိတ်ထဲမှ တံဆိပ်ကိုထုတ်၍ ဆာဂျင်ကိုပြလိုက် သည်။

"ကျုပ် ပြည်နယ်ရဲတပ်ဖွဲ့က ဒယ်လီပါ" သူက ရဲသားမျာ ကို ရှင်းပြသည်။

ထို့နောက် ဒူဒီဘက်သို့ လှည့်ပြီး ပြုံးပြလိုက်သည်။

"ခင်ဗျားနဲ့ ဝီလီကို ကျုပ်ဖမ်းလိုက်ပြီ ကယ်(လ်)စီမို ပြီးခဲ့တဲ့အပတ်ကို လူနာဘဏ်ကို ဓားပြတိုက်မှုအပြင် လူသတ်ရန် ကြံစည်မှုနဲ့ ဖမ်းလိုက်ပြီ၊ ဂျက်ကီလမ်းထဲမှာ တူတိုင်းသတ်ဖို့ကြံ ရွယ်တဲ့ လူသတ်မှုအတွက်ပဲ"

ဒူဒီဘာမှ မပြောတော့ပေ။ သူ အပြင်းအထန်စဉ်းစာ နေသည်။ ဝီလီသင်္ဂတ်(ပ်)က ထိုင်နေသည်။ သူမျက်နှာပျက်နေ



လေပြီ။

ဂျိမင်းသည် စားပွဲထိုးရယ်လ်တာ ရပ်နေသောနေရာသို့ လျှောက်သွားပြီး၊ သူ့အိတ်ထဲမှ သော့ကိုထုတ်၍ လက်ထိပ်ကို ဖြုတ်ပေးလိုက်သည်။ ရယ်လ်တာကို ပြုံးပြလိုက်သည်။

ရယ်လ်တာက ပြန်ပြုံးပြသည်။ ထို့နောက် သူ့အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ယူလိုက်သည်။ စီးကရက်ဘူးကိုဖွင့်၍ ဒူဒီထံ ယူသွားသည်။ ဒူဒီ၏မျက်နှာမှာ လူသေကောင်မျက်နှာလို ဖွေးနေ၏။

ရယ်လ်တာက ပြုံးနေသည်။

"စီးကရက်သောက်ပါ ဒူဒီ၊ ခင်ဗျားစိတ်တည်ငြိမ်ဖို့ အတွက် တစ်ခုခုလိုအပ်နေတယ်" ရယ်လ်တာက ပြောလိုက်သည်။

သူက စီးကရက်သေတ္တာကိုဖွင့်၍ ဒူဒီကိုပေးလိုက်၏။ ဒူဒီသည် စီးကရက်သေတ္တာကို လှမ်းယူပြီးနောက် ပါးစပ်မှကြမ်းတမ်းစွာ ရေရွတ်လိုက်လေသည်။

စီးကရက်ဘူးအတွင်းမှ သူမြင်ရသည်မှာ နောက်တစ်ဆယ်ငါးနှစ်လုံးလုံး သူ သတိရနေမည့် ဂျိမင်းတံဆိပ်ဖြစ်ပါသတည်း။

# အမှောင်ချအစီအစဉ်

## Black - Out

**Peter Cheyney**

သူနာပြုဆရာမထွက်သွားသည်နှင့် ဖာဒီပဲလ်သည် ဖြည်းလေးစွာ ကျောမှီလိုက်သည်။ မောဖိုးယားဖြင့် တစ်ဝက်မှေးနေသော သူ၏မျက်လုံးများသည် အလင်းရောင်ထတောက်သလို တဒင်္ဂမျှ ဖြာသွားသည်။ သူ၏နှုတ်ခမ်းများကလည်း သွားဖြီးပြုံးသည့် အပြုံးမျိုးလို တွန့်သွားသည်။

"ကျုပ်ကိုလာတွေ့တာ ဝမ်းသာပါတယ် မစ္စတာကောလာဟမ်း" သူက ဖြည်းလေးစွာ ပြောလိုက်သည်။ "ခင်ဗျားလာလို့ ဝမ်းသာပါတယ်။ ကျေးဇူးလဲ တင်ပါတယ်လို့ ကျုပ်ပြောချင်ပါတယ်။ ကျုပ် ဒီလိုခံလိုက်ရကတည်းက ခင်ဗျားကျုပ်ဇနီးကို ကြည့်ရှုထောက်ပံ့ထားတယ်လို့လဲ ကြားပါတယ်။ ကျုပ်အခြေအနေဆိုးနေပြီဆိုတာကိုလဲ ကျုပ် သိပါတယ်။

ကောလာဟမ်းသည် လူရှင်းနေသော ဆေးရုံအဆောင်ကို ကြည့်လိုက်သည်။ မီးရောင်မှိန်မှိန်ထွန်းညှိထားပြီး ပြတင်းပေါက်များတွင် သေချာစွာ အမှောင်ချထားသည်။

"မင်းအခြေအနေကောင်းသွားမှာပါ ဖာဒီ။ ခေါင်းသာမော့ထားပါ။ မင်း နေကောင်းသွားမှာပါကွာ"

"မဖြစ်နိုင်ပါဘူး" ဖာဒီက တိုးညှင်းစွာ ပြောသည်။ "ဒါ ကျုပ်ရဲ့ နိဂုံးပဲ။ လန်ဒန်လမ်းမကြီးပေါ်မှာ ကားတိုက်ခံရလိမ့်

မယ်လို့ ကျုပ် လုံးဝမမျှော်လင့်ခဲ့ဘူး။ မြို့ရွာတွေက အဲမှော် ထားတာကိုး။ ဒုက္ခပါပဲဗျာ"

သူသည် ဖျော့တော့စွာ ချောင်းဆိုးလိုက်သည်။ ထို့နော ဆက်ပြောပြန်သည်။

"ရင်ဖွင့်လိုက်ပါ မစ္စတာကောလာဟမ်း၊ ခင်ဗျား ဒီ လာတာ ကျုပ်ကျန်းမာရေးကိုမေးဖို့ မဟုတ်ပါဘူး" သူသည် ပြ လိုက်ပြန်သည်။ "ခင်ဗျားဘာလိုချင်တာလဲ၊ သေတမ်းစစ်ချ လား၊ ကျုပ်တစ်ခုခုအကြောင်း ရင်ဖွင့်ချင်တယ်လို့ ခင်ဗျားထ နေသလားဗျာ"

"အလ်မာဂါမေတက်တ်ရတနာကုမ္ပဏီ ခိုးခံရမှုန ပတ်သက်ပြီး မင်းတစ်ခုခုသိမယ်လို့ ငါထင်တယ်။ အဲဒီအမှု မျက်နှာဆိုး ဝီလီကျူးလွန်တာလို့လဲ ငါထင်တယ်"

ဖာဒီက အနည်းငယ်ရွေ့လျားလိုက်သည်။ သူသည် ပြ နေဆဲဖြစ်သည်။

"ဟုတ်လား၊ ဒီမှာ မစ္စတာကောလာဟမ်း၊ အဲဒီအမှု ဘယ်သူကျူးလွန်တယ်၊ မကျူးလွန်ဘူးဆိုတာကို ခင်ဗျားသိချ တယ်ပေါ့။ ခင်ဗျား ဘာကိုစိတ်ဝင်စားနေတယ်ဆိုတာကို ကျ သိပြီ။ အဲဒီရတနာတွေ ဘယ်မှာလဲဆိုတာကို ခင်ဗျားစိတ်ဝင်စ နေတာ မဟုတ်လား။ ခင်ဗျားကို အလုပ်အပ်တဲ့အာမခံကုမ္ပဏီ အဲဒီအချက်သိဖို့ ကောင်းကောင်းပေးကမ်းမှာ မဟုတ်လား"

"ဟုတ်တယ်" ကောလာဟမ်းက ဝန်ခံလိုက်သည်။

သူသည် စီးကရက်တစ်လိပ်ကို ဖြည်းလေးစွာ ညှိလို သည်။



တဒင်္ဂ စကားပြတ်သွား၏။ ထို့နောက် ဖာဒီပဲလ်က ပြော လာသည်။

"သူ့ကို ဝီလီမျက်နှာဆိုးလို့ အမည်ပေးခဲ့တဲ့သူဟာ အခြေအနေမှန်ကိုသိတဲ့လူပဲဗျ၊ သူက မျက်နှာဆိုးတာမှန်ပေမယ့် သူ မကျူးလွန်ခဲ့တဲ့အမှုအတွက် ခုနစ်နှစ်ထောင်ကျနေတယ်။ ဝီလီဟာ အဲဒီရတနာကို မဖြောင်ခဲ့ဘူး။ ဘယ်သူလုပ်ခဲ့တယ်ဆိုတာကိုတော့ ကျုပ်သိတယ်"

ကောလာဟမ်းက ပြောလိုက်သည်။

"ဝီလီ မကျူးလွန်ခဲ့ဖူးလို့ ငါလဲထင်ခဲ့ပါတယ်။ သူ့မှာ ဦးနှောက်မရှိပါဘူး။ ဒါပေမယ့် နောက်ကွယ်မှာ ဘယ်သူရှိတယ်ဆိုတာ ငါသိတယ်။ နားကတ်မဟုတ်လား"

ဖာဒီသည် အလွတ်စုံထောက်ကို တဒင်္ဂကြည့်လိုက်သည်။

"ကျုပ် ခင်ဗျားနဲ့အပေးအယူလုပ်မယ် မစ္စတာကောလာဟမ်း၊ ကျုပ်စကားနည်းနည်းပြောရရင် ကောင်းသွားမယ်ထင်တယ်။ ဒါပေမယ့် ခင်ဗျား ကျုပ်ကိုကတိတစ်ခုတော့ ပေးရမယ်။ ခင်ဗျား အဲဒီရတနာတွေ ပြန်ရတာနဲ့အမျှ ဝီလီအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမယ်လို့ ကတိပေးရမယ်။ ဝီလီကို ထောင်ထဲက လွတ်အောင် လုပ်ပေးရမယ်"

"ကောလာဟမ်းက ခေါင်းညိတ်သည်။

"ငါ ကတိပေးပါ့မယ်။ ငါအတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်"

"ဖာဒီသည် ဖျော့တော့စွာ ခေါင်းညိတ်လိုက်ပြီး တိုးညှင်းစွာ ပြောလိုက်သည်။

"အမှုတစ်ခုလုံးနောက်မှာ နားကတ်ရှိနေခဲ့တယ်။ ဒီအမှုထဲကို ဝီလီရုပ်ဆိုးပါလာတာ သူ့ကောင်မလေးကြောင့်ပဲ။ အဲဒီကောင်မလေးဟာ တကယ့်မိန်းမဆိုး။ တစ်ချိန်လုံး သူဟာနားကတ်နဲ့ နှစ်ပေါက်တစ်ပေါက်တွဲနေတယ်။ အဲဒီ ကိုရုပ်ဆိုးကတော့ ဘာမှမသိခဲ့ဘူး"

"နားကတ်က ပစ္စည်းတွေရပြီးရင် ဖျောက်ဖျက်ပစ်ဖို့ စီစဉ်ပြီးသား။ ဘလူးအီးစတီဗင်ကို မီးခံသေတ္တာဖောက်ဖို့ စီစဉ်ခဲ့တယ်။ အစီအစဉ်ကတော့ ဘလူးအီးက ပစ္စည်းတွေဖောက်ပြီး မီရင်ဒါကို လက်လွှဲပေးဖို့ပဲ။ ဝီလီ့ကောင်မလေးကို လမ်းထောင့်မှာ စောင့်ခိုင်းထားတယ်"

"သူက အတက်ချီကေ့စ်ကို နားကတ်ဆီယူသွားပြီး နားကတ်က အဲဒီပစ္စည်းကို နိုင်ငံခြားမှာ ဖျောက်ဖို့ပေါ့"

"စတီဗင်ဟာ အလ်မာဂါမေတက်တ်ရတနာတိုက်ကို ၁၂ နာရီရောက်တယ်။ တစ်နာရီထိုးဖို့ ၁၅မိနစ်မှာ အလုပ်ပြီးတယ်။ လမ်းထောင့်မှာ စောင့်နေတဲ့ မီရင်ဒါကို ဂရင်းလမ်းထောင့်မှာ အိတ်လွှဲပေးပြီး မီရင်ဒါက နားကတ်အခန်းဆီကို လျှောက်ခဲ့တယ်"

"ကောင်းပြီ၊ သူ အဲဒီကိုရောက်လောက်ချိန်မှာ အပြင်ဘက်မှာ စီအိုင်ဒီကလူ ဗီနာရပ်နေတာ တွေ့တယ်။ သူ တော်တော်လန့်သွားတယ်။ နောက်ဖေးလမ်းကြားကနေ လောင်းအပ်လမ်းကို ဖောက်ထွက်ခဲ့တယ်။ ဗီနာဟာ သူ့နောက်ကလိုက်သွားတယ်။ ဗီနာဟာ ဘာမှမသိခဲ့ဘူး။ ဒါပေမယ့် သူ မသင်္ကာလို့ ကောင်းကောင်းလှုပ်ရှားနေတယ်လို့ပဲ သဘောပေါက်မိတယ်"

"မီရင်ဒါဟာ လောင်းအပ်အနားမှာရှိတဲ့ ဝီလီရုပ်ဆိုးရဲ့



အိမ်ကိုသွားတယ်။ ဝီလီက အောက်ဆင်းလာပြီး တံခါးဖွင့်ပေးတယ်။ သူမက ပိတ်ထားတဲ့အတက်ချီကေ့စ်ကို ကမ်းပေးပြီး လုံကြုတ်ဇာတ်လမ်းတစ်ခု ပြောပြလိုက်တယ်။ အဲဒါကို မနက်ဖြန်အထိ သိမ်းထားပါလို့ ပြောလိုက်တယ်။ ဝီလီက ကောင်းပြီလို့ ပြောလိုက်တာနဲ့ သူထွက်သွားတယ်။ ဗီနာက သူ့ကိုကြည့်နေခဲ့တာ သူ မသိခဲ့ဘူး"

"သူထွက်သွားတာနဲ့ ဗီနာက တံခါးသွားခေါက်တယ်။ အတက်ချီကေ့စ်ထဲမှာ ဘာရှိတယ်ဆိုတာ ဝီလီကိုမေးမယ်ပေါ့။ ဝီလီက ပြတင်းပေါက်ကကြည့်လိုက်တော့ ဗီနာကို တွေ့တယ်။ တစ်ခုခုတော့မဟုတ်မှန်း ရိပ်မိလိုက်တယ်။ အတက်ချီကေ့စ်ကို ဖောက်ဖွင့်ပြီးကြည့်လိုက်တော့ ရတနာတွေ တွေ့တယ်။ ရုပ်ဆိုးက တစ်ခုခုဘည်းတွေးတယ်။ အဲဒါက 'မီရင်ဒါ' ကို ဒုက္ခမရောက်စေဖို့ပဲ"

"ဒါနဲ့ သူဟာ အပြင်ကိုပြေးထွက်သွားပြီး အတက်ချီကေ့စ်ကို နောက်ဖေးခြံလမ်းခင်းကျောက်ပြားတစ်ခုအောက်မှာ ထိုးဖွက်လိုက်တယ်။ အဲဒီနောက် ဗီနာကို တံခါးသွားဖွင့်ပေးတယ်"

ဖာဒီက သွားဖြီးပြုံးလိုက်သည်။ ခင်ဗျား ကျန်ဇာတ်လမ်းကို သိပါတယ်။ မစ္စတာကောလာဟမ်း" ကောလာဟမ်းက ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါ ဖာဒီ" သူက တိုးညှင်းစွာ ပြောလိုက်သည်။

"နောက်တစ်နေ့ကျတော့ ရတနာခိုးမှုအကြောင်း သိလာတယ်။ ဗီနာက မီရင်ဒါကို ကေ့စ်နှင့်တွေ့ခဲ့တာကို အမှတ်ရမိတယ်။ မီရင်ဒါကိုဆွဲ၊ ဝီလီကိုဆွဲခဲ့တယ်။ ဝီလီက သူ့ကိုခိုက်

နေတယ်လို့ သူထင်ပြီး ကောင်မလေးပြဿနာမတက်ရအော
ရတနာကို သူခိုးခဲ့တယ်လို့ ဝန်ခံတယ်။ ဗီနာတွေ့ခဲ့တယ်ဆို
အိတ်က ပင်းမင်းဆိုင်က အဝတ်အစားအချို့ယူခဲ့တဲ့ အိတ်လိ
ပြောတယ်"

"ရတနာတွေ ဘယ်မှာလဲလို့ သူ့ကိုမေးတော့ သူ မပြေ
ဘူး။ ဖွင့်ပြောရမှာကို လန့်နေခဲ့တယ်။ ဘာလို့လဲဆိုတော့ အိ
ရှိတဲ့နေရာကို ပြောလိုက်ရင် ဗီနာဟာ အဲဒီအိတ်ကို အမှတ်ရ
မီရင်ဒါကို ကြံရာပါအဖြစ် ဖမ်းဆွဲလိမ့်မယ်ပေါ့"

"ဒီတော့ ပစ္စည်းကိုပေးရင် ထောင်ကျနည်းမယ်။ ပစ္စည
မပေးရင် ခုနစ်နှစ်ကျမယ်လို့ ပြောတာတောင်မှ ဝီလီဟာ သူ
ကောင်းလုပ်ပြီး ပါးစပ်ပိတ်ထားတယ်။ သူ မကျူးလွန်တဲ့ အ
အတွက် ထောင်ခုနစ်နှစ်ကျသွားတယ်။ နားကတ်၊ မီရင်ဒါ
ဘလူးအီကတော့ ဝက်ဝက်ကွဲဟားတိုက်နေခဲ့ကြတယ်"

ဟာဒီ ချောင်းဆိုးလိုက်လေသည်။

"သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်နေတာ တစ်ခုပဲ
တယ်။ အဲဒါကတော့ ရတနာတွေ ဘယ်မှာမှန်း သူတို့မသိတ
ပဲ။ အဲဒီရတနာတွေဟာ ဝီလီအိမ်နောက်ဖေးမှာ အခုတိုင်ရှိ
သေးတာပဲ"

ကောလာဟမ်းက ပြောလိုက်သည်။ "ရတနာတွေ ပြ
ရောက်သွားရင် ဆုငွေရလိမ့်မယ်။ အဲဒီဆုငွေကို မင်းမိန်း
အောင် ငါဆောင်ရွက်ပေးပါ့မယ်"

သေလုလုနာသည် ပြုံးလိုက်သည်။ "ကောင်းပါပြီ၊ ဒါ
မယ့် ဝီလီအတွက်ကရော"



ကောလာဟမ်း ထလိုက်သည်။ ဟာဒီ့လက်ကို ဆုပ်ကိုင်လိုက်သည်။

"မပူနဲ့ ဟာဒီ၊ ငါ သူ့ကိုကြည့်ထားပါ့မယ်။ မင်းကိုလဲလာတွေ့ပါဦးမယ်"

"မတွေ့ပါဘူး။ ဒီတစ်ခါတော့ တမလွန်ကူးလက်မှတ်ရနေပါပြီ။ ကျုပ် ထမင်းစားလက်မှတ် ပြန်အပ်ရတော့မယ်။ ကျုပ်သိတယ်။ ကျုပ် အာရုံရပါတယ်"

သူသည် သူ့ဟာသကို သဘောတွေ့ပြီး ရယ်လိုက်သည်။

အဆောင်သူနာပြု ဝင်လာသည်နှင့် ကောလာဟမ်း ထွက်သွားခဲ့သည်။

ကောလာဟမ်းသည် ရုံးခန်းမီးများကို ပိတ်လိုက်သည်။ ပြတင်းပေါက်လိုက်ကာများကို ဖယ်လိုက်ပြီး ယင်း၏အောက် အမှောင်ထုကို ရပ်ကြည့်နေခဲ့သည်။ ပုံမှန်အားဖြင့် မီးရောင်များဖျားလဲ့ဖြာနေသော လမ်းများသည် အမှောင်ပိန်းနေပေသည်။

သူသည် ဝီလီရုပ်ဆိုး၊ အကောင်ကြီးနားကတ်၊ ဂိုဏ်းကိုဦးစီးသည့်တိုင်အောင် မည်သည့်စွန့်စားမှုကိုမှ ကိုယ်တိုင်မလုပ်သော နားကတ်နှင့်မီရင်ဒါအကြောင်း တွေးမိသည်။ ကောလာဟမ်းသည် မီရင်ဒါကို သိပ်မနှစ်သက်ဟု ခံစားမိ၏။

သူသည် အမှောင်ထဲသို့ ရပ်တန့်ကြည့်ပြီး တွေးတောနေခဲ့သည်။ ထို့နောက် ပြုံးလိုက်သည်။ သူသည် လိုက်ကာကို ပြန်ပိတ်လိုက်သည်။ မီးဖွင့်လိုက်ပြီး စားပွဲဆီသို့ လျှောက်သွားပြီး တယ်လီဖုန်းကောက်ကိုင်လိုက်သည်။ သူ့လက်ထောက်ကို ဖုန်းဆက်လိုက်သည်။

"နားထောင် မက်အော်လီဗာ" သူက ပြောလိုက်သည်
"အဲဟို. . အလ်မာဂါမေတာက်တ်ရတနာခိုးမှု သဲလွန်စရထားတယ
တို့ အတွက် အလုပ်လုပ်ပေးခဲ့ဖူးတဲ့ ဟိုကောင် ဂျက်လ်ကိုသိလာ
သူ့နေရာကိုသွားပြီး သူ့ကိုနှိုးစမ်း။ ငါ့အတွက် အလုပ်လေးတစ်
လုပ်ပေးစေချင်တယ်လို့ပြော"

"အလုပ်မှာ ငါ့ကိုစောင့်နေပါလို့ပြော၊ နောက် ဘလ
အီစတီဗင်ဘယ်မှာလဲ လိုက်ရှာ။ အနောက်ပိုင်းနားမှာရှိမယ်။
ကို ဂျက်လ်နေရာမှာ ၁၁နာရီမှာ တွေ့မယ်။ အဲဒီတော့ စတီဗ
အကြောင်း မင်း ငါ့ကိုပြောနိုင်တယ်"

ဘလူးအီစတီဗင်သည် ကိုယ်လုံးတုတ်ခိုင်ပြီး လွန်က
စွာ ဝတ်ဆင်ထားသည်။ မျက်နှာမှာ နီစပ်နေသည်။ သူသ
မြင်းပြာကလပ်၏ထောင့်တွင် ဝီစကီသောက်နေခိုက်တွင် ကော
လာဟမ်းဝင်လာသည်။ မြင်းပြာကလပ်သည် ရှာဘယ်ရီလမ်းဒေ
တွင် မြေအောက်ခန်းတစ်ခုဖြစ်ပြီး ညတွင် ဖောက်သည်များ ပြ
ကြပ်နေတတ်ပေသည်။

အမှောင်ချထားသော အခြေအနေကြောင့်သာလျှ
ယင်းတို့လုဂ်လေ့လုပ်ထမှတစ်ပါး သီးခြားအလုပ်များ ဆောင်ရွ
ခြင်းမရှိဘဲ ဤနေရာတွင် ခိုအောင်း၍ အေးဆေးစွာသောက်စ
နေကြသည်။ ရဲများသည် လူဆိုးများနှင့်ပတ်သက်၍ လုံလော
သော ကာကွယ်မှုများ ပြုလုပ်ထားခဲ့ပြီးဖြစ်သည်ဟု ယင်းတို့ကြ
ထားခဲ့သည်။ ၁၁နာရီမိနစ်၃၀လောက်ရှိပေပြီ။ ကောလာဟ
သည် နီးကပ်စွာ ခင်းကျင်းထားသော စားပွဲများအကြား ဖြတ်
လာသည်။ သူသည် စတီဗင်နှင့်မျက်နှာချင်းဆိုင်တွင်ထိုင်၍



ကရက်တစ်လိပ် မီးညှိလိုက်သည်။

"မင်္ဂလာညနေမှာ ဘလူးအီ အခြေအနေတွေ ဘယ်လို
လဲ" ဟု မေးလိုက်သည်။

စတီဗင်က ကောလာဟမ်းကို ကြည့်လိုက်သည်။ မျက်လုံး
များက အေးစက်မာကျောနေသည်။

"မင်းကိုတွေ့လို့ မင်္ဂလာကင်းမဲ့သွားတယ်။ မင်း တခြား
တစ်နေရာကိုသွားရင် ငါ ပိုသဘောကျမယ်။ အလွတ်စုံထောက်
တွေကို ငါ မကြိုက်ဘူး"

ကောလာဟမ်းက ပြုံးလိုက်သည်။ "မကြိုက်ဘူးလား။
ကဲ မင်းနေရာမှာသာ ငါရှိရင် ငါအဲဒါကို မေးလိုက်မယ်။ မင်းကျဉ်း
ထဲကြပ်ထဲရောက်နေပြီလို့ ငါထင်တယ်"

"အို. . ဟုတ်လား" စတီဗင်က မေးသည်။

သူ၏အသံမှာ ပမာမခန့်ဖြစ်သည်။ သူသည် စားပွဲကို
ဖြတ်၍ ကောလာဟမ်း၏ မျက်နှာတည့်တည့်ကို စီးကရက်ငွေ့
မှုတ်ထည့်လိုက်သည်။

"မင်း ငါ့ကိုဖိန့်လို့ မရဘူး ကောလာဟမ်း" သူက ခက်
ထန်စွာ ပြောလိုက်သည်။ "မင်း ငါ့ဆီက ဘာမှ မရနိုင်ဘူး"

ကောလာဟမ်းသည် ကရုဏာသက်ဟန် ပြုံးလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် မကြာခင်မှာ ရဲက မင်းကို
တိတ်ဝင်စားလာတော့မယ်လို့ ငါထင်တယ်။ ညနေသတင်းစာ မင်း
ဖတ်ပြီးပြီလား"

"ဟင့်အင်း မဖတ်ဘူး။ ကျုပ်နဲ့ဘာဆိုင်လို့လဲ"

ကောလာဟမ်းသည် အပေါ်ကုတ်အကျႌထဲ လက်နှိုက်၍

ညနေသတင်းစာတစ်စောင် ထုတ်လိုက်သည်။

"အလ်မာဂါမေတက်တ်ကုမ္ပဏီ၏ ရတနာခိုးခံရမှုကိုစွ
ငါလိုက်နေတာ မင်းသိတယ်မဟုတ်လား။ ဒီည ဖာဒီပဲလ်ဆိ
နေ အဖြစ်အပျက်အားလုံး ငါရတယ်။ ဘစ်နေ့က သူကားတို
ခံရတယ်။ သူ သေတော့မယ်။ ဒါပေမယ့် ဆန်းတာကတော့
ကို ငါပြန်ရောက်တော့ ဒီသတင်းဖတ်ရတယ်"

သူသည် စက်ရပ်သတင်းတွင် ခေါက်ထားသည့်သတ
စာကို လှမ်းပေးလိုက်သည်။

**မနေ့ညဦးစောစောပိုင်းတွင် မိဒ်စတုံးအကျဉ်းထော
တွင် အထူးပြုလုပ်ထားသော အမှောင်ချုအစီအစဉ်ကို အ
ကောင်းယူ၍ ဝီလီရှပ်ဆိုးဟု လူသိများသော ဝီလီဟမ်ဂို
ဖာရလ်သည် အကျဉ်းထောင်ဆေးရုံမှ ထွက်ပြေးလွတ်မြော
သွားသည်။ ဖာရလ်သည် လန်ဒန်မြို့တော်သို့ ဦးတည်သွားလိ
မည်ဟု အာဏာပိုင်များက ယူဆသည်။ ဖာရလ်သည် ပန်း
ရင်ကြပ်ရောဂါခံစားနေရပြီးနောက် နာရီပိုင်းအတွင်းမှာ
အဖမ်းဆီးခံရလိမ့်မည်ဟု ယူဆရသည်။**

စတီဗင်၏မျက်နှာမှာ ပြာနှမ်းသွားသည်။ သူက ေ
လ်နှင့်ကုပ်ပိုးကြား လက်ညှိုးတစ်ချောင်းထိုးလိုက်မိသည်။

"မင်းအတွက်အခြေအနေသိပ်ကောင်းလိမ့်မယ် မ
ဘူး ဘလူးအီ" ကောလာဟမ်းက ပျူငှာစွာပြောလိုက်သည်။ "ဝီ
ရှပ်ဆိုးက အခြေအနေကိုသိတယ်။ မင်းရယ်၊ မီရင်ဒါရယ်၊
ကတ်တို့ရယ်က ရတနာခိုးမှုနဲ့ သူ့ကိုညစ်လိုက်တာကို သိတ
သူ မကြာခင် လန်ဒန်ရောက်လောက်မယ်လို့ ထင်တယ်။ နော



သူ့မှာ သေနတ်တစ်လက်လဲရှိပယ်လို့ ကြားတယ်။ ဒီည မင်း
တို့သုံးယောက်ကို ဝီလီတွေ့လို့ကတော့. . . ငါကတော့ တစ်
ယောက်မှ ဘာမှမဖြစ်စေချင်ဘူး"

"ခင်ဗျား ဘာတွေလာပြောနေလဲ၊ ကျုပ် မသိဘူး"

"မသိဘူးဟုတ်လား။ နောက်တစ်မိနစ်ဆိုရင် အဲဒီအာမခံ
သေတ္တာကို မင်းဖောက်ခဲ့တာ မဟုတ်ဘူးလို့ မင်းပြောဦးမှာလား။
မီရင်ဒါကို အတက်ချိုကော့စ်လွှဲပေးတာ မင်းမဟုတ်ပါဘူးလို့ကော
ပြောဦးမှာလား"

ကောလာဟမ်းသည် ထလိုက်သည်။ "ကဲ ဘလူးအီ၊ မင်း
နဲ့ထိုက်သင့်တာတော့ မင်းရမယ်ထင်ပါတယ်။ ဂွတ်နိုက်ကွာ"

သူသည် ကလပ်ထဲမှ လှည့်ထွက်လာခဲ့သည်။ အပြင်
ဘက်အမှောင်ထဲနှံရုံရိပ်တွင် ကပ်ရပ်နေသော မက်အော်လီတာ
နှင့်နေခဲ့သည်။

"သူ တစ်မိနစ်လောက်မှ ထွက်လာလိမ့်မယ်။ သူ့နောက်
ာနေ နောက်ယောင်ခံဖို့လွယ်မယ်။ သူ နားကတ်ဆီ တန်းသွား
ြီး သတိပေးလိမ့်မယ်။ မီရင်ဒါကိုရော သူ့ကိုပါ မျက်ခြည်မပြတ်
စေနဲ့၊ သူ ဟိုရောက်တာနဲ့ ငါ့ကိုဖုန်းဆက်၊ ငါရုံးမှာရှိမယ်"

ကောလာဟမ်းသည် အမှောင်ထဲ ဝင်ရောက်ပျောက်
ကွယ်သွားသည်။

၁၂နာရီအချိန်တွင် အနည်းငယ် ပင်ပန်းစွာ အသက်ရှူ
းသော ဘလူးအီစတီဗင်သည် နားကတ်၏ အခန်းလှေကားထစ်
တိုင်း တက်လာသည်။ သူသည် လူခေါ်ခေါင်းလောင်းကို လက်
်လိုက်ပြီး လက်မခွာဘဲ ထားလိုက်သည်။ နှစ်မိနစ်အကြာတွင်

တံခါးပွင့်သွားသည်။ တံခါးဝတွင် နားကတ်ရပ်နေသည်။ နားကတ်
သည် အရပ်ရှည်ရှည်၊ ခပ်သွယ်သွယ်နှင့် ပပလွှားလွှားဝတ်ဆင်
ထား၏။ စတီဗင်ကို တွေ့သောအခါတွင် အံ့ဩရိပ်ဖြင့် မျက်ခုံး
မြင့်သွား၏။

"ဟာ ဘလူးအီးပါလား။ ဒီလိုညမှာ မင်းအပြင်ရောက်
နေတာ အံ့ဩစရာပါလား။ ဘာပြဿနာတက်နေလဲ"

"ပြဿနာတွေတော့ အများကြီးပဲ။ ဝီလီရုပ်ဆိုးက ရတန
အခြေအနေတွေကိုသိတယ်။ သူ ဒီညဦးမှာပဲ မိဒ်စတုံးထောင်က
ထွက်ပြေးသွားပြီ"

သူတို့သည် တစ်ဦးကိုတစ်ဦး အပြန်အလှန်ကြည့်လိုက
သည်။ မိနစ်အကြာတွင် နားကတ်သည် မအီမလယ်အပြုံးက
ပြုံးလိုက်သည်။

"အထဲကိုလာခဲ့လေ။ အထဲမှာ မီရင်ဒါလဲရှိတယ်။
အကြောင်းကို ပြောကြရအောင်"

ညတစ်နာရီရှိနေပေပြီ။ ဝီစကီ၊ ဆိုဒါအများပြား သောက
စား၍ အရက်မာန်ပြည့်နေသော ဘလူးအီးစတီဗင်သည် အတေ
ပင် ဟန့်ထည်နေသည်။ စိတ်အနည်းငယ် သက်သာသွားသေ
နားကတ်သည် မီးဖိုရှေ့တွင် ရပ်လိုက်သည်။ မီးဖို၏ တစ်ဘက
ကုလားထိုင်တွင် မီရင်ဒါထိုင်နေသည်။

"ဒီမှာ တို့ဘာမှပူစရာမရှိဘူး။ တို့ သူ့ကိုနှစ်ပေါက်တ
ပေါက်လှည့်မှန်း ဝီလီသိခဲ့တယ်ဆိုရင်တော့ သိပ်မကောင်းဘူးဖေ
ကွာ။ ဒါပေမယ့် လူသတ်မှုကျူးလွန်လောက်အောင်လဲ စိတ်သ
နေမယ်မထင်ဘူး။ ခုနှစ်နှစ်ဟာ ကြိုးမိန့်ထက်တော့ ကောင်း



သေးတယ်။ ငါ နောက်အကြံတစ်ခုရှိတယ်။ သူရောက်လာရင်
အဲဒီနည်းကိုသုံးမယ်"

"ဘာအကြံလဲ အာစရိ"

"အဲဒီရတနာတွေကို သူ့ဆီကဝယ်လိုက်မယ်လေကွာ"
နားကတ်က ပြောပြသည်။ "မင်းဟာမင်းလဲ စဉ်းစားကြည့်လေ။
သူ ထောင်ထဲကထွက်လာပြီး ငွေပြတ်နေတယ်။ ဒီဒုက္ခအခြေအနေ
ကြောင့် သူ့မှာ ငွေနည်းနည်းပါးပါးရှိရင်တောင် သူလွတ်သွား
အောင် ပြေးနိုင်ပြီလို့ မျှော်လင့်မှာပဲ။ သူ့မှာ အဲဒီရတနာတွေ
ဖွက်ထားတယ်။ ဖွက်ထားတဲ့နေရာကိုလဲ သူပဲသိတယ်။ တို့က
မသိဘူး။ ဒီတော့ သူနဲ့အပေးအယူလုပ်လို့ရပြီပေါ့"

"အဲဒီရတနာတွေလွှဲပေးရင် ငါငွေတစ်ထောင်ပေးမယ်။
အဲဒီငွေလည်းရှိ၊ ကံလည်းနည်းနည်းကောင်းရင် သူ လွတ်သွား
နိုင်တယ်ကွ"

"သူ အပေးအယူလုပ်ချင်မယ်လို့ ဆရာထင်သလား"
စတီဗင်က မအီမလဲဖြင့်မေးသည်။

နားကတ်က ပခုံးတွန့်လိုက်သည်။

"ကဲ ဒါဖြင့် ငါတို့ဘာလုပ်နိုင်ဦးမလဲ။ တို့ရဲကိုသွားပြီး
အကာအကွယ်တောင်းလို့ မဖြစ်ဘူး။ တောင်းရင်လည်း ဇာတ်
လမ်းတစ်ခုလုံးဖွင့်ပြောရလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ သူ
ရောက်မလာသေးပါဘူး"

သူ့စကားမဆုံးသေးခင်မှာပင် တယ်လီဖုန်းမြည်လာ
သည်။ နားကတ်သည် ဖုန်းဆီသို့လျှောက်သွား၏။ တယ်လီဖုန်း
ပေါ်မှ အသံဩကြီးပေါ်လာသည်နှင့် သူ့ကိုယ်တောင့်မတ်သွားသည်။

"မဂ်လာညနေပါ နားကတ်။ နေကောင်းရဲ့လား၊ ကျွ[illegible] ဝီလီရုပ်ဆိုးပါ။ ကျုပ်အသံကို ဘယ်မှာပဲဖြစ်ဖြစ် မှတ်မိမှာပါ[illegible] ကဲ ခင်ဗျားဘာပြောစရာရှိလဲ"

နားကတ် ဘာမှမပြောပေ။ မိရင်ဒါနှင့်ဘလူးအီ[illegible] လှည့်ကြည့်လိုက်သည်။

"ကဲ အခုကျုပ်ပြောတာကို နားထောင်ပါ။ ကျုပ်ထော[illegible] ထဲက လွတ်လာပြီ။ ထောင်ထဲကလွတ်လျက်ပဲနေဖို့ မျှော်လ[illegible] တယ်။ ဟုတ်ပြီလား၊ ကျုပ်ပြောတဲ့အတိုင်း ခင်ဗျားလုပ်ရင်လု[illegible] မလုပ်ရင်တော့ ခင်ဗျားတို့တစ်သိုက်လုံး ရှင်းပစ်မယ်"

"ဒီမှာဝီလီ၊ ငါ နားလည်မှုမရှိတာတော့ မဟုတ်ပါဘူ[illegible] ပြီးခဲ့တာတွေ ပြီးပါစေတော့။ မင်းအတွက် ငါလုပ်ပေးနိုင်တာ[illegible] ရင် ငါလုပ်ပေးမှာကို မင်းသိစေချင်တယ်"

"လုပ်မနေပါနဲ့" ဝီလီရုပ်ဆိုးက ပြောလိုက်သည်။ "ကဲ[illegible] ခင်ဗျားအခုဘာလုပ်ရမလဲကို ကျုပ်ပြောမယ်။ ကျုပ် ခင်ဗျားအခန်[illegible] ရဲ့မျက်နှာချင်းဆိုင်မှာရှိတဲ့ တယ်လီဖုန်းရုံကနေ စကားပြောနေ[illegible] တယ်။ ကျုပ်အိတ်ထဲမှာ သေနတ်တစ်လက်ရှိတယ်။ ကျုပ်ခိုင်းတဲ့[illegible] အတိုင်းမလုပ်ရင် အဲဒီသေနတ်သုံးဖို့ ကျုပ်လာခဲ့မယ်။ ခင်ဗျား[illegible] မှာ ငွေရှိသလား"

နားကတ်သည် ဘလူးအီကို မျက်စိမှိတ်ပြသည်။

"ရှိပါတယ် ဝီလီ၊ တစ်ထောင်လောက်တော့ ရှိပါတယ်[illegible] ငါ ဘာလုပ်ချင်လဲဆိုတာ ငါပြောပြမယ်။ ရတနာတွေဘယ်မှာ ရှိလဲ၊ ငါ့ကိုပြောရင် မင်းကိုတစ်ထောင်ပေးမယ်ကွာ။ မင်းခိုအောင်[illegible] ဖို့ နေရာကိုလဲ ရှာပေးမယ်"



"ကောင်းပြီ" ဝီလီရုပ်ဆိုးက ပြောလိုက်သည်။ "ခင်ဗျား အဲဒီငွေတစ်ထောင်ယူလာပြီး ဆင်းလာခဲ့၊ ပြီးတော့ ကျုပ်အိမ်ကို လျှောက်သွား၊ တံခါးဖွင့်ထားတယ်။ ခင်ဗျားနောက်မှာ ကျုပ်ရှိ နေမှာ သတိထားပါ။ ခင်ဗျားအတတ်ဆန်းရင် ခင်ဗျားကို ရှင်း ပစ်လိုက်ရမှာပဲ"

ဝီလီသည် အသက်ရှူသံပြင်းပြင်းဖြင့် ပြောလိုက်သည်။

"ကောင်းပြီ ဝီလီ၊ ငါလာခဲ့မယ်"

နားကတ်က ဖုန်းချလိုက်သည်။

"အခြေအနေကောင်းပါတယ်။ သူ အပေးအယူလက်ခံ[illegible]ယ်တဲ့ကွ။ ရတနာကိုတို့ရတော့မယ်။ တို့အမြတ်ကောင်းကောင်း[illegible]ပဲ ရမယ်"

နားကတ်သည် ဝီလီအိမ်ရှိရာသို့ အမှောင်ထဲတွင် [illegible]လုတ်တိုက်သွားခဲ့သည်။ ဝီလီ၏အိမ်တံခါးဖွင့်ထားသည်ကို တွေ့[illegible]ည်။ သူသည် အထဲဝင်သွားပြီး စင်္ကြံ လမ်းတွင် ရပ်လိုက်သည်။ [illegible]နောက်တွင် တံခါးပိတ်သွားသည်။ ဝီလီ၏ပန်းနာအသက်ရှူ[illegible]ကို ကြားနေရသည်။ ရောဂါအတော်ပြင်းထန်ပုံရသည်ဟု နား[illegible]တ် တွေးမိ၏။

သူသည် စင်္ကြံ လမ်း၏ ညာဘက်အခန်းထဲသို့ တွန်း[illegible]င်းခြင်း ခံလိုက်ရသဖြင့် နံရံကို ကျောမှီ၍ရပ်လိုက်သည်။

"ငါ့မှာ ငွေပါတယ်ဝီလီ၊ ပစ္စည်းက ဘယ်မှာလဲ"

"နောက်ဘက် လမ်းခင်းကျောက်ပြားတစ်ခုအောက်မှာပဲ၊ [illegible]ပ်သွားယူမယ်။ ဒါပေမယ့် ခင်ဗျားကို တစ်ခုပြောချင်သေး[illegible]ယ်။ မိရင်ဒါကို ပြောလိုက်ပါ။ ဒီတစ်ရက်ရက်မှာ သူ့ကိုကျုပ်

ရှင်းမယ်လို့၊ ခင်ဗျား သူ့ကို အဲဒါပြောဖြစ်အောင် ပြောလိုက

“မင်းအတွက် သိပ်ကြမ်းခဲ့ပါတယ် ဝီလီ။ ဒါပေမယ့်

ဘာတတ်နိုင်မလဲ။ ဘလူးအီက အလုပ်လုပ်ပြီးတော့ ငါ့ဆီ

အထုတ်ယူခဲ့ဖို့ မီရင်ဒါကို လွှဲပေးခဲ့တယ်။ သူက ဗီနာကိုတွေ့

လန့်သွားတယ်။ မင်းအပေါ် ပုံချလိုက်တယ်။ မင်း အဲဒီက

ကြောင့် အဖမ်းခံရမယ်။ အဖမ်းခံရရင်လည်း လွတ်လမ်းမရှိ

မယ် မဟုတ်ဘူးလို့ ထင်ခဲ့တယ်”

“ခင်ဗျား ပါးစပ်ပိတ်ပြီး ငွေသာပေးစမ်းဗျာ”

နားကတ်သည် ငွေကိုင်ထားသောလက်ကို ရှေ့ဆန့်ထု

လိုက်သည်။ ရုတ်တရက် မီးပွင့်သွားသည်။ နားကတ်သည် ကော

ဟမ်းနှင့် ရင်ဆိုင်နေသည်ကို တွေ့ရတော့သည်။

အခန်း၏တစ်ဘက် စောင်များဖြင့် ပိတ်ထားသော ပြတ

ပေါက်နားတွင် မိုးပျံတပ်ခွဲမှ လူနှစ်ဦးရပ်နေသည်။

ကောလာဟမ်းက ပြောလိုက်သည်။

“မင်း အပတ်ခံလိုက်ရပြီ နားကတ်၊ မင်းနဲ့ပတ်သက်

တို့လိုချင်သမျှ ရပါပြီကွာ”

နားကတ်က ကျိန်ဆဲလိုက်သည်။

“စတီဗင် သစ္စာဖောက်လိုက်တယ်ပေါ့။ တစ်နေ့ ဒီကေ

ကို အဲဒီအတွက် ရှင်းပစ်လိုက်မယ် သိလား”

“စတီဗင်ဖောက်တာ မဟုတ်ပါဘူး” ကောလာဟမ

ရယ်မောရင်း ပြောပြလိုက်သည်။ ဒီဇာတ်လမ်းကို ဖာဒီဆီက

ကြားခဲ့တာ၊ အဲဒီနောက် ကျုပ်အတွက် တိုလီမုတ်စလုပ်ငန်း



တွေ လုပ်ပေးတဲ့ပုံနှိပ်ဆရာတစ်ဦးနှင့် သွားတွေ့တယ်။ ဒီညနေ သတင်းစာမှာ စက်ရုပ်သတင်းတုတစ်ခု ထည့်ခိုင်းခဲ့တယ်”

“ဘလူးအီကတော့ ယုံသွားတယ်။ မင်းဆီကို အဲဒီဇာတ်လမ်းနဲ့ ပြေးလာမယ်လို့ ကျုပ်ထင်ပြီးသား။ အဲဒီနောက်တော့ ဝီလီဟန်ဆောင်ပြီး မင်းဆီဖုန်းဆက်ရတာပဲရှိတယ်။ မင်းလည်း ယုံသွားတယ်”

မိုးပျံတပ်မှ ရဲတစ်ဦးက နားကတ်ကို လက်ထိပ်ခတ်လိုက်သည်။

“ရတနာတွေတော့ရပြီ၊ ဒါပေမယ့် ဝီလီကို ထောင်ထဲက လွတ်အောင် ကူညီပေးမယ်လို့ ဖာဒီကို ငါကတိပေးခဲ့တယ်။ ဒီအချိန်လောက်ဆို မီရင်ဒါနှင့်ဘလူးအီကို ဖမ်းပြီးလောက်ရောပေါ့”

သူသည် ပြုံးလိုက်သည်။

“မင်းတို့သုံးယောက် ထောင်ထဲမှာ စစ်ပွဲကောင်းကောင်းဖြစ်တော့မယ်ပေါ့ကွာ”

# သူခိုးသစ္စာ

# Honour Amoung Thieves

**Peter Cheyney**

စုံထောက်အင်စပက်တော်မာဒီဘရောင်းသည် ပါလ်မော့ ပလက်တီနမ်အမှုကို တာဝန်ယူရသည်နှင့် ပထမဦးဆုံးလုပ်ဆောင်လိုက်သော ကိစ္စကား၊ အခင်းဖြစ်ပွားရာကိုကြည့်ရှုရန်အတွက် တပ်ကြပ်ကြီး ဟယ်သာကိုစေလွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ဤသည်မှာ သူ၏ အစဉ်လာထုံးစံပင်ဖြစ်သည်။ ထက်မြက်သော လူငယ်စုံထောက်လေးဖြစ်သော ဟယ်သာသည် ယူဆချက်များအပြည့်ဖြင့် ပြန်လာပေလိမ့်မည်။ ယင်းထဲမှ မာဒီဘရောင်းအနေဖြင့် လိုအပ်သည်ဟု ယူဆသည်ကို နှုတ်ယူ သို့မဟုတ် စွန့်ပယ်အသုံးပြုတတ်လေသည်။

လက်ထောက်ကော်မရှင်နာ မင်းကြီးထံမှ ရရှိသောအမှုသွားအမှုလာအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ဇွန်လ ၂၀ရက်နေ့ တနင်္လာနေ့မနက် ၆နာရီနှင့်၈နာရီကြားလောက်တွင်၊ ယာယီအားဖြင့် ပလက်တီနမ်အုံတွင် ထည့်သွင်းထားသော စိန်ကြီး၁၂လုံးသည် ရတနာကုန်သည်တစ်ဦးဖြစ်သော ဂေါ့ဖရီပါလ်မော့၏ မီးခံသေတ္တာမှ ခိုးခံခဲ့ရပေသည်။ မီးခံသေတ္တာမှာ ထမင်းစားခန်းဧည့်ခံခန်းရုံတွင် မြှုပ်နှံထားပြီး၊ မီးခံသေတ္တာသော့နံပတ်တွဲကို သိသူတစ်ဦးဦးက သမားရိုးကျနည်းဖြင့် ဖွင့်ယူသွားခဲ့ခြင်းဖြစ်သည်။ မီးခံသေတ္တာတွင်းမှ အခြားအဖိုးတန်ပစ္စည်းတစ်ခုမျှ အရာမယွင်းခဲ့ချေ။

မှုခင်းကို ဒေသခံရဲအမှုထမ်းများသိရှိပြီး၊ ရှေ့ဆက်ရန် လုံလောက်သောသဲလွန်စရှာမရသည်မို့ နံနက်၁၀နာရီတွင် မာဒီဘရောင်းလက်ထဲသို့ ထိုအမှုရောက်လာသည်။

သူသည် ဟယ်သာကိုချက်ချင်း စေလွှတ်လိုက်ရာ ဟယ်လာသည် ၁၂နာရီခွဲအချိန်တွင် ပြန်ရောက်လာပြီး၊ ဦးထုပ်ကို အခန်းထောင့်သို့ ပစ်ထည့်လိုက်သည်။ ထို့နောက် သူ့အာစရိ၏ စားပွဲဘက်မှ ကုလားထိုင်တွင် ထိုင်ချလိုက်လေသည်။

"အမှုကတော့ ပေါ်သွားပါပြီ အာစရိ"

မာဒီဘရောင်းကမော့ကြည့်လိုက်သည်။ ထုံးစံအတိုင်း သူသည် ပီကေတစ်ခုကို အသည်းအသန်ဝါးနေပေသည်။

"မြန်ပါ့ ဟယ်သာ ဒါပေမယ့် ထုံးစံအတိုင်းမင်းမှားနေမယ်လို့ ငါမျှော်လင့်တယ်။ တရားခံဘယ်သူလဲ"

ဟယ်သာသည် သွားဖြီးလိုက်သည်။

"ကဲ အခင်းဖြစ်ပွားတဲ့နေ့ မနက် ၇နာရီခွဲမှာ ပါးလ်မော့က သူ့အခန်းသန့်ရှင်းရေးအတွက် ငှားရမ်းထားတဲ့ လေစုပ်စက် မောင်းကုမ္ပဏီက ပို့လိုက်တဲ့အလုပ်သမားဟာ 'ငမျှော'ဖြစ်နေတယ်ဆိုရင် အာစရိဘာပြောမလဲ"

မာဒီဘရောင်းသည် လေချွန်လိုက်သည်။

သူသည် တစ်ဒင်္ဂတွေးလိုက်သည်။ "ဟုတ်ပါပြီ၊ ဒါပေမယ့် ငမျှောကအလုပ်ရိုးရိုးသားသား လုပ်နေတာ မဟုတ်ဘူးဆိုတာ ဘာအထောက်ထားရှိသလဲ၊ လွန်ခဲ့တဲ့ငါးလလောက်က သူထောင်ကလွတ်လာတော့ ရိုးရိုးသားသားလုပ်စားပါ့မယ်လို့ ငါ့ကို ပြောသွားခဲ့တာကို ငါသံသယဖြစ်စရာအကြောင်းမတွေ့ဘူး။ နောက်ပြီး



တော့ ငမျှောဟာ မီးခံသေတ္တာတစ်လုံးကို နံပါတ်တွဲနဲ့ဖွင့်တယ်ဆိုတာကြားဖူးသလား။ သူက မီးဆရာ၊ သူ့ကို အောက်ဆီအက်စက်တလင်းမီးသေနတ်သာ ပေးလိုက်၊ စစ်သဘော်တောင် ဖြတ်ဖွင့်လိမ့်မယ်။ ဒါပေမယ့် ငမျှောက သူ့လက်ချောင်းလေးတွေ လှည့်ပြီး မီးခံသေတ္တာဖွင့်တယ်။ ဒါမှမဟုတ် နံပါတ်တွဲကို လက်စမ်းလှည့်ဖွင့်လို့ရတယ်ဆိုတာကိုတော့ လာမပြောနဲ့ ငါမယုံဘူး"

"နေပါဦးဆရာ ဒီပြင်အချက်ရှိသေးတယ်" ဟယ်သာက ပြောလိုက်သည်။ "တကယ်လို့ အိမ်ထဲမှာ သူ့ကို နံပါတ်တွဲပေးနိုင်တဲ့လူ မစ္စတာပါလ်မော့က မီးခံသေတ္တာဖွင့်နေတာကို ကြားနိုင်မြင်နိုင်တဲ့ လူရှိခဲ့တယ်ဆိုရင် ဆရာဘာပြောမလဲ"

မာဒီဘရောင်းသည် ပြင်းထန်စွာ ဝါးရင်းစဉ်းစားလိုက်သည်။

"အဲဒါဆိုရင်တော့ ငါနည်းနည်းယုံချင်လာမယ်"

ဟယ်သာသည် သူ၏ ကုလားထိုင်ကို အနီးသို့ဆွဲလိုက်သည်။

"ဒါဆိုကောင်းပြီ။ ဒါလေးကို နားထောင် ဆရာသမား။ ဟိုအမျိုးသမီးကို မှတ်မိလား။ သိပ်လှပြီး ခန့်လို့ သားနားလို့ ကျွန်တော်တို့က တော်ဝင်မလေးလို့ ခေါ်တဲ့ကောင်မလေးလေ။ ငမျှောခိုက်နေတဲ့ ကောင်မလေးလေ"

မာဒီဘရောင်းခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ အဲဒီအမျိုးသမီးဟာ အခုပါလ်မော့အခန်းမှာ အိမ်ဖော်လုပ်နေတယ်။ ကဲ ဘယ်လို သဘောရလဲ အာစရီ"

မာဒီဘရောင်းသည် သူ၏ ဦးခေါင်းကို တညိတ်ညိတ်လုပ်ရင်း တွေးတွေးဆဆလုပ်လိုက်သည်။

"ငမျော လုပ်တယ်လို့ ငါမထင်သေးဘူးကွာ၊ ဒီကောင်က လွတ်လွတ်လပ်လပ် လှုပ်ရှားတတ်တဲ့ကောင် သူ့ကောင်မလေးကို အဲဒီမှာ အိမ်ဖော်အလုပ်ရအောင် လုပ်၊ သူက အဲဒီအိမ်ကို သန့်ရှင်းရေးလုပ်ရတဲ့ ကုမ္ပဏီမှာ ရအောင်ဝင်၊ နောက်အခွင့်အရေးရတဲ့အထိ ထိုင်စောင့်ဆိုတာ ငမျောရဲ့ဟန်မဟုတ်ဘူး။ သူက အဲဒီလောက်စိတ်မရှည်ဘူး။ အဲဒီလောက်လဲဦးနှောက်မရှိဘူး"

ဟယ်သာ၏ မျက်နှာပေါ်တွင် အံ့ဩရိပ်ကဲသွား၏။

"ကျွန်တော် နားမလည်တော့ဘူး အာစရီ၊ ဒီအမှုမှာ အထောက်အထားက တစ်လုံးလောက်စွန်းထွက်နေတယ်။ တိုက်ခန်းထဲမှာ ဒုစရိုက်သမားနှစ်ယောက်ရှိတယ်။ ငမျောရယ်၊ မင်းသမီးရယ်၊ ငမျောက ၇နာရီ ၃၀မှ အိမ်က ထွက်သွားတယ်။ ၉နာရီ ၁၀မိနစ်မှာ ခိုးခံရမှန်းသိတယ်။ အဲဒါကို အာစရီက ငမျော မပါဘူးလို့ ပြောနေတယ်"

"ငါ ဘာမှ မပြောဘူး။ သူတရားခံဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် သူက တရားခံဆိုရင် သူနည်းစနစ်ပြောင်းလိုက်ပြီပဲ။ အခုအမျိုးသမီးက ဘယ်မှာလဲ"

"အဲဒီမှာရှိသေးတယ်" ဟယ်သာက ဖြေလိုက်သည်။ "သူကဆံပင်ပုံစံကို ပြောင်းထားတယ်။ ဆေးဆိုးထားတယ်။ ဒါပေ



မယ့် ကျွန်တော်က တစ်မိနစ်အတွင်းမှတ်မိလိုက်တယ်။ ဒါပေမယ့် ကျွန်တော်သိမှန်း သူရိပ်မိစေအောင်တော့ ကျွန်တော်မတုံးပါဘူး။ သူ့ကို ဘယ်သူမှန်းမသိလိုက်ကြဘူးလို့ပဲ ထင်နေမယ်"

မာဒီဘရောင်းက အာလုပ်သံဖြင့် မြည်လိုက်သည်။ ထို့နောက် ဆက်မေးလိုက်သည်။ 'ငမျောက ဘယ်မှာလဲ'

"သူ့ပုံမှန်ရိပ်သာမှာပဲ ကျွန်တော်တို့ သူ့ကို ဘာမှုနဲ့ ဆွဲမလဲ၊ မသင်္ကာမှုလား"

"မသင်္ကာရုံလောက်နဲ့၊ လူတစ်ယောက်ကို ဖမ်းနိုင်တယ်လို့ ငါမကြားဖူးဘူး။ နောက်အဲဒီအမှုကို သူကျူးလွန်ခဲ့တယ်ဆိုရင်တောင် စိန်တွေကို မင်းမြင်သာမယ့် နေရာမှာ ထားမယ်ထင်သလား။ ဒီအချိန်လောက်ဆို မိုင်အဝေးကြီးရောက်နေလောက်ပြီ၊ မင်းမှာ သဲလွန်စလေးတွေကောင်းကောင်း ရထားတာကလွဲလို့ ဘာမှမပိုဘူး"

စုံထောက်အင်စပက်တော်သည် ပီကေတစ်ပြားကို ပါးစပ်ထဲထည့်လိုက်ပြန်သည်။

"မင်း ခွေးရစ်တော့၊ ဟယ်သာ၊ ငါ့ဦးထုပ်သာ ကမ်းလိုက်စမ်းကွာ"

သူသည် မတ်တပ်ထရပ်သည်။ သူသည် အရပ်ငါးပေငါးလက်မ ဝဝဖိုင့်ဖိုင့်ဖြစ်သော်လည်း အလွန်ပါးနပ်သော ရာဇဝတ်ကောင်များကိုပင်လျှင် လှည့်စားနိုင်ခဲ့သော ရိုးသားအေးချမ်းသော မျက်နှာပိုင်ရှင်ဖြစ်သည်။ သူသည် သူ၏ ဦးထုပ်ကို မျက်လုံးတစ်လုံးပေါ်သို့ ခပ်စောင်းစောင်းဆွဲချလိုက်သည်။ ပီကေဝါးလျက်ပင် ရုံးခန်းတွင်းမှ ထွက်သွားသည်။

ဟယ်သာသည် ထွက်ခွာသွားသော သူ၏ နောက်ကျော ကို တအံ့တသြကြည့်မိသည်။

နာရီဝက်အကြာတွင် မာဒီဘာရောင်းကို သယ်ဆောင်လာ သော အငှားကားသည် အာမခံသေတ္တာဖောက်ထွင်းမှုများဖြင့် နိုင်ငံတော် အကျဉ်းထောင်အတော်များများ၏ အတွင်းဘက်ကို လေ့လာရေးရောက်ခဲ့သော အမည်ရင်းဝီလီယမ်အိုဟာဂန်ရှိလက် ဟု အမည်တွင်သော ငမျောနေထိုင်သော တိုက်အိုတိုက်ဟောင်း ကြီးတစ်ခု၏ ရှေ့သို့ ထိုးဆိုက်လာလေသည်။

"မင်္ဂလာ မနက်ခင်းပါ အာစရိ"

"မင်္ဂလာပါ ငမျော" မာဒီဘာရောင်းက ပြောလိုက်သည်။

မာဒီဘာရောင်းသည် ထိုင်ချလိုက်သည်။ သူ၏ ဦးထုပ် ကို ကုလားထိုင်အောက်ထိုးထည့်လိုက်သည်။ ထို့နောက် ပီကေ တစ်ထုပ်ထပ်ထုတ်လိုက်ပြီး ငမျောကို ညွှေ့ဝတ်ပြုပြီးနောက် တစ်ခု ကို ရွေးယူပြီး ဆက်လက်ဝါးနေပေသည်။ သူသည် လာရောက် သည့် အကြောင်းရင်းကို ချက်ချင်းပြောတော့သည်။

"ပေါလ်မော့အခန်းမှာ ဖြစ်ပျက်တဲ့ကိစ္စအကြောင်း ဘာသိလဲငမျော"

ငမျောသည် ခမြာစိတ်သောက ဖြစ်နေပုံရသည်။

"အိုဗျာ ကျုပ်လက်ချက်လို့ ခင်ဗျား ပြောမှာ မဟုတ် လား။ ကျွန်တော် အဲဒီကိစ္စပထမဆုံးသိရတာ ဒီမနက်သတင်းစာ ထဲကပဲ ဒီမီးခံသေတ္တာကို အဲဒီလိုလူကြီးလူကောင်း ဖွင့်မဖွင့်ဘဲ ဖေါက်ခွဲဖွင့်ခဲ့ရင် ငါ့လက်ချက်လို့ သေချာပြောမှာပဲလို့ ကိုယ့်ကို ကိုယ်ပြောမိသေးတယ်"



မာဒီဘာရောင်း ခေါင်းညိတ်လိုက်သည်။

"ငမျော မင်းအတွက်အခြေအနေသိပ်ကောင်းပုံမရဘူး"

"အာစရိ ဘာဆိုလိုတာလဲ"

"ဒီလိုပဲ မင်းမနေ့ကမနက် ၇နာရီခွဲမှာ အဲဒီအခန်းထဲ မှာ သန့်ရှင်းရေးလုပ်ခဲ့တယ်။ မင်းရဲ့ရည်းစားမင်းသမီးလေးက အဲဒီမှာ အိမ်ဖော်အဖြစ် လုပ်နေတာ လပေါင်းတော်တော်ကြာပြီ၊ အဲဒီတော့ မင်းအတွက် အမြင့်သိပ်မကောင်းဘူး။ မင်းတို့နှစ် ယောက်ပူးပေါင်းကြံတာလို့ ထင်စရာပဲ။ မင်းသမီးက မစ္စတာ ပါလ်မော့ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး မီးခံသေတ္တာသော့ နံပါတ်စဉ်ကိုသိနိုင်တယ်။ သူက အဲဒီနံပါတ်မင်းကို လွှဲပေးဖို့က သိပ်လွယ်မယ်မဟုတ်လား။ ငမျော"

ငမျော၏ မျက်နှာပေါ်တွင် စိတ်ကုန်ခမ်းရိပ်သန်းလာ သည်။

"အာစရိ ကျွန်တော့်ကို ဒါထက်နားလည်ဖို့ ကောင်း တယ်။ အခုအချိန်မှာ ကျွန်တော် အဲဒီအလုပ်မျိုး လုပ်နေတာကျ နေတာပဲ"

သူသည် ကုလားထိုင်ချင်းပို၍ နီးကပ်အောင် ဆွဲလိုက် သည်။

"လွန်ခဲ့တဲ့ ငါးလက နောက်ဆုံးထောင်ကထွက်လာတုံးက ကျွန်တော်ဖြောင့်ဖြောင့်တန်းတန်းပဲ လျှောက်ပါတော့မယ်လို့ မပြောခဲ့ဘူးလား"

"မင်း ပြောခဲ့ပါတယ်။ မင်းစကားကိုလည်း ငါယုံခဲ့ပါ တယ်" မာဒီဘာရောင်းက ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီး အဲဒီကနေ ရက်သတ္တပတ်နှစ်ပတ်ကြာတော့ သန့်ရှင်းရေးကုမ္ပဏီမှာ အလုပ်ရတယ်။ အဲဒီကတည်းကပဲ ဒီမှာ မြဲနေခဲ့တယ်။ ကျွန်တော် အဲဒီကို အလုပ်မဝင်ခင်က ပါမော့ဟာ သူတို့ဖောက်သည်တစ်ယောက် မဟုတ်ခဲ့ဘူး။ ဒါကြောင့် ပါမော့ အိမ်ကိုဝင်ဖို့ အခွင့်အရေးရအောင် ဝင်ခဲ့တယ်လို့ ပြောလို့မရဘူး။ နောက်ပြီး တစ်ခုက မင်းသမီးဟာ ကျွန်တော့်ကောင်မ မဟုတ်ဘူး။ ကျွန်တော့်ကောင်မတော့ ဟုတ်ခဲ့ဖူးတယ်"

ဤနေရာတွင် ငမျော၏ မျက်နှာတွင် လှိုက်လှိုက်လှဲ့လှဲ့ စိတ်မချမ်းမြေ့ရိပ်မှိုင်းလာသည်။

"အခုတော့ မဟုတ်ပါဘူး။ ကျွန်တော် နောက်ဆုံး ထောင်ကျတုန်းက သူဖောက်ပြန်သွားတယ်။ ကျွန်တော့်ကို စွန့်ခဲ့တယ်။ မိန်းမတွေဟာ ဒီလိုပဲ"

မာဒီဘရောင်းခေါင်းညိတ်လိုက်သည်။

"အဲဒါ မလုံလောက်သေးဘူး ငမျော မင်းကို ငါ ဘယ်လောက်ခင်တယ်ဆိုတာ မင်းသိပါတယ်။ အင်္ဂလိပ်ဥပဒေမှာ လူတစ်ယောက်ဟာ အပြစ်ရှိကြောင်း ခိုင်လုံခြင်းမရှိသမျှ အပြစ်ကင်းပါတယ်။ ဒါပေမယ့် မင်းလိုမှတ်တမ်းနဲ့လူအတွက်တော့ မလွယ်ဘူး"

"ဟုတ်လား" ငမျောက မေးလိုက်သည်။ "ကျွန်တော် စိတ်ပူစရာပေါ့။ ခင်ဗျားတို့ ဘာမှ သက်သေမပြနိုင်တာကို သိပါတယ်။ ကျွန်တော် အဲဒီလောက်စိန်တွေကို တွေ့လည်းမတွေ့၊ ရှိလဲမရှိ၊ ရှိဖို့ တွေ့ဖို့လဲ မရည်ရွယ်ဘူး"

"ကောင်းပြီ" မာတီဘရောင်းက မေးလိုက်သည်။ "မင်း



အဲဒီအိမ်က ဘယ်အချိန် ထွက်ခဲ့သလဲ"

"ဝနာရီကျော ထွက်ခဲ့တယ်"

"အဲဒီတော့ ဘာလုပ်သလဲ"

"အမှိုက်စုပ်စက်ရယ်၊ ကျန်တဲ့ပစ္စည်း ကိရိယာတွေကိုရယ်၊ ကားပေါ်တင်ပြီး ရုံးပြန်ပို့လိုက်တယ်"

"ဟုတ်လား မင်းဘာလို့ တစ်ခါတည်းလိုက်မသွားလဲ"

"ကျွန်တော် မနက်စာ စားချင်လို့ပေါ့၊ အဲဒါကြောင့်"

"ဟုတ်လား ပစ္စည်းတွေနဲ့အတူ ရုံးကို ပြန်နေကြလား"

"ပြန်နေကြပဲ၊ ဒါပေမယ့် မနေ့မနက်ကတော့ စိတ်မပါဘူး"

မာဒီဘရောင်းသည် စိတ်မကောင်းသည့်မျက်နှာထားပေါက်လာသည်။

"သာမန်ရဲတစ်ယောက်အမြင်မှာတော့ မကောင်းဘူး။ မင်းပစ္စည်းတွေ မလာပြီး အိမ်ပြင်ရောက်တော့ တခြားလူကိုလွှဲပေးပြီး၊ အဲဒီလူနောက်လိုက်ချင်လို့ ရုံးမပြန်တာလို့ ကောက်ချက်ချလိမ့်မယ်ကွ"

"အဲဒီရဲတွေ ဘာပြောပြော ကျွန်တော် အရေးမစိုက်ဘူး။ ကျွန်တော် ဘယ်စိန်မှ မယူခဲ့ဘူး။ ကျုပ်ယူခဲ့ရင် ကျုပ်သိတယ်"

"မင်းနာရီပတ်လား" မာဒီက ရုတ်တရက်မေးလိုက်သည်။

ငမျောသည် လုံးဝစိတ်ကုန်ခမ်းသည့်ပုံစံဖြင့် ပြန်ကြည့်သည်။

"ကျုပ်နာရီ ပတ်တဲ့ကောင်နဲ့တူလို့လား"

မာတီခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ မင်းထွက်လာတော့ ဇနာရီဆိုတာ မင်းဘယ်လိုသိလဲ"

"ကျုပ်ပြောပြမယ် ကျုပ်ထွက်လာတော့ ကျုပ်ဗိုက်ဆာနေတယ်။ ဒါနဲ့ မနက်စာစားမယ်ဆိုပြီး ကားကို ပစ္စည်းကိရိယာတွေနဲ့ပို့လိုက်ပြီး၊ လမ်းအတိုင်း လျှောက်ခဲ့တယ်။ ပါလ်မော့အိမ်ပေါက်ဝနှင့် ၁၅ကိုက်လောက်အကွာဝေးမှာ ရုံးတစ်ရုံးရှိပြီး အဲဒီထဲကို လူတစ်ယောက်ဝင်တော့မလို လုပ်နေတယ်။ သူက မီးတစ်တို့လောက်တောင်းတယ်။ ကျုပ်က မီးခြစ်ပေးလိုက်တယ်။ သူ့ကိုလည်း ဘယ်နှစ်နာရီလဲလို့ မေးလိုက်တယ်။ သူက ဇနာရီငါးမိနစ်လို့ပြောတယ်။ အဲဒါကြောင့် အချိန်သိတာပဲ"

"ဟုတ်လား သူ့ပုံစံက ဘယ်လိုလဲ"

မာဒီက မေးလိုက်သည်။

"သူက အရပ်ရှည်ရှည် သားသားနားနားပဲ ဦးထုပ်မဆောင်းထားတော့ အဲဒီက ရုံးတစ်ရုံးမှာ အလုပ်လုပ်ပြီး ကီစွလေးတစ်ခုအတွက် သူထွက်လာပုံရတယ်"

"ရုံးမှာ လုပ်ဖို့တော်တော်စောလွန်းတဲ့အချိန်ပဲ။ ရုံးဆိုတာ ဇနာရီနဲ့လာနေကျမဟုတ်ပါဘူး" မာဒီက တွေးတွေးဆဆ ပြောလိုက်သည်။

"မာဒီသည် ငမျောဘက်သို့ ယိမ်းလိုက်သည်။

"အဲဒီ မင်းကို အချိန်ပြောတဲ့ငတိဟာ အဲဒီနားကရုံးမှာ လုပ်တယ်လို့ မင်း ထင်တယ်ပေါ့"

"ဟုတ်ကဲ့ ထင်ပါတယ်"



"ကောင်းပြီ ငါ့ကို အကူအညီတစ်ခုပေး မင်းဒီတုတ်ကောက်စွပ်ပြီး ငါနဲ့လိုက်ခဲ့။ မင်းကို အချိန်ပြောခဲ့တဲ့ ငနဲကို တွေ့မလားလို့ ကြည့်ရအောင်"

ငမျောက နှာခေါင်းရှုတ်လိုက်သည်။ "ခင်ဗျားကို လိမ်နေတယ်ထင်သလား။ ကျုပ်က ရဲတစ်ယောက်နဲ့ လျှောက်သွားဖို့ဆိုတာ မဟုတ်သေးဘူးထင်တယ်။ နောက်ပြီး ဒီနေ့က ကျွန်တော့်နားရက်"

"မပူပါနဲ့ငမျော တရားခံဟာ မင်းမဟုတ်ရင်လဲ မင်းဘဝမှာ တစ်ကြိမ်တော့ မင်းဥပဒေဘက်က ရှိနေရမှာပေါ့။ နောက်ပြီး ငါယုံတယ်ကွာ သိလား"

ငမျောက အာလုပ်သံနဲ့ မြည်လိုက်သော်လည်း ဘာမှမပြောချေ။

၄၅မိနစ်အကြာတွင် မာဒီဘရောင်းနှင့် ငမျောသည် ပါလ်မော့အခန်းအလွန်လေးတွင် တည်ရှိသော ရုံးများသို့ လျှောက်နေသည်ကို တွေ့ရသည်။ ရုတ်တရက်မာဒီဘရောင်း၏ လက်မောင်းကို ငမျောက ဆုပ်ကိုင်လိုက်သည်။

"အဲဒီမှာ အာစရို ဟိုငတိပဲ သူ့သွားမေးကြည့်လေ"

"ငါ မေးဖို့မလိုပါဘူး။ သူမဟုတ်ခဲ့ရင် မင်းအဲဒီလောက်ပြောင်ကြီးလိမ်ရအောင် မမိုက်ပါဘူး"ဟု မာဒီက ပြောလိုက်သည်။

သူသည် အိတ်ထဲလိက်နှိုက်လိုက်ပြီး ကရောင်းတစ်ဝက်တန်ကြေးရှိသော ဒင်္ဂါးတစ်ပြားထုတ်ပေးလိုက်သည်။

"ရော့ အိမ်ပြန်စရိတ်နဲ့တစ်ခွက်တစ်ဖလားဝင်မော့ဖို့

လုံလုံလောက်လောက်ပဲ မင်းပြန်တော့"

"ဒီနေ့ ကျုပ်ကို မဆွဲဘူးပေါ့"

"ဒီနေ့တော့ မဆွဲဘူး။ မနက်ဖြန်ဆွဲရင်တော့ဆွဲမယ်။ ကြည့်ဦးမယ်လေ၊ ကဲ နောက်တွေ့တာပေါ့"

ပီကေဝါးနေဆဲ မာဒီဘရောင်းသည် တက္ကစီ တစ်စီးကို ဖမ်းတားပြီး စခန်းသို့ပြန်ခဲ့ပေသည်။ စခန်းသို့ ပြန်ရောက်သော အခါ ဟယ်သာကိုအခေါ် လွှတ်လိုက်ပြီး၊ မင်းသမီးကို အချိန်မလပ် စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးခိုင်းလိုက်သည်။

ဟယ်သာကသွားဖြီးဖြီးလိုက်သည်။ "ကျွန်တော်နဲ့အမြင် ချင်းတူလာပြီပေါ့ အာစရီ"

"ဘာအမြင်ချင်းမှ လာတူမနေနဲ့၊ ခိုင်းတဲ့အတိုင်းလုပ်"

ထို့နောက်တွင် မာဒီသည် ဓါတ်ပုံခန်းသို့ လျှောက်ခဲ့ လေသည်။ ဓါတ်ပုံများကိုကြည့်ရှုရင်၊ တော်တော်အချိန်ကုန်သွား၏။ မင်းသမီး၏ ဓါတ်ပုံကို ရောက်သောအခါတွင် အတော်ကြာ ကြာကြည့်နေမိ၏။ အတော်လှသည့်မိန်းကလေးပင်၊ မာဒီ ဘရောင်းသည် နှလုံးသားထဲတွင် ငမျောအတွက် စိတ်မကောင်း ဖြစ်မိ၏။ ငမျောလို့ ငတုံးငအေလေးအတွက် မင်းသမီးလို အလှ အပ၏ စွန့်ပစ်ခံရခြင်းက အတော်ပင် ခံစားရခက်ပေလိမ့်မည်။

နောက်ဆုံးတွင် သူသည် ဓါတ်ပုံမှတ်တမ်းခန်းမှ ထွက် ၍ နေ့လယ်စာသွားစားသောက်လေသည်။ ထိုအချိန်တစ်ချိန် တည်းသည်သာလျှင် သူပီကေဝါးရပ်သည့် အချိန်ဖြစ်သည်။

သူသည် နှစ်နာရီအချိန်တွင် ရုံးခန်းသို့ ပြန်ရောက်လာ သည်။ သုံးနာရီအချိန်တွင် သူ၏ တယ်လီဖုန်းမြည်လာသည်။



"အာစရီလား။ ဒါစုံထောက်ဘောဖို့ဒ်ကိုယ်ပိုင်နံပါတ် ၄၇၂၆စကားပြောနေတာပါ။ တပ်ကြပ်ကြီးဟယ်သာက ပါလ်မော့ အိမ်ကအိမ်ဖော်မကို စောင့်ကြည့်ခိုင်းပါတယ်။ ဒီနေ့အဲဒီအမျိုး သမီးအားလပ်ရက်ရတယ်။ အိမ်ကနေ ၁၂နာရီခွဲထွက်လာတယ်။ ဗိတိုရီယာနားက ကာဖေးလေးကိုသွားတယ်။ လူတစ်ယောက်နဲ့ သွားတွေ့တယ်။ အရပ်ရှည်ရှည်၊ ရုပ်ဖြောင့်ဖြောင့် ဂျူနာခေါင်း ပုံစံနဲ့ လူ နေ့လယ်စာအတူစားကြတယ်။ နောက်ယောက်ျားက ဗစ်တိုရီယားလမ်းက ရုံးတွေဘက်ပြန်သွားပြီး အမျိုးသမီးက အိမ်ကို ပြန်သွားတယ်။ အဲဒါပဲ ဆရာ"

"ကျေးဇူးအများကြီးတင်ပါတယ်" မာဒီဘရောင်းက ပြောလိုက်သည်။ "အားလုံးကောင်းပါတယ်။ မင်းအဲဒီလုပ်ငန်း စဉ်ကို ရုပ်သိမ်းလို့ရပြီ။ ငါသိချင်သမျှသိပြီး၊ ငါနဲ့အဲဒီရုံးတွေ အပြင်ဘက်မှာ နောက်မိနစ်၂၀အတွင်းတွေ့မယ်ဟုတ်လား"

သူသည် တယ်လီဖုန်းချလိုက်သည်။ ရုံးတွင် တယ်လီဖုန်း ကို ကောက်လိုက်ပြီး ဟယ်သာအခန်းကို ဆက်လိုက်သည်။

"ဟယ်သာလား ငါနဲ့ရုံးဝမှာ တွေ့မယ်။ လက်ထိပ်တစ်စုံ ပါယူလာခဲ့"

"စိတ်ချဆရာ ငမျောကို ဆွဲတော့မလား"

"နောက်တစ်မိနစ်မှာ မင်းကို ငါဆွဲမယ်" မာဒီဘရောင်း သည် ဦးထုပ်ကောက်ယူရင်း ပြောလိုက်သည်။

အရာရှိနှစ်ဦးသည် တက္ကစီးတစ်စင်းဖြင့် ဗစ်တိုရီယား လမ်းရုံးများသို့ မောင်းခဲ့ပေသည်။ ဤနေရာတွင် သူတို့နှင့် ဘောဖို့ဒ်ဆုံပြီး သုံးယောက်တွဲ အ

ငါးမိနစ်အကြာ ဒုတိယထပ်တွင် မာဒီဘရောင်းသည ရုပ်ဖြောင့်ဖြောင့်အရပ်ရှည်ရှည် လူငယ်ကို မျက်နှာချင်းဆိုင်နေပြ

"ဟဲလို သူငယ်ချင်း မင်းကို တို့အလိုရှိတယ်"

လူငယ်သည် မတ်ခနဲဖြစ်သွားသည်။ "ဘာအတွက်လဲ သိပါရစေ" သူက ပမာမခန့် မေးလိုက်သည်။

"သိရပါတယ် ပါလ်မော့စိန်အမှုပေါ့"

"ခင်ဗျားပြောနေတာကို ကျုပ်နားမလည်ဘူး"

မာဒီဘရောင်းသည် ပါးစပ်ထဲပီကေတစ်ပြားထည လိုက်ပြန်သည်။

"ဟယ်သာ ပါလ်မော့အခန်းကိုသွားပြီး မင်းသမီးဝ ဖမ်းလိုက်"

သူသည် လူငယ်ဘက်သို့လှည့်လိုက်သည်။ "မင်းတ အင်မတန်ပါးနပ်တဲ့အတွဲပဲ၊ ဒါပေမယ့် မဖြစ်ပါဘူး။ ငါကြုံဖူးသ ထဲမှာတော့ အထက်မြတ်ဆုံးပဲ။ ငမျောထောင်ကျတုန်းမှ မင်းသမီးက သူ့ကိုစွန့်ပြီး မင်းနဲ့ပေါင်းလာတယ်။ ဒါပေမယ့် မင ငါတို့ရဲ့ရဲမှတ်တမ်းကောင်းတာသိတယ် မဟုတ်လား။ မင်းတ နှစ်ယောက်လုံး သဘာရင့်ခါးပိုက်နှိုက်တွေပဲ။ ပါလ်မော့စိန်ဝ မဖို့က မင်းအကြံလို့ထင်တယ်။ အဲဒါ မင်းသမီးကို အဲဒီမှာအလု ဝင်ခိုင်းတယ်၊ သူ့မှာ အာမခံသေတ္တာဖွင့်တဲ့နံပါတ်ကိုသိဖို့ အခွ ရေးအများကြီးရခဲ့တယ်"

"ဒါပေမယ့် အခုတော့ ရိုးရိုးသားသားလုပ်စားနေတ ငမျောက အိမ်သန့်ရှင်းရေးလုပ်ဖို့ လာမယ်လို့ကြားတော့ မင အတွေးကောင်းပေါက်မသွားဘူးလား။ မင်းတို့နှစ်ယောက်ထဲက



ဘယ်သူအကြံကောင်းပေါက်သွားလဲ"

မာဒီဘရောင်း၏ မျက်လုံးပြာများသည် လူငယ်ကိုထွင်း ဖောက်သွား၏။ မင်းသမီးကို ဖမ်းဆီးရန် မထွက်ခွာသွားသေးသော ဟယ်သာနှင့် ဘေဖို့ဒ်သည် ယင်းတို့၏ ဆရာသမားကို တအံ့တသြကြည့်နေမိသည်။

"တကယ် အကြံကြီးပဲ" မာဒီဘရောင်းက ဆက်ပြောသည်။ "မင်းဘာလုပ်ခဲ့သလဲ ပြောရမလား။ ငမျောဟာ အခန်းကို ၇နာရီခွဲရောက်မယ်သိတော့ မင်းသမီးက ၇နာရီမှာ မီးခံသေတ္တာ ဖွင့်ပြီး စိန်တွေယူလိုက်တယ်။ ငမျောကတော့ မင်းသမီးကို အဲဒီမှာ တွေ့ရတာ သိပ်အံ့သြခဲ့မယ်ထင်တယ်။ သူ ပြန်ခါနီးမှာ သူ့ဆီကို ပြန်လာပါလို့ တောင်းပန်ခဲ့မယ်ထင်တယ်။ သူစကားပြောနေတုန်းမှာ သူ့ကုတ်အင်္ကျီထဲကို မင်းသမီးက စိန်တွေထည့် လိုက်တယ်။ သူထွက်လာတော့ မင်းကစောင့်နေတယ်။ သူ့ဆီသွားပြီး မီးတစ်တို့တောင်းတယ် သူက အိတ်တစ်ဘက်ထဲနှိုက် နေတုန်းမှာ မင်းက တစ်ဘက်က စိန်တွေကို နှိုက်လိုက်တယ်။ ငမျောက မင်းကို ဘယ်နှစ်နာရီထိုးပြီးလဲလို့ မမေးခဲ့ရင် ငမျောစကားကို ငါမယုံခဲ့ရင် မင်းကို ပြဖို့ ခေါ်မလာခဲ့ရင် မင်းရုံးထဲက ထွက်တဲ့အချိန်နဲ့ အံကိုက်မတိုးခဲ့ရင် မင်းတို့အကြံစည်လေး အောင်မြင်ခဲ့မှာပဲ။ ငါတို့လဲ ငမျောကိုပဲ ဆွဲမိမှာပဲ။ ဒါပေမယ့် မင်းကို ငါတွေ့လိုက်တာနဲ့ ချက်ချင်းမှတ်မိခဲ့တယ်။ ကဲ သူ့ကို ခေါ်သွား တို့ယ့်လူတို့" မာဒီဘရောင်းက ပြောလိုက်သည်။

# မိနစ်တိုင်းမှာ
# တုံးတစ်ယောက်မွေးသည်
## One Born Every Minute
**Peter Cheyney**

မိန်းမတို့၏ အလှအပကို မျက်စိမကျသောသူများမှာ လူနည်းစုသာဖြစ်ပေမည်။ မစ္စတာဘာလွန်ဇိုမက်တာဗစ်သည် ထိုလူနည်းစုတွင် မပါဝင်ချေ။

မည်မျှအသည်းမာသည့်ယောကျ်ား စိတ်ဓါတ်ကြံ့ခိုင်သူ ဖြစ်ပစေ လောင်းကစားဝိုင်းတွင် အလွန်လှပသော မိန်းမသား တစ်ဦးငွေသောက်သောက်လဲ ရှုံးနေသည်ဖြစ်သည့်တိုင်အောင် ကရုဏာစိတ်မယိုဖိတ်သော သူသည် ယောကျ်ားမပီသသူပင်ဖြစ်ပေမည်။

ထို့အပြင် တစ်ပွဲပြီးတစ်ပွဲဆက်တိုက်ဆုံးရှုံးနေပြီး၊ လှပသော ကစားသမားလေးခမျာ တစ်ပွဲရှုံးလေတိုင်း မျက်နှာပို၍ဖြူပတ်ဖြူရော်ဖြင့် ပို၍ မျက်နှာပျက်၊ လက်များပို၍ တုန်နေသည်ကို တွေ့ရပါလျှင် အဘယ်ယောကျ်ားသားကမျှ သူ့တွင်ကူညီရန်တာဝန်ရှိပေသည်ဟု မယူဆဘဲနေပါမည်နည်း အထူးသဖြင့် မိန်းမသားမှာ တစ်ယောက်တည်းဖြစ်နေပါလျှင်. . .

အလွန်ဆုံးခံစားချက်က ဤအတိုင်းဖြစ်ခဲ့သည်။

မစ္စတာဘာလွန်ဇိုမက်တာဇစ်သည် မောစတီကာလိုလေ
နှင့် သူအတော်တည့်ပေသည်ဟု ယူဆမိသည်။ ထိုယူဆချက်က
လည်းလောင်းကစားဝိုင်းတွင် သုံးရက်ဆက်တိုက်နိုင်ခဲ့ခြင်း၏
ခံစားချက်မှလာသော ယူဆချက်ပင် ဖြစ်သည်။

ရထားခရီးစဉ် တစ်ခုတွင် အန်ဒါရီယန်းသံရုံးအဖွဲ့ဝင်
တစ်ဦး၏ အိတ်ထဲမှ ပညာသားပါပါနှိုက်ယူခဲ့သော အရေးမပါ
တပါစာရွက်စာတမ်းများ ရောင်းချရငွေဖြစ်သော သူ၏ ငွေရင်း
ဖရန့်ငွေ ၂၅၀၀၀သည် ယခုအခါတွင် ဖရန့်ငွေနှစ်သိန်းဝန်း
ကျင်ထိ တိုးပွားနေပြီးဖြစ်ကြောင်း သူပြောလေ့ပြောထရှိသည်
အတိုင်းပင် မပျော်သော အသည်းသည် မွဲသောအသည်းသာလျှင်
ဖြစ်ပေမည်။

ဤညတွင် သူ၏ ပျော်ရွှင်မှုကို ညစ်နွမ်းစေသော တစ်ခု
တည်းသော အကြောင်းအရပ်မှာ စားပွဲတစ်ဘက်မှကစားနေသော
မိန်းမပျို၏ ဆိုးဝါးသောကံပင်ဖြစ်ပေသည်။

သူမသည် ဂုဏ်ဖော်ပြောပြလောက်သော အလှအပဖြင့်
ပြည့်စုံသည်။ အရပ်ရှည်သွယ်၏၊ တောင့်တင်း၏၊ သိမ်မွေ့၏
ထူးခြားစွာနီရဲသော သူမ၏ ဆံကေသာသည် သူမ၏ဖြူစွပ်သော
အသားအရေကိုပို၍ပင် ဝင်းပစေပြီး သူမကံမဆိုးခင် ကာလ
အထိ သူမ၏ စိမ်းပြာရောင် မျက်ဝန်းထဲတွင် ပျော်ရွှင်မှုနှင့်
ကျေနပ်မှုအရောင်တို့တောက်နေခဲ့ပေသေးသည်။

သို့သော် ထိုပျော်ရွှင်သော အလင်းရောင်ကွယ်ပျောက်
ခဲ့ပြီးဖြစ်သည့် ထိုညနေတွင် သူမသည် ဖရန့်ငွေနှစ်သောင်းဝန်း
ကျင်မျှ ဆုံးရှုံးခဲ့ပုံရပြီးပြီဟု ဘာလွန်ဇိုက စိတ်တွက်တွက်ကြည့်မိ



ထိုငွေကို သူမအဆုံးရှုံးမခံနိုင်ကြောင်းလည်း ထင်ရှား
ပေသည်။ သူမကစား၍ ရှုံးတိုင်း သူမ စိတ်သောကဖြစ်မှုက ပို၍
ထင်ရှားလာပေသည်။

ဒိုင်၏ ခေါ်သံကြောင့် ဘာလွန်ဇိုသတိဝင်လာသည်။ သူမ
၏ တိုကင်များကို နှစ်သက်ရာဂဏန်းတွင် တင်လိုက်သည်။
အမျိုးသမီးလေးထိုးသည့် ဂဏန်းကိုလည်း သတိထားမိ၏။
ဘီးလည်သွားပြီး နံပါတ်တစ်ခုပေါ်လာ၏။ ဘာလွန်ဇိုနိုင်ပြီး အမျိုး
သမီးရှုံးပြန်လေသည်။

သူမသည် စိတ်ပျက်ပုံပခုံးတွန့်ပြီး စားပွဲမှလှည့်သွား
သည်။ သူမလှည့်ထွက်သွားခိုက်တွင် သူမ၏ အကြည့်သည် သူ့
ပေါ်တွင် တစ်ဒင်္ဂတန့်သွားသည်ဟု ဘာလွန်ဇိုထင်လိုက်လေသည်။
သနားစဖွယ်ခယသော အကြည့်ဟု ထင်မိသည်။ သူမထွက်သွား
သည်နှင့်သူသည် သူအနိုင်ငွေများ အိတ်ထဲကောက်ထည့်၍
လိုက်သွားခဲ့သည်။

သူမသည်အခန်းမှဖြည်းလေးစွာ လျှောက်သွားနေသည်။
သူမနောက်ကိုက်အနည်းငယ်ကွာမှ နေ၍ အမှတ်တမဲ့ဟန်ဖြင့်
လိုက်သွားသော ဘာလွန်ဇိုသည် သူမ၏ လမ်းလျှောက်ဟန်ကို
လေ့လာရန် အခွင့်အရေးကောင်းစွာ ရရှိလိုက်သည်။ သူမ၏
ဟန်ပန်ကို ကျက်သရေပြည့်ပါပေ့ဟုသာ ဆိုရပေမည်။ ဤနေရာ
တွင် ဇာတ်လမ်းတစ်ပုဒ်ရှိပေသည်ဟု သူတွေးဆမိသည်။ သူ့စိတ်
ဝင်စားတတ်သည့် ဇာတ်လမ်းပင်ဖြစ်နိုင်ပေသည်။

သူမသည် လှေကားထစ်သို့ ရောက်သွားပြီးကာစီနိုပန်း
ခြံထဲသို့ ဖြည်းလေးစွာ ဆင်းသွားပေသည်။ အပေါ်ဆုံးလှေကား

ထဲတွင် ရပ်တန့်၍ စီးကရက်တစ်လိပ်မီးညှိနေသော ဘလွန်ဇိုသည် ထိုမိန်းမပျိုလေးပန်းရုံတစ်ရုံနံဘေးတွင် ပုံလဲသွားသည်ကို တွေ့လိုက်ရသည်။

သူသည် စီးကရက်ကို မီးညှိလိုက်ပြီး လှေကားထစ်ကို သုံးထစ်စီကျော်ပြေးဆင်းခဲ့ပြီး တစ်ဒင်္ဂအတွင်းမှာပင် သူမနံဘေးနားရောက်ရှိသွားသည်။ မေ့မျောနေသော အမျိုးသမီးကို ပွေ့ချီ၍ ဥယျာဉ်ခုံတန်းလေးတစ်ခုသို့ ခေါ်သွားပြီးခုံပေါ် ညင်သာစွာ တင်လိုက်လေသည်။ ထို့နောက် သတိလစ်နေသော အမျိုးသမီးများ သတိပြန်လည်ရန် လုပ်ရလေ့ရှိသည်ဟူသော အချက်များကို ပြုလုပ်သည်။

သူမ၏ နှာခေါင်းကို အသာယာပိတ်သည်။ သူမအား လက်ကိုင်ပဝါဖြင့် ခပ်ပြင်းပြင်းယပ်ခတ်ပေးလေသည်။ မိနစ်အကြာတွင် မျက်တောင်လေးတစ်ခတ်၊ သက်ပြင်းလေးတစ်ရှိုက်ဖြင့် သတိလည်လာသည်ကို တွေ့ရပေသည်။

သူသည် ထိုအခါတွင် ဘရန်ဒီတစ်ခွက်ကို အပြေးအလွှား သွားယူပေးသည်။ သူမသည် ပျော့ခွေနေဆဲဖြစ်သည်။

"ဒါလေး သောက်လိုက်ရင် ကောင်းသွားမယ်။ စမ်းကြည့်စမ်း" သူမကို ကမ်းပေးလိုက်သည်။

သူမသည် ဘရန်ဒီအနည်းငယ် သောက်လိုက်သည်။

"ကျွန်မတောင်းပန်ပါတယ်။ ကျွန်မ ရုတ်တရက်သတိလစ်သွားလိမ့်မယ်လို့ အင်းလေ ဘဝက ဆိုးပါတယ်ရှင်"

ဘလွန်ဇိုသည် မှောင်ရိပ်ဝိုးဝါးထဲတွင် ပြုံးလိုက်သည်။

"ကိုယ်တတ်နိုင်တဲ့ငွေပမာဏထက် ပိုဆုံးရှုံးနေရင်ဖြစ်တတ်ပါတယ်။ မင်းကို ကိုယ်ကြည့်နေခဲ့တယ်။ အဲဒီအကြောင်းလေး ပြောပြပါလား"

သူမသည် သူ့ကို ကြည့်လိုက်သည်။ ထို့နောက် စိတ်မချမ်းမြေ့သည့်အပြုံးကို ပြုံးလိုက်သည်။

"ဒီပန်းခြံတွေကတော့ ဒီအဖြစ်အပျက်မျိုးတွေကြားရဖန်များနေရောပေါ့ရှင်" သူမက စကားစလိုက်သည်။ "ဒါပေမယ့် ကျွန်မအဖြစ်မှာတော့ ဘာမှ ဆင်ခြေပေးစရာမရှိပါဘူး။ ကျွန်မက လောင်းကစားဝါသနာထုံတယ်။ လောင်းကစားဝိုင်းကို သိပ်နှစ်သက်တယ်။ နောက်ပြီး ငွေရေးကြေးရေးအတွက် ဘယ်တော့မှ မပူခဲ့ရဘူး။ အင်း ဒီတစ်ခါတော့ ကျွန်မ သင်ခန်းစာရပြီပေါ့"

ဘလွန်ဇိုသည် ကရုဏာသက်စွာ ခေါင်းညိတ်လိုက်သည်။

"ကိုယ်ကူညီနိုင်မယ်ထင်ပါတယ်။ တကယ်ကိုယ်က သဘောကောင်းတဲ့လူပါ။ အထူးသဖြင့် ဒီလိုအခြေအနေမျိုးတွေမှာပေါ့။ ကိုယ့်နာမည် မက်တာဖစ်ဘလွန်ဇိုမက်တာဖစ်"

"ကျေးဇူးတင်ပါတယ် မစ္စတာမက်တာဖစ်" သူမက ပြောလိုက်သည်။ "ဒါပေမယ့် ကျွန်မကို ဘယ်သူမှမကူညီနိုင်ဘူးထင်ပါတယ်။ ကျွန်မ မိုက်ခဲ့တာပါ။ ကျွန်မဟာ ရာဇဝတ်ငမိုက်သားများလားလို့ တစ်ကြိမ်ထက်မက တွေးမိတယ်"

"အဲဒါတော်တော် စိတ်ဝင်စားစရာကောင်းပါတယ်။ ကိုယ့်ကိုအကျိုးအကြောင်း ပြောပြပါဦး"

သူမက ပခုံးတွန့်လိုက်သည်။

"ကျွန်မနာမည် ကာနုဝေးပါ။ ဟယ်လင်တီကာနုဝေးပါ။

ကျွန်မအဖေကတော့ ပစ်စ်ဖတ်မြို့က ကွန်ဆိုလီဒေးဒင်သံမဏိထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင်၊ ဆိုင်ရပ်စ်ကာနဝေးပါ သူ့နာမည်ကို ရှင်ကြားဖူးရင်လဲ ကြားဖူးမှာပေါ့"

ဘလွန်ဇိုခေါင်းညိတ်လိုက်သည်။ သူကြားဖူးပါသည်။ ကာနဝေးသည် သန်းကြွယ်သူဌေးတစ်ဦးပင် ဖြစ်သည်။

"ကျွန်မ မနှစ်သက်သူကို လက်ထပ်ရမှာစိုးလို့ ရှောင်တိမ်းတဲ့အနေနဲ့ ကျွန်မ ဒီကိုလာခဲ့တာ။ ကျွန်မတော်တော် စိတ်ညစ်ညစ်နဲ့ ငွေတော်တော်များများလောင်းကစားပစ်လိုက်တယ်။ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်ကတော့ ကျွန်မအဖေဆီကို ငွေမှာတဲ့ သံကြိုးရိုက်ခဲ့တယ်"

"အရင်တုံးကလိုပဲ ငွေရောက်လာလိမ့်မယ်လို့ ကျွန်မထင်ခဲ့တယ်။ အဲဒီအတွင်းမှာ ဝိုင်းဝင်ဖို့ငွေလိုနေခဲ့တယ်"

"အဲဒီတော့ ကျွန်မ သိပ်မိုက်တဲ့အလုပ် လုပ်မိတယ်။ ဒီမောင့်တီကာလိုမှာ ကျွန်မ အကြွေးကောင်းကောင်းယူလို့ရတယ်။ အဲဒီရေမွှန်ရတနာဆိုင်ကြီးကို ဝင်ပြီး စိန်လက်ကောက်ဖြေခုရွေးခဲ့ပြီး သေချာကြည့်ရှုဖို့ ဟိုတယ်ကိုပို့ခိုင်းလိုက်တယ်၊ မနက်ဖြန် မနက် ပြန်ပို့ရမယ်ပေါ့"

"ကျွန်မအဖေက သေချာပေါက်ငွေပို့မှာပဲလို့ ယုံကြည်ပြီး မိုက်ကန်းတဲ့ ကိစ္စတစ်ခုလုပ်ခဲ့တယ်။ ဒီညသာ ကျွန်မကစားတာနိုင်ရင် ရှုံးသမျှကျေနပ်မယ်လို့ ထင်ခဲ့တယ်။ ကျွန်မစိန်လက်ကောက်တွေကိုယူပြီး ပေါင်လိုက်တယ်။ မနက်ဖြန်မနက်မှာ ပြန်ရွေးနိုင်ပြီ၊ အခြေအနေအားလုံးကောင်းသွားလိမ့်မယ်လို့ ထင်ခဲ့ဘယ်နော်"



"ထင်တာနဲ့ တခြားဖြစ်သွားတာကို ရှင်မြင်ပါတယ်"

သူမသည် ပခုံးတွန့်ပြီး စိတ်ညစ်စွာ ပြောတော့သည်။ "ဒီညတော့ ကျွန်မအဖေဆီက ကြေးနန်းရောက်နေလို့ နောက်တစ်ပတ်ကြာမှ ငွေပို့နိုင်လိမ့်မယ်လို့ သံကြိုးစာရောက်လာတယ်"

ဘလွန်ဇိုခေါင်းညိတ်လိုက်ရပြန်သည်။ သူသည် စီးကရက်တစ်လိပ်မီးညှိပြီး သူ့အတွက် သူတစ်လိပ်ညှိလိုက်သည်။ သူမ၏ စီးကရက်ကို ညှိပေးလိုက်သောအခါတွင် သူမ၏ နှုတ်ခမ်းများ တုန်နေသည်ကို သတိထားမိသည်။

"ကဲ ဘာဖြစ်လို့ပူနေရသလဲ၊ မင်းလက်ကောက်ကို ရက်အတော်ကြာထားဦးမယ်လို့ ရှင်းပြပေါ့။ မင်းအဖေဆီက ငွေလာမှ အပေါင်ဆိုင်က ပြန်ရွေးပြီး ရေမွှန်ကို ပြန်ပေးလိုက်ပေါ့"

"အဲဒီလောက်လွယ်ရင် ဘာပူမလဲ၊ ဒီနေ့ညနေ ကျွန်မကံမကောင်းမှုန်း တွေ့တာနဲ့ ကျွန်မလက်ကောက်ပေါင်ထားတဲ့လူကို ဖုန်းဆက်တယ်။ သူ့နာမည်က ဆီဗိုနေး စိတ်ကောင်းရှိတဲ့လူတော့ မဟုတ်ဘူး"

"လက်ကောက်တွေအကြောင်း သူသိထားတယ်။ ကျွန်မလုပ်တဲ့အလုပ်ဟာ ပြစ်မှုအရာမြောက်တယ်။ မနက်ဖြန် သူ ရဲကိုအကြောင်းကြားမယ်ပေါ့။ ရဲကို အကြောင်းမကြားစေချင်ရင်တော့"

"အို" ဘလွန်ဇိုက ရေရွတ်လိုက်သည်။ "ကိုယ်နားလည်ပါတယ်။ ဥပဒေအရ သူပြောတာမှန်တယ်။ ဒီပြင်သစ်အပေါင်ခံသမားတွေက အတော်စိတ်ပျက်ဖို့ ကောင်းတယ်"

သူသည် ပန်းခြံတန်းကိုဖြတ်၍ မီးခိုးမှုတ်လိုက်လေသည်။

"ကိုယ့်ကို ပြောစမ်းပါဟယ်လင်လေး။ ဆီဗိုနေးကမင်းကို ငွေဘယ်လောက် ထုတ်ချေးလိုက်လဲ"

"ဖရန့်ငွေနှစ်သောင်းပါ။ လက်ကောက်ခြောက်ခုက ဖရန့်ငွေတစ်သိန်းနှစ်သောင်းတန်တယ်"

"သူသည် ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီကလေး ကိုယ်ကုသိုလ်ရေးရှေ့ရှုပြီး အလှူဒါနလေးလုပ်လိုက်မယ်။ မင်းရဲ့ မိတ်ဆွေ မစ္စတာဆီဗိုနေးကို သွားတွေ့ပြီး နှစ်သောင်းပေးလိုက်မယ်။ လက်ကောက်ကိုပြန်ယူလာမယ်။ နောက်ညဥ့်နက်သန်းခေါင်ကျ ကော့တေးလ်ပါတီပွဲလေးကျင်းပရအောင် မင်းရဲ့ဟိုတယ်ကို လာခဲ့မယ်လေ"

သူမ ပင့်သက်ရှိုက်သွားသည်။

"ကျွန်မ မယုံနိုင်အောင်ဘဲ ရှင်သဒ္ဓါတရားထက်သန်လှချည်လား။ ရှင့်ကို ဘယ်လို ကျေးဇူးတင်ရမယ်မှန်းတောင် မသိတော့ဘူး"

"ကဲ ကိုယ်ဆီဗိုနေးကို ဘယ်မှာရှာတွေ့နိုင်မလဲ" ဘလွန်ဇိုက မေးလိုက်သည်။ "နောက်ပြီးရင် မင်းကို ဘယ်မှာ ရှာရမလဲ"

"သူ့အိမ်က ဗာဂေါလ်လက်စ်မှာ ကျွန်မက လက်စ်ပေါလ်မီယာမှာနေတယ်။ ရှင့်ကို ဘာပြောရမလဲမသိတော့ဘူး။ ရှင် အင်မတန်မှ ကောင်းပါတယ်လေ"

"ဘာမှ ပြောမနေနဲ့တော့" ဘလွန်ဇိုက ဖြေလိုက်သည်။ "လက်စ်ပေါလ်မီးယားကိုပြန်ပြီး ကိုယ့်ဆီကကြားတဲ့အထိစောင့်နေ အားလုံးအခြေအနေကောင်းမှာပါ"

အတော်ပင် ကျက်သရေတုံးတဲ့ငနဲဟု ဘလွန်ဇိုက



ထင်မြင်မိသော မွန်စီယာဆီဗိုနေးသည် ဘလွန်ဇိုအား သရော်ပြုံးဖြင့် ကြည့်လေသည်။

"မွန်စီယာ မက်တာဗစ်ခ် ဒီလိုအခက်အခဲရောက်နေတဲ့ အမျိုးသမီးတွေအတွက် ဝန်ထမ်းခြင်းဟာ အမြတ်စွန်းကောင်းကောင်းရှိစေမယ်လို့ ခင်ဗျားယူဆမယ်ဆိုတာ ကျုပ်သံသယမရှိပါဘူး။ အထူးသဖြင့် အမျိုးသမီးက အမေရိကန်သံမဏိဘုရင်တစ်ပါးရဲ့သမီးဖြစ်တော့ ပိုပြီး စီးပွားကိုက်မယ်ပေါ့။ ဒါပေမယ့် ကျုပ်မှာ တခြားအစီအစဉ်တွေရှိပါတယ်"

ဘလွန်ဇိုသည် သူ၏ စီးကရက်ပြာကို ချွေလိုက်သည်။

"ခင်ဗျားက ကျုပ်ကို လက်ကောက်တွေပြန်ရွေးခွင့်မပြုဘူးဆိုတဲ့ သဘောပေါ့"

ဆီဗိုနေးက သွက်သွက်လေးခေါင်းညိတ်လိုက်သည်။

"အတိကျပဲ ဒီညမဒမ်မွိုင်လီကာနဝေးကိုယ်တိုင်လာပြီး အကျိုးအကြောင်း ဆွေးနွေးရင်တော့ ကျုပ်ပေးတဲ့ ငွေပမာဏပြန်ရွေးခွင့်ပေးကောင်းပေးပါ့မယ်။ မဟုတ်ရင်တော့ ရဲကိုသွားဖို့ ကျုပ်မှာတာဝန်ရှိတယ်လို့ ယူဆလိုက်ပါ့မယ်"

မက်တာဗစ်သည် ထရပ်လိုက်သည်။ စားပွဲပေါ်လှမ်းလိုက်ပြီး ဆီဗိုနေး၏ မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်သည်။ ထို့နောက် သူ့အား တွန်းထည့်လိုက်သည်။ ဆီဗိုနေးနောက်ကျွမ်းပစ်ကျသွားသည်။ ဘလွန်ဇိုသည် သူ့နောက်မှလိုက်၍ လက်တစ်ဘက်နှင့်ကောက်ယူပြီး ဆက်တီပေါ်ပစ်တင်လိုက်သည်။

"မနက်ဖြန် မနက်ဆယ်နာရီမှာ မင်းကို ငါလာတွေ့မယ်။ ကျုပ်မှာ ဖရန့်ငွေ နှစ်သောင်းပါလာမယ်။ မင်းဆီက လက်

ကောက်တွေ ကျုပ်ကို လွှဲပေး မဟုတ်ရင်တော့"

သူသည် ဦးထုပ်ကိုကောက်စွပ်ပြီး ဟန်ထည်စွာ ထွက်ခွာ လာခဲ့ပေသည်။ လပ်ကဲပါမီယား ဟိုတယ်၏ လေသာဆောင်တွင် လမ်းလျှောက်နေသော ဟယ်လင်ကာနုဝေးနှင့် မက်တာဗစ် အထက်တွင် လပြည့်ဝန်းကြီး ထွန်းပနေလေသည်။

"ဒါပေမယ့် စာလွှန်ဇို ရှင်ဘာမှမတတ်နိုင်ဘူး။ တကယ် လို့ ဆီဗိုနေးက လက်ကောက်တွေကို ရွေးခွင့်မပေးဘဲ မနက်ဖြန် ရဲကို သွားရင် ကျွန်မကို ဖမ်းကြမှာပဲ။ ဖမ်းကိုဖမ်းရမှာပဲ။ ဒီကိစ္စ ကို ကျွန်မ ဖေဖေသာသိရင် ဘာပြောမလဲ ဘယ်လိုနေမလဲ ရှင် ဘာကိုပြုံးနေတာလဲ"

"ဒီမှာ နားထောင်ဟယ်လင် တို့မရှုံးသေးပါဘူး။ ကိုယ့် အစီအစဉ်က ဒီလိုပါ။ မနက်ဖြန်မနက်(၉)နာရီ သူတို့ဖွင့်ဖွင့်ချင်း အချိန်မှာ ကိုယ်ရေမွှန်ဆီကိုသွားမယ်။ ကိုယ်အဲဒီလက်ကောက် တွေအားလုံးဝယ်လိုက်မယ်။ လွန်ခဲ့တဲ့ရက်တွေက ကိုယ်အဓော် ကံကောင်းခဲ့တာ ဘယ်လိုပဲဖြစ်ဖြစ်လေ အချစ်ဝန်ပေါ့မဟုတ်လား"

သူ၏ လက်ကို သူမဖြစ်ညစ်လိုက်သည်ကို ခံစားရလေ သည်။

"အဲဒီနောက် ကိုယ်ဆီဗိုနေးကို သွားတွေ့မယ်။ လက် ကောက်တွေကို ပြန်ရွေးခွင့်မပေးရင် ရဲကိုတိုင်လိုက်မယ်။ မင်း အဖေဆီက ငွေရရင် မင်းကိုယ့်ကို ပြန်ဆပ်နိုင်တယ်။ ကိုယ်က လည်း အဲဒီဆီဗိုနေးငတိကို ရှင်း၊ ဘာလုပ်ရလုပ်ရ ဖုတ်ပြီလား"

သူမက သက်ပြင်းချလိုက်သည်။ "ရှင်သိပ်တော်တာပဲ ဘာလွှန်ဇို"ဟု ပြောလိုက်သည်။



ထိုတစ်ဒင်္ဂတွင် သူမ၏ နှုတ်ခမ်းက သူ့နှုတ်ခမ်းနှင့် နီးကပ်နေပြီး ယင်းကို သူက အခွင့်ရေးယူလိုက်သည်။

နောက်တစ်နေ့ မနက်ဆယ်နာရီတွင် သားနားသပ်ရပ် စွာ ဝတ်စားထားသော မက်တာဗစ်သည် ဆီဗိုနေး၏ အိမ်ရှေ့ ရောက်လာသည်။ ငွေချေးစားသူကို ချက်ချင်းတွေ့လိုပါသည်ဟု အိမ်ဖော်မကို ပြောလိုက်လေသည်။ အကယ်၍ ဆီဗိုနေးက အချိန် ဆွဲနေပါလျှင် အထဲသို့ အတင်းဝင်၍ ရဲစခန်းသို့ နားခေါင်းဖျားမှ ဆွဲသွားမည်ဟု ပြောလိုက်သည်။

နှစ်မိနစ်အတွင်းမှာပင် သူသည် ငွေချေးစားသူအား ရှုတ်ချသောအကြည့်ဖြင့် ကြည့်လျက် စာကြည့်ခန်းတွင် ရပ်နေ ပေပြီ။

"ဆီဗိုနေး မင်းဟာ ငါ့ကို အတော်ပုတ်ဟောင်တဲ့အနံ့ အကြောင်း သတိရစေတယ်။ မင်းနဲ့မြန်မြန်ကိစ္စပြီးလေ ငါစိတ် ချမ်းသာလေပဲ။ ကဲ အဲဒီလက်ကောက်တွေ ငါ့ကို လွှဲပေးပြီး ငွေရရှိ ကြောင်း ပြေစာတစ်ခုလဲ ရေးပေး မဟုတ်ရင် မင်းကို ရဲစခန်း ခေါ်သွားမယ်"

ဆီဗိုနေးသည် နှာခေါင်းရှုံ့လိုက်သည်။

"သိပ်တော်တယ် သိပ်တော်တဲ့ သူရဲကောင်းလဲဆန်ပါ့။ ကျုပ်ရေမွှန်ဒီနှင့် ဆက်သွယ်တော့ ခင်ဗျား မစ္စတာနာဝေးကိုယ် စားလက်ကောက်တွေ ဝယ်လိုက်ပြီးလို့ ပြောတယ်"

သူသည် ပခုံးတွန့်လိုက်သည်။

"ခင်ဗျားကတော့ ကျေနပ်နေမှာပေါ့" ဟု နိဂုံးချုပ်လိုက် သည်။

သူသည် အံဆွဲဖွင့်၍ လက်ကောက်များထုတ်ယူလိုက်လေသည်။

ခြေထောက်များ မြေပြင်မထိဟုသော ခံစားချက်ဖြင့် မတာဇစ်သည်လက်ပ်ဒေါလ်မီယား ဟိုတယ်ဘက်သို့ လျှောက်လာသည်။ ကုသိုလ်ကံကအတော်ပင် ကောင်းနေပေသည်။ သူသည် သန်းကြွယ်သူ ဌေးတစ်ဦး၏ သမီးလှပချောမောသည့်အပြင် တုံ့ပြန်သဘောကျပုံရသော အမျိုးသမီးတစ်ဦးကို ကယ်နိုင်ခဲ့ပေပြီ။

ရက်အနည်းငယ် အတွင်းမှာပင် သူစိုက်ထားသော ငွေပြန်ရပေလိမ့်မည်။ ထို့အပြင် ဆီဗိုနေးကို ဆုံးမရခွင့်လည်း ရလိုက်ခဲ့သည်ပင်။

ဟယ်လင်သည် ဟိုတယ်ဧည့်ခန်းဆောင်တွင် သူ့ကိုစောင့်နေခဲ့သည်။ သူမ၏ ပေါင်ပေါ်သို့ လက်ကောက်များပစ်ချလိုက်သည်။

"ကဲ ပြီးတာပဲ"ဟု ပြောလိုက်သည်။

သူမက စွဲမက်စဖွယ်အပြုံးဖြင့် ပြုံးပြလိုက်သည်။

"ရှင် တကယ်တော်တာပဲ၊ ကျွန်မလည်း သတင်းကောင်းရထားတယ်၊ ပစ်စဖက်ကနေ ဖေဖေဖုန်းဆက်တယ်။ မနက်ဖြန်ငွေရောက်မယ်တဲ့။ အဲဒီတော့ ရှင့်ငွေတွေအားလုံး ပြန်အပ်ပါ့မယ်။ ဒါပေမယ့် အဲဒီအကောင်ဆိုး ဆီဗိုနေးလက်ထဲက ကယ်တဲ့အတွက်ကတော့ အမြဲအကြွေးတင်နေမှာပါပဲရှင်"

"ဘာမှ တွေးမနေပါနဲ့" ဘလွန်ဒိုက တီးတိုးရွတ်လိုက်သည်။



"ဒီမှာ ခဏလေးစောင့်ပါ ကျွန်မဒါတွေကို ဟိုတယ်မီးခံသေတ္တာထဲ ထည့်ဖို့အပ်ချင်လို့ပါ"

သူစောင့်ဆိုင်းမိသည်။ ဆယ်မိနစ်လောက်ကြာသောအခါတွင် သူသည် ဟိုတယ်လေသာဆောင်ဘက်ထွက်လာမိ၏။ မိန်းမသားများသည် အလှနည်းနည်းပြင်ရန်ပင် အလွန်ပင်ကြာတတ်သည် မဟုတ်ပါလား။

ထို့နောက် သူတစ်စုံတစ်ခု တွေ့လိုက်သည်။ ကရုဏာသက်စွာပြုံးမိလိုက်လေသည်။

ပစ္စည်းပစ္စယများ အပြည့်တင်ဆောင်၍ လမ်းမကြီးအတိုင်း မောင်းနှင်လာသော ခရီးဝေးပြေးကားတွင် လူနှစ်ဦးပါရှိပေသည်။ တစ်ဦးမှာ မစ္စတာဆီဗိုနေးနှင့် အခြားတစ်ဦးမှာ မစ္စဟယ်လင်တာနဓေးဖြစ်ပေသည်။

သူတို့နှင့်အတူ ဘလွန်ဒို၏ ဖရန့်ငွေ ၂သောင်းနှင့် စိန်လက်ကောက် ၆ကွင်းပါသွားပေပြီ။

လူတစ်ယောက်မည်မျှပင် တော်သည်ဖြစ်ပစေ သူ့ထက်ပိုတော်သည့်လူရှိသည်ဟူသော သာဓကတစ်ရပ်ပင် ဖြစ်သည်။

ဘလွန်ဒိုသည် ထိုနေရာတွင် ရပ်တန့်၍ သူ့ကိုလှည့်သွားသည့် ပညာသားပါပါလှည့်ကွက်ကို လေးလေးစားစားတွေးတောမိသည်။

သူသည် ဟိုတယ်ထဲ ပြန်ဝင်ခဲ့သည်။

"မိနစ်တိုင်း တစ်ယောက်မွေးတာပါပဲ"ဟု ဘလွန်ဒိုရေရွတ်လိုက်ရင်း ပစ္စည်းချင်းဂဲထားလိုက်သည်ကို သူတို့နောက်ကျသိလေကောင်းလေဟု တွေးမိနေလေသတည်း။

# ကောင်းတဲ့အလုပ်

## Nice Work

**Peter Cheyney**

ညစ်ပတ်ပေရေနေသော မီးခိုးရောင်ဦးထုပ်ဖျော့တို ဆောင်းထားသူသည် ဘလ်လီဖြူရေခဲတိုက်ကျောက်မြှားခုံတင် ပေါ်မှ ဆင်းလာခဲ့ပုံရပေသည်။ သူသည် ခန္ဓာကိုယ်ထွားကျိုင်းပြီး သူ့မေးစေ့သည် ထောင်ထားသော အပေါ်ကွတ်အကျီကော်လံ အပြင်သို့ချွန်ထွက်နေသည်။ သူ၏ မျက်လုံးများသည် တစ်စုံ တစ်ယောက်ကို ရှာဖွေနေသကဲ့သို့ ကျိုးကန်းတောင်းမှောက် ခြာခြာလည်နေပေသည်။ သူ၏ ဖိနပ်မှာ ပြဟနေပြီး ခြေတစ် လှမ်းလှမ်းတိုင်း ရေညစ်သံမြည်လေသည်။ သူ၏ မျက်နှာပေါ်တွင် လေးရက်စာမုတ်ဆိတ်ကျင်စွယ်များရှိ၏။ သူသည် အုတ်နံရံများ၏ အရိပ်ထဲမှသာ လျှောက်နေခဲ့သည်။ သူ၏ လက်သည် သူ၏ကွတ် အကျီထဲတွင် ဒသမ ၃၈ ရဲသုံးသေနတ်တစ်လက်၏ ဒင်ကို ကိုင်ဆုပ်ထား၏။ ယင်းသေနတ်၏ ပိုင်ရှင်ရဲသည် သူရဲသတ္တိပြောင် ာက်စွာ တာဝန်ထမ်းဆောင်၍ သူရဲကောင်းဘွဲ့ချီးမြှင့်ခံခဲ့ရ ပေသည်။

ယင်းလူတွင် အတွင်းအကျီသော်လည်းကောင်း၊ ကော်လံ သော်လည်းကောင်း မရှိချေ။ အပေါ်ကွတ်အကျီအောက်တွင် ချည်စွပ်ကျယ်တစ်ထည်သာ ဝတ်ဆင်ထား၏။ အပေါ်ရုံကွတ် အကျီ၏ အောက်မှ ထွက်ပေါ်နေသော ဘောင်းဘီခြေထောက် များသည် တိုလွန်းနေပြီး ခေါက်ရိုးများတွင် နယူးယောက်ရွှံ့မြေ မဟုတ်သောရွှံ့မြေများ ပေကျံနေသည်

စတိုးဆိုင်တစ်ခုကိုသော်လည်းကောင်း၊ အလင်းရောက် ရှိသည့် နေရာကိုသော်လည်းကောင်း ဖြတ်သန်းတိုင်းတွင် သူသည် ကော်လံထဲခေါင်းပုဝင်လိုက်လေ့ရှိသည်။ တစ်ကြိမ်တွင်မူ ချာတိတ်

လေးတစ်ယောက်ပေါင်မုန့်ကိုင်သွားသည်ကို တွေ့သောအခါတွင် သူသည် ဆာလောင်နေသော ခွေးတစ်ကောင်ကဲ့သို့ နှုတ်ခမ်းလျက်လိုက်လေသည်။ သူ့နှာခေါင်းက သူ့ကို ဒုက္ခပေးနေခဲ့ပေသည်။ သူ့တွင် လက်ကိုင်ပဝါမရှိချေ။ နှာခေါင်းကလည်း ရောင်နေပေပြီ။

သူသည် ကန်မာရီအရောက်တွင် ဘိုဝီရီလမ်းမှ ချိုးဆင်းလိုက်သည်။ သူသည် ထော့နင်းထော့နင်းဖြင့် လျှောက်နေခဲ့သည်။ သူသည် ဖိနပ်ပေါက်ရှိသော ညာခြေထောက်တွင် အပူဖုကြီးရှိနေပေသည်။ သူသည် ကြိုးစားပန်းစားခြေလှမ်းသွက်လိုက်သည်။ မော့လမ်းပေါ်တွင် သတင်းစာရောင်းသည့် ချာတိတ်ကို တွေ့လိုက်သည်။

ချာတိတ်သည် ပလက်ဖောင်းစွန်းတွင် ရပ်တန့်၍ လျှောက်ကြည့်နေခဲ့သည်။ ညစ်ပတ်ပေရေနေသော မီးခိုးရောင် ဦးထုပ်ပျော့နှင့် လူကို တွေ့သောအခါတွင် လမ်းကူးလာပြီး မှောင်ရိပ်ထဲတွင် ရပ်လိုက်သည်။ ထော့နဲ့သွားနေသော သူသည်လည်း လမ်းဖြတ်ကူးပြီး ခြေလှမ်းနှေးလိုက်လေသည်။ သူသည်လည်း ပတ်ခြာလည်ကြည့်ပြီးနောက် ချာတိတ်ဆီသို့ လျှောက်သွားသည်။

ချာတိတ်သည် သူ့ကို သတင်းစာရောင်းသည့်ပုံလုပ်လိုက်သည်။ ထော့နဲ့တေီက ယူလိုက်သည်။ မျက်နှာဖုံးပေါ်တွင် သူ၏ ဓါတ်ပုံကိုတွေ့ရပြီး၊ နဖူးစီးစာတန်းအမည်းကြီး တွေ့ရပေသည်။ "ဖရီးမာ ထောင်ဖောက်ပြေး၊ အစောင့်နှစ်ယောက်သတ်"။ သူပင်ဖြစ်သည်။

သူသည် ချာတိတ်ကိုပါးစပ်ထောင့်ဖြင့် စကားပြော၏။



စကားမပြောခင် နှုတ်ခမ်းလျှက်လိုက်သေးသည်။

"မြန်မြန်ပြော ဖရန်ချီနီရဲ့ဆံပင်ဝါမ ဘယ်မှာလဲ"

ချာတိတ်က သွားဖြီးပြုံးလိုက်သည်။

"ခင်ဗျား ကံကောင်းတယ်။ သူ မော့ကီဆိုင်မှာရှိတယ်။ အဲဒီမှာ အချိန်ဖြုန်းတာများတယ်။ နောက်ပြီး အရက်သောက်သလားမမေးနဲ့ ဝိုင်အရက်ဘုရင်မပဲ။ ဝိုင်ခွက်ကုန်တော့ ရမ်နဲ့ပိတ်သေးတယ်" တေီက တိုးတိုးရေရွတ်ကျိန်ဆဲလိုက်သည်။

"သူ ရေဘယ်ကရသလဲ"

သတင်းစာရောင်းသည့် ချာတိတ်က စနစ်တကျတံတွေးထွေးလိုက်သည်။

"ဘယ်ကမှမရဘူး။ မော့ကီက အကြွေးမှတ်နေတာ" ချာတိတ်က လေသံနိမ့်ချလိုက်လေသည်။ "သတင်းစာထဲမှာ ခင်ဗျားအကြောင်းကို တွေ့တယ်လေ။ ခင်ဗျားကို အသေရရ အရှင်ရရ ငါးထောင်တဲ့ ဘယ်လိုသဘောရလဲ သူငယ်ချင်း"

သို့သော် ထိုလူက ထွက်ခွာသွားပြီးဖြစ်သည်။ အမှောင်ထဲဝင်ရောက်ပျောက်ကွယ်သွားသူကိုကြည့်ပြီး ချာတိတ်သည် တံတွေး တစ်ချက်ထွေးလိုက်ပြန်သည်။

တေီသည် ဆိပ်ကမ်းဘက်သို့ လျှောက်လာခဲ့ပေသည်။ လမ်းကြားမီးရောင်အောက်တွင် ရပ်၍ သတင်းစာဖတ်လိုက်သည်။ ချာတိတ်ပြောတာ အမှန်ပင်၊ သူ့ကိုအသေရရအရှင်ရရ ငါးထောင်ပေးမည်ဖြစ်သည်။ သူသည် နှုတ်ခမ်းလျှက်ပြီး ပြုံးလိုက်သည်။ ထို့နောက် မြေခွေးတစ်ကောင်ကဲ့သို့ ဆက်လက်လမ်းလျှောက်ခဲ့ပေသည်။

ဆိပ်ကမ်းဘက်အပိုင်းတွင်ရှိသော မော့ကီ၏ဆိုင်လှေကားအတိုင်း ဆင်းလာချိန်တွင် သန်းခေါင်တိုင်နေပေပြီ။ ဆိုင်ထဲတွင် လူသူကင်းမဲ့သလောက်ပင်ရှိနေပြီ။ မော့ကီသည် ဘားကောင်တာကို မှီလျက် သတင်းစာဖတ်နေခဲ့သည်။ ထော့နဲ့ငတီသည် ဖြည်းလေးစွာ ဖြတ်လျှောက်သွားပြီး မော့ကီကိုကြည့်လိုက်သည်။

"မင်းပါးစပ်ပိတ်ထား၊ ပိတ်ထားရတာကိုလဲ ကျေနပ်ပါ။ သံသယဖြစ်စရာတစ်ခုခုကို တစ်ယောက်ကလုပ်တာနဲ့ ငါ့အိတ်ထဲက သေနတ်ကပွင့်ထွက်သွားလိမ့်မယ်။ ဖရန်ချီနီအမျိုးသမီး ဘယ်မှာလဲ"

မော့ကီက ထောင့်စွန်းသို့ မေးဆတ်ပြလိုက်သည်။ ငတီက လှမ်းကြည့်ပြီး သူမကို တွေ့လိုက်သည်။ မော့ကီ၏ တံတောင်ဆစ်နားတွင် ဝိုင်အရက်တစ်ခွက်ရှိနေခဲ့သည်။ ငတီသည် ခွက်ကိုကောက်၍ မော့ချလိုက်သည်။ ထို့နောက် အမျိုးသမီးထံသို့ ထော့နဲ့သွားလေတော့၏။

သူမသည် အသက်(၂၈)နှစ်ရှိပြီး၊ လှပတုန်းဖြစ်သည်။ အတော်မူးနေပြီ၊ သူမ၏ ရှေ့တွင် ဘာဂါဒီတံဆိပ်တုနှင့် ရှိုဂတ်အရက်ပုလင်းတစ်ဝက်ဆာမျှရှိနေပေသေးသည်။ မျက်လုံးများစင်းနေပြီး၊ မိတ်ကပ်များပြယ်နေပေသည်။ သူမအသားအရေမှာကောင်းသေးပြီး၊ လက်များကမူ တုန်ယင်နေသည်။ သူမသည် လေးလက်မခွာဖိနပ်ဖြင့် ကြမ်းပြင်ကို ခတ်နေခဲ့သည်။

ငတီသည် သူမ ရှေ့ခုံတွင်ပစ်ထိုင်ချလိုက်သည်။ သူမသည် ကုလားထိုင်ကိုကြည့်လိုက်သည်။ ထို့နောက် သူ့ကို ကြည့်သည်။



"အဲဒီတော့ ဘာဖြစ်သလဲ၊ ငါးထောင်တန်တာ ရှင် တစ်ယောက်တည်းမဟုတ်ပါဘူး။ ထောင်ဖောက်နိုင်ခဲ့လို့ ကျေနပ်နေတယ်ထင်တယ်။ အင်း ရှင့်ကို မိရင်မိမှာပေါ့အရှုးရဲ့။ သူတို့ ပြန်ဖမ်းမိလေ့ရှိတတ်တာပဲ။ ဒါနဲ့ ရှင်က ဘာလိုချင်တာလဲ"ဟု သူမကသရော်ပြုံးဖြင့် မေးခဲ့သည်။

သူသည် သူမဘက်သို့ ယိမ်းလိုက်သည်။

"ဒီမှာ နားထောင်စမ်း ကလေး ငါမြန်မြန်ပြောစရာရှိတယ်။ မင်းနားထောင်ရမယ်။ ငါ့ခြေပေါ် ရပ်နေတာ ၄၈နာရီရှိပြီ။ ငါပုန်းဖို့ ကွယ်ဖို့မရလို့ ပြန်မိသွားရင် အကျော်ခံရမှာပဲ။ (လျှပ်စစ်ကုလားထိုင်သေဒဏ်ပေးခြင်းကို ဆိုလိုသည်။ ဘာသာပြန်သူ) ငါလဲ အားကုန်သလောက်ဖြစ်နေပြီး၊ ငါ သိပ်ပြီးဆာလောင်နေတယ်။ အရက်နည်းနည်းသောက်ရရင် ကောင်းမယ်"

သူမက အရက်ပုလင်းကို တိုးပေးလိုက်ရာ သူက တစ်ကြိုက်သောက်လိုက်သည်။ "ဒါပေမယ့် ကျုပ်ဖရန်ချီနီနဲ့ ဆက်သွယ်ရမယ်။ ငါ သူ့ကို တွေ့ဖို့အရေးကြီးတယ်။ သူဘယ်မှာရှိမှန်း မသိဘူးဆိုတဲ့ ဖိန့်လုံးတော့ မလုပ်နဲ့။ ငါ အားလုံးသိတယ်။ သူ့အတွက်လည်း ဆုငွေငါးထောင်ထုတ်ထားတယ် မဟုတ်လား။ မင်းဟာ သူ့ကောင်မ မဟုတ်လား။ ကဲ မင်းသိကို သိရမှာပဲ"

သူမသည် ခေါင်းကိုဆတ်ခနဲမော့ပြီး သူ့ကိုကြည့်လိုက်သည်။ သူမ၏ မျက်လုံးတွင် စိတ်ဝင်စားမှု အရိပ်အရောင်တွေ့ရပေသည်။

"ငါ ဒီည မာရလ်လီနဲ့ဆက်သွယ်ခဲ့တယ်။ ငါ တစ်နေရာရာမှာ နှစ်ရက်လောက်ပုန်းနေနိုင်ရင် ဖရန်ချီနီနှင့် ငါ့ကို လွှတ်

သွားအောင် လုပ်ပေးနိုင်တယ်တဲ့။ ကဲ ဖရန်ချီနိုဘယ်မှာ ပုန်းနေလဲ၊ ငါ့ကို သူနဲ့တွေ့ပေး၊ နောက်နှစ်နာရီဆို ငါ့ကို သူတို့မိသွားမယ်။ မာရယ်လီက ငါတို့ကို ဒီနေရာကနေ နှစ်ရက်မှာ လွတ်အောင်လုပ်ပေးနိုင်တယ်။ သူ့ကိုပိုက်ဆံရအောင် ငါစီစဉ်ပေးနိုင်တာကိုလည်း သူသိတယ်။ ကဲ တို့အလဲအလှယ်လုပ်ကြရအောင်"

"ငါ့ကို အဲဒီပုန်းခိုရာကိုပို့ပေး ငါ့မှာ ပိုက်ဆံမရှိဘူး။ ကျည်မရှိတဲ့သေနတ်နှစ်ချောင်းကလွဲလို့ ဘာမှမရှိဘူး။ ငါ့အတွက် အစားအသောက်နည်းနည်း စီစဉ်ပေးပြီး မာရယ်လီကိုဆက်သွယ်၊ ကြာသပတေးနေ့ဆိုရင် တို့ဒီကထွက်နိုင်အောင် သူစီစဉ်ပေးလိမ့်မယ်။ ဖရန်ချီနိုနဲ့ ပုန်းဖို့အခွင့်အရေးကို စရိတ်ခံတာနဲ့လဲမယ်။ ကဲ ဘယ်နဲ့လဲ သဘောတူလား"

သူမ ပြုံးလိုက်လေသည်။ သူမ၏ သွားများသည် ဖြူဖွေးညီညာနေပေသည်။

"ရှင်တို့ နှစ်ယောက်ကတော့ တကယ်ဟားလောက်စရာ လူသတ်သမားတွေပဲ။ နှစ်ယောက်လုံးထောင်ဖောက်ပြေး၊ နှစ်ယောက်လုံးသေမလောက်ကြောက်နေကြ" သူမသည် သတင်းစာကိုကြည့်လိုက်သည်။ "ရှင်က မြစ်ညာထောင်ကဖောက်ခဲ့တယ်ပေါ့၊ ရှင် ဒီကို ဘယ်လိုလုပ်ရောက်လဲ၊ ကားတစ်စီးပြန်ပေးဆွဲလာလား"

သူ ခေါင်းညိတ်လိုက်သည်။ "ဖို့ကားနဲ့ဝေါ်တစ်ကောင်ကို ဖြုတ်ခဲ့တယ်။ သေတယ်ထင်တာပဲ။ ကျည်နှစ်တောင့်ဝင်သွားတယ်။ အခုတော့ ကျုပ်ကိုဆွဲစရာအကြောင်းအများကြီး ရှိသွားပြီပေါ့"



သူမသည် အရက်တစ်ခွက်သောက်လိုက်ပြီး ပုလင်းကို သူ့ဘက်တိုးလိုက်ပြန်သည်။

"အဲဒီအိမ်တော်ကြီးမှာ လှိုက်ရှုရင်းဆိုတဲ့ သူနဲ့ဆုံခဲ့လား" ချာတိတ်ပါ အသက်(၂၃)နှစ်လောက်ရှိမယ်။ လူသတ်မှုအတွက် ထောင်တစ်သက်ကျသွားတယ်"

သူ ခေါင်းညိတ်လိုက်လေသည်။

"သိတယ် ပိုလ်ကတ်၊ စားသောက်ဆိုင်က ဂါလင်ကိုသတ်တဲ့ကောင်၊ သူ မကျူးလွန်ခဲ့ပါဘူးလို့ ပြောတယ်။ တခြားလူအတွက် အစားဝင်ခံရတာလို့လဲ ပြောတယ်။ သူက မဆိုးရှာပါဘူး။ နေမကောင်းဘူး။ ငွေလည်းမရှိဘူး။ ဒီတော့ ဂုန်လျှော်စက်မှာ အလုပ်ခိုင်းထားတယ်။ တီဘီရှိတယ်။ ဂုန်လျှော်ဌာနမှာလုပ်ရင် ဒီလိုပဲဖြစ်တယ်။ တကယ်အမှုကျူးလွန်တဲ့လူရဲ့ အရှုံးလုပ်တာကိုခံရတာလို့ထင်တယ်။ ဒါပေမယ့် ရေငုံနှုတ်ပိတ်နေတယ်။ အဲဒါကြောင့် သူ့အတွက် အခြေအနေပိုဆိုးနေတယ်။ သူ သိပ်ကြာကြာခံမယ် မထင်ပါဘူး"

သူမသည် သူ့ကို ကြည့်လိုက်သည်။

"ဘာလို့ထောင်မဖောက်သလဲ၊ ရှင်ဖောက်ခဲ့တာပဲ။ သူ ဘာလို့မဖောက်နိုင်လဲ"

သူပြုံးလိုက်သည်။ "ငါက အပြင်မှာ သူငယ်ချင်းတွေရှိတယ်။ ငွေရှိတဲ့မိတ်ဆွေတွေက ထောင်ဖောက်လို့ရပါတယ်။ ဒါပေမယ့် ငွေကုန်တယ်။ ငါထောင်ဖောက်နိုင်ဖို့ ငါ့မိတ်ဆွေတွေ ငွေစုနစ်ထောင်ကုန်သွားတယ်"

သူမပြုံးလိုက်လေသည်။

"ရှင်က ကြေးကြီးသား၊ ရှင်ထောင်ဖောက်နိုင်ဖို့ ခုနစ်ထောင်ကျတယ်။ ရဲတွေက ငါးထောင်ပေးနေတယ်။ ရှင်လက်မထောင်နေဖို့ကောင်းတယ်"

သူချောင်းဆိုးလိုက်သည်။ စားပွဲအောက်တွင် သူ၏ ဖိနပ်ရေညစ်သံမြည်သွား၏။

"ဒီမှာ နားထောင်" သူမက ပြောလိုက်သည်။ "ကျွန်မ စီစဉ်ပေးမယ်။ မာရယ်လီက ရှင်တို့ကို အဝေးပြေးနိုင်အောင် စီစဉ်ပေးနိုင်တဲ့အထိ ဖရန်ချီနီနှင့်တည်းခိုဖို့ လုပ်ပေးမယ်။ ဖရန်ချီနီမှာ ရှင့်လိုပိုက်ဆံရှိတဲ့အပေါင်းအသင်းမရှိဘူး။ အဆက်အသွယ်မရှိဘူး။ ပုန်းနေတဲ့နေရာခေါင်းပြုတာနဲ့အဖမ်းခံရမှာပဲ။ သူ့အတွက်လည်း ဆုငွေငါးထောင်ထုတ်ထားတယ်"

"ကဲ အခုနားထောင် ကျွန်မအပြင်ဘက်ထွက် ကားငှားမယ်။ ရှင်ကားထဲဝင်တော့ ဒရိုင်ဘာမမြင်အောင် ဦးထုပ်ကို ခပ်အုပ်အုပ်ဆောင်းထား။ ပါရာတာဆိပ်က တိုက်လမ်းကြားမှာ ရပ်နိုင်း၊ အဲဒီလမ်းအောက်ပိုင်းမှာ ဂိုထောင်ပျက်ကြီးတစ်ခုရှိတယ်။ ဖရန်ချီနီက အပေါ်ဆုံးထပ်မှာ၊ ဒါပေမယ့် သတိထား သူ မသိတဲ့သူဆိုရင် ပစ်ထည့်လိုက်လိမ့်မယ်"

နောက် နာရီဝက်လောက်မှာ ကျွန်မလိုက်လာခဲ့မယ်။ ကျွန်မ လာရင် မာရယ်လီကို ဘယ်မှာဆက်သွယ်ရမယ်ဆိုတာကို ရှင်ပြောပြ။ ကျွန်မဆက်သွယ်ပြီး အလုပ်လုပ်ကြမယ်။ ကဲ သွားမယ်။ လူသတ်သမား"

ဖရန်ချီနီသည် တံခါးဖွင့်ပြီးထော့နဲ့လူကိုကြည့်လိုက်သည်။ ဖရန်ချီနီသည် အရပ်ရှည်ရှည် ပိန်ပိန်ညစ်ပတ်ပေရေနေ



ပေသည်။ သူသည် ရက်သတ္တပတ်တစ်ပတ်မျှ မုတ်ဆိတ်မရိတ်ရသေးချေ။ သူ၏ နှုတ်ခမ်းသည် ကုတ်ကင်းစွမ်းကြောင့်တွန့်နေဆဲဖြစ်သည်။

သူသွားဖြီးပြုံးလိုက်သည်။ "ဝင်ခဲ့ပါ၊ ခင်ဗျားက ဖရီမာလား။ ကောင်မ ကျုပ်ကို ဖုန်းဆက်တယ်။ ဒီငရဲခန်းထဲက ထွက်ရမယ်ဆို နိဗ္ဗာန်ပဲ။ ကျုပ်တော့ ကနေဒါကိုပြေးမယ်"

အခြားတစ်ဦးက သွားဖြီးလိုက်သည်။

"ကျုပ်လဲ ကနေဒါပဲ"

သူသည် တံခါးကိုပိတ်၊ ချက်ထိုးလိုက်ပြီး စားပွဲပေါ်ရှိ အရက်ပုလင်းမှ တစ်ကြိုက်ချလိုက်သည်။ ပုလင်းဘေးတွင် အော့တိုမက်တစ်ပစ္စတိုတစ်လက်ချထား၏။ ဖရန်ချီနီ၏ လက်ထဲတွင် နောက်တစ်လက်ရှိ၏။

ဖရန်ချီနီသည်၊ ဒုတိယသေနတ်ကို ပထမသေနတ်နှင့် ယှဉ်ချလိုက်လေသည်။

"ခင်ဗျားမှာ သေနတ်ရှိလား"

ဖရီမာသည် ရဲပစ္စတိုကိုအိတ်ထဲမှ ဆွဲထုတ်၍ စားပွဲပေါ် ပစ်တင်လိုက်သည်။

"ကျည်ဆံမရှိဘူး။ နှစ်တောင့်ထဲရှိတာကို ဒီကအဆင်းမှာ ဖြောင်ခဲ့တဲ့ဖို့သမားအတွက် သုံးခဲ့တယ်"

ဖရန်ချီနီသည် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်တို့ကောင်မကို စောင့်မယ်"

သူတို့သည် စားပွဲတွင်ထိုင်ရင်း ပုလင်းကို တစ်ကြိုက်စီ မော့နေခဲ့ကြပေသည်။

တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ ဖရန်ချီနိုက အရက်ပုလင်းတစ်ကြိုက်မော့နေခိုက်မှာပင် အပြင်ဘက်လမ်းချိုးတွင် ကားတစ်စင်းအပြင်းကွေ့လာသည့် အသံကိုကြားရလေသည်။ စားပွဲအောက်တွင် လက်လျှိုထားခဲ့သော ဖရီမာသည် စားပွဲကို လှန်ချလိုက်သည်။ သေနတ်များကြမ်းပေါ် ကျသွားသည်နှင့်တစ်ချိန်တည်းမှာပင် ဖရီမာသည် ဖရန်ချီနိုကို ခုန်အုပ်လိုက်လေသည်။

တံခါးပေါက်သည် ဝုန်းခနဲပွင့်ထွက်သွား၏။ ရဲမှူးတစ်ဦးဦးစီးလာသော ရဲတပ်သားခြောက်ဦး သေနတ်များအသင့်ဖြင့် အခန်းထဲပြေးဝင်လာကြသည်။

"လက်မြှောက်လိုက်ဘဲတွေ၊ မင်းတို့ နှစ်ယောက်လျှပ်စစ်ခုံနှင့်ရက်ချိန်းရှိတယ်။ ဘာမှမကြာနဲ့တော့" သူသည် ဖရန်ချီနိုကို လက်ထိပ်ခတ်လိုက်ပြီး အခြားလက်ထိပ်တစ်စုံဖြင့် ဖရီမာဘက် လှည့်လိုက်သည်။

ဖရီမာက လက်မြှောက်လျက်ပင် ပြောလိုက်သည်။

"ကောင်းပါပြီရဲမှူး ကျုပ်ကွတ်အကျီရဲ့ ချုပ်ရိုးထဲမှာကြည့်ပါ။ ကျုပ်တံဆိပ်ကို တွေ့ရမယ်။ ကျုပ်နာမည် လမ်မီကောရှင်း၊ နယူးယောက်ဂျီတပ်ခွဲကပါ။ ဖရန်ချီနိုကို ဖမ်းဖို့ ဒီနည်းနဲ့ ကြံခဲ့တာပဲ။ ကောင်မက ခင်ဗျားတို့ဆီလာပြီး ရင်ဖွင့်မယ်လို့ ကျုပ်တွက်ခဲ့ပါတယ်"

ရဲမှူးသည် တံဆိပ်ကိုတွေ့၏။ ကောရှင်းအား လက်နှစ်ဘက်ကိုချခိုင်းလိုက်သည်။ ဖရန်ချီနိုသည် အခန်းထောင့်တွင် အော့အံ့နေလေသည်။

"မင်းဟာ အရူးပဲဖရန်ချီနို" ထောက်လှမ်းရေးမှူးက



ပြောလိုက်သည်။ "မင်းကောင်မဟာ ဟိုကတည်းကလှိုက်ရှုရင်းကိုနိုက်နေခဲ့တာကွ။ မင်းသိဖို့ကောင်းတယ်။ ဖရီမာဆိုတဲ့ ငတိတစ်ကောင်ထောင်ဖောက်ပြေးတဲ့အကြောင်း လုပ်ကြံသတင်းထုတ်လိုက်ရင် ကောင်မကျမှာပဲလို့ တွက်ခဲ့တယ်"

မိန်းမတစ်ယောက်ဟာ ငတိတစ်ကောင်ကိုခိုက်နေပြီ။ အဲဒီငတိကိုလွတ်မြောက်စေမယ့်လမ်း ရှိနေရင် အဲဒီအခွင့်အရေး မယူဘဲရှိပါ့မလား။ အထူးသဖြင့် သူကောင့်ဟာ ကောင်မကျူးလွန်တဲ့အမှုအတွက် ဒဏ်ခံပြီး၊ တီဘီသင့်နေမှန်းသိတော့ ပိုဆိုးတာပေါ့ကွာ"

"ကျုပ်တို့ကို ရဲလက်အပ်လို့ရမယ့်ငွေတစ်သောင်းနဲ့ သူ့ချစ်သူကို ထောင်ဖောက်ပေးမယ်လို့ ရှယ်မှာပေါ့၊ ကဲ သူ့ကို ခေါ်သွားတော့ သူငယ်ချင်းတို့"

စုံထောက်သည် လှေကားအတိုင်းထော့နင်းနှင့်အတူ ဆင်းသွားသည်။ ဘားကောင်တာသို့ လျှောက်သွားပြီး ဝိုင်တစ်ခွက် မှာလိုက်သည်။ မော့ကီသည် ခွက်ကိုတွန်းပေးလိုက်သည်။

စုံထောက်က ခွက်ကိုကောက်ယူပြီး အမျိုးသမီး စိတ်ဓာတ်ကျစွာ ထိုင်နေသော ထောင့်စားပွဲသို့ လျှောက်လာသည်။ သူမသည် ခေါင်းကိုလက်မောင်းအပ်၍ ငိုရှိုက်နေခဲ့သည်။

သူသည် သူမနှင့်မျက်နှာချင်းဆိုင်ထိုင်ပြီး စားပွဲပေါ်သို့ ပုလင်းတင်လိုက်သည်။ သူမ မေးစေ့အောက်သို့ လက်ထောက်၍ ပင့်လိုက်သည်။ သူမ ကုလားထိုင်တွင်နောက်ပြန်ကျသွားသည်။

"တိတ်တော့ညီမ ဘဝဆိုတာကြမ်းတမ်းတယ်။ ဆုငွေ ရဘူးလို့ သူတို့ပြောခဲ့ပြီပဲ။ အခြေအနေက အဲဒီလိုပဲ။ ကဲ အရက်

သောက်ပြီး မျက်ရည်သုတ်လိုက်တော့ ဖောက်သည်တွေ စိတ်ညစ်ကုန်ဦးမယ်"

သူမ ခွက်ကို မ၍ သောက်လိုက်သည်။

"ရှင်က ရယ်မှာပေါ့ရဲမှူးကြီးရဲ့ ရှင် ကျွန်မကို လှည့်သွားနိုင်ခဲ့တာကိုး။ ကျွန်မ အာချောင်တာနဲ့ သူ့ကို ရှင်တို့မိသွားတာ ကျွန်မတော့ အမှိုက်ပုံပေါ် ကျန်ခဲ့ပါပြီရှင်"

စုံထောက်က ပြုံးလိုက်သည်။

"နားထောင်အချစ် ဟန်ဆောင်လုပ်ရတာ လွယ်တာမဟုတ်ဘူး။ ငါက တကယ်ပဲနှစ်ရက်အစာငတ်ခဲ့ပြီး၊ ဖိနပ်ပေါက်အောင်လျှောက်ခဲ့ရတယ်ကွ" လမ်မီကောရှင်းက ဆက်ပြောသည်။ "နောက်တစ်ခုက မင်းထင်သလောက် မဆိုးပါဘူး။ မင်း ချစ်သူက အမှုမကျူးလွန်ခဲ့ပါဘူးလို့ ငါအစကတည်းက ထင်ခဲ့တယ်။ တကယ်တမ်းက ဖရန်ချီနီအလုပ်ကို သူဝင်ခံခဲ့တာ။ ဖရန်ချီနီ ပျောက်သွားတော့ တို့ကလဲ ဒီဇာတ်ကိုဖန်တီးလိုက်ရတာပေါ့"

"ကဲ အရက်သောက်ပြီး တစ်ခုခုသွားစားကြရအောင် ဗဟိုလမ်းမှာ လှိုက်ရှရင်းဆိုတဲ့ လူတစ်ယောက် မင်းကိုစောင့်နေတယ်။ သူ့ကို မနက်ကပဲ လွတ်ပေးခဲ့တယ်။ မင်းကို လက်ထပ်ဖို့လဲ သူရည်ရွယ်ပုံရတယ်ကွ"

"တခြား မေးခွန်းတွေ မေးမနေပါနဲ့တော့။ ဂုန်လျှော်ဌာနမှာလဲ သူမလုပ်ခဲ့ရဘူး။ တီဘီလဲ မဖြစ်ဘူးပါဘူးကွာ"

"ရှင်. . ရှင်ကော ဖိနပ်ပေါက်တာအတွက် ဘာကောင်းလဲသိလားဟင်"

"ငါက ရဲစုံထောက်ဆိုတော့"

# ဂျင်ထိုး

# The Pin

**Peter Cheyney**

(၁)

အကယ်၍သင်သည် လန်ဒန်မြို့၏ အနောက်ပိုင်းတွင် နေထိုင်လျှင် ဦးထုပ်၊ ဖိနပ်ကောင်းဝတ်စားထားသော်လည်း တစ်စစီပြုတ်ကျလုမတတ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်ထားသူကို တွေ့ပါက မအံ့သြပါနှင့် ထိုသူကို အသေအချာကြည့်သည်နှင့် အမျှ သူဝတ်ဆင်ထားသော ဝတ်စုံသည် တစ်ချိန်က အလွန်လှပ တန်ဖိုးကြီး နာမည်ကြီးအပ်ချုပ်ဆရာ၏ လက်ရာမှန်း မြင်ရပါလိမ့်မည်။

ထိုဝတ်စုံကို ဝတ်ဆင်ထားသူသည် မစ္စတာလူးဝစ်ဝေါဖွတ်ဖြစ်မှန်းသိပါလျှင် သင်ပို၍အံ့သြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဝေါဖွတ်သည် ထိုသို့သော အဝတ်အစား အစုတ်အပြတ်ကို ဝတ်ဆင်စရာမလိုအောင် ကြွယ်ဝသူ ဖြစ်သောကြောင့် ဖြစ်သည်။

သို့သော်လည်း မစ္စတာဝေါဖွတ်သည် ထိုဝတ်စုံကိုတစ်နှစ်တွင်တစ်ရက် အောက်တိုဘာလ(၂၁)ရက် တစ်နေ့တည်းတွင်သာ ဝတ်ဆင်လေ့ရှိသည်။ ကျန်သည့်ရက်ပေါင်းသုံးရာခြောက်ဆယ့်လေးရက်တွင် ထိုဝတ်စုံသည် မစ္စတာဝေါဖွတ်၏ ဗီရိုထဲတွင် ပိုးစလွှမ်း၍ ချိတ်လျက်သားသာရှိတတ်သည်။ ယင်းဝတ်စုံကို မစ္စတာဝေါဖွတ်သာလျှင် ဖုန်ခါလေ့ရှိသည်။ မစ္စတာဝေါဖွတ်မှ လွဲ၍ မည်သူမျှမကိုင်တွယ်ရချေ။ မစ္စတာလူးဝစ်ဝေါဖွတ်သည် တစ်ချိန်က ဗြိတိသျှပြဇာတ်မင်းသားတစ်ဦးဖြစ်ခဲ့သည်။ သို့သော်လည်း တခြားအနုပညာသမားများကဲ့သို့ ကိုယ့်ပညာမှသာ ပညာဟုမာနတတ်လေ့မရှိခဲ့ချေ။ ယင်းပြဇာတ်မှ ဝင်ငွေရနေ၍သာလျှင်

ပြဇာတ်မင်းသားလုပ်ခြင်းသာဖြစ်သည်။

သူသည် ထိုဝင်ငွေစာရင်းနှင့် ပတ်သက်၍မူ အထူးအလေးထားလေ့ရှိသည်။ တစ်ချိန်ချိန်တွင် သူခေတ်မစားတော့လျှင် သူ့ရှေ့တွင် ထိုင်နေသော သူ့မိတ်ဆွေများဟုဆိုသော ပရိတ်သတ်များက ဩဘာပေးတော့မည်မဟုတ်ချေ။ သူသည် အင့်မတန် ခြိုးခြံစုဆောင်းသောသူဖြစ်ပြီး၊ တစ်ပတ်စာအသုံးစရိတ်မှလွဲ၍ ကျန်ဝင်ငွေအားလုံးကို ဘဏ်အပ်လေ့ရှိသည်။ မည်သို့သော အခက်အခဲကြုံသည် ဖြစ်ပစေ ဘဏ်မှငွေကို ထုတ်ယူသုံးစွဲခြင်း မပြုတတ်ချေ။

ပေါလ်ချက်စတာမြို့သို့ ရထားဦးတည်သွားနေစဉ် မစ္စတာဝေါဖွတ်သည် ဆည်းဆာနေကိုကြည့်ရင်း ကိုယ့်ကိုကိုယ် ဒေါသဖြစ်နေမိခဲ့သည်။ သူသည် ဤအပတ်တွင် ဝေါလ်ချက်စတာမြို့တွင် ကပြရန်ဖြစ်သည်။ ယခုဤမြို့သို့အလာ နောက်ဆုံးမြို့မှအထွက်တွင် သူအမြဲမသွေ စောင့်ထိန်းသော စည်းကမ်းတစ်ခုကို ဖောက်ဖျက်ခဲ့သည်။ ယင်းမှာ ခရီးသွားဖော်အချို့နှင့် ပိုကာရိုက်မိခဲ့ခြင်းပင်ဖြစ်သည်။ ပိုကာရှုံးသောကြောင့် ခုနစ်ရက်သုံးရမည့် အသုံးစရိတ်သည် ပထမတစ်ရက်တည်းနှင့် ကုန်နေသည်ကို ကြုံတွေ့ရသည်။ ဖဲမရိုက်ဟူသော စည်းကမ်းကို ဖောက်မိသောကြောင့် ယခုအခြားစည်းကမ်းတစ်ခုကိုပါ ဖောက်ရမလိုဖြစ်နေသည်။ ယင်းမှာ ဘဏ်မှငွေထုတ်ရန်သာဖြစ်သည်။

ဝေါချက်စတာမြို့တွင် အပ်ချုပ်ဆရာကျော်ကြီး တစ်ဦးရှိသောကြောင့် သူသည်ပို၍ စိတ်အနှောင့်အယှက်ဖြစ်မိသည်။ သူ့ဝတ်ဆင်သော အဝတ်အစားအားလုံးလိုလိုကို ထိုအပ်ချုပ်ဆရာ



ထံတွင်သာ ချုပ်လုပ်လေ့ရှိရာ ယခုမူ ဝေါချက်စတာသို့ ရောက်ပါလျက်နဲ့ ဝတ်စုံအသစ် မချုပ်နိုင်သည့်ကိန်း ဆိုက်နေခဲ့သည်။

(၂)

ဝေါဖွတ်ဆိုင်ထဲဝင်လာသည်နှင့် အပ်ချုပ်ဆရာက မော့ကြည့်လိုက်သည်။ သူ၏ ဖောက်သည်ကြီးကို တွေ့လိုက်ရသော အခါတွင် မျက်နှာတစ်ပြင်လုံး ပြကားသွားအောင် ပြုံးလိုက်လေသည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စတာဝေါဖွတ်၊ ခင်ဗျားကို တွေ့ရတာသိပ်ကို ဝမ်းသာတာပဲ။ ခင်ဗျား ဒီမရောက်တာ ခြောက်လလောက်ရှိပြီထင်တယ်။ ကျုပ်က ခင်ဗျား ဘယ်တော့ လာမလဲလို့ တမေးတည်းမေးနေခဲ့တာ။ ခင်ဗျားကို ကျုပ်ပြစရာရှိတယ်"

ဝေါဖွတ်သည် ရယ်မော၍ လက်ဆွဲနှုတ်ဆက်လိုက်သည်။ "ကျုပ်ကို ဘာပြစရာရှိတာလဲ"

အဘိုးအိုသည် လက်နှစ်ဘက်ကို ပွတ်သပ်လိုက်သည်။

"ပိတ်တစ်အုပ်ပဲ၊ သိပ်လှတဲ့ပိတ်စပဲ၊ ဒါမျိုးပိတ်စ ခင်ဗျားမြင်ဖူးမယ်မထင်ဘူး။ အရောင်အသွေးလဲကောင်းတယ်။ ပိတ်သားလဲကောင်းတယ်။ ရှင်းရှင်းပြောရရင် ကျုပ်ဒီလောက်လှတဲ့ ပိတ်စမတွေ့ဖူးဘူး။ အဲဒါ ခင်ဗျားအတွက် သက်သက်ထားထားတယ်"

ဝေါဖွတ်သည် နွမ်းလျစွာ ပြုံးလိုက်သည်။

"အား စိတ်မကောင်းစရာပဲ မစ္စတာမာရစ်၊ ခင်ဗျားကျုပ်ကိုယ် ကျုပ်ထုတ်ထားတဲ့စည်းကမ်းတွေသိတယ် မဟုတ်လား။ အဲဒါတွေ လူတိုင်းသိပါတယ်ဗျာ။ အဲဒါ ဒီကိုလာတဲ့ခရီးမှာ ကျုပ်မလိမ္မာခဲ့ဘူး။ ကျုပ်ရထားပေါ်မှာ ဖဲရိုက်လာမိခဲ့တယ်။ ပေါင်သုံး

ဆယ်ရှုံးသွားတယ်။ အဲဒီတော့ ကျုပ်ကိုကျုပ် ဒေါ်ခတ်တဲ့အနေနဲ့ ဒီတစ်ခေါက်တော့ ခင်ဗျားဆီမှာ ဘာမှ မချုပ်တော့ဘူး"

အပ်ချုပ်ဆရာပြုံးလိုက်သည်။

"အဲဒါဟုတ်ချင်လဲဟုတ်မှာပေါ့ မစ္စတာဝေါ့ဖွတ်၊ ဒါပေမယ့် ခင်ဗျား ကျုပ်ကိုတန်ဖိုးပေးချေတာ မချေတာ ကျုပ်အရေး မထားဘူး။ ဒီပိတ်စက ခင်ဗျားအတွက် ကျုပ်ထားခဲ့တော့ ခင်ဗျားအတွက် ကျုပ်ချုပ်ကိုချုပ်ပေးရမှာပဲ။ ခဏလေးဗျာ ခင်ဗျားကို ကျုပ်ပြမယ်"

သူသည် ဆိုင်နောက်ဖက်သို့ သုတ်ခြေတင်သွားပြီး တစ်မိနစ်အကြာတွင် ပိတ်တစ်လိပ်ကို အမြတ်တနိုးပွေ့ဖက်လျက် ထွက်လာလေသည်။ ဝေါ့ဖွတ်သည် ပိတ်အုပ်ကိုတွေ့သောအခါတွင် ပင့်သက်ရှိုက်မိသည်အထိ မိန်းမူးသွားလေသည်။ သူသည် ဤမျှအရောင်အဆင်းလှပဆွဲဆောင်မှုရှိသော ပိတ်စမျိုးကို မတွေ့ဖူးချေ။ သူသည် ပိတ်သားကို အသာကိုင်ကြည့်လိုက်သည်။

"ဟာ တကယ့်ကိုလှတာပဲ။ ကျုပ်တော့ ကံဆိုးတဲ့နေ့ပဲ နဲ့တူတယ်။ ကျုပ်သာ မရှုံးခဲ့ရင် ဝယ်ဝတ်နိုင်မှာပဲ"

"မစ္စတာဝေါ့ဖွတ် ကျုပ်ကို ချုပ်ခွင့်ပေးစမ်းပါ ဒီတစ်ခါ ငွေမချေနိုင်ရင်လည်း၊ နောက်တစ်ခေါက်ကြမှပေးပေါ့။ ဒီပိတ်နဲ့ ခင်ဗျားက သိပ်လိုက်တယ်"

အပ်ချုပ်ဆရာတိုက အတင်းအကျပ်တိုက်တွန်းနေရာ ဝေါ့ဖွတ်သည် မည်သို့ဆောင်ရွက်ရမှန်းမသိဖြစ်လာသည်။ ရုတ်တရက် သူသည် အတွေးတစ်ခုပေါက်သွားသည်။

"ငါသိပြီမောရစ်၊ ငါ အဲဒီဝတ်စုံကိုချုပ်မယ်။ မင်းဆီကို



ဝါ့ဘယ်လိုငွေချေရမယ်ဆိုတာလဲ ငါ သိပြီ။ ငါဘာလုပ်မယ် သိလား။ ငါဟာ ငါသတ်မှတ်ထားတဲ့ စည်းကမ်းလဲထိမ်း၊ မင်းကိုလဲ ငွေချေနိုင်အောင် ငါ့လည်စည်းရင်ထိုးကို ပေါင်လိုက်မယ်"

သူသည် လည်စည်းမှ ရင်ထိုးကိုဖြုတ်လိုက်သည်။ လည်စည်းလေးမှာ ပလက်တီနံဖြင့် ပြုလုပ်ထားသော နဂါးရုပ်ကလေးဖြစ်ပြီး၊ စိန်နှင့်ပတ္တမြားလေးများ တပ်ဆင်ထားသည်။ လက်ရာမြောက်ပြီး တန်ဖိုးလဲရှိသည်။

"ဒီရင်ထိုးလေးကို ငါပေါင်သုံးဆယ်နဲ့ပေါင်မယ်။ နောက် စနေနေ့ရက်သတ္တပတ်အတွက် ငွေထုတ်တော့ ပြန်ရွေးမယ်။ အဲဒီအပေါ်သင့်တဲ့အတိုးကိုတော့ မနေ့က ငါရဲ့ပျော့ညံ့မှုအတွက် ဒဏ်ကြေးလို့ သတ်မှတ်လိုက်မယ်။ ဘယ်လိုသဘောရသလဲ"

"ကောင်းတယ် ခင်ဗျား ဘာလုပ်လုပ်၊ ကျုပ်ကအရေး မထားဘူး။ ကျုပ်ဆန္ဒက ခင်ဗျား ဒီဝတ်စုံပိုင်ဆိုင်ရေးပဲ"

နောက်သူသည် အတွေးတစ်ခုပေါက်သွား၏။ ကောင်တာပေါ်ကိုင်းညွတ်၍ အလေးအနက်ပြောလိုက်သည်။

"မစ္စတာဝေါ့ဖွတ် ကျုပ်အတွက် တစ်ခုလုပ်ပေးစမ်းပါ။ ဒီတစ်ပတ် ဒီမှာကပြတဲ့အခါမှာ ကျုပ်ဝတ်စုံကိုဝတ်ပြီး ကစမ်းပါ။ ကျုပ်ချုပ်ပေးတဲ့ အသစ်စက်စက်လက်ရာနဲ့ ခင်ဗျားကိုမြင်ရရင် ကျုပ် သိပ်ဝမ်းသာမှာဘဲ"

ဝေါ့ဖွတ်သည် ပြုံးလိုက်လေသည်။

"အေး ကျုပ်ဝတ်ပေးမယ်၊ ရှည်ရှည်ဝေးဝေးတောင် မပြောမနေဘူးဗျာ၊ ခင်ဗျား ဒီညမီအောင် ချုပ်နိုင်ရင် ကျုပ်ဒီညကို ဝတ်ပြီး ကပြမယ်"

မောရစ်၏ မျက်လုံးများ အရောင်တောက်သွားသည်။

"ရတာပေါ့ ညနေသုံးနာရီလောက်ဆိုရင် အားလုံးပြီးစီးသွားလိမ့်မယ်"

"ကောင်းပြီလေ ဒါဖြင့်၊ ညနေကျမှ တွေ့တာပေါ့"

ဝေါဖွတ်သည် နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်သွားလေသည်။

(၃)

ဝေါချက်စတာအင်ပါရာပြဇာတ်ရုံကြီး၏ အဝတ်အစားလဲခန်း၏ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ဝေါဖွတ်သည် ရပ်တန့်လိုက်သည်။ သူဝတ်ဆင်ထားသော ဝတ်စုံအသစ်နှင့် အံလွှန်လိုက်ဖက်ကြောင်း တွေ့သောအခါ ကြက်သီးမွေးညှင်းထမတတ်ကြည်နူးသွားသည်။

မစ္စတာဝေါဖွတ်သည် ထိုဝမ်းမြောက်ကြည်နူးစိတ်ဖြင့် စင်ပေါ်တက်၍ ကပြအသုံးတော်ခံခဲ့သည်။ ထိုညတွင် သူအလွန်အောင်မြင်ခဲ့သည်ဟု ဆိုရပေမည်။ ပရိသတ်များက ဩဘာသံမပြတ်ပေးနေသောကြောင့် လိုက်ကာနောက်မဝင်နိုင်ဖြစ်နေခဲ့သည်။ နောက်ဆုံး မန်နေဂျာကိုယ်တိုင် ထွက်တောင်းပန်မှ သူ့ကိုသွားခွင့်ပြုခဲ့သည်။

သူသည် အဝတ်အစားလဲခန်းသို့ ပြန်ရောက်သောအခါတွင် မှန်ထဲမှ သူ၏ ရုပ်သွင်ကို ပြန်၍ကြည့်နေမိသည်။ ဤဝတ်စုံအသစ်ကြောင့် ဤမျှအောင်မြင်ခဲ့သည်ဟု ထင်မြင်မိခဲ့သည်။

ထိုအချိန်တွင် ရုံစောင့်တစ်ဦးက ဝင်လာခဲ့သည်။

"မစ္စတာဝေါဖွတ် ခင်ဗျားကို အမျိုးသမီးတစ်ယောက်က



တွေ့ချင်လို့တဲ့ အောက်မှာ စောင့်နေတယ်။ သူ့နာမည်မေးတော့လဲ မပြောဘူး။ နောက်ပြီး အင်္ဂလိပ်လူမျိုးလဲ ဟုတ်ပုံမရဘူး"

မစ္စတာဝေါဖွတ်သည် မျက်ခုံးမြှင့်လိုက်မိသည်။ ဝေါချက်စတာမြို့မှ သူ၏ ပရိသတ်ကို သူသိပေသည်။ သူ့ထံလာနေကျလူများကိုလည်း ရုံစောင့်ကသိပေသည်။

"ထူးဆန်းတယ်ကွာ မင်းလဲမသိဘူးဆိုရင်တော့ ဘယ်ကညှိသည်လဲမပြောတတ်ဘူး။ ငါ နောက်တစ်မိနစ်လောက်ကြာရင် ဆင်းခဲ့မယ်လို့ ပြောလိုက်ပါ"

ဝေါဖွတ်သည် မှန်ထဲကြည့်လိုက်ပြန်သည်။ သူ၏လည်စည်းကို တည့်မတ်လိုက်လေသည်။ ထို့နောက်အစောင့်နောက်မှ ဆင်းလိုက်သွားလေသည်။

ဇာတ်ရုံနောက်ဖက်ဝင်ပေါက်နားတွင် မိန်းမပျိုလေးတစ်ယောက်ရပ်တန့်နေသည်ကို တွေ့လိုက်လေသည်။ ထိုမိန်းမပျိုကို မြင်သည်နှင့် သူသည် ပင့်သက်ပင်ရှိုက်မိသွားလေသည်။ လူကဲခတ်ကျွမ်းသောဝေါဖွတ်သည် မိန်းမပျိုလေးသည် ကြေးရေတတ်လူတန်းစားတစ်ဦးဖြစ်ရုံမက တော်ဝင်ဆွေကြီးမျိုးကြီးအရိပ်အယောင်ပိုသင့်နေကြောင်း သတိထားမိလေသည်။

တကယ်တမ်းပြောရလျှင် သူမ မည်သူဖြစ်မှန်းကိုပင် သူအတိအကျသိပေသည်။ သူမ၏ မျက်နှာကို နာမည်ကြီးပြည်တွင်းပြည်ပစာစောင်များ၊ မဂ္ဂဇင်းများတွင် အကြိမ်ကြိမ်အခါခါ တွေ့မြင်ခဲ့ဖူးပေသည်။

သူအနည်းငယ်တုန်လှုပ်သွားသည်။ သို့သော်လည်း သူ့စိတ်ကို သူပြန်ထိမ်း၍ ခပ်အေးအေးပင် ရှေ့တိုးသွားလေသည်။

"ခင်ဗျား ကျွန်တော့်ကို တွေ့ချင်တယ်ဆို"

"ဟုတ်ကဲ့"

သူမပြောလိုက်သော စကားလုံးမှာ ကြည်လင်ပီသလှသည်။ သူမလှပသလောက် သူမ၏ အသံမှာ ချိုသာလှသည်ဟု သတိထားမိသည်။

"ရှင့်ကို ကျွန်မ စကားပြောချင်လို့ပါ။ ဒီညရှင်သရုပ်ဆောင်တာကိုကြည့်ပြီး ကျွန်မသိပ်သဘောကျမိတယ်။ ရှင် သိပ်တော်တာပဲ"

သူမသည် အင်္ဂလိပ်စကားကို သေချာထိန်းရင်း ပြောလေသည်။ သူမ၏ မိခင်ဘာသာစကားဖြစ်သော ပြစကြေးလျှားစကားမှာပို၍လှပကြောင်းကို ဝေါ့ဖွတ်သဘောပေါက်လေသည်။ သူမ၏ လက်လေးများလည်း အနည်းငယ်တုန်နေကြောင်း သတိထားမိသည်။

"အနုပညာသမားတစ်ယောက် အနေနဲ့ ဒီလိုချီးကျူးခံရတာကို ဝမ်းသာမိပါတယ်"

ထို့နောက်တွင်မူ နှစ်ယောက်လုံး တုံနိဘာဝေရပ်နေလျက် တစ်ယောက်ကိုတစ်ယောက်ကြည့်နေမိကြလေသည်။ သူမတစ်စုံတစ်ခုပြောချင်မှန်း ဝေါ့ဖွတ်သတိထားမိလေသည်။ သို့သော် အနည်းငယ်စိတ်လှုပ်ရှားတုန်လှုပ်နေပုံရလေသည်။ ခဏကြာသောအခါတွင်မူ သူမ ရုတ်တရက်ဘလုံးဘထွေးနှင့် ပြောချလိုက်လေသည်။

"ဟို မစ္စတာဝေါ့ဖွတ် ရှင် ကျွန်မနဲ့ ညစာလေးများ လိုက်စားမလားလို့ ကျွန်မ ဖိတ်ချင်ပါတယ်။ ကျွန်မ ဝေါ်ချက်စတာမြို့



မြင်နားမှာ အိမ်တစ်လုံးရှိပါတယ်။ ရှင် ဒုတိယပွဲစဉ်ပြီးတော့လာမယ်ဆိုရင် ကျွန်မ ကားကို လွှတ်လိုက်ပါ့မယ်"

သူမ ရှက်သွေးဖျာနေမှန်း ဝေါ့ဖွတ်သတိထားမိလေသည်။ သူမ၏ ဖိတ်ကြားချက်နှင့် ပတ်သက်၍ ဝေါ့ဖွတ်အံ့ဩသွားရုံမက၊ အံ့အားသင့်သွားခဲ့သည်။ သို့သော်လည်း သဘာဝကျသော ဖိတ်ခေါ်မှုတစ်ရပ်အနေနှင့် သဘောထားပြီး အေးဆေးစွာ တုံ့ပြန်မည်မှန်း သူ၏ ဗီဇအသိက လှုံ့ဆော်လိုက်လေသည်။

သူပြုံးလိုက်လေသည်။

"ကျွပ် ဆက်ဆက်လာခဲ့ပါ့မယ်"

သူမ သက်ပြင်းချလိုက်လေသည်။ စိတ်သက်သာရာရသွားဘိသကဲ့သို့ မျက်နှာမှာ ကြည်လင်သွား၏။ ထို့နောက် သူမသည် လက်ကမ်းပေးလိုက်သည်။

"သိပ် ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် သွက်လက်စွာ လက်ဆွဲနှုတ်ဆက်ပြီးနောက် ချာခနဲလှည့်၍ ထွက်သွားလေသည်။ ဝေါ့ဖွတ်သည် စက်အားကောင်းသော ကားတစ်စီး၏ စက်နှိုးထွက်ခွာသံကို ကြားလိုက်ရသည်။

သူသည် ဒုတိယပွဲစဉ် ကပြရန် ဇာတ်ရုံထဲပြန်ဝင်လာခဲ့သည်။

(၄)

ယင်းတို့ဝတ်သစ်ချသားစားပွဲကြီး၏ တစ်ဘက်တစ်ချက်မှ ထိုင်၍ တစ်ဦးကိုတစ်ဦး ကြည့်နေခိုက်တွင် ဝေါ့ဖွတ်၏ စိတ်

တွင် အတွေးတစ်ခုက ဝင်လာသည်။ ယင်းမှာ သူသည် သူကိုယ်တိုင်ထိန်းချုပ်နိုင်မှု ကင်းသော အခြေအနေရေစီးကြောင်း လက်တွင် ကောက်ရိုးတစ်မျှင်ကဲ့သို့ မျှော်နေမိသည်ဟု ယူဆမိသည်။

သူဖြစ်လိုချင်ခဲ့သမျှ ကိစ္စရပ်များဖြစ်ပွားနေသည်ဟု ခံစားမိခဲ့သည်။ ဤအိမ်ကြီးကို သူအဝေးမှမြင်ခဲ့ဖူးသည် အထဲဝင်ကြည့်ခွင့်ရခဲ့လျှင်ကောင်းမည်ဟု စိတ်ကူးမိခဲ့သည်။ ယခုအထဲရောက်ရုံမက အထူးဧည့်သည်တစ်ယောက်အဖြစ် ပွဲတော်တည်နေရသည်။ ဤကဲ့သို့လှပသည့် တော်ဝင်မင်းသမီးနှင့် နှစ်ယောက်တည်းကြည်နူးရမည့် အခွင့်အရေးကို ယောကျ်ားသားတိုင်းစိတ်ကူးဝင်မိကြမည်မှာ ဧကန်၊ ယခုထိုအခွင့်အရေးကို သူရနေသည်။

သို့သော် ဘာဆက်လုပ်ရမှန်း သူမသိတော့၍ ထိုအချိန်မှာပင် သူမက ရုတ်တရက်စကားပြောလိုက်လေသည်။

"ရှင့်ကို ဘာလို့ ဒီညဒီခေါ်ခဲ့တယ်ဆိုတာကို ရှင်တွေးနေမှန်း ကျွန်မသိပါတယ်။ ရှင်ဒီလို ဖိတ်ကြားချက်မျိုးတွေ အရင်တုံးက ရဖူးခဲ့မှာပေါ့။ ဒါပေမယ့် အဲဒီအရင်တုံးက လူတွေနဲ့ ကျွန်မကို တစ်မျိုးတစ်ဘာသာတည်း ထည့်မတွက်ပါနဲ့။ ကျွန်မ ဘယ်သူလဲဆိုတာကို ရှင်သိပုံရပါတယ်။ ဒါကြောင့် ဘာမှ ထွေထွေထူးထူးပြောမနေဘူး။ ကျွန်မဟာ နိုင်ငံခြားတော်ဝင်အသိုင်းအဝန်းမှာကြီးပြင်းလာခဲ့ရတယ်။ ကြတ်မတ်မှုတွေသိပ်များတယ်။ ရှင်တို့ရဲ့ အင်္ဂလိပ်မတွေလိုလွတ်လပ်မှုဆိုတာကို ကျွန်မလုံးဝမကြုံဖူးဘူး။ ဒီအိမ်လေးမှာ လွတ်လွတ်လပ်လပ် နေခွင့်ရတာ နှစ်လပဲရှိသေးတယ်။ ဒါတောင်မှ ကျွန်မ မိဘကလုံးဝဥသုံ့ယုံကြည်စိတ်ချရတဲ့



အထိန်းတော်မကြီးက လိုက်လိုက်လျောလျော လွှတ်ထားလို့ပဲ"

"ရှင် အံ့ဩပုံရတယ်။ ဒါပေမယ့် အံ့ဩစရာမဟုတ်ပါဘူး။ ရှင် သတင်းစာတွေဖတ်မိရင် နောက်တစ်လလောက်မှာ ကျွန်မနိုင်ငံကို ကျွန်မပြန်ပြီး အိမ်ထောင်ပြုရမှာကို သိမှာပေါ့။ ကျွန်မ အိမ်ထောင်ပြုရမယ့်သူကို ကျွန်မ သိဘူး။ အဲဒီလူကိုတော့ မချစ်ဘူး။ ကျွန်မတို့လို လူတန်းစားတွေကြားမှာ ပြုလေ့ရှိကြတဲ့ ရွှေလမ်းငွေလမ်းအိမ်ထောင်ရေးသက်သက်ပဲ။ အဲဒီကိစ္စကို ကျွန်မအတိုက်အခံလုပ်ခဲ့တယ်။ နောက်ဆုံး သူတို့သဘောကျလုပ်ရမယ်မှန်း သိတော့ အနည်းဆုံးသုံးလတော့ အပျိုဘဝမှာ လွတ်လွတ်လပ်လပ်ပျော်ပါရစေဆိုပြီး အတင်းအကျပ် တောင်းဆိုလို့ ကျွန်မကို ဒီမှာလာနေခွင့်ပေးခဲ့ပါတယ်"

ဝေါ့ဖွတ်သည် သစ်သီးခွဲသည့်ဓားနှင့် စိတ်လှုပ်ရှားစွာကစားနေမိခဲ့သည်။

"ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘယ်အခန်းကဏ္ဍကပါဝင်ရမှန်း ကျွန်တော် ခုထိ သဘောမပေါက်သေးဘူး"

မိန်းမပျိုလေး ပြုံးလိုက်သည်။

"ရှင် နားမလည်ဘူးလား။ ရှင့်ကို ကျွန်မ ဒီညစင်ပေါ်မှာ တွေ့တော့ ရှင့်အကြောင်းဘာမှ မသိခဲ့ဘူး။ ဒါပေမယ့် ရှင့်ကို စိတ်ကူးပုံဖော်ကြည့်ခဲ့တယ်။ ရှင်ဟာ ကျွန်မအမြဲတစေတမ်းတနေတဲ့လူပဲလို့ ကျွန်မထင်မိတယ်။ မိနစ်နှင့်အမျှ ကျွန်မပိုသေချာလာတယ်။ ရှင့်ကို ကျွန်မ ချစ်တယ်"

(၅)

လူးစစ်ဝေါ့ဖွတ်သည် ဘုရားရှစ်ခိုးကျောင်းကြီး၏ ရင်ပြင်ကိုဖြတ်သန်းရင်း ဖြေးလေးစွာ လျှောက်မိသည်။ သူ့ဘဝစာမျက်နှာအများအပြား လျင်မြန်စွာ လွန်သွားခဲ့သည်ဟု သတိထားမိသည်။ နေသာနေသည်။ ဤရက်သတ္တပတ်လုံးနေသာနေခဲ့သည်။ နေသာခြင်းက သဘာဝကျပုံရသည်။ သူ့ဘဝကို သူ သုံးသပ်မေးခွန်းထုတ်လေ့ရှိသော သူသည် ယခု သူကြုံတွေ့နေသော အဖြစ်အပျက်ကို စေ့ငုနိုင်ခြင်းကင်းမဲ့နေသည်။ ယနေ့သောကြာနေ့ဖြစ်ပြီး၊ တနင်္ဂနွေနေ့ရောက်လျှင် နောက်တစ်မြို့သို့ ခရီးဆက်ရမည့် အခြေအနေရှိသောကြောင့်လည်း ထိုအကြောင်းကို မတွေးချင်ပေ။

အိတ်ထဲနှိုက်ထားသော သူ၏ လက်သည် ငွေစက္ကူလိပ်တစ်လိပ်ကို ထုတ်လိုက်သည်။ သူ့လည်စည်းရင်ထိုးကိုပေါင်၍ရသော ငွေမှလက်ကျန်ငွေဖြစ်သည်။ သူသည်အပေါင်ဆိုင်ရှေ့သို့ ရပ်တန့်၍ ပြတင်းပေါက်တွင် ပြထားသောအပေါင်ဆုံးပစ္စည်းများကို ငေးကြည့်မိသည်။ သူသည် ကတ္တီပါစတစ်ခုပေါ်တင်ထားသော ရွှေသောက်ရေခွက်လေးတစ်ခုကို သတိထားမိလေသည်။ ရွှေခွက်မှာအတော်ရှေးကျပြီး ဝေါချက်စတာကျောင်းတော်ကြီးဟောင်းကိုပြုပြင်တည်ဆောက်စဉ်က တူးဖော်ရရှိခဲ့သည်ဟုထင်၏။ အောက်ခြေတွင် ရေးသားထားသော စာတမ်းကဖော်ပြထားပေသည်။

ရွှေခွက်၏ဈေးနှုန်းမှာ ခုနစ်ဆယ်ဂျီးနီးဖြစ်သည်။ ဝေါ့ဖွတ်သည်အပေါင်ဆိုင်အတွင်းသို့ ဝင်သွားလေသည်။



"ကျုပ်ပြီးခဲ့တဲ့တနင်္လာနေ့က ခင်ဗျားဆီမှာ ရင်ထိုးတစ်ခုကို ပေါင်သုံးဆယ်နဲ့ ပေါင်ထားခဲ့တယ်။ အခု ကျုပ်ရောင်းချင်တယ်။ အဲဒီရင်ထိုးအတွက်ကို ပေါင်နှစ်ရာပေးဝယ်ခဲ့ရတယ်။ အဲဒီတော့ ဂျီးနီးခုနစ်ဆယ်လောက် ထပ်ပေးနိုင်မလား"

ဆိုင်စာရေးသည် အတွင်းဘက်သို့ ဝင်သွားပြီး ပိုင်ရှင်နှင့် စကားအနည်းငယ်ပြောလိုက်သည်။ ခဏအကြာတွင် ဆိုင်ရှင်ပါထွက်လာခဲ့သည်။ သူ၏ လက်ထဲတွင် ရင်ထိုးကို ကိုင်လာခဲ့သည်။

"မင်္ဂလာနံနက်ခင်းပါ မစ္စတာဝေါ့ဖွတ်၊ မနေ့ကညက ခင်ဗျားပွဲကို ကျုပ်လာကြည့်ခဲ့တယ်။ သိပ်ကောင်းတာပဲဗျာ။ ဒီရင်ထိုးအတွက်ကတော့ ခင်ဗျားကို ခုနစ်ဆယ်ဂျီးနီးထပ်ပေးပါ့မယ်။ ဒါပေမယ့် ခင်ဗျား ရင်ထိုးက ဒါထက်မက တန်ပါတယ်ဗျာ"

ဝေါ့ဖွတ်ပြုံးလိုက်လေသည်။

"ကျုပ်သိပါတယ်။ ဒါပေမယ့် ကျုပ်က ဟိုမှာပြထားတဲ့ ခုနစ်ဆယ်ဂျီးနီးတန်တဲ့ ရွှေခွက်ကိုလိုချင်တယ်။ ငွေပိုလည်းမလိုချင်ဘူး။ ကျုပ်ဒီရင်ထိုးကို သိပ်မြတ်နိုးတယ်။ အဲဒီမြတ်နိုးမှုကို ဒီရွှေခွက်ပေါ်မှာ လဲလှယ်မှုပြုထားချင်တယ်"

အရောင်းအဝယ် သဘောတူလိုက်သောအခါတွင် ရွှေခွက်၏ အောက်ခြေတွင် 'အလ်ဒဗလျူမှ' ဟု ကမ္ပည်းထိုးခိုင်းလိုက်လေသည်။

သူသည် ဥယျာဉ်ထဲတွင် သူမကို ရွှေခွက်လေး ကမ်းပေးခဲ့လေသည်။ လရောင်ရွှမ်းသော ဥယျာဉ်သည်ပို၍ပင် လှပနေပုံရပေသည်။ ထိုညတွင် သူ့တစ်သက်တွင် တစ်ကြိမ်သာကြုံသော ငြိမ်းချမ်းသော အချစ်ကိုထားရစ်ခဲ့လေသည်။

မစ္စတာဝေါဖွတ်သည် ဝေါချက်စတာမြို့မှ ရထားထွက်ခွာလာသောအခါတွင် ထိုမနက်စောစောပိုင်းတွင် သူ၏ ဟိုတယ်သို့လာရောက်ပို့ဆောင်သွားသော လက်ဆောင်လေးကို ဖွင့်ဖောက်ကြည့်လိုက်လေသည်။

အတွင်းမှာ စာလေးတစ်စောင် ထွက်လာလေသည်။

*"သူငယ်ချင်း ရှင် ကျွန်မကို မှတ်မိစေမည့် လက်ဆောင်တစ်ခုပေးချင်မိတယ်၊ ရှင်နဲ့ လိုက်ဖက်မယ်လို့ ကျွန်မယူဆတဲ့ ဒီပစ္စည်းပဲ တွေ့တယ်၊ ရှင်ဒါလေးကို ဝတ်ဆင်မလား၊ ကျွန်မကို အမှတ်တရပေါ့"*

*သင့်ရဲ့ ထာဝရအေ*

သူသည် ဘူးလေးကို ဆက်မဖွင့်ခင်မှာပင် သူ၏ ရင်ထိုးလေးမှန်းသိလိုက်မိလေသည်။

# အချစ်ဆိုတဲ့ထိုးဓား

## Love and Larceny

**Peter Cheyney**

အိုဒေးသည် ဇာတ်ရုံမှထွက်ခဲ့ပြီးနောက် စိန့်မာတင်လမ်းကြားထဲသို့ ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။ နွေညသည် သူကြည့်လာသော ပြဇာတ်၏ နောက်ဆုံးအခန်းလိုပင် သာယာလှပနေခဲ့သည်။ ထိုပြဇာတ်သည် အချစ်စစ်တို့၏ လမ်းခရီးသည် ဖြောင့်တန်းချောမွေ့ခြင်းမရှိဟူသော အချက်ကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

အိုဒေးသည် အချစ်နှင့်ဘဝအကြောင်းကို သာမန်သာစဉ်းစားပြီး၊ စုံထောက်၏ အလုပ်တာဝန်နှင့် သူ့အကြောင်းကိုသာ အဓိကထား၍ စဉ်းစားခဲ့သည်။ လူတွေသည် အချစ်နှင့်ပတ်သက်သော ဒုက္ခကိုမခံစားသင့်ဟု သူ ယူဆလိုက်သည်။ ခံစားရပါကလည်း သိပ်ပြီးအလေးအနက် မထားသင့်ဟု သူယူဆသည်။

သူ့စိတ်သည် စစ်ပြီးစ ကာလဆီသို့ ပြန်ရောက်သွားခဲ့သည်။ ထိုအချိန်က သူ့ရုံးခန်းထဲတွင် လူများဖြင့် ပြည့်နေသည်။ အခက်အခဲပေါင်းစုံမှ လွတ်မြောက်ရေးနည်းလမ်းကို လာတောင်းကြခြင်းဖြစ်သည်။ ထိုလူများအား အကူအညီပေးရသဖြင့် သူအလွန်ကျေနပ်မိသည်။ ယခု သူ့လုပ်ရသော အလုပ်၏ ရာနှုန်းကိုးဆယ်မှာ အာမခံအမှုများကို စုံစမ်းရခြင်းနှင့် ယေဘုယျဆန်သော လုပ်ငန်းများဖြစ်သည်။ အလုပ်အတွက် သူ့မှာ အမြဲပူပန်နေရလေသည်။

စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း သူ့ရှေ့တွင် ညဘက်တယ်လီဖုန်းတာဝန်ကျနေသော ဒိုနီဂူးအကြောင်းကို စဉ်းစားနေလေသည်။ ခြေလှမ်းမှားနေသော လင်ယောကျ်ားများ နှင့်ချစ်သူရည်းစားများနောက်သို့ အိုဒေးအား နောက်ယောင်ခံ လိုက်ပြီး၊ စုံစမ်းစေရန်အတွက် ဒိုနီဂူးအား တယ်လီဖုန်းဆက်သွယ် သည့် မိန်းမများ၏ အသံကြောင့် သူအိပ်ရေးပျက်ရသော ညတွေ ဘယ်လောက်များပြီလဲဟု သူတွေးနေလေသည်။ ထို့အတူပင် စိတ် အနှောင့်အယှက်ဖြစ်နေသော လင်ယောကျ်ားများကလည်း မျက်စိ ကစားသော သူတို့၏ ဇနီးများနောက်သို့ အိုဒေးကို နောက် ယောင်ခံလိုက်ဖို့ ညအချိန်မတော်မှာပင် ရုံးသို့တယ်လီဖုန်းဆက် တတ်ကြလေသည်။ သူတို့ကြောင့်လည်း ဒိုနီဂူးမှာ အိပ်ရေးပျက် ရပြန်သည်။

တစ်ဆက်တည်းပင် ဒိုနီဂူးသည် ရှည်လျားသော ညအချိန်ကို မည်ကဲ့သို့ဖြတ်သန်းကုန်လွန်စေပါသလဲဟု သူ တွေးနေပြန်သည်။ ထိုသို့တွေးရင်း သူ့ဘာသာပြုံးမိလိုက်သည်။ လမ်း၏ တစ်ဘက်တွင် တယ်လီဖုန်းရုံတွေ့ရသောကြောင့်ဖြစ် သည်။ ရုံးသို့တယ်လီဖုန်းဆက်၍ ဒိုနီဂူးအိပ်ပျော်မပျော်သိအောင် စုံစမ်းဖို့စိတ်ကူးမိသည်။

ပဲနီစေ့နှစ်စေ့ကိုထုတ်ပြီး တယ်လီဖုန်းစက်ထဲသို့ ထည့်လေသည်။ နံပါတ်ကိုလှည့်ပြီးနောက် တပေါ်ပေါ်မြည်သံကို ကြားရလေသည်။ ချက်ချင်းပင် ဒိုနီဂူး၏ ခပ်သွက်သွက်အသံပေါ် လာလေသည်။ 'ထရင့်(စ်)အိုဒေးစုံစမ်းရေးဌာနကပါ ဘယ်လို အကူအညီပေးရပါမလဲ ခင်ဗျာ အမိန့်ရှိပါ'



အိုဒေးကပြောလိုက်သည်။ "သိပ်တော်တယ်ဒိုနီဂူး။ မင်း အိပ်နေသလားလို့ သိရအောင် ငါ ဆက်တာကွ"

"ခင်ဗျား တယ်လီဖုန်းဆက်တာ အတော်အဆင်သင့် တာပဲ၊ မစ္စတာအိုဒေး၊ ခင်ဗျားနဲ့စကားပြောချင်လို့ အမျိုးသမီး တစ်ယောက် တယ်လီဖုန်းဆက်တာ ခုနစ်ကြိမ်ရှိပြီ၊ ပြဇာတ်ပြီး ရင် ခင်ဗျားတယ်လီဖုန်းဆက်နိုင်တယ်လို့ သူ့ကို ပြောထားပါ တယ်။ တစ်ခုခုကို စိုးရိမ်သောက ရောက်နေသလိုပဲဗျ"

အိုဒေးကမေးတော့သည်။ 'သူမရဲ့ တယ်လီဖုန်းနံပါတ်ကို တောင်းထားသလား'

"ဟုတ်ကဲ့" ဒိုနီဂူးက ဖြေသည်။

အိုဒေးကပြောလေသည်။ 'ဒါဆိုလဲ သူ့မအိမ်ကို တယ်လီ ဖုန်းဆက်ပြီး ရုံးခန်းကိုလာခဲ့ဖို့ ပြောလိုက်ကွာ၊ ဆယ်မိနစ်အတွင်း ငါရောက်မယ်လို့လဲ ပြော၊ ရောက်လာရင် ဧည့်ခန်းမှာထိုင်နိုင်းပြီး ဖတ်စရာ တစ်ခုခုပေးထား၊ ဒါမှ သူ စိတ်ငြိမ်လိမ့်မယ်'

"ကောင်းပါပြီ ဆရာ"

အိုဒေး တယ်လီဖုန်းပြန်ချလိုက်သည်။ တယ်လီဖုန်းရုံထဲ မှထွက်၍ ရုံးခန်းဆီသို့ ခပ်ဖြည်းဖြည်းလမ်းလျှောက်လာခဲ့သည်။ တယ်လီဖုန်းဆက်သော အမျိုးသမီးအကြောင်းကို သူ စဉ်းစား နေပြန်သည်။ သူမသည် မည်သို့သော ရုပ်ရည်ရှိမည်ကို တွေး ကြည့်နေမိသည်။

စုံထောက်ဝတ္ထုများအတိုင်း ဆိုပါက သူမသည် အရုပ် ရည်၍ ကိုယ်လုံးသွယ်လိမ့်မည်။ အလွန်လည်းချောမောလှပပေ လိမ့်မည်။ သူမတွင် အန္တရာယ်မျိုးစုံကြုံနေပေလိမ့်မည်။ အိုဒေး

စုံထောက်အဖွဲ့က အချိန်မီ ကယ်တင်သောကြောင့် နောက်ဆုံးတွင် အန္တရာယ်အပေါင်းမှ လွတ်မြောက်သွားပေလိမ့်မည်။

သူတစ်ကိုယ်တည်းကြိတ်ပြုံးလိုက်မိပြန်သည်။ သူမသည် သက်လတ်ပိုင်းအရွယ် ရိုးရိုးသားသားအမျိုးသမီးတစ်ယောက်ကော မဖြစ်နိုင်ဘူးလား၊ ထိုအမျိုးသမီးသည် သူမ၏ ခင်ပွန်းအား အိမ်ထောင်ရေးဖောက်ပြန်သည်ဟု ယူဆခြင်း(သို့) အိမ်နီးချင်းများ၏ မလိုတမာပြောခြင်းခံနေရသော မိန်းမပျိုတစ်ယောက်လည်း မဖြစ်နိုင်ဘူးလား။

တစ်ဆယ့်မိနစ်အကြာတွင် သူ့ရုံးခန်းသို့ ရောက်သွားသည်။ တယ်လီဖုန်းခန်းထဲသို့ သူ ဝင်သွားသည်။

ဒိုနီဂူးက နှုတ်ဆက်သည်။ 'ဂွတ်(ဒ်)အီးဗင်းနင်း မစ္စတာအိုးဒေး၊ အမျိုးသမီးအခန်းထဲမှာ စောင့်နေပါတယ်။ သူမတစ်ခုခုဖြစ်လာလို့လား'

အိုဒေးက ပြုံးလိုက်ပြီး၊ "ငါမစောင့်နိုင်တော့ဘူးကွာ" ဟု ပြောပြီး သူ့ရုံးခန်းထဲသို့ ဝင်ခဲ့သည်။ မီးခလုတ်ဖွင့်ပြီးနောက် အခန်းကိုဖြတ်လျှောက်သွားကာ ဧည့်သည်များ စောင့်သောအခန်းကို ဖွင့်လိုက်သည်။

အမျိုးသမီးသည် အခန်းတစ်ဘက်ရှိ လက်တန်းပါသော သားရေကုလားထိုင်တွင် ထိုင်နေသည်။ လက်ထဲတွင် 'တက်လာ' တစ်စောင်ကိုင်ထားသည်။ ဒိုနီဂူးအပိုမပြောကြောင်း သူသိလိုက်သည်။ အလေ့အကျင့်ရှိသော သူ့မျက်လုံးများဖြင့် အမျိုးသမီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အမျိုးသမီးမှာ ချောမောလှပ၍ ဆွဲဆောင်မှုရှိလှသည်။ အသက်(၃၀)နှင့်(၃၅)နှစ်အကြားရှိမည်ဟု



သူ ခန့်မှန်းပါသည်။ အဖိုးတန်အဝတ်အထည်များလည်း ဝတ်ဆင်ထားသည်။

သူက နှုတ်ဆက်သည်။ 'ဂွတ်အီးဗင်းနင်း ကျွန်တော်တားရင့်(စ်)အိုဒေးပါ ကျေးဇူးပြုပြီး ကျွန်တော့်အခန်းထဲဝင်ပါလား'

'သိုင်းကယူး' အမျိုးသမီးသည် ကုလားထိုင်မှထ၍ အခန်းကိုဖြတ်လျှောက်လာပြီး၊ အိုဒေး၏ ရုံးခန်းထဲသို့ဝင်လေသည်။ သူ့အနီးမှ အမျိုးသမီးဖြတ်လျှောက်သွားချိန်တွင် သင်းပျံ့သော ရေမွှေးနံ့ကို သူရှူရှိုက်လိုက်ရသည်။ ရှယ်နယ်ရေမွှေးနံ့ဖြစ်ကြောင်း အိုဒေးသိသည်။

"ကျွန်တော့် စားပွဲရှေ့ကလားထိုင်မှာ ထိုင်ပါခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မ နာမည် အော်ရီယာဘာခေနီပါ"

အိုဒေးက ဆက်ပြောသည်။ "ကောင်းပါပြီ မစ္စဘာခေနီ၊ လူနဲ့အင်မတန်လိုက်ဖတ်တဲ့ နာမည်ပါပဲ ခင်ဗျာ၊ ကဲလုပ်ငန်းကိစ္စမပြောခင်မှာ ခင်ဗျားကို ပြောပြပါရစေ၊ လူတွေဟာ သူတို့ရဲ့ ဒေါက်တာတွေ ရှေ့နေတွေ၊ ဘဏ်မန်နေဂျာတွေနဲ့" သူမကို တစ်ချက်ပြုံးကြည့်ပြီး၊ သူတို့ရဲ့ အလွတ်စုံထောက်တွေကို အမှန်အတိုင်းပဲ ပြောတတ်ကြပါတယ် ခင်ဗျ"

"အမှန်အတိုင်း ပြောဖို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်။ မစ္စတာ အိုဒေး၊ ဘာမှကွယ်ဝှက်ပြီး ပြောစရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် ပြောရမယ့်ကိစ္စကတော့ သဘောကျစရာတော့ မကောင်းလှပါဘူးရှင့်"

အိုဒေးက ဦးထုပ်ကို ချိတ်တွင်ချိတ်နေသည်။ ထို့နောက်

သူ့စားပွဲတွင် ဝင်ထိုင်သည်။ "ကျွန်တော်တို့အားလုံးဟာ မှားတတ်ကြပါတယ်။ မစ္စတာဘာဒေနီ၊ ကဲ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောပါ"

အမျိုးသမီးမှာ တွေဝေနေရှာသည်။ ထို့နောက် စပြောသည်။ "ဒီအဖြစ်အပျက်ဟာ ရှင့်အတွက် ရယ်စရာဖြစ်ကောင်းဖြစ်လိမ့်မယ်။ မစ္စတာအိုဒေး၊ ကျွန်မအတွက်တော့ ရယ်စရာမဟုတ်ဘူး။ အဖြစ်အပျက်ကို နားထောင်ပြီးတဲ့အခါမှာ ရှင် ကျွန်မကို ဘယ်လိုယူဆမလဲ မသိဘူး"

အိုဒေးက စီးကရက်ဘူးကို ထုတ်သည်။ အမျိုးသမီးအား စီးကရက်တစ်လိပ် လှမ်းပေးပြီး၊ မီးညှိပေးလေသည်။ "အဖြစ်အပျက်တွေဟာ ပကတိထက်ပိုပြီး ဆိုးတတ်တယ်လို့ ထင်ရပါတယ်။ ကဲ အဖြစ်အပျက်ကို ပြောပြပါလေ"

"အဖြစ်အပျက်ဟာ ၁၉၃၉ခုနှစ်က စခဲ့တယ်" အမျိုးသမီးက စပြောလေသည်။ "အဲ့ဒီအချိန်က ကျွန်မဟာ အုပ်ထိန်းသူတွေဆီက ငွေအမြောက်အမြားရခဲ့ပါတယ်။ ကျွန်မ မိဘနှစ်ပါးလုံး ကွယ်လွန်သွားကြပြီ၊ ကျွန်မအသက်သုံးဆယ်ပြည့်ပါတယ်။ ငွေအမြောက်အမြားကို လက်ခံရရှိလိမ့်မယ်။ ဒီအချက်ဟာ ကျွန်မကို ယောကျ်ားတွေ စိတ်ဝင်စားတဲ့အချက်တစ်ချက်ဖြစ်တယ်လို့ ဆိုရပါမယ်"

အိုဒေးက တစ်ချက်ပြုံးလိုက်ပြီး "အဲ့ဒီအချက်အပြင်၊ တခြားအကြောင်း ဒါဇင်ဝက်ကို ကျွန်တော်ပြောပြနိုင်ပါတယ်။ ကဲ ဆက်ပြောပါဦး"

"ကျွန်မဟာ အတော်မိုက်မဲစွာ စိတ်ကူးယဉ်ခဲ့ပါတယ်"



သူမက ဆက်ပြောသည်။ "ကျွန်မ ဥရောပတိုက်ကို ခရီးထွက်ချိန်မှာ လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီလူဟာ အတော်ဆွဲဆောင်မှုအားကောင်းတယ်။ သူ့ကို ကျွန်မချစ်ခဲ့တယ်၊ ကျွန်မဟာ သူ့ဆီကို အချစ်နဲ့ပတ်သက်တဲ့စာတွေ ရေးခဲ့တယ်။ နောက်ဆုံး သူလူကောင်းတစ်ယောက်မဟုတ်မှန်း သိတဲ့အတွက် မိတ်ဆွေအဖြစ်ကရပ်ဖို့ ဆုံးဖြတ်ခဲ့တယ်"

အိုဒေးကဝင်ပြောလေသည်။ 'အဲ့ဒီလိုလုပ်ဖို့ သိပ်လွယ်မယ်တော့ မထင်ဘူးဗျ'

အမျိုးသမီးက ခေါင်းယမ်းပြသည်။ 'လုံးဝမလွယ်ပါဘူး။ မစ္စတာအိုဒေး' သူမက ဆက်ပြောလေသည်။ 'အဲ့ဒီလူဟာ ကျွန်မကို ခြိမ်းခြောက်တယ်။ ကျွန်မ ဘယ်ကိုပဲသွားသွား နောက်ကလိုက်နေတယ်။ ကျွန်မကို အနှောင့်အယှက်ပေးနေတော့တယ်။ ကျွန်မ ဘာလုပ်ရမှန်းမသိတော့ဘူး။ နောက်ဆုံးမှာ သူနောက်ကလိုက်လို့မရအောင် ပင်လယ်ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်ရတယ်"

"ပင်လယ်ထဲကို သင်္ဘောရောက်ပြီး လေးရက်အကြာမှာ အဲ့ဒီလူကို သင်္ဘောပေါ်မှာ တွေ့ရတယ်ရှင်၊ ကျွန်မ ဘယ်လောက်ကြောက်မလဲဆိုတာကို စဉ်းစားသာကြည့်ပါတော့ရှင်။ ကျွန်မဒီသင်္ဘောနဲ့ ခရီးထွက်မယ့်အကြောင်းကို သူ ဘယ်လိုသိသလဲဆိုတာကို ဘုရားပဲသိလိမ့်မယ်။ ကျွန်မဟာ သိပ်ကြောက်တတ်ပါတယ်ရှင်"

အိုဒေးက မေးလိုက်သည်။ "အဲ့ဒီတော့ ခင်ဗျားဘာလုပ်သလဲ ကက်ပတိန်ကို သွားမပြောဘူးလား"

သူမက ခေါင်းရမ်းသည်။ "အဲ့ဒီလို လုပ်ခဲ့ရင်ကောင်း၊

လိမ့်မယ်။ ဒါပေမယ့် ကျွန်မ ဒီထက်ကောင်းတယ်လို့ ထင်တဲ့ အလုပ်တစ်ခုကို လုပ်လိုက်တယ်။ သင်္ဘောပေါ်မှာပါတဲ့ လူတစ်ယောက်ကို အသိဖွဲ့ခဲ့တယ်။ အဲ့ဒီလူရဲ့ နာမည်က အော်ဂတ်စတင် ဆယ်လဘီတဲ့၊ ကျွန်မထက်အသက်ကြီးပါတယ်။ သူဟာ အသိဉာဏ်ကြွယ်ဝတယ်။ ပညာရှိတယ်။ ပျော်ပျော်ရွှင်ရွှင်နေတတ်တယ်။ တစ်ညမှာ ကျွန်မဟာ အော်ဂတ်စတင်ကို အဲ့ဒီလူအကြောင်းဖွင့်ပြောလိုက်တယ်။ သူ့ဆီက အကြံဉာဏ်လဲတောင်းလိုက်တယ်။ သူက ကျွန်မကို အကြံပေးတယ်။ သူပေးတဲ့အကြံကို ကြားရတော့ ကျွန်မ အံ့ဩသွားတယ်ရှင့်"

"ရုတ်တရက်ပေးတဲ့အကြံဟာ လူတွေကို အံ့အားသင့်စေတတ်ပါတယ်ဗျာ၊ သူပေးတဲ့အကြံက ဘာလဲ"အိုဒေးက မေးလိုက်သည်။

သူမက ပြောပြသည်။ "ကျွန်မလက်ထပ်လိုက်ရင် အကောင်းဆုံးဖြစ်မယ်လို့ သူထင်တဲ့အကြောင်း ပြောပါတယ်။ ဒါဟာ တစ်ဘက်လူရဲ့ လှုပ်ရှားမှုကို ရပ်တန့်အောင်လုပ်တဲ့ အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့လဲ ပြောပြပါတယ်"

အိုဒေးက မျက်ခုံးပင့်လိုက်လေသည်။ 'အတော်စိတ်ဝင်စားစရာကောင်းတဲ့အကြံပါပဲ၊ ကဲ ဆက်ပြောပါဦး မစ္စဘာဒေနီ'

သူမက ပြောပြသည်။ "ကျွန်မ အံ့အားသင့်သွားတာပေါ့ရှင်၊ ဒီတော့ ကျွန်မက တွေ့တဲ့ လူတစ်ယောက်ကို ချက်ချင်းလက်ထပ်ဖို့အကြံပေးတာလားလို့ ပြန်မေးလိုက်တယ်။ ဒီတော့ သူက ဘာမှမပြောဘဲ၊ ရယ်စရာကောင်းတဲ့ အဆိုပြုချက်တစ်ခုကို ကင်ပြလာပြန်တယ်"



"နောက်တစ်နေ့မှာ သင်္ဘောဟာ ပစ္စိဖိတ်သမုဒ္ဒရာထဲက ကွာလုကျွန်းမှ နစ်ရက်ရပ်နားမယ်လို့ ပြောတယ်။ သူ ကုန်းပေါ်တက်ပြီး၊ ဗြိတိသျှကောင်စယ်ကို အလုပ်ကိစ္စအတွက် တယ်လီဖုန်းဆက်မယ်လို့ ပြောတယ်။ သူ ဗြိတိသျှကောင်စယ်ကို သွားရင် ကျွန်မပါလိုက်ခဲ့ပါလို့လဲ ပြောတယ်။ အလုပ်ကိစ္စပြီးလို့ သင်္ဘောကို ပြန်ရောက်ရင် ကျွန်မအနေနဲ့ သင်္ဘောကက်ပတိန်နဲ့ အခြားသူတွေကို သူနဲ့ကျွန်မဟာ ဗြိတိသျှကောင်စယ်မှာ လက်ထပ်ခဲ့တဲ့အကြောင်း ပြောပါလို့တောင် ပြောပါတယ်။ လက်ထပ်တဲ့သတင်းကို တိုင်း(စ်)တယ်လီဂရပ်(ဖ်) သတင်းစာထဲမှာ ထည့်ဖို့ သင်္ဘောကက်ပတိန်ကို ရေဒီယိုနဲ့ သတင်းပို့ခိုင်းဖို့လဲ ပြောတယ်။ ဒီလို အတုအယောင်လက်ထပ်ခြင်းဖြင့် ကျွန်မကို အနှောင့်အယှက်ပြုနေတဲ့ လူတွေအားလုံးဟာ ရပ်တန့်သွားလိမ့်မယ်လို့ ပြောပါတယ်"

အိုဒေးက ပြောလိုက်သည်။ 'ကောင်းသားပဲ ဒီအကြံမဆိုးပါဘူး"

သူမက ခေါင်းညိတ်သည်။ "ကျွန်မလဲ အဲ့ဒီလိုပဲထင်ခဲ့တယ်။ ဒါကြောင့် သူ့အကြံကို သဘောတူခဲ့ပါတယ်။ ကျွန်းကို သင်္ဘောရပ်တဲ့အခါ၊ ကျွန်မတို့ ကျွန်းပေါ်ကို တက်ခဲ့ကြတယ်။ သူက ဗြိတိသျှကောင်စယ်ကို တယ်လီဖုန်းဆက်ပြီး၊ နောက်တစ်နေ့မနက်မှာ တွေ့ဆုံဖို့အချိန်းအဆက်လုပ်ပါတယ်။ ကျွန်မဟာ သူနဲ့အတူ ကောင်စယ်လာရဲ့ ရုံးခန်းကို လိုက်သွားခဲ့တယ်။ သူဟာ ရုံးကအရာရှိတွေနဲ့ ကျွန်းပေါ်မှာ စတင်လုပ်မယ့်အလုပ်တွေအကြောင်းကို ဆွေးနွေးခဲ့တယ်။ အဲ့ဒီနောက် ကျွန်မတို့ ပြန်

လာခဲ့ကြပါတယ်။ သင်္ဘောကို ပြန်ရောက်တဲ့အခါ ကက်ပတိန်နှင့် တခြားလူတွေကို မူလအစီအစဉ်အတိုင်း ပြောပြလိုက်တယ်။ ကက်ပတိန်ဟာ ချက်ချင်ပဲ ကျွန်မတို့လက်ထပ်တဲ့သတင်းကို ရေဒီယိုတယ်လီဂရမ်နဲ့ပို့ပြီး ဒေလီးတယ်လီဂရပ်နဲ့ တိုင်း(စ်)ထဲ မှာပါအောင် စီစဉ်ပေးပါတယ်"

အိုဒေးက ပြောသည်။ "အတော်ကောင်းပါတယ်၊ အင်္ဂလန်ကို ပြန်ရောက်တဲ့အခါမှာ ခင်ပျားနဲ့အယောင်ဆောင် ခင်ပွန်းတို့ဟာ ခွဲနေကြပါသလား"

"နေကြပါတယ်" သူမက ဖြေသည်။ "သူဟာ အတော် ခင်မင်စရာကောင်းပါတယ်။ ကျွန်မကို အမြဲတမ်းလေးလေးစား စားဆက်ဆံပါတယ်။ ပျော်ပျော်ရွှင်ရွှင်လဲနေတတ်တယ်။ အဲ့ဒီ နောက်မှာ တခြားလူတွေကို ကျွန်မ မကြောက်တော့ဘူးရှင့်"

အိုဒေးက မေးပြန်သည်။ "ဒီနောက် ဘာတွေဆက်ဖြစ် လို့လဲဗျာ"

သူမကဖြေသည်။ "မဖြစ်ခဲ့ဘူး။ လွန်ခဲ့တဲ့နှစ်ရက်အထိ ဘာမှမဖြစ်ခဲ့ပါဘူး။ လွန်ခဲ့တဲ့နှစ်ကတော့ ကျွန်မ ငွေတွေအများ ကြီးရတဲ့အကြောင်း ရှင့်ကို ပြောပြီးပြီလို့ ထင်ပါတယ်။ နောက် ငါးလခြောက်လအကြာမှာ ကျွန်မ ဘဝမှာ အမြဲတမ်း ဂရုစိုက်ရ မယ့် လူတစ်ယောက်ကို တွေ့ခဲ့ရတယ်။ သူဟာ ကျွန်မကို ငွေ အတွက်ချစ်တာ မဟုတ်မှန်းသိတဲ့အတွက် စိတ်ကျေနပ်မှုရခဲ့ပါ တယ်။ သူဟာ လုပ်ငန်းကြီးတစ်ခုလုပ်ကိုင်နေတယ်လို့လဲ ယုံကြည် ခဲ့တယ်။ ကျွန်မတို့ နှစ်ယောက်ဟာ စေ့စပ်ပြီး နှစ်လအကြာမှာ လက်ထပ်ဖို့ စီစဉ်ခဲ့တယ်။ အခုတော့ ပြဿနာပေါ်လာပါပြီ၊ ပြီး



ခဲ့တဲ့ နှစ်ရက်က ကျွန်မမယုံကြည်နိုင်အောင် ပြဿနာတစ်ခုပေါ် ပေါက်ခဲ့ပါတယ်။ မစ္စတာအိုဒေး" သူမက စီးကရက်ကို ပြာခွက် တွင် ထိုးချေရင်း ပြောလေသည်။

သူမက ဆက်ပြောပြန်သည်။ 'တယ်လီဖုန်းမြည်လာလို့ နားထောင်တဲ့အခါမှာတော့ တစ်ဘက်က အော်ဂတ်စတင်ဆယ် (လ်)ဘီကပြောပါတယ်။ ကျွန်မနဲ့ နှစ်ယောက်ထဲတွေ့ချင်တဲ့ အကြောင်း ကျွန်မရဲ့ စေ့စပ်ကြောင်းလမ်းကြောင်း သတင်း အတွက် ဝမ်းသာစကားပြောလိုတဲ့ အကြောင်းနဲ့ အရေးကြီးတဲ့ ကိစ္စအတွက်လို့လဲ ပြောပါတယ်"

"အဲ့ဒီနေ့ နေ့လယ်မှာ သူ ကျွန်မနဲ့လာတွေ့ပါတယ်။ ကျွန်မရဲ့ စေ့စပ်ကြောင်းလမ်းမှုအား ဝမ်းသာကြောင်းလဲ ပြောပါ တယ်။ ဒါပေမယ့် သူနဲ့ လက်ထပ်ပြီးဖြစ်တဲ့အတွက် အခမ်းအနား နဲ့ လက်ထပ်ဖို့ မဖြစ်နိုင်တဲ့အကြောင်း ပြောပါတယ်"

အိုဒေးက ခပ်တိုးတိုးလေချွန်လိုက်လေသည်။ "တော် တော် စိတ်ဝင်စားဖို့ကောင်းလာပြီ၊ သူ ဘာကိုဆိုလိုတာလဲ"

သူမက ဆက်ပြောသည်။ "သူက သေသေချာချာရှင်းပြ ပါတယ်။ ၁၉၄၁ခုနှစ်မှာ ဂွာလုကျွန်းကို ဂျပန်တွေ ဝင်သိမ်းတဲ့ အခါမှာ ဗြိတိသျှကောင်စစ်ဝန်ရုံးမှာရှိတဲ့ လူတွေအားလုံး အသတ် ခံခဲ့ရတယ်တဲ့၊ ရုံးကို မီးရှို့တဲ့အတွက် စာရွက်စာတန်းတွေအားလုံး မီးလောင်သွားပြီလို့ ပြောတယ်။ ကျွန်မဟာ သူနဲ့တကယ်လက် မထပ်ခဲ့တဲ့အကြောင်းကို သက်သေပြလို့မဖြစ်နိုင်တော့တဲ့ အကြောင်း၊ သူက ထောက်ပြတယ်။ သင်္ဘောပေါ်မှာတုန်းက ကက်ပတိန်နဲ့ခရီးသည်တွေကို သူနဲ့လက်ထပ်တဲ့အကြောင်းကို

ကျွန်မကိုယ်တိုင် ပြောပြခဲ့တယ်။ လက်ထပ်ကဲ့သတင်းကို လန်ဒန်မြို့ထုတ် သတင်းစာတွေမှာလဲ ဖော်ပြပြီးခဲ့ပြီ"

အိုဒေးထရပ်လိုက်လေသည်။ ရုံးခန်းထဲတွင် လမ်းလျှောက်နေလေသည်။ သူက ပြောပြသည်။ "သူငွေညစ်တော့မယ်လို့ ကျွန်တော် ထင်တယ် မစ္စဘာဒေနီ"

အမျိုးသမီးက ပြန်ပြောသည်။ "ဟုတ်ပါတယ်။ သူ ငွေတောင်းပါတယ်။ သူ့အခန်းကို ပေါင်တစ်သောင်းဘဏ်ထုတ်ငွေစက္ကူတွေနဲ့ လာပို့ရင် ကွာရှင်းစာပေးမယ်လို့ ပြောပါတယ်"

အိုဒေးက ရယ်တော့သည်။ "ခင်ဗျားနဲ့ လက်မထပ်ရတဲ့လူတစ်ယောက်ဆီက ကွာရှင်းစာတောင်းရတာဟာ ရယ်စရာတော့ ကောင်းတယ်ဗျို့"

အမျိုးသမီးက စိတ်မသာယာဘဲ ခေါင်းညိတ်သည်။ "ဒါဟာ ကျွန်မ အတွက်အကောင်းဆုံးနည်းလမ်းပဲလို့ သူက ပြောပါသေးတယ်။ လူတိုင်းက ကျွန်မတို့ဟာလက်ထပ်ထားတယ်လို့ ယူဆနေကြတယ်တဲ့၊ ဒီလိုမဟုတ်တဲ့ အကြောင်း သက်သေပြဖို့ ကျွန်မမှာ အထောက်အထားမရှိတဲ့အတွက် သူ့ဆီက ကွာရှင်းစာယူတာဟာ အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ ပြောပါတယ်"

"ဒီလူဟာ အတော်အောက်တန်းကျတာပဲ၊ အဲ့ဒီတော့ ခင်ဗျားဘာလုပ်သလဲ" အိုဒေးက မေးသည်။ "သူတောင်းတဲ့ငွေကို ပေးသလား"

သူမက ဖြေသည်။ "ဟုတ်ကဲ့ ဒီမနက် (၁၂း၃၀)နာရီမှာ ပေါင်တစ်သောင်းကို အတက်ချိကေ့စ်နဲ့ ထည့်ပြီး သူ့ကိုသွားပေးပါတယ်။ ငွေတွေအားလုံးဟာ ငါးပေါင်တန်ငွေစက္ကူတွေပါတယ်။



ငွေမပေးခင် သူနဲ့ကျွန်မဟာ ဘယ်တုန်းကမှ တရားဝင်လက်မထပ်ခဲ့တဲ့အကြောင်းရေးထားတဲ့စာကို တောင်းပါတယ်။ သူက ခနစောင့်ဖို့ပြောပြီး၊ အခန်းထဲပြန်ဝင်သွားပါတယ်။ မိနစ်အနည်းငယ်ကြာတဲ့အခါမှာ ပြန်ထွက်လာပြီး စာကိုပေးပါတယ်။ ကျွန်မဖတ်ကြည့်တဲ့အခါမှာ ကျွန်မပြောတဲ့အတိုင်း ပြည့်စုံအောင်ရေးထားတာတွေ့ရပါတယ်။ စာကို ကျွန်မ လက်ဆွဲအိတ်ထဲထည့်ယူလာခဲ့တယ်။ ပိုက်ဆံပါတဲ့ အတက်ချိကေ့(စ်)ကို ထားခဲ့ပါတယ်"

အိုဒေးကပြောသည်။ 'ဟုတ်ပြီ အဲ့ဒီနောက် ဘာဖြစ်ခဲ့သလဲ'

"ကျွန်မ ပြန်လာခဲ့တယ်။ သူ့အိမ်ဝကနေ ကိုက်နှစ်ဆယ်လောက်အရောက်မှာ ကျွန်မပိုက်ဆံအိတ်ကို အလုခံရတယ်။ အဲ့ဒီလူကို သေသေချာချာတောင် မမြင်လိုက်ရဘူး။ လုတဲ့သူဟာ လူအုပ်ကြားမှာ ပျောက်သွားပါတယ်"

အိုဒေးက ရှင်းပြသည်။ "စာရေးဖို့အခန်းထဲက ထွက်သွားတဲ့အချိန်မှာ သူ့မိတ်ဆွေတစ်ယောက်ဆီကို တယ်လီဖုန်းဆက်ပြီး ခင်ဗျား ပြန်ထွက်အလာကို စောင့်ခိုင်းတာဖြစ်လိမ့်မယ်" သူက ဆက်ပြောသည်။ "အခုဆိုရင် သူ့ကို ပေါင်တစ်သောင်းပေးရတာကလွဲပြီး၊ ခင်ဗျားအခြေအနေဟာ အရင်အတိုင်းပဲဖြစ်နေတာပေါ့။ သူနဲ့ခင်ဗျားဟာ လက်ထပ်ထားတယ်လို့ သူအခုအထိ ပြောခွင့်ရှိနေတုန်းပဲ၊ အဲ့ဒီအကြောင်းကို သဘော်ကက်ပတိန်နဲ့ ခရီးသည်တွေရှေ့မှာ ခင်ဗျားကိုယ်တိုင် ပြောခဲ့တယ်။ သတင်းစာကြော်ငြာတွေလဲ ရှိနေတယ်"

သူမက စိတ်မချမ်းမြေ့စွာပြောပြန်သည်၊ "ဒါကို ကျွန်မ

သိပါတယ်။ ကျွန်မ ဘာလုပ်ရမလဲ မစ္စတာအိုဒေး"

အိုဒေးသည် စားပွဲတွင် ပြန်ထိုင်သည်။ နောက်ထပ် စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြန်သည်။ "ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် ကိုယ်တိုင်ဘာလုပ်ရမယ်ဆိုတာ မသိသေးဘူး။ စိတ်မပူပါနဲ့၊ ဘာလုပ်ရမယ်ဆိုတာကို ကျွန်တော် စဉ်းစားပါဦးမယ်" သူက အမျိုးသမီးကို ပြုံးပြလိုက်သည်။ သူ့စားပွဲထဲမှ စာရေးကပ်ကိုထုတ်ပြီး၊ အမျိုးသမီးကို ပေးသည်။ "မစ္စဘာဒေနီ ခင်ဗျားနာမည် နေရပ်လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကိုရေးပေးပါ"

အမျိုးသမီးက သူ့ကို မော့ကြည့်သည် "ဘာလုပ်မလို့လဲ မစ္စတာအိုဒေး"

"ရှိထားရင် ကောင်းမယ်ထင်လို့ပါ။ ရကားမစပ် ခင်ဗျားနဲ့ စေ့စပ်ထားသူဟာ ဒီအကြောင်းကို သိသလား"

"ကျွန်မတို့ စေ့စပ်ကြောင်းလမ်းတဲ့အချိန်က အကြောင်းစုံဖွင့်ပြောခဲ့တယ်" သူမက ဖြေသည်။ "ဒါပေမယ့် ဆယ်လဘီက တယ်လီဖုန်းဆက်တဲ့အကြောင်းနဲ့ ငွေပေးရမှာကိုတော့ မပြောခဲ့ဘူး။ ဒါကိုတော့ ကျွန်မ မပြောချင်ဘူးရှင်"

"ကျွန်တော် သဘောပေါက်ပါတယ်" အိုဒေးက ပြောသည်။ "ကဲ နာမည်နဲ့ လိပ်စာတွေ ရေးပေးပါ"

လိပ်စာများရေးပြီးသောအခါတွင် စာရေးကပ်ကိုယူပြီး ဖာ်ဆွဲထဲသို့ ပြန်ထည့်လိုက်သည်။ "ကဲ ပြန်လို့ရပါပြီ၊ မစ္စဘာဒေနီး၊ သိပ်စိတ်မပူပါနဲ့ ကျွန်တော် တစ်နည်းနည်းနဲ့ ကူညီနိုင်ပါလိမ့်မယ်။ မကြာခင်မှာ ခင်ဗျားဆီကို ကျွန်တော် တယ်လီဖုန်း ပြန်ဆက်ပါ့မယ်"



အမျိုးသမီးထရပ်သည်။ သူမ လက်ကို ကမ်းပေးရင်း ပြောသည်။ "ကျွန်မ နည်းနည်း စိတ်အေးသွားပါပြီ၊ မစ္စတာအိုဒေး ရှင်ဟာ အားကိုးလောက်တဲ့ လူတစ်ယောက်ပါပဲ"

အိုဒေးက တယ်လီဖုန်းဖြင့် ဒိုနီဂူးကို လှမ်းပြောလေသည်။ "မစ္စဘာဒေးနီအတွက် ကားတစ်စီးငှားပေးစမ်းကွာ"

❏ ❏ ❏ ❏ ❏

အချိန်မှာ နံနက်တစ်နာရီဖြစ်သည်။ အိုဒေးသည် ရုံးခန်းထဲရှိ ကုလားထိုင်တွင် ခပ်လျောလျောထိုင်နေသည်။ ခြေထောက်များကို စားပွဲပေါ်တွင် တင်ထားသည်။ စီးကရက်မီးခိုးကွင်းများကို လေထဲသို့ မှုတ်ထုတ်နေသည်။ ရုတ်တရက်ဆေးလိပ်ကို ထိုးချေပြီး၊ စားပွဲပေါ်မှ ခြေထောက်ကို ရုတ်လိုက်သည်။ တယ်လီဖုန်းရှိရာသို့ ထသွားပြီး နံပါတ်တစ်ခုကို လှည့်တော့သည်။

မိနစ်အနည်းငယ်အကြာတွင် သူပြောသည်။ "အခု ကားပြောတာ လန်နီလား၊ ဘာလုပ်နေသလဲ အလုပ်မရှိဘူးလား ဒါဆိုအတော်ပဲ မင်းနဲ့သင့်တော်တဲ့ အလုပ်တစ်ခုငါ့မှာ ရှိနေတယ်။ ဘဲ ကားတစ်စီးငှားပြီး ဒီကို ချက်ချင်းလာခဲ့ လာမယ်မဟုတ်လား ဟုတ်ပြီ ဆယ့်ငါးမိနစ်အတွင်း ရောက်အောင်လာခဲ့ပါ"

တယ်လီဖုန်းပြန်ချထားလိုက်သည်။ စက္ကန့်အနည်းငယ် စောင့်ပြီးနောက် ထပ်ကိုင်ပြီး၊ နံပါတ်တစ်ခုကို လှည့်ပြန်သည်။ တ်မရှည်စွာဖြင့် စားပွဲကို လက်ချောင်းများဖြင့် ခေါက်နေလေ ည်။ မကြာခင်တစ်ဘက်မှ အသံကြားရသည်။ "အစ်ထီလား၊ မယ် ငါပြောတာကို နားထောင်စမ်း၊ ဒီလူသုံးယောက်အကြောင်း

ကို အခုချက်ချင်းစုံစမ်းပါ" မစ္စဘာဒေနီ ရေးသွားသော နာမည်နှင့် လိပ်စာများကို ဖတ်ပြလိုက်သည်။ "အခုတော့ ညဥ့်နက်နေပြီ၊ မနက်ဖြန်ကျရင် သူတို့အကြောင်းအပြည့်အစုံကို ငါသိချင်တယ်။ ဒိုကေ"

ထို့နောက် ကုလားထိုင်တွင် ပြန်ထိုင်ပြီး စီးကရက်သောက်ရင်း လန်နီကို စောင့်နေလေတော့သည်။

❑ ❑ ❑ ❑ ❑

တနင်္လာနေ့ နေ့လယ်သုံးနာရီတွင် ဒိုဒေး၏ရုံးခန်းထဲသို့ ဖွန်ဟာဒင်ဝင်လာသည်။

အရပ်မြင့်မြင့် ပခုံးကျယ်ကျယ်နှင့် ယောကျ်ားပီသသူဖြစ်သည်။

ဒိုဒေးက နှုတ်ဆက်သည်။ "တွေ့ရတာဝမ်းသာပါတယ်။ မစ္စတာဟာဒင်း ခင်ဗျားဟာ ဒီကိစ္စကို ကျွန်တော်နဲ့ ဆွေးနွေးချင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မစ္စဘာဒေနီကလဲ စနေနေ့ညက သူမ ဒီကို လာတဲ့အကြောင်း ပြောပြပြီးဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ဟာဒင်းက ခေါင်းညိတ်ပြသည်။ ဒိုဒေးညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်သည်။ ကမ်းပေးသော စီးကရက်ကို လက်ခံပြီး မီးညှိသောက်သည်။

"ဟုတ်ကဲ့ တော်တော်စိတ်မချမ်းသာစရာ ကောင်းတဲ့အဖြစ်ပါပဲ မစ္စတာဒိုဒေး၊ ကျွန်တော် သိပ်စိတ်ပူမိတယ်ဗျာ"

ဒိုဒေးက ပြောပြလိုက်သည်။ "ကျွန်တော် နားလည်ပါ



တယ်ခင်ဗျား၊ မစ္စဘာဒေနီဟာ ဒီအကြောင်းကို ခင်ဗျားနဲ့ပထမဆုံး တွေ့တဲ့အချိန်က ဖွင့်ပြောခဲ့တယ်ဆိုတာကို သိရလို့ ဝမ်းသာပါတယ်"

ဟာဒင်းက ပြန်ပြောသည်။ "ကျွန်တော်လဲ ဒီအတိုင်းပါပဲ၊ ဒီလိုပြောမထားရင် ဒီကိစ္စဟာ လိုတာထက်ပိုပြီး စိတ်ထိခိုက်စရာဖြစ်သွားနိုင်ပါတယ်။ ဒီလူဆိုးကို သူမငွေပေးတာဟာ မှားတယ်လို့တောင် ကျွန်တော် ထင်ပါတယ်"

"ဟုတ်တယ်၊ ကျွန်တော်လဲ အံ့ဩနေတယ်" ဒိုဒေးကပြောသည်။ "အဖြစ်အပျက်တစ်ခုလုံးဟာ ရယ်စရာကောင်းနေတယ်။ မဖြစ်နိုင်ဘူးလို့ ထင်ရတယ်။ ဒါပေမယ့် ခင်ဗျားသိပါတယ်လေ မဖြစ်နိုင်ဘူးထင်ရတဲ့ ကိစ္စတွေဟာ ဖြစ်လာတာပဲမဟုတ်လား၊ ခင်ဗျားဟာ မစ္စဘာဒေနီကိုချစ်တဲ့အတွက် သူမပြောသမျှကို ယုံမှာပဲ၊ သူမဟာ ရိုးသားပြီး၊ ယုံကြည်စရာကောင်းတယ်ဆိုတာကိုလဲ ခင်ဗျားသိပါတယ်။ ခင်ဗျားဟာ ရိုးရိုးလူတစ်ယောက် ဒါမှမဟုတ် ခင်ဗျားရဲ့သတို့သမီးလောင်းနဲ့ အဲ့ဒီလူရဲ့အကြားမှာ အမှန်တရားရှာနေတဲ့ တရားသူကြီးဆိုရင် ယုံမှာမဟုတ်ဘူး။ သူက ကောင်ဆယ်လာရုံးကို မစ္စဘာဒေနီနဲ့အတူသွားခဲ့တယ်။ အဲ့ဒီမှာ အလုပ်ကိစ္စတွေလုပ်ပြီး လက်ထပ်ခဲ့ကြတယ်လို့လဲ ပြောလိမ့်မယ်။ သူ့စကားကို ထောက်ခံတဲ့အကြောင်းတွေရှိနေတယ်။ ကောင်ဆယ်လာနဲ့ ချိန်းတယ်၊ သွားတွေ့တယ်။ အဲ့ဒီနောက် ဘာတွေဆက်ဖြစ်သလဲ မစ္စဘာဒေနီဟာ သဘော်ကို ပြန်လာတယ်။ အသိတွေကို သူမ လက်ထပ်တဲ့အကြောင်း ပြော့ပြတယ်။ ကက်ပတိန်ရဲ့အကူအညီနဲ့ လန်ဒန်သတင်းစာတွေ

ထဲမှာ လက်ထပ်တဲ့သတင်းထည့်တယ်။ ဒီအချက်တွေဟာ သူ့စကားကို ထောက်ခံနေတယ်။ မစ္စဘာဒေးနီက ဘာပြောမလဲ သူမဟာ မကြာခင်က သင်္ဘောပေါ်မှာတွေ့တဲ့ လူတစ်ယောက်နဲ့အတူ ကောင်ဆယ်လာရုံးကို သွားခဲ့တယ်။ ဒီလိုသွားတာဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က သူမနဲ့သိခဲ့တဲ့ လူတစ်ယောက်က သူမကို စိတ်ဝင်စားနေတဲ့အတွက် သူမလက်ထပ်တယ်လို့ ထင်အောင် လုပ်ခြင်းဖြစ်တယ်လို့ ပြောလိမ့်မယ်"

"ဒါတွေဟာ အမှန်ပဲဆိုတာကို ခင်ဗျားနဲ့ကျွန်တော် သိပါတယ်။ မစ္စတာဟာဒင်း၊ ဒါပေမယ့် လူအများစုကတော့ သူ့စကားကိုပဲ ယုံကြည်လိမ့်မယ်။ သူမပြောတာကို ယုံမှာမဟုတ်ဘူး။ သူ့စကားခိုင်လုံတယ်ဆိုတာကို သူသိတယ်။ သူ့စကားတွေကို ပျက်ပြယ်အောင်မလုပ်နိုင်တော့ဘူး။ စာရွက်စာတန်းတွေဟာ ကောင်စစ်ဝန်ရုံးမီးရှို့ခံရချိန်မှာ ပါသွားတယ်။ ကောင်စစ်ဝန်နဲ့ အမှုထမ်းတွေလဲ သေကုန်ကြပြီ"

ဟာဒင်းက ဖြတ်မေးသည်။ "ခင်ဗျားဘာပြောချင်တာလဲ မစ္စတာအိုဒေး"

အိုဒေးထရပ်ပြီး စီးကရက်မီးညှိသည်။ ရုံးခန်းထဲတွင် လျှောက်နေခဲ့သည်။ "မငြင်းနိုင်တဲ့ ပြဿနာတစ်ခုအတွက် ဒီလိုလူတစ်ယောက်ကို မစ္စဘာဒေးနီအနေနဲ့ ပေါင်တစ်သောင်းပေးရတာဟာ အတော်နစ်နာစရာကောင်းတယ်။ ဒီကိစ္စကို ရဲဌာနအသွားတိုင်ရင်မစ္စဘာဒေးနီဟာ ပေါင်တစ်သောင်းကို ပြန်ရမယ်လို့ ခင်ဗျား ထင်သလား"

"ရချင်မှရလိမ့်မယ်၊ သူမပြောတဲ့ စကားကို ထောက်ခံ



တဲ့ သက်သေအထောက်အထားမရှိဘူး။ ဟိုလူပြောတဲ့စကားကို ထောက်ခံတဲ့အချက်အလက်တွေ အများရှိနေတယ်။ ကျွန်တော့်သဘောပြောရရင်တော့ ဒီကိစ္စကို ဘာမှမလုပ်ဘဲထားစေချင်တယ်။ သူလဲပေါင်တစ်သောင်းရပြီးသွားပြီ"

"ကောင်းပြီ" အိုဒေးက ပြောလိုက်သည်။ "ကျွန်တော်တို့ ဒီအတိုင်းဘာမှ မလုပ်ဘဲထားပြီဆိုပါတော့ သူ ကျေနပ်သွားပြီလို့ခင်ဗျားထင်သလား ခင်ဗျားတို့ လက်ထပ်ပြီး တစ်နှစ်အကြာမှာ ဆယ်လဘီဟာ ဒီစကားကို ထပ်ပြီးပြောလာနိုင်တယ်။ သူဟာ မစ္စဘာဒေးနီရဲ့ခင်ပွန်းဖြစ်တဲ့အတွက် ခင်ဗျားဟာ မယားခိုးလို့ ပြောလိမ့်မယ်။ အဲ့ဒီလို လုပ်လာရင် ခင်ဗျားဘာလုပ်မလဲ၊ ဒီလို မလုပ်အောင် သူ့ကို ဘယ်လိုတားမလဲ"

ဟာဒင်းက ပြောတော့သည်။ "မြင်းရိုက်တဲ့ ကျာပွတ်နဲ့ ရိုက်ဖို့ပဲရှိတော့တယ်"

"ဒီလိုပဲ တကယ်လုပ်မှာလား၊ ဒါဆိုရင် သူကလဲ ကြာပွတ်ကို သုံးတဲ့နည်းထက်ပိုဆိုးဝါးတဲ့နည်းကို အသုံးပြုလာလိမ့်မယ်နော်"

ဟာဒင်းက ပြောပြသည်။ "ကျွန်တော်လဲ ဒီလိုပဲထင်ပါတယ်။ ဒီလူယုတ်မာက အသာရနေပြီ၊ အော်ရီယာဟာ အတော်မိုက်တာပဲ"

ဟာဒင်းသည် အချိန်အတော်ကြာအောင် စဉ်းစားနေသည်။ ထို့နောက် ပြောပြသည်။

"ဒီမှာ မစ္စတာအိုဒေး၊ ခင်ဗျားအနေနဲ့ ဒီအကြံကိုသဘောကျမှာတော့ မဟုတ်ဘူး။ ကျွန်တော်ကတော့ ဒီအကြံပဲပေးတတ်

ပါတယ်။ ခင်ဗျားသိတဲ့အတိုင်း မစ္စဘာဒေးနီဟာ အတော်ချမ်းသာတဲ့အမျိုးသမီးဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ သိပ်မဆင်းရဲပါဘူး။ ဒီလိုလုပ်ပါ။ ခင်ဗျားရုံးခန်းမှာ တွေ့ဆုံပွဲတစ်ခုစီစဉ်ပေးစေချင်ပါတယ်။ ခင်ဗျားအနေနဲ့ ဆယ်လဘီကို ဒီအဖြစ်အပျက်ကို အမှန်အတိုင်း စာနဲ့ရေးပြီး ကော်မရှင်နာတစ်ယောက်ရှေ့မှာ ကျမ်းကျိန်ပြီး လက်မှတ်ရေးထိုးပေးဖို့ ပြောပေးပါ။ သူ့ကို ပေါင်တစ်သောင်းအပြင် နောက်ထပ်ပေါင်ငါးထောင်ပေးမယ်လို့လဲ ပြောပေးပါ။ ဒီငွေဟာ မစ္စဘာဒေးနီအဖို့ ဘယ်လိုမှ မထိခိုက်နိုင်ပါဘူး။ ကျွန်တော်တို့ကလဲ သူ့ကို နောက်ထပ်တရားမစွဲပါဘူးလို့ ဝန်ခံချက်ပေးရမယ်"

အိုဒေးက ပြန်ပြောသည်။ "ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လူဆိုးတစ်ယောက်ကို ငွေဒီလောက်များများ မပေးသင့်ဘူးဗျ"

ဟာဒင်းက ပခုံးကျုံ့လိုက်သည်။

"အော်ရီယာအတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်အေးချမ်းသာဖို့ အရေးကြီးပါတယ်။ သူမရဲ့ပျော်ရွှင်ဖို့က ငွေထက်အရေးကြီးပါတယ်"

"ကျွန်တော်လဲ ဒီလိုပဲ ယူဆပါတယ်" စီးကရက်တိုကို လွှင့်ပစ်ရင်း အိုဒေးက ပြောသည်။ "ဒီကိစ္စကို မစ္စဘာဒေးနီနဲ့ တိုင်ပင်ပြီးပြီလား"

ဟာဒင်းက ပြောသည်။ "ခင်ဗျားမှာ ဒီထက်ကောင်းတဲ့ စိတ်ကူးမရသေးရင် ကျွန်တော်လဲ ကူပြီး အကြံပေးမယ်လို့ သူမကို ပြောခဲ့ပါတယ်"



"ခင်ဗျား အတွေးမှန်ပါတယ်" အိုဒေးက ပြောသည်။ "ဒီဆယ်လဘီဆိုတဲ့ လူကို ဘယ်လိုချုပ်ကိုင်ရမလဲလို့ ကျွန်တော် စဉ်းစားခဲ့ပါတယ်။ ဒီည(၇)နာရီမှာ သူ့ကို ဒီအရောက်ခေါ်ခဲ့ဖို့ ကျွန်တော်ကြိုးစားပါမယ်။ အဲ့ဒီအချိန်မှာ ခင်ဗျား ဒီအခန်းမှာ ရှိနေဖို့လိုပါတယ်။ မစ္စဘာဒေးနီကိုလဲ ခေါ်ခဲ့ပါ။ သူမရှိနေတာ ကောင်းပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ အားလုံး ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံး ဆုံးဖြတ်ချက်ချကြမယ်"

ဟာဒင်း ထရပ်လိုက်လေသည်။ "ဒီအစီအစဉ်ကို တာဝန်ယူတာဟာ ခင်ဗျားရဲ့ အရည်အချင်းပါပဲ၊ ည(၇)နာရီမှာ အော်ရီယာကို ခေါ်ပြီး၊ ကျွန်တော်လာခဲ့ပါ့မယ်။ ဂွတ်အာဖတာနွန်း ကျေးဇူးတင်ပါတယ်"

ထို့နောက် အိုဒေးကို လက်ဆွဲနှုတ်ဆက်ပြီး ရုံးခန်းထဲမှ ထွက်သွားလေသည်။

---

ထိုညခုနစ်နာရီ ထိုးရန် မိနစ်အနည်းငယ်အလိုတွင် အိုဒေး၏ ရုံးခန်းထဲသို့ ဆယ်လဘီဝင်လာသည်။ ထိုလူသည် လူကြီးလူကောင်းဟန်ဆောင်ထားသော လူလိမ်တစ်ယောက်ဖြစ်ကြောင်းကို စုံထောက်မျက်စိဖြင့် သိလိုက်လေသည်။ အဖိုးတန်အဝတ်အစားများကို သပ်ရပ်စွာဝတ်ဆင်ထားပြီး လူအများစုကို လှည့်ဖြားနိုင်သော အမူအရာရှိသည်။ သူ့ကိုယ်သူ ယုံကြည်မှုလည်းရှိသည်။

သူက နှုတ်ဆက်သည်။ "ဂွတ်ဒ် အာဖရာနွန်း မစ္စတာ

ဒိုဒေး နေ့လယ်ကခင်ဗျား တယ်လီဖုန်းဆက်တဲ့အတိုင်း ကျွန်တော် လာပါပြီ" သူက ပြုံးလိုက်ရင်း "ကျွန်တော့်ကို ဘာကြောင့် ခေါ်သလဲဆိုတာကို သိချင်ပါတယ်"

"ဟုတ်ကဲ့ လိုရင်းကိုပဲ ပြောပါ့မယ်။ စနေနေ့ညက မစ္စဘာဒေးနီ ကျွန်တော်နဲ့ လာဆွေးနွေးပါတယ်။ အဖြစ်အပျက် အားလုံးကို ပြောပြပါတယ်။ ဒီနေ့မနက်မှာ သူ့ရဲ့ ခင်ပွန်းလောင်း မစ္စတာဟာဒင်းနဲ့ ထပ်တွေ့ပါတယ်။ အားလုံးကို ခြုံကြည့်ရင် ခင်ဗျားဟာ နိုင်ဖဲကို ကိုင်ထားပါတယ်"

ဆယ်လဘီက သူ့လက်ချောင်းထိပ်များကို ကြည့်နေလေသည်။ "ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ဒိုဒေးက ပြန်ပြောသည်။ "ဒီအဖြစ်အပျက်ဟာ အတော် ကောင်းပါတယ်။ ဒါကို ခင်ဗျားအမြဲ ဆုပ်ကိုင်ထားမှာလား"

"ဟုတ်တယ်။ ခင်ဗျားသိတဲ့အတိုင်းပါပဲ။ ဒီအဖြစ်အပျက် ဟာ အလွန်ကောင်းပါတယ်။ ပြီးတော့ အဖြစ်မှန်ပါ" မစ္စတာ ဒိုဒေး ဆယ်လဘီက စုံထောက်ကို ပြောင်လှောင်သော အပြုံးဖြင့် ကြည့်နေလေသည်။

တံခါးခေါက်သံပေါ်လာလေသည်။ ဒိုဒေး၏ လက် ထောက်တစ်ယောက် ဝင်လာပြီး ပြောလေသည်။ "မစ္စဘာဒေးနီ နဲ့ မစ္စတာဟာဒင်းတို့ရောက်လာပါပြီ ခင်ဗျာ"

သူတို့ဝင်လာသောအခါ ဒိုဒေးထရပ်ရင်း ပြောလိုက် သည်။ "ကျေးဇူးပြုပြီး ထိုင်ကြပါ၊ တစ်ဘက်နံရံမှာ ချထားတဲ့ ကုလားထိုင်တွေမှာ ထိုင်ကြပါ။ မစ္စတာဆယ်လဘီလဲ ရောက်နေ ပါပြီ"



ထို့နောက် စားပွဲနောက်ရှိ သူ့ကုလားထိုင်တွင် သူ ပြန်ထိုင်သည်။ သူက ဆက်ပြောခဲ့သည်။

"ကဲ တိုတိုနဲ့လိုရင်းကို ပြောပြပါမယ်။ ဆယ်လဘီ ဒီနေ့ လယ်က မစ္စတာဟာဒင်း ကျွန်တော်နဲ့ လာတွေ့ပါတယ်။ လွန်ခဲ့တဲ့ စနေနေ့က ခင်ဗျားအခန်းက အပြန်မှာ မစ္စဘာဒေးနီရဲ့ လက်ဆွဲ အိတ်အလုခံရတယ်။ ဒီအတွက် ခင်ဗျားမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တို့အားလုံး သိကြတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ သက်သေအထောက်အထားမရှိဘူး။ မစ္စဘာဒေးနီနဲ့ခင်ဗျား လက်ထပ်ထားတယ်ဆိုတာဟာ မမှန်တဲ့အကြောင်း ကျွန်တော်တို့ သက်သေမပြနိုင်ပါဘူး။ သူမရဲ့ လက်ဆွဲအိတ်ကိုခင်ဗျား လုတယ် ဆိုတာကိုလဲ သက်သေမပြနိုင်ပါဘူး။ ကျွန်ုပ်တို့ လုပ်နိုင်တဲ့ နည်း လမ်းတစ်ခုပဲ ရှိပါတယ်"

ဆယ်လဘီက စိတ်မဝင်စားသည့်ဟန်ဖြင့် စီးကရက် တစ်လိပ်ကို မီးညှိသောက်နေလေသည်။ သူကလှမ်းမေးသည်။ "ပြောပါဦး အဲ့ဒီနည်းလမ်းက ဘာတဲ့လဲ"

ဒိုဒေးက ပြောပြလိုက်သည်။ "ကျွန်တော်တို့ ခင်ဗျား ကို ငွေထပ်ပေးမယ်။ အပြန်အလှန်အနေနဲ့ ခင်ဗျားနဲ့မစ္စ ဘာဒေးနီတို့ လက်မထပ်ခဲ့ပါဘူးလို့ ရေးထားတဲ့ ကျမ်းကျိန်လွှာ ကို ခင်ဗျားက ပြန်ပေးရလိမ့်မယ်"

"ဒါဟာ အတော် သဘာဝကျတဲ့ ကမ်းလှမ်းချက်ပါပဲ" ဆယ်လဘီက ပြောလေသည်။ "ခင်ဗျားတို့မှာလဲ ဒီနည်းပဲရှိတော့ တယ်။ ကဲ ကျုပ်ကို ငွေဘယ်လောက်ပေးမှာလဲ"

ဒိုဒေးက ပြောပြသည်။ "မနက်ဖြန်မနက်မှာ ခင်ဗျား

ကျွန်တော့် ရှေ့နေဆီကို လိုက်ခဲ့ပြီး ကျမ်းကျိန်မယ်ဆိုရင် ကျွန်တော်တို့ ငွေပေးဖို့ အဆင်သင့်ပါပဲ။ ပေါင်နှစ်ထောင်ငါး ရာပေးပါ့မယ်"

"ခင်ဗျား ကမ်းလှမ်းချက်ဟာ မဆိုးပါဘူး" ဆယ်လဘီ က ပြောသည်။ "ဒါပေမယ့် ကျွန်တော်က ဒီထက်ပိုပြီး လိုချင် တယ်"

အိုဒေးကမေးတော့သည်။ "ခင်ဗျား ဘယ်လောက်လိုချင် လဲ"

"ပေါင်ငါးထောင်ဆိုတော်ပါပြီ" ဆယ်လဘီက ဖြေသည်။

ဟာဒင်းက ဒေါသသံဖြင့် ပြောသည်။ "ကျုပ်တော့ ခင်ဗျားကိုလည်းပင်း ညှစ်မိလိမ့်မယ် ဆယ်လဘီ"

"ခင်ဗျား ကြိုက်သလို လုပ်နိုင်ပါတယ်" ဆယ်လဘီက ပြန်ပြောသည်။ "ဒါပေမယ့် ဒီလို လုပ်လို့အကျိုးရှိမှာမဟုတ် ဘူး။ ကျုပ်ကို ခပ်ညံ့ညံ့လူစားမှတ်နေသလား၊ ကျုပ်လုပ်ရင် ခင်ဗျားတို့ ဒီထက်ပိုပြီး နစ်နာသွားလိမ့်မယ်။ မစ္စတာဟာဒင်း"

အိုဒေးက ပြန်ဖြေရပြန်သည်။ "ကျေးဇူးပြုပြီး ရန်မဖြစ် ကြပါနဲ့၊ လူကြီးမင်းတို့ ဒါဆို ခင်ဗျားသဘောတူတယ်ပေါ့၊ ဆယ်လ ဘီ နောက်ထပ်ပေါင်ငါးထောင် အတွက် ခင်ဗျားက ကျမ်းကျိန် လွှာပြန်ပေးရလိမ့်မယ်"

"ကျေနပ်ပါတယ် ခင်ဗျာ" ဆယ်လဘီက ပြောခဲ့သည်။ "မနက်ဖြန်ကျရင် ဒီကိုလာခဲ့မယ်။ ပေါင်ငါးထောင် လက်ခံရပြီး ရင် ကျမ်းကျိန်ဖို့အတွက် ခင်ဗျား ကြိုက်တဲ့ ရှေ့နေဆီကို သွားပါ မယ်"



"ကောင်းပြီ" အိုဒေးသည် စီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး မီးညှိနေလေသည်။ "တစ်ခုပဲ ကျန်ပါတော့တယ်။ ဆယ်လဘီ စနေနေ့ကစပြီး ခင်ဗျား ရဲ့ ညှိခန်းနံရံပန်းချီကားနောက်မှာ ထားတဲ့ မီးခံသေတ္တာကို ခင်ဗျား ဖွင့်မကြည့်ရသေးဘူးဆိုတာ ထင်ရှားတယ်"

"ခင်ဗျား ဘာဆိုလိုတာလဲ" ဆယ်လဘီ၏ အမူအရာ ပြောင်းလဲသွားတော့သည်။ သူ့မျက်လုံးများသည် ဒေါသကြောင့် အရောင်တောက်လာလေသည်။

အိုဒေးက အေးဆေးစွာရှင်းပြလိုက်သည်။ "စနေနေ့ည က မစ္စတာဒေးနီနဲ့ တွေ့ပြီးနောက်ပိုင်းမှာ ကျွန်တော့်မိတ်ဆွေ ဟောင်းတစ်ယောက်ဆီကို တယ်လီဖုန်းဆက်ခဲ့တယ်။ သူတို့နာ မည်ကိုတော့ မပြောတော့ပါဘူး။ သူဟာ ဥရောပမှာ အတော်ဆုံး ဖောက်ထွင်းသမားဖြစ်တယ်။ အခု အချိန်အထိ သူ မဖွင့်နိုင်တဲ့ မီးခံသေတ္တာဆိုတာ မရှိသေးဘူး။ မစ္စတာဒေးနီနဲ့တွေ့ပြီးတဲ့ နောက်ပိုင်းမှာ ဘဏ်တွေပိတ်ပြီဖြစ်လို့ ငွေတွေကို အိမ်မှာပဲ ထား မယ်ဆိုတာသိတယ်။ တနင်္ဂနွေနေ့မနက်မှာ သူဟာ ခင်ဗျား အခန်းကိုသွားခဲ့တယ်။ နေ့လယ်(၁၁)နာရီမှာ ပေါင်(၁၀၀၀၀) ပါတဲ့အတက်ချီကေ့(စ်)ကို ခြေရာလက်ရာမပျက်စေဘဲ၊ ကျွန်တော့် ကို ပေးတယ်။ ခင်ဗျားဒီကိုလာတဲ့ ညနေကလဲ မီးခံသေတ္တာကို ဖွင့်မကြည့်ခဲ့တာ သေချာတယ်။ ဘာဖြစ်လို့ မကြည့်တာလဲဗျာ၊ ခင်ဗျား ငွေစက္ကူအသေးတွေလိုချင်လို့ ဘဏ်ကို မအပ်တာလို့ ကျွန်တော် ထင်တယ်"

ဆယ်လဘီ၏ မျက်လုံးများအရောင်တောက်လာလေ

သည်။ "ဒီငွေကို ကျွန်တော့်အခန်းက ခိုးသွားတယ်ဆိုတာကို ဝန်ခံစမ်းပါ။ ဒါဟာ ကျုပ်ငွေဗျ၊ ဒီငွေကို စနေနေ့က မစ္စဘာဒေးနီက ကျုပ်ကို ပေးခဲ့တယ်။ စနေနေ့ညမှာ ခင်ဗျားဟာ ကျုပ်အခန်းကို ဝင်ပြီး ငွေကို ခိုးသွားခဲ့တယ်။ ကျုပ် ရဲဌာနကိုသွားတိုင်မယ်" သူ ထရပ်လိုက်သည်။

အိုဒေးက ပြောပြလိုက်သည်။ "ခဏနေပါဦး ဆယ်လဘီ ခင်ဗျားပြောတဲ့ စကားအတိုင်းဆိုရင် မစ္စဘာဒေးနီဟာ ခင်ဗျားဇနီးမဟုတ်လား"

"ဟုတ်တယ်လေ ဒါကြောင့် သူမက ကျုပ်ကို ငွေပေးတာပေါ့၊ သူမဟာ ကျုပ်ရဲ့ဇနီးဖြစ်တယ်။ ကျုပ်ကို လက်ဆောင်ပေးချင်တယ်။ ကျုပ်ဆင်းရဲနေတာကို သူမသိတယ်"

"မှန်ပါတယ်" အိုဒေးက ပြောခဲ့သည်။ "ဒါဆိုဘာကြောင့် ရဲကို သွားတိုင်မှာလဲ။ ခင်ဗျားဟာ မစ္စဘာဒေးနီကို ဒီအတွက် တာဝန်ရှိတယ်လို့ စွပ်စွဲလို့မရဘူးလေ။ သူမ အနေနဲ့ဒီငွေကို သူမ ကိုယ်စားလှယ်တစ်ယောက်ကို စေလွှတ်ပြီး ယူပိုင်ခွင့်ရှိတာပေါ့"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ" ဆယ်လဘီက မေးပြန်သည်။

အိုဒေးက ပြောပြခဲ့သည်။ "ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ သူမဟာ ခင်ဗျားရဲ့ ဇနီးဖြစ်တယ်ဆိုရင် သူမကို တရားစွဲလို့မရဘူး။ ခင်ဗျားဟာ အင်္ဂလိပ်ဥပဒေကိုသိတယ် မဟုတ်လား။ ခင်ပွန်းတစ်ယောက်ဟာ သူ့ဇနီးကို သူပိုင်ပစ္စည်းတစ်ခုကိုယူတဲ့အတွက် တရားစွဲလို့မရဘူး"



ဆယ်လဘီက ရေရွတ်လိုက်သည်။ "အို ဘုရားသခင်"

အိုဒေးက ဆက်ပြောပြန်သည်။ "ဒီလို လုပ်ရင် ခင်ဗျားလည်ပင်းကို ခင်ဗျား ဖြတ်လိုက်တာပဲ၊ ပေါင်တစ်သောင်းထည့်ထားတဲ့ အတက်ချီကေ့(စ်)ဟာ ကျွန်တော့်စားပွဲအံဆွဲထဲမှာရှိနေပါတယ်။ ဒါကို ဒီမှာပဲ ထားရပါမယ်။ ဒါပေမယ့် ခင်ဗျားကတော့ မနက်ဖြန်ကာမှ ကျွန်တော်နဲ့ အတူ လိုက်ပြီး ရှေ့နေဆီမှာ ကျမ်းကျိန်ရပါလိမ့်မယ်။ ဘာကြောင့် ဒီလိုလုပ်ရတယ်ဆိုတာကို ရှင်းပြစေချင်သလား"

ဆယ်လဘီက သူ့ကိုယ်သူ ပြန်ချုပ်တီးလိုက်လေသည်။ "ဟုတ်ကဲ့ ရှင်းပြပါ၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

အိုဒေးက မစ္စဘာဒေးနီဘက်သို့ လှည့်ကြည့်သည်။ "မစ္စဘာဒေးနီ ခင်ဗျား ကျွန်တော်နဲ့လာတွေ့တုန်းက ခင်ဗျားဟာ ဘာကြောင့်မှန်းမသိဘူး။ လူလိမ်တွေနဲ့ချည်းတွေ့ခဲ့ရတယ်လို့ ပြောခဲ့ပါတယ်။ အခုလဲ လူလိမ်တွေနဲ့ တွေ့နေရတုန်းပါပဲ" သူက ဟာဒင်းကို ညွှန်ပြလိုက်သည်။ "ခင်ဗျားရဲ့ သတို့သားလောင်းဟာ ဆယ်လဘီနဲ့တစ်ကြိတ်ထဲ တစ်ဉာဏ်ထဲပါပဲ၊ ဆယ်လဘီဟာ ခင်ဗျားကို နှစ်ပေါင်းများစွာ ဘယ်လိုမှ ဒုက္ခမပေးဘဲ နေခဲ့တယ်။ ဒါဟာ မထူးဆန်းဘူးလား၊ အဲ့ဒါဘာကြောင့်ဆိုတာကိုကော သိရဲ့လား၊ ခင်ဗျား လက်ထပ်တော့မယ့် အကြောင်းကို သူ့ကိုယ်သူ့ ဟာဒင်းလို့အမည်ပေးထားတဲ့ လူကိုယ်တိုင် ဆယ်လဘီကို ပြောလို့ပဲ၊ သူကပဲ ဒီအကြံကိုပြောပြခဲ့တယ်။ ကျွန်တော့် လူတွေဟာ သူ့အကြောင်းကို စုံစမ်းပြီးပြီ သူဟာ လူချမ်းသာမဟုတ်ဘူး။ သူ့လုပ်ငန်းတွေဟာ ဟန်ပြပဲဖြစ်တယ်"

အိုဒေးထရပ်လိုက်သည်။ ဟာဒ်င်းကို ပြုံးပြလိုက်သည်။ "ဒီနေ့လယ်မှာ ခင်ဗျား ကျွန်တော့်ဆီလာပြီး ငွေညှစ်သူကို နောက်တပ်ပေါင်ငါးထောင်ပေးဖို့ အကြံပေးကတည်းက ကျွန်တော် ရထားတဲ့ သတင်းဟာ မှန်တဲ့အကြောင်းသိလိုက်တယ်။ ခင်ဗျားတို့ နှစ်ယောက်ဟာ ပေါင်တစ်သောင်းငါးထောင်ကို ခွဲယူဖို့ကြံစည်ထားကြတယ်" သူ့လက်များကို အပေါ်သို့ မြှောက်ပြပြီး၊ "ကဲ ခင်ဗျားရဲ့ကိုတိုင်ချင်သေးသလား မစ္စတာဟာဒ်င်း" ဆယ်လဘီဘက်သို့ လှည့်ပြီး၊ "အခြေအနေကတော့ ဒီအတိုင်းပါပဲ၊ ခင်ဗျားတို့နှစ်ယောက်ပေါင်းပြီး မစ္စဘာဒေးနီကို ငွေညှစ်ဖို့ကြံတဲ့အမှုကို သဘောအတိုင်းဖွင့်လို့ ပိတ်လို့ရပါတယ်။ ဒါပေမယ့် မနက်ဖြန် (၁၁)နာရီမှာ ကျန်းကျိန်လွှာမရရင်တော့ ရဲဌာနကိုသွားပြီး ခင်ဗျားတို့နှစ်ယောက်ကို အမှုဖွင့်ပြီး အဖမ်းခိုင်းရလိမ့်မယ်။ ခင်ဗျား ဘာလုပ်မလဲ ဆယ်လဘီ၊ မနက်ဖြန် မနက်(၁၁)နာရီမှာ ကျမ်းကျိန်ဖို့ ဒီအခန်းကို လာမယ်မဟုတ်လား"

ကြာမြင့်စွာ စဉ်းစားပြီးနောက် ဆယ်လဘီက ပြောလေသည်။ "သောက်ကျိုးနည်းတော်တော်ဆိုးတဲ့ လူပါပဲလား။ ဟုတ်ကဲ့ ကျွန်တော် လာခဲ့ပါမယ်"

"ကောင်းတယ်ဗျို့" အိုဒေးက ပြောလေသည်။ "ဒီမှာ ဟာဒ်င်း ခင်ဗျားလဲ အဲ့ဒီအချိန်မှာ လာခဲ့ပါ။ ဒီအကြံအစည်မှာ ခင်ဗျားပါဝင်တဲ့အကြောင်း ဝန်ခံချက်ကို ယူထားရမယ်။ ဒါဟာ ခင်ဗျားကို အရေးယူဖို့မဟုတ်ပါဘူး။ အဲ့ဒီလိုမဟုတ်ရင်တော့ ခင်ဗျားကို ဒီပြင်အမှုတစ်ခုနဲ့ အရေးယူရလိမ့်မယ်။ ခင်ဗျားကို



အရေးယူနိုင်တဲ့ အမှုလေးခုရှိတယ်။ မနက်ဖြန်ကာ ခင်ဗျားလာမယ် မဟုတ်လား"

ဟာဒ်င်းက ပခုံးများကို ကြုံ့လိုက်သည်။ ထို့နောက် လူကြီးလူကောင်းဆန်စွာ ပြောသည်။ "ဒါဟာ အကောင်းဆုံးပါပဲ"

"ကောင်းပြီ ကဲ အခု ခင်ဗျားတို့ နှစ်ယောက်ပြန်လို့ ရပါပြီ၊ ဒါပေမယ့် တစ်ခုခုလုပ်ဖို့ မကြိုးစားပါနဲ့၊ မနက်ဖြန်မနက်အထိ ကျွန်တော့်လူတွေဟာ ခင်ဗျားတို့ကို စောင့်ကြည့်နေလိမ့်မယ်။ ဂွတ်(ဒ်)အီးဗင်းနင်းပါ လူကြီးမင်းတို့"

သူတို့နှစ်ယောက် ရုံးခန်းမှ ထွက်ခဲ့ကြသည်။ တံခါးဝအရောက်တွင် ဆယ်လဘီကရပ်ပြီး ပြောလေသည်။ "ခင်ဗျားကို ဘယ်လိုလုပ်သင့်တယ်ဆိုတာကို ကျုပ်သိတယ် အိုဒေး"

အိုဒေးက ပြုံးလိုက်သည်။ "ကျွန်တော်လဲ တွေးမိပါတယ်။ ဒါဆိုရင် သိပ်ပြီး စိတ်ဝင်စားစရာကောင်းလိမ့်မယ် ဆယ်လဘီ ဂွတ်နိုက်"

ထို့နောက် သူတို့နှစ်ယောက် အခန်းထဲမှ ထွက်လာကြသည်။ သူတို့နောက်မှ တံခါးလည်းပိတ်သွားသည်။

အိုဒေးက ပြောပြသည်။ "အားလုံး အဆင်ပြေသွားပါပြီ မစ္စဘာဒေးနီ"

အမျိုးသမီးက ထရပ်ပြီး သူ့ထံလျှောက်လာသည်။ "ရှင့်ကို ကျေးဇူးတင်ကြောင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး မစ္စတာ အိုဒေး"

"ကိစ္စမရှိပါဘူး ကြုံကြိုက်လို့ ကူညီခွင့်ရတာပါ။ နောက်ဆိုရင် ယောကျာ်းမိတ်ဆွေတွေကို သတိထားပါ။ ခင်ဗျား

ဟှာ မကောင်းတဲ့ ယောကျ်ားတွေကိုချည်း တွေ့နေရတယ်"

အမျိုးသမီးက သူ့ကို ကြည့်နေလေသည်။

"ကျွန်မ ဂရုစိုက်ပါမယ် မစ္စတာဒိုဒေး အခု ကျွန်မ လုံခြုံမှုရနေပါပြီ"

သူမသည် သူ့ကို ကြည့်နေရာမှ လျင်မြန်စွာ မျက်လွှာချ လိုက်လေသည်။ "အခုဆိုရင် ကျွန်မဟာ လူတော်တစ်ယောက်ကို စိတ်ဝင်စားမိပြီလို့ ထင်ပါတယ်"

**ဘနှင်း** (မြန်မာပြန်)